ချစ်တယ်ဆိုတာတွေထက် ပိုချစ်တယ်



## အခန်း (၁)

### ဆေးတက္ကသိုလ် (၁)
### ရန်ကုန်။

နေရာကား ဆရာဝန်လောင်းများ မွေးထုတ်ပေးရာ။
သို့မဟုတ်....
တိုင်းပြည်အတွက် ကျန်းမာရေး လုပ်သားကောင်းများကို မြူစုပျိုးထောင်ပေးရာ ဆေးကျောင်းတော်ကြီး။
ပြည်လမ်းမကျယ်ကျယ်ကြီးတွင် လိပ်ခုံးခန်းမနှင့် ယှဉ်၍ ခန့်ညည်လို့နေသည်။
သစ်လွင်သော၊ ထူးချွန်သော ကျောင်းသား ကျောင်းသူများ သွားလာ လှုပ်ရှားနေကြသည်။
ထိုစဉ်....
ဆေးကျောင်းဝင်းအတွင်းသို့ ကားလှလှလေး တစ်စီး ဘက္ခု ဝင်လာပြီး တွံခနဲ ရပ်သွားသည်။

သစ်ပင်ရိပ် အေးမြမြအောက်ဝယ် လက်ပံပင် ဆက်ရက်ကျ မှု ညံစီနေသော ကျောင်းသားများ ဗီတိုအာဏာ ပေးလိုက်သည့် အလား။

တီတ်လို့။

ငြိမ်သက်လို့ သွားကြတော့သည်။

တေမိလေးများ ဖမာပင်။

တေမိလေးများကို အပြစ်မဆိုသာပါ။

ကိုယ်ပိုင်ကားလှလှလေးထဲမှ ပန်းနုရောင် နုဖပ်ဖပ် အသွေးကို ဆင်မြန်းထားသည့် အပျိုစင် မိန်းကလေး တစ်ဦးလှပလွန်းစွာ ဆင်းလာသည်ကိုး။

စိတ်ညစ်လိုက်တာနော် တကတဲ လူကို မမြင်ဖူးတဲ့ အထူးအဆန်း သတ္တဝါကျနေတာပဲ။ ဆေးကျောင်းသားတွေဟာ အတော့်ကို အကြည့်ရဲတဲ့ သူတွေပါလား။

မျက်နှာလေး နုငယ်သလို အတွေ့အကြုံ မကြွယ်သူလေးမို့ စိုးထိတ်စိတ်ကလေး လှစ်ခနဲ ဖြစ်မိသော်လည်း မျက်နှာကို တင်း၊ စိတ်ကို ထိန်းကာ ခြေလှမ်းစလိုက်သည်။

အန့်တီချိုကို ဘယ်မှာ ရှာရမလဲနော်။

မသိမသာ သက်ပြင်းချမိသည်။

အန့်တီချိုက ဆေးကျောင်းမှ ကထိက တစ်ဦး။

အကြည့်စူးစူးကြောင့် ခြေလှမ်းပင် မှားချင်လာသည်၊ သူတို့ဘက်သို့ မျက်တောင့်လေးဝင့်၊ မျက်ဝန်းလေး မြှင့်၍ ကြည့်မိသည်။





တီရှပ် အပြာရင့်ရင့်၊ ချာလီပင်(န်) ဆီးရောင်ကို ဝတ်ဆင်ထားသည့် အမျိုးသား တစ်ဦးနှင့် မျက်လုံးချင်း ဆုံသွားသည်။

ဖြူဝေလွင် ကပျာကယာ မျက်လွှာချလိုက်သည်။

သူ့ အကြည့်က စူးနက်လွန်းလှချည်လား။

ဖြူဝေလွင်သည် သူတို့ကို ခကျော်ဖြတ်ကာ ထွက်လာခဲ့မိသည်။

ဆေးကျောင်းသားတွေက ချောသားပဲ၊ မဆိုးဘူး။ မျက်မှန် ထူထူ ပိန်ညှောင်ညှောင်၊ ခါးကုန်းကုန်းတွေလည်း မဟုတ်ဘူး။

အတွေးနှင့်အတူ ပြုံးတုံ့တုံ့ ဖြစ်သွားရသည်။

ဆေးကျောင်းတော်ကြီးမှလည်း စာရေးဆရာများ၊ အဆိုတော်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ ဓာတ်ပုံဆရာများ ထွန်းထွန်းတောက်တောက် ပေါ်လွင်ခဲ့ကြသည် မဟုတ်လား။

မိမိ ကိုယ်တိုင်က ကျန်းမာရေး လုပ်သားတစ်ဦး ဖြစ်လာပြီဆိုပြန်တော့ ကိုယ်တိုင် ကျန်းမာ သန်စွမ်းနေဖို့ လိုပါသည်။

သို့မှသာ လူနာများက ဒေါက်တာကို မြင်လိုက်ရသည်နှင့် ရောဂါတစ်ဝက် ပျောက်ပေလိမ့်မပေါ့။

"ဟေ့....သမီး ဖြူ၊ ဒါက ဘယ်ကိုတုံး"

"ဟယ်....အန့်တီချို၊ ဖြူ အန့်တီ့ဆီ လာတာ"

အတွေးလွန်နေသဖြင့် အနားမှ ဖြတ်လျှောက်ရန် ပြင်နေသော အန့်တီချိုကိုပင် မမြင်မိ။

ဖြူဝေလွင်က အန်တီချို့ကို အားလည်းနာ၊ ရှက်လည်း ရှက်သွားသည်။

"ခြော်....ဟုတ်လား၊ ကဲ....လာ....လာ၊ နားနေခန်းဘက်သွားပြီး စကားပြောရအောင်"

အန်တီချိုကတော့ ဘာမှ မဖြစ်သလို အေးအေးပင်။

အားနာစရာ ကောင်းလိုက်တာ။

အန်တီချိုက ဖြူဝေလွင်၏ ပခုံးသားနုနုလေးကို ဆုပ်ကိုင်

"သမီး ဖေဖေတို့ မေမေတို့ကော နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့....ကောင်းပါတယ် အန်တီ"

ထိုစဉ် ဘေးနားဆီမှ စောစောတုန်းက လူတစ်စု ဖြတ်လျှောက်သွား၏။

ဖြူဝေလွင်ပခုံးပေါ် အန်တီချိုက လက်တင်ထားသဖြင့် သူတို့က တအံ့တဩ ငေးမောသွားကြသည်။

အန်တီချိုက စည်းကမ်းကြီးသလို တိကျ ပြတ်သားလွန်းသည် မဟုတ်လား။

"မောင်ဇော်တို့ ဘယ်ကိုလဲ....ကလပ်(စ်)မတက်ဘူးလား"

"ဟုတ်ကဲ့....တီချယ်၊ကျွန်တော်တို့ အခု အတန်းထဲ ဝင်တော့မှာပါ"

"အေးကွယ်....အေး....အေး"

ဖြူဝေလွင်က မောင်ဇော်ဆိုသော ခုနတုန်းက တီရှပ်အပြာနှင့် အကြည့်ရဲရဲ ပိုင်ရှင်ကို အမှတ်တမဲ့ တစ်ချက် ကြည့်မိသွားသည်။





"ဒီသူငယ်က စာသိပ်တော်တာ၊ မှန်လဲ မှန်ရည်တယ်၊ ဒီကျောင်းမှာဆို သူက ထိပ်ကပဲကွယ့်"

"ဟုတ်ကဲ့...."

ဘာရယ် မဟုတ်၊ အန်တီချို့ စကားကို အသိအမှတ် ပြုမိသွားသည်။

"ပထမနှစ်ကလား အန်တီ"

"မဟုတ်ဘူးကွယ့်၊ ဒုတိယနှစ် ရောက်နေပြီ၊ နောက်နှစ်ဆို လမ်းမတော် ဆေးကို ရောက်ပြီပေါ့"

"ဟုတ်ကဲ့...."

လိပ်ခုံးဆေးတွင် နှစ်နှစ်နေပြီး လမ်းမတော် ဆေးကျောင်းသို့ ပြောင်းကြရသည်လေ။

"သမီး ဖြူ"

"ရှင်....အန်တီ"

"သမီး ကိစ္စရှိလို့ လာတာ မဟုတ်လား၊ အလည်သက်သက်တော့ ဖြူက လာမယ် မထင်ဘူး"

ရှက်ပြုံးလေးတစ်ချက် ပြုံးမိသည်။

"သမီး ပေါင်မြို့ကို ခဏ သွားမလို့၊ အဲဒါ အန်တီ့ကို လာနှုတ်ဆက်တာ"

"ခြော်....ဒါနဲ့ သမီး ပေါင်မြို့ကို အလည်သက်သက် သွားမှာလား"

"ဟုတ်ပါတယ် အန်တီ၊ အလည်သက်သက်ပါပဲ"

"သူများတွေက ပေလီတို့၊ မေမြို့တို့ သွားတဲ့အချိန်၊ သမီး ဖြူက ပေါင်မြို့ကို သွားမယ်တဲ့လား၊ ပေါင်မြို့မှာ ဘာမှလည်းစရာ လဲ မရှိပါဘူး သမီးရဲ့"

ရင်ထဲ အောင့်ခနဲ မျက်သွားရသည်။

ပေါင်မြို့ဆိုသည်ကား မိမိ ဇာတိ မွေးရပ်မြေ။

ဖေဖေ၊ မေမေတို့ ခေါင်းချခဲ့ရာ ဌာနေ။

သည်သို့တွေးမိတော့ ရင်ထဲ ဆွေးသွားရသည်။

အားငယ်မှုတို့လည်း လှိုက်ခနဲတက်လာ၏။

"ဟော့....သမီး၊ ငြိမ်လှချည်လား"

"ဟိုလေ....ဖြူက ဟိုမြို့တွေကို ရောက်ဖူးတယ်လေ၊ ပေါင်မြို့ ကို မရောက်ဖူးသေးဘူး မဟုတ်လား၊ ဒါကြောင့်ပါ၊ ဒါနဲ့ အန်တီ မပျင်းဘူးလား ဟင်၊ ဒီကျောင်းဝန်းကျင်က ငြိမ်သက် လွန်းတယ်နော်"

လီမွာစွာ စကားလွှဲလိုက်သည်။

"ပျင်းမနေနဲ့ သမီး ဖြူ၊ နောက်နှစ်ဆို သမီးလဲ ဒီရောက် တော့မှာကို"

ဖြူဝေလွှင့်မျက်နှာ ကွက်ခနဲ တစ်ချက်ပျက်သွားသည်။

"သမီးသွားတော့မယ် အန်တီ၊ နားနေခန်းကို မလိုက်တော့ ဘူး၊ သမီး ဝင်စရာ တစ်နေရာကျန်သေးတယ် အန်တီရဲ့"

"ကောင်းပါပြီကွယ်"

အပြန်လမ်းက ဖြူဝေလွှင့်အတွက် သွေ့ခြောက်လှသည်။

ကားတံခါးကို စိတ်မပါစွာဆွဲပိတ်ပြီး ဝင်ဆိုင်မည်အလုပ် တစ်နေရာရာမှ တစ်ဦးဦးက မိမိကိုကြည့်နေသလို ခံစားရသည်။





မျက်လုံးက အလိုလို ထိုနေရာသို့ ရောက်သွားသည်။

"ဟင်...."

အပေါ်ထပ် ကော်ရစ်ဒါတွင်ရပ်ကာ လက်ပိုက်၍ ပြုံးပြုံးကြီး ကြည့်နေသော တီရှပ်အပြာနှင့်လူကို တွေ့လိုက်ရသည်။

ဘာကြောင့်မသိ။

ရင်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။

ကားထဲဝင်ပြီး ဝူးခနဲနေအောင် မောင်းထွက်ခဲ့မိသည်။

"သမီးလဲ နောင်နှစ်ဆို ဒီကျောင်းကို ရောက်တော့မှာ"

ထိုအသံက နားထဲတွင် ပဲ့တင်ရိုက်လျက် ရှိလေသည်။

"ဟင်း"

သက်ပြင်းမောတစ်ချက် ရှိုက်မိသွားသည်။

* * *

ဖြူဝေလွှင့် ပါရမီရိပ်သာရှိအိမ်သို့ ပြန်ရောက်သောအခါ အဝတ်လျှော်၊ မီးပူတိုက်၊ ကြမ်းသုတ်၊ အိုးခွက်ဆေးဖြင့် အခုနှ ဘုန်းဆီက ကားလှလှလေး မောင်းလာခဲ့သော လက်နုနုများ ယခုတော့ မနုတော့လေပြီ။

ဩော်....ဖေဖေနဲ့မေမေရဲ့၊ သမီးကို လောကကြီးအလယ်မှာ ဘာကြောင့်များ တစ်ယောက်တည်း ထားရစ်ခဲ့ကြတာလဲ ကွယ်။

မျက်ဝန်းတွင် မျက်ရည်စတို့က စိုစွတ်၍ လာကြပြန်သည်။

အန်တီချို့ စကားများက ရင်မှဝေဒနာကို အသစ်ဖြစ်စေပြန် သည်ကို အန်တီချို သိလိမ့်မည်မထင်။

ကြမ်းသုတ်နေရင်းမှ ညှော်ခန်းလယ်တွင် ချိတ်ဆွဲထားသော ဦးဝေလွင့်ဓာတ်ပုံကို မော့်ကြည့်မိပြန်တော့ ရင်မှာ ကြည်နူးမှုတို့ လှိုင်ထွန်းလာရပြန်ပါသည်။

မွေးစားဖေဖေရယ်၊ ဖြူ့အပေါ် သူများအမုန်းခံပြီး ဘာလို့ချစ်ရတာလဲကွယ်။

ဖေဖေသည် ဖြူ့အပေါ် သမီးရင်း ညိုဝေလွင်နှင့် တန်းတူချစ်ခဲ့သည်။

ဖေဖေကြောင့် ဖြူဝေလွင့်ဘဝလေး သာယာစိုပြည်ခဲ့သည်။ မေမေနှင့် အတိုက်အခံပြု၍ ဖြူ့ကို ကျောင်းထားပေးခဲ့သည်။ အရွယ်ရောက်လာပြန်တော့ လက်ဝတ်လက်စား ဆင်မြန်းပေးခဲ့သည်။ ကိုယ်ပိုင်ကား မောင်းခွင့်ပြုခဲ့သည်။

ဖေဖေ၊ မေမေတို့၏ အိမ်ထောင်ရေးသည် ဖြူ ရောက်လာချိန်မှစ၍ သာယာမှုမရှိခဲ့။

မေမေ ဒေါ်ခင်ခင်သည် ဖြူ့အပေါ် ဘယ်မျှပင်ဆိုးခဲ့ဆိုးခဲ့၊ ဖေဖေဦးဝေလွင်အပေါ်တော့ အင်မတန်ပင် ချစ်ခင်ကြင်နာခဲ့လေသည်။ ထို့ကြောင့်ပင် ယခုအထိ ဖေဖေနှင့် မေမေတို့ အိမ်ထောင်ရေး တည်မြဲနေခြင်း ဖြစ်ပါလိမ့်မည်။

အိမ်သုတ်ခြင်းကိစ္စကို ရပ်နားကာ မိမိအခန်းရှိရာသို့ လာခဲ့မိသည်။

မွေးစားမေမေရယ်၊ အပေါင်မြို့လေးရယ်၊ ဖြူ့ရဲ့ဘဝအစရယ်ကို ခုတင်ပေါ်လှဲ၍ချရင်း တွေးနေမိသည်။

●



## အခန်း (၂)

ဒေါက်တာဦးဝေလွင်သည် ဒေါ်ခင်ခင်နှင့် အိမ်ထောင်ကျပြီး သုံးနှစ်အကြာတွင် သမီး ညိုဝေလွင်ကို မွေးဖွားခဲ့လေ၏။ ညိုဝေလွင် နှစ်နှစ်သားအရွယ်တွင် ဒေါက်တာဦးဝေလွင်သည် မန္တလေးသို့ ပြောင်းရွှေ့တာဝန်ထမ်းခဲ့ရသည်။

ဤသည်ကားပင် ဦးဝေလွင်နှင့် ဖြူဝေလွင်တို့ ဆုံစည်းရန် ဖန်တီးပေးလိုက်ခြင်းပင်။

ဖြူသည် မွေးဖွားစဉ်ကတည်းက ကုသိုလ်ကံ မလှခဲ့ရှာပါ။ ဖြူ့ကို မွေးဖွားသောနေ့တွင်ပင် ဖြူ့မေမေသည် ဖြူ ဝမ်းမှ ကျွတ်သည်နှင့်တစ်ပြိုင်နက် သေဆုံးခဲ့ရသည်။

ကျေးလက်ဒေသဖြစ်သဖြင့် ဆေးပညာတတ် နည်းပါးသလို ဆေးဝါးကောင်းလည်း ရှားပါးသည်။ ထို့ကြောင့်ပင် ဖြူ့မေမေ သေဆုံးခဲ့ရခြင်းပင်။

ဖြူ့ဖေဖေသည် လယ်တောသို့သွားရာမှ ဇနီး သားဖွား ကြောင်း သိရသည်တွင် အပြေးအလွှားအလာ လမ်းတွင် ပိုးထိ၍ သေဆုံးခဲ့လေသည်။

ဖေဖေနှင့် မေမေသည် သူတို့၏ရင်သွေးသည် မိန်းကလေးလား၊ ယောကျ်ားလေးလားပင် မသိခဲ့ရှာပါ၊

ဖြူသည်လည်း မိမိ၏ မိဘနှစ်ပါးသည် ချောသ လား၊ လှသလား၊ ပိန်သလား၊ ဝသလား၊ ဖြူသလား၊ မည်းသလားပင် ကြည့်ခွင့်မရရှိခဲ့ပါ။

ဖြူဝေလွှင့်ဘဝက ဤမျှဆိုးရွားခဲ့လေ၏။

ထိုအချိန်တွင် အပေါင်မြို့သို့ ဆေးဝါးကုသရန် ရောက် လာသော ဦးဝေလွင်သည် ဖြူဝေလွင့်အဖြစ်ကိုကြည့်၍ စိတ် မကောင်း ဖြစ်ခဲ့ရသည်။

ဤဒေသသည် မြို့ကြီးများလောက် မဖွံ့ဖြိုးသေးသည့်ဒေသ ဖြစ်သဖြင့် မြို့ခံလူများမှာ ဆင်းရဲကြ၏။

ထိုမြို့တွင် ဖြူ့မေမေ၏ညီမဖြစ်သူ ဒေါ်လေးတစ်ဦးရှိသော် လည်း ဒေါ်လေးသည် ဖြူ့အား မမွေးစားနိုင်ခဲ့ပါ။

စေတနာ၊ အကြင်နာနှင့် ပြည့်စုံသော ဒေါက်တာဝေလွင် သည် နိတာရဲ့ သမီးလေးအား ရွာလူထုရှေ့တွင် လက်မှတ်ရေး ထိုး၍ အပြီးတိုင်မွေးစားရန် ခေါ်ယူလာခဲ့လေ၏။

ပီတိအဟုန်ဖြင့် အပြန်လမ်းတွင် ဦးဝေလွင် အပျော်ကြီး ပျော်မိသည်။





မိမိတွင် ဇနီး ခင်၏ ကျန်းမာရေးအရ နောက်ထပ် သား သမီး မရနိုင်တော့သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ညိုဝေ လွင်နှင့်လည်း အဖော်ရစေနိုင်သည်မို့ ကြည်နူးမိ၏။

သမီးနှစ်ဦး ဖြစ်ပြီပေါ့ဟု ဝင့်ကြွားစွာ တွေးမိသည်။

* * *

အိမ်ပြန်ရောက်လျှင် ရောက်ချင်း ဒေါ်ခင်ခင်သည် ဖြူဝေ လွင့်ကို မလိုလားခဲ့။ သို့ရာတွင် ခင်ပွန်းဖြစ်သူ ဦးဝေလွင်၏ ဆန္ဒကို မပယ်လိုသဖြင့် ဖြူဝေလွင်အား အထိန်းတော်လက်ထဲ တွင် ကြီးပြင်းစေခဲ့သည်။

သို့ပါသော်လည်း သနားစရာ ဖြူဝေလွင့်အပေါ် သွေး မတော် သားမစပ်ခဲ့ပေမယ့် ဦးဝေလွင်သည် မေတ္တာစိတ် ဖြစ်မိ သည်။ အမြဲလိုလိုပင် ကောက်ယူ ပွေ့ချီသည်။

ဖြူဝေလွင်သည်လည်း မိဘမေတ္တာငတ်နေသည်မို့ ဦးဝေလွင် ကို သိပ်မျှစ်ခဲ့သည်။

အိမ်ဖော်လက်ထဲတွင် အရိုက်ခံခဲ့ရ၊ ငိုလျှင် ပါးစပ်ပိတ်ခြင်း ခံခဲ့ရသော ဖြူဝေလွင်သည် ဦးဝေလွင်အား မြင်လိုက်လျှင် ပါးချိုင့်လေးနှစ်ဖက် ခွက်ဝင်သည့်တိုင် ပြုံးပြ၏။

ခြေယက်ကန် လက်ယက်ကန်ဖြင့် ဦးဝေလွင်ထံ အတင်း သိုက်ချင်သည့်ဟန်ကို ပြလေ၏။

ဤသည်ကိုပင် ဒေါ်ခင်ခင် လုံးဝကြည့်မရ။

မိမိအမီးထက် ပို၍ သူစိမ်းသားသမီးကို ချစ်ခင်နေလေတော့ ဘယ်မိန်းမက ကြာရှည်ကြည်ဖြူနိုင်လိမ့်မည်နည်း။

ချစ်လင် ဦးဝေလွင်ကို ပြောရမှာ မဝံ့သဖြင့် နောက်ဆုံးတွင် ဒေါ်သမုန်တိုင်းသည် ဖြူဝေလွင်ထံသို့ ရောက်လာလေ၏။

မနာလို လေပွေကြီးသည် ဖြူ့ထံသို့သာ ရိုက်ခတ်၏။

အတ္တလျှော်ကြီးသည် ဖြူ့ထံသို့သာ ဗဟိုပြုနေလေတော့၏။

ဤသို့ဖြင့် မိဘနှစ်ပါး ဆုံးခဲ့ရသော ဖြူသည် ဒေါ်ခင်ခင်ဟူသော အမုန်းဘုရင်မနှင့် ထပ်မံ ဆုံခဲ့ရလေသည်။

အမှောင်ညကုန်ဆုံး၍ရောင်ခြည်ဦးပေါ်ခါနီးမသေး မညာတာသည့် မိုးတိမ်ညိုလိပ်လိပ်ကြီးများကြောင့် မှောင်ခဲ့ရပြန်သည်။

* * *

အမုန်းခံမိန်းကလေး ဖြူဝေလွင်သည် အရိုင်းအနှိုက် အဆူအဆောင့် ခံရင်းဖြင့် စကားပြောတတ်သည့် ချစ်စရာအရွယ်သို့ ရောက်ခဲ့လေပြီ။

"ဖေဖေကြီး ပြန်လာပြီ"

တီတီတာတာနှင့် ပြေးလာသော ဖြူဝေလွင်ကို ဦးဝေလွင် ပွေ့ချီလိုက်သောခဏဝယ် အမောအပန်းတို့ လွင့်ပြယ်ကုန်ရလေ၏။

"မောင်....ထမင်းစားတော့မယ်"

"အင်းပါ ခင်ရယ်၊ သမီးလေးကို ကြည့်ပါဦး၊ ချစ်စရာလေး နော်"





"ကဲပါ မောင်ရယ်၊ ထမင်းစားမယ်ဆို၊ သမီး ညိုလွင်လေးက စောင့်နေပြီ၊ တော်ကြာ စိတ်ကောက်ဦးမယ်"

"ဟင်း....ကဲပါ ခင်ရယ်၊ သွားကြတာပေါ့"

ဦးဝေလွင် သက်ပြင်းချရင်း ဒေါ်ခင်ခင်နောက် လိုက်သွားလေသည်။ ဖြူဝေလွင် မျက်ရည်ဝဲစွာနှင့် ကျန်ရစ်ခဲ့လေသည်။

"ဟိတ်ကောင်မ.... ဘာကြည့်နေတာလဲ၊ လာ...ညည်းအတွက် ကျုပ်မှာ အလုပ်ကိုရှုပ်တယ်"

ပါးစပ်ကလည်း ပြော လက်ကလည်း ဆိတ်ထည့်လိုက်သည်။

မျက်နှာလေး ရှုံ့မဲ့ကာ မျက်ရည်လေးများ ဝိုင်းသွားရှာသော ဖြူဝေလွင်ကို [illegible]သူမျှ သနားမည့်သူမရှိလေပါ။

ထိုနေ့မှစ၍ နောက်နေ့များတွင် ဦးဝေလွင် ဆေးရုံမှပြန်လာချိန်များ၌ ဖြူဝေလွင်သည် အခန်းထဲမှ အပြင်ထွက်ခွင့်မရတော့။

"သမီးဖြူကော ခင်"

ဖေဖေကတော့ အမြဲတမ်းပင် မေးပါလေသည်။

"လာပါ မောင်ရယ်၊ ရော့....သမီးကို ချီပါဦး၊ ဖြူ ဆော့နေတယ်၊ ကလေး ကစားပါစေ မောင်ရယ်"

ပလီပလာနှင့်ပြောကာ၊ ညိုဝေလွင်ကို အတင်းချီခိုင်းတတ်လေတော့သည်။

ဤသည်ကို ဦးဝေလွင်သည် ရိပ်စားမိခဲ့ပါသော်လည်း.... ဪ.... ခင်ခင်ဟာလဲ လောကီသားပေပဲ၊သူ့သွေးမဟုတ်ဘဲ ငါက ဒီလောက် ချစ်ပြနေပြန်တော့လဲ ဘယ်ကြည်ဖြူတော့မလဲ၊ ကိုယ့်ဘက်က မှန်ကန်ခဲ့ရင် တစ်နေ့ ခင်ခင် အမြင်မှန်ရလာမှာပါ၊ အင်း....အမြင်မှန်မရခင်ကာလမှာတော့ သမီးငယ်လေး စိတ်ဆင်းရဲမှာပဲ။

နုငယ်တဲ့အသည်းမှာ နာကြည်းချက်တွေ သင်ကုန်မှာပဲ၊အဲဒီနာကြည်းချက်တွေဟာ ကြီးလာရင် ခင်ခင့်ကို မုန်းတဲ့ မာနတွေအဖြစ် မပြောင်းလဲသွားပါစေနဲ့လို့သာ....။



အခန်း ( ၃ )

"ဟေ့....သမီးတို့ရေ၊ ရော့....ရော့....မုန့်တွေ လာယူကြ"

တစ်ပတ်ခန့် နယ်သို့ကွင်းဆင်းရာမှ ပြန်လာသော ဒေါက်တာဝေလွင်၏ အသံကို ကြားလိုက်ရသည်နှင့် ညိုဝေလွင်ရော ဖြူဝေလွင်ပါ ပြေးထွက်လာကြသည်။

အနားရောက်တော့ ဖြူဝေလွင်က ခြေလှမ်းတန့်သွားသည်။

ညိုဝေလွင်ကတော့ အတင်းပြေးကာ မုန့်ထုပ်များကို လှမ်းယူပြီး ဖြူဝေလွင့်ကို မျက်စောင်းထိုးကာ ထွက်သွား၏။

ဒေါ်ခင်ခင်၏ စနက်ကြောင့် ညိုဝေလွင်သည် ဖြူဝေလွင့်အပေါ် ရန်သူလိုပင် မြင်တတ်ခဲ့ပြီကော။

ဖြူဝေလွင် ဦးဝေလွင် လက်ထဲမှ ဂျူတီကုတ်ကြီးကို လှမ်းယူကာ အားရစွာ ပြုံးပြမိလေ၏။

"ဖေဖေကြီး"

"ဘာလဲ သမီးလေးရဲ့"

"ဖေဖေကြီး မနေ့သောက်မလားဟင်၊ သမီးဖြူ ရေခပ်ပေးမယ်လေ"

"ဟော…သမီးက သိပ်လိမ္မာတာပဲ၊ ဖေဖေကြီး ရေသောက်မှာပေါ့"

"ခနဦးနော်၊ သွားခပ်လိုက်ဦးမယ်"

လျင်မြန်စွာ ပြေးသွား၍ ခပ်လာသော ရေကို မဆာသော်လည်း တစ်ခွက်လုံး ကုန်အောင် သောက်ပစ်လိုက်မိတော့၏။

"ဟာ…ကုန်သွားပြီ၊ ဖေဖေကြီး ရေဆာနေတာကိုး"

မျက်လုံးလေးအပြူးသားနှင့် တအံ့တသြဆိုလေသည်။

"သမီးလေးက တစ်အားလိမ္မာတာပဲ၊ လာ…ဖေဖေကြီးဆီကို"

ဖြူဝေလွင် ဖေဖေ့ ရင်ခွင်ထဲသို့ အပြေးကလေးဝင်လိုက်မိသည်။

ဦးဝေလွင်က ထိုင်ချကာ ဖြူဝေလွင့် ပါးလေးကိုမွှေးကြူလိုက်မိ၏။

"ဖေဖေကြီးကလေ ဘယ်သွားနေတာလဲ၊ မီးဖြူ မှတ်ထားတာလေ မိုးခုနစ်ခါတောင်ချုပ်သွားပြီ၊ ဆိုရဲ့လား ဖေဖေကြီး"

"အမယ်လေး… သမီးလေးရဲ့၊ မှတ်ထားလိုက်တာ ကြည့်ပါဦး"

ဤအဖြစ်ကို ဒေါ်ခင်ခင်မြင့်သောအခါ ဒေါသထွက်မိသလို နာကြည်းချက်များ ပွင့်အန်လာသည်။

"မောင်…"





"ဘာလဲ ခင်၊ မောင် ပြန်လာတာတောင် မိန်းမက ထွက်မကြိုပါလား"

ဦးဝေလွင်က ပြုံးရင်း ဆိုမိသော်လည်း…

"မောင် ဘာသဘောနဲ့ ဒီလိုလုပ်နေတာလဲ၊ ခင့်ကို တမင်အရွဲ့တိုက်နေတာလား၊ ဒါမှမဟုတ် ပညာရှိ နှိပ်စက်နည်းနဲ့ နှိပ်စက်နေတာလား၊ ပြောစမ်းပါ မောင်"

ဒေါက်တာဝေလွင် ဇနီးသည်ကိုကြည့်ကာ အူကြောင်ကြောင်ဖြစ်သွားသည်။

"ဘာကို ဆိုလိုတာလဲ ခင်"

"မောင် ဘာကြောင့် ဒီဟာမလေးကို ဒီလောက်အဖြစ်သည်းနေတာလဲ၊ ဒီဟာမကကော ဘာကြောင့် မောင့်ကို ဖရုတ်ဖိုက်နေရတာလဲ"

"ဟ… ဒါများ ခင်ရာ၊ သူ့ အဖေကို သူ ချစ်လို့ပေါ့ကွ"

"ဘာပြောတယ် မောင်၊ မောင် ဘယ်လို ပြောလိုက်တာလဲ၊ အဖေ… ဟုတ်လား၊ ဘာ အဖေလဲ၊ ခင် ထင်တာ ဟုတ်နေပါပြီ ရှင် ဒီကလေးကို ဒီလောက် အချစ်ပိုနေတာ ရှင့်သွေးမို့လို့ပေါ့၊ ဟုတ်လား၊ ဒါကြောင့် သမီး အရင်းထက်တောင် သည်းနေတာကိုး"

"မင်း ဘာတွေ ပြောနေတာလဲ ခင်၊ ဘာ ငါ့သွေးလဲ၊ မင်းစော်ကားနဲ့၊ ငါဟာ သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက်၊ ဆက်ကလဲ့ရင် ဘယ် မိန်းမကိုမှ ရိုင်းတဲ့မျက်လုံးနဲ့ မကြည့်ဖူးဘူး၊ မင်း ငါ့ကို သက်သက် စော်ကားတာပဲ၊ ငါ ဒီကလေးကို ခင်တဲ့ မေတ္တာနဲ့ ချစ်တာကွ၊ ဒီစကားမျိုးကို မင်း ပထမဆုံးနဲ့

နောက်ဆုံးအကြိမ် ပြောတာ ဖြစ်ပါစေ၊ ငါ့ကို နောက် ဒီလို စကားမျိုး မပြောနဲ့''

ဦးဝေလွင် ဒေါသနှင့် အော်လိုက်မိသည်။ ပြီးမှ ဇနီးသည်ကို သနားသလိုလို ဖြစ်သွားမိသည်။

ခင့် ရင်ထဲမှာ သည်လောက်တောင် နေရာယူနေပြီလား။ သည်ကိစ္စနဲ့ စိတ်ညစ်နေပြီ ထင်ပါရဲ့။

''မောင်ဟာ ဆံရာဝန် တစ်ယောက်ပ ခင်၊ ငွေရှာနိုင်တယ်၊ ဒီကလေး တစ်ယောက်ကို ကျွေးထားတဲ့နဲ့ မွဲမသွားပါဘူး၊ ပြီးတော့ မောင်တို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာတာဟာ သမီး ဖြူကြောင့် မွဲမသွားနိုင်ပါဘူးလေ၊ မောင်တို့ ဘဝမှာ ကုသိုလ်ပြုဖို့ ကြုံလာတယ်လို့ပဲ သဘောထားလိုက်စမ်းပါ ခင် ရယ်''

လေပြည်လေးနှင့် တောင်းတောင်းပန်ပန် ရှင်းပြမိသည်။ ဒေါ်ခင်ခင် ဘာမှ မပြောဘဲ လှည့်ထွက်သွားတော့၏။

ဦးဝေလွင် စိတ်ညစ်မိသည်။ မိမိက စေတနာနှင့် ခေါ်လာခဲ့ခြင်း ဖြစ်ပေမယ့် မိမိ အိမ်ထောင်ရေးကို ဤမျှလောက် ခေါင့်ယှက်လာခြင်းသည် မကောင်း။

သည်ကလေးမလေးကို ဘယ်လို လုပ်ရမလဲ။ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ ဖြူစင်တဲ့မေတ္တာနဲ့ အနိုင်ယူရမယ်။ သမီး ဖြူ့အတွက် ဖေဖေ အားလုံးကို ရင်ဆိုင်တော့မယ် သမီးလေးရယ်....။

ဦးဝေလွင်သည် သူ၏ သမီးငယ် ဖြူဝေလွင်ကို စိုက်ကြည့် လိုက်မိသည်။

''သမီး မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါလားကွယ်''





ဖြူဝေလွင်က စူးရဲနေသည့် မျက်လုံး လက်လက်လေးများဖြင့် စိုက်ကြည့်နေ၏။

ဦးဝေလွင် သမီး ဖြူ့ကို ပွေ့ချီလိုက်သည်။ ထိုအခါမှ ဖြူဝေလွင်က ဝမ်းနည်း အားငယ်စွာ ငိုကြွေးလေတော့သည်။

''ဩော်... သနားစရာ သမီးငယ်ရယ်....''

* * *

''ဖေဖေ၊ သမီးလဲ ကျောင်းတက်ချင်တယ်''

ညိုဝေလွင် ကျောင်းတက်သည်ကို မြင်တော့ ဖြူဝေလွင်က အားကျစွာ ဆိုလာသည်။

ကလေးစိတ်ပေကိုး... ။

''အေး၊ ငါ့ သမီး ကျောင်းနေရမှာပေါ့၊ ဖေဖေကြီး ကျောင်းထားပေးမယ်''

''ဘာရယ်.... မောင်''

ဒေါ်ခင်ခင်က အံ့ဩစွာ ဝင်မေးလာသည်။

ဦးဝေလွင် ချစ်ဇနီးကို ပြုံးပြုံးကြီး ကြည့်မိသည်။

''မင်းနှယ်.... ဒေါသချည်းပဲကိုး၊ ဒီမှာ ထိုင်''

ဦးဝေလွင်က ဒေါ်ခင်ခင့်ကို သူ့ ဘေးတွင် ဝင်ထိုင်စေသည်။

ဖြူဝေလွင်ကတော့ ကြောင်ငေးငေးလေး ရပ်ကြည့်နေသည်။

"မောင် ပြောတာကို နားထောင်ပါဦး ခင်ရယ်၊ ကဲ.... ဥပမာ ဆိုပါတော့၊ 'ခင် သေဆုံးသွားရင် ဒီပစ္စည်းတွေကို ယူသွားလို့ ရမလား၊ အခုလို ကလေး တစ်ယောက်ကို ပညာ သင်ပေးခဲ့ရင် ဒီကလေးက တို့ တိုင်းပြည်ကြီးကို တစ်ဖက် တစ် လမ်းက အကျိုးပြုနိုင်မယ် ခင်၊ မောင်တို့မှာ ဒီလောက်ကလေးနဲ့ မနှစ်နာပါဘူး ခင်ရယ်၊ လူဆိုတာ မေတ္တာ ပွားများရတယ်"

ဦးဝေလွင်က ဆက်ပြောနေသည်။

"ခင်ဟာ ဘုရား တရား ကိုင်းရှိုင်းတဲ့ အမျိုးသမီး တစ်ဦးပါ ကွယ်၊ မောင်တို့ရဲ့ မြတ်စွာဘုရားက လူတိုင်းအပေါ် မေတ္တာ ထားရမယ်လို့ ဟောခဲ့တယ် မဟုတ်လား။

"ခင်က ဘုရားကိုတော့ ရှိခိုးပြီး ဘုရား ဟောခဲ့သလို မေတ္တာ မပွားများရင် ဘယ် ကောင်းပါ့မလဲ ခင်၊ ပညာ ပါရမီဆိုတာ ဖြည့်ကောင်းပါတယ်ကွယ်၊ နော်"

"ဒါဆိုလဲ မောင့်သဘောပဲ မောင်ရယ်၊ ခင် ဘာမှ မပြော လိုတော့ဘူး၊ မောင်ဟာ ဒီကလေးအပေါ် သံယောဇဉ် မများ လွန်းဘူးလား ဟင်၊ ခင့်ကိုတော့ ပစ်မသွားပါနဲ့ မောင်ရယ်"

ဦးဝေလွင် ဒေါ်ခင်ခင့် ပခုံးကို ယုယစွာဖက်ရင်း နှစ်သိမ့် မိသည်။





"အြော်...., ခင် အချစ်ရယ်၊ မောင်ဟာ ခင့်ကို သက်ထက်ဆုံး ကြင်နာနေမှာပါကွယ်၊ အားငယ်တဲ့ အတွေးတွေ ဖျောက်ပစ် လိုက်တော့ နော်"

ဖြူဝေလွင် ရပ်ကြည့်နေရင်းမှ ပြုံးတုံ့တုံ့ ဖြစ်သွားသည်။

မိမိကို ကျောင်းထားပေးတော့မည် ဖြစ်ကြောင်းလည်း သဘော ပေါက်မိသည်။

အခန်းထဲသို့ လှစ်ခနဲနေအောင် ပြေးဝင်လာခဲ့မိသည်။

ဖြူဝေလွင့် မျက်နှာပေါ်ဝယ် ပျော်ပန်းလေး တစ်ပွင့်က ခါဝေဆာဆာ။

# အခန်း ( ၄ )

"သမီး၊ ဖြေနိုင်ရဲ့လား ဟင်"

"ဖြေနိုင်ပါတယ် ဖေဖေ"

"ကြိုးစား သမီး၊ အဌမတန်းဆိုတာ ဘဝ တစ်ဆစ်ချိုးပဲ ကွယ့်၊ သိပ္ပံလိုင်းနဲ့ အောင်ဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ.... သမီး ကျောင်းတက်ရဦးမယ် မဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ၊ မနက်ဖြန် ဖြေမယ့် ဘာသာရပ်အတွက် ဆရာမက ပြန်နွှေးတဲ့ သဘောမျိုး သင်ပေးမယ်တဲ့"

"မနက်ဖြန် သင်္ချာ နော်"

"ဟုတ်တယ် ဖေဖေ၊ သမီး အစွမ်းကုန် ကြိုးစားမှာပါ"

"အေး၊ ဒီလိုမှပေါ့၊ သင်္ချာဆိုတာ အရေးကြီးတယ်၊ စေ့စေ့စပ်စပ် သေသေချာချာ ဖြေနိုင်ရင် အမှတ်ကောင်းပြီး နည်းနည်းလေးလွဲရင် အမှတ် လျော့သွားရော"

"သမီး သချီာ ပိုင်ပါတယ် ဖေဖေရဲ့"

"အင်း.... ဖေဖေ သိပါတယ်၊ ကဲ.... ဖေဖေ ပြန်မယ်"

"ဟုတ်ကဲ့"

ကျောင်းအဝအထိ ဖေဖေ့ကို လိုက်ပို့မိသည်။ ဖေဖေ့ကား ထွက်သွားတော့ ရင်ထဲ မောဟိုက်သလို ခံစားရသည်။

ဖေဖေရယ် ... ဖေဖေဟာ သမီးကို သိပ်ချစ်တာပဲနော်။

ဖြူ ဖေဖေ့ သမီးအရင်းပဲ ဖြစ်လိုက်ချင်ပါတယ် ရှင်။

ဒါဆို ဖေဖေကလဲ သိပ်ချစ်မှာပေါ့။ အို... ငါ ဒါတွေ အခုအချိန်မှာ တွေးနေလို့ မဖြစ်သေးပါဘူး။ ငါ့ ဘဝမှာ ပညာတတ် ဖြစ်ဖို့က အရေးအကြီးဆုံးပဲ။

ဆရာဝန် ဖြစ်အောင် လုပ်ရမယ်။ ဖေဖေ့ကို ကြည့်စမ်း။ ဘယ်လောက် စိတ်ထားမြတ်သလဲ။ ပြီးတော့ မမြင်ဖူးလိုက်တဲ့ ငါ့ အဖေ အရင်းနဲ့ အမေရင်းကလဲ ဆရာဝန် ရှားပါးလို့၊ ဆေးဝါး ရှားပါးလို့ သေခဲ့ရတာ။ ဟုတ်တယ်။ ဆရာဝန် ဖြစ်ကို ဖြစ်ရမယ်။

"ဟော့....ဖြူ၊ ဒေးလှချည်လား၊ လာလေ.... တို့ ကျောင်းကို သွားကြတော့မယ်"

"အင်း...."

သဲသဲ စကားကြောင့် မပြီးနိုင်သေးသောအတွေးတို့ကို ဖြတ်ကာ မိမိတို့ကျောင်း အ၊ ထ၊ က (၁) ရှိရာဘက်သို့ ထွက်လာခဲ့ကြသည်။

ဖြူဝေလွင်တို့ကျောင်းက အ၊ ထ၊ က (၁)။ စာမေးပွဲ လာရောက် ဖြေဆိုရသည်က အ၊ ထ၊ က(၃)။





"ဟော....ဆရာမတောင် အတန်းထဲ ရောက်နေပြီ"

ဖြူဝေလွင်တို့ သူငယ်ချင်းတစ်စု အတန်းထဲသို့ အလျင်အမြန် ဝင်လိုက်ကြရတော့သည်။

"ကဲ....တပည့်တို့ အင်္ဂလိပ်စာ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ် ဆရာမ"

"အေး....ဒီလိုမှပေါ့"

ဆရာမက ကျောက်သင်ပုန်းကို ဖျက်ရင်း စကားစလာသည်။

"စာမသင်ခင် မင်းတို့ကို ဆရာမရဲ့ ဘဝတစ်ကွက်ကို ပြောပြမယ်၊ မင်းတို့ သင်ခန်းစာ ယူနိုင်အောင်လို့ပေါ့ကွယ်"

"ဟုတ်ကဲ့"

"ဆရာမက ၁၆ နှစ်နဲ့ ဆယ်တန်းကို အောင်ခဲ့တယ်ကွယ်၊ အဲဒီတုန်းကဆို ဆရာမက ဆရာဝန်ရှူးပေါ့၊ ဒါပေမယ့် ဆယ်တန်းအောင်တော့ ဆေးဝင်နိုင်အောင် အမှတ်က မကောင်းဘူး၊ ဆရာမ ငိုတာ လိမ့်နေတာပဲ၊ အရွယ်ကလဲ ငယ်ငယ်၊ ဖြစ်ချင်တဲ့ဆန္ဒကလဲ ပြင်းပြင်းနဲ့ဆိုတော့ အသိနဲ့ မယှဉ်နိုင်ဘူးပေါ့၊ ပြီးတော့ ဆေးဝင်ဖို့ အမှတ်ကလဲ သိပ်လိုနေတာ မဟုတ်တော့ ပိုခံပြင်းတာပေါ့"

တစ်တန်းလုံး တိတ်ဆိတ်ငြိမ်သက်လို့ နေသည်။

"အဲဒီအချိန်မှာ ဆရာမဆီကိုဆရာမရဲ့ဆရာမကြီး ရောက်လာတယ်၊ဆရာမကြီးရဲ့ စကားတွေကြောင့်သာ အခုအချိန်မှာ ဆရာမနဲ့မင်းတို့ ရေစက်ဆုံတာပေါ့။

"ဆရာမကြီးက ပြောတယ်၊ သူကလဲ တစ်ချိန်တုန်းက ဆရာမလိုပဲ ဆရာဝန် သိပ်ဖြစ်ချင်တာတဲ့၊ ဒါပေမယ့် သမီး သေသေချာချာ စဉ်းစားတဲ့၊ သမီးက စိတ်နုတယ်တဲ့။

"ဆေးရုံဆိုတာဟာ စိတ်မချမ်းသာစရာ မြင်ကွင်းပဲ မြင်ရမှာ၊ ကျောင်းဆိုတာက လန်းဆန်းသစ်လွင်တဲ့ မြင်ကွင်းပဲ၊ ကျောင်းသားတွေ၊ ဆရာ ဆရာမတွေ၊ နည်းနည်း နေမကောင်းရင် ကျောင်းမလာကြဘူး၊ ဒီတော့ ကျောင်းမြင်ကွင်းက အစဉ်ကြည်လင်တယ်။

"စေတနာချင်း ယှဉ်ကြည့်ရင်လဲ သိပ် မကွာလှပါဘူး၊ ကုသိုလ်ရတာကျတော့ ဆရာဝန်က ပိုချင်ပိုမယ်၊ ဒါပေမယ့် ဆရာမဆိုတာလဲ ပညာပါရမီ ဖြည့်ပေးတဲ့အတွက် ကုသိုလ်ရမှာပဲ၊ နောက်တစ်ခုက ဆရာမဆိုတာ နောင် အနာဂတ် ပန်း ကလေးတွေကို လှပစွာပွင့်နိုင်အောင်ပျိုးထောင်ပေးတဲ့ ဥယျာဉ်မှူးပါ သမီးရယ်၊ မြေဖြူကိုင်တဲ့လက်နဲ့ ဆေးထိုးအပ်ကိုင်တဲ့လက်က အတူတူပါပဲကွယ်....တဲ့။

"တကယ့်တော့ ဆရာမကြီးပြောတာ အမှန်ချည်းပဲကွယ့်၊ ဆရာမသာ ကျောင်းဆရာမ မဖြစ်ဘဲ ဆရာဝန်တစ်ဦး ဖြစ်ခဲ့မယ် ဆိုရင် ဆရာမတစ်ယောက်ပဲ ဆရာဝန်ဖြစ်မှာ၊ အခုတော့ ဝလုံး (ဝ)ကိုတောင် ဝိုင်းအောင် မရေးတတ်သေးတဲ့ ကလေးလေး ဘဝကနေ ဝလုံးရေးတတ်လာအောင် ကလေးလက်အပေါ် ဆရာမလက် ထပ်လို သင်ပေးခဲ့ရတဲ့ ခြောက်တစ်ခါ ချော့တစ် လှည့်နဲ့ သင်ပေးခဲ့တဲ့တပည့်ကလေးတွေက ရှေ့တန်းတစ်နေရာမှာ တိုင်းပြည်အတွက် အသက်စွန့်နေတဲ့ တပ်မတော်သားတွေ၊ ဆရာ





ဆရာမတွေ၊ အင်ဂျင်နီယာတွေ၊ ဒေါက်တာတွေ ဖြစ်နေတာ ကို မြင်ရတော့ ဆရာမရင်ထဲမှာ ဖော်မပြနိုင်တဲ့ ပီတိတမျိုးကို ခံစားရတယ်၊ အဲဒီ ဖြစ်ပေါ်လာတဲ့ ကြည်နူးမှုကိုလဲ ဘာနဲ့မှ မလဲနိုင်ဘူး ကလေးတို့"

ဆရာမက မောသွားသဖြင့် ခဏနားကာ ဆက်ပြောသည်။

"ဒီအကြောင်းကို မင်းတို့ကို ပြောပြတာက ဖြစ်ချင်တာရှိရင် ရအောင် ကြိုးစားဖို့ရယ်၊ အရမ်းကြိုးစားပါလျက်နဲ့ ဖြစ်မလာ ရင် ဖြေသိမ့်တတ်အောင်ပေါ့ကွယ်"

"ဟုတ်ကဲ့"

"အဋ္ဌမတန်းဆိုတာ ဝိဇ္ဇာသိပ္ပံခွဲပြီ ကလေးတို့၊ ဒါကြောင့် နောက်ဖြန် ဖြေမယ့် သချာကိုလဲ ကောင်းကောင်းကြိုးဖြေဆိုနိုင်ဖို့ ကြိုးစားလိုက်ကြရအောင်"၊

* * *

"သမီး ဖြူ"

"ရှင်...."

နွေရာသီကျောင်းအားရက် ဖြစ်သဖြင့် ဖြူဝေလွင် အိမ်အလုပ် ... သက်နှင့် မပြတ်ရ။

အခုလည်း ဘုရားခန်းရှင်းပြီး ထွက်အလာ၊ ဖေဖေ ဦးဝေ ...နှင့် ဆုံခြင်းပင်။

"သမီး....အခု သမွတရုံမှာ တင်နေတဲ့ ကားက သိပ်ကောင်း ... သမီးရဲ့၊ ဖေဖေ လက်မှတ်တောင်ဝယ်ထားပြီးပြီ၊ ဖေဖေ

ရယ်၊ မေမေရယ်၊ ညီရယ်၊ သမီးရယ် သွားကြရအောင်၊ သမီး ရေမိုးချိုးတော့"

"ဟို....ဟိုလေ၊ သမီး မလိုက်ချင်ဘူး ဖေဖေ"

ဖြူဝေလွင့် အသံက အဖျားခတ် တုန်ယင်သွားသည်။

"ဘာကိုတုံး သမီးရဲ့၊ သမီးကြိုက်တဲ့ ရေခဲမုန့်လဲ ဝင်စားကြမှာ၊ လိုက်ခဲ့ပါ သမီးရဲ့"

"သမီး ခေါင်းတွေ သိပ်ကိုက်နေလို့ပါ ဖေဖေ၊ ဖျားချင်သလိုကြီးပဲ၊ သမီးမလိုက်တော့ဘူးနော်၊ ဖေဖေတို့သာ သွားပါ"

"ဟင်....ဟုတ်လား၊ ဒါဆို ဖေဖေ ဆေးပေးခဲ့မယ်၊ ဆေးသောက်ပြီး အိပ်နေနော်"

"ဟုတ်ကဲ့"

ဖေဖေက ဆေးယူရန် ထွက်သွားသည်။

ဖေဖေ ကို ညာလိုက်ရသဖြင့် စိတ်ထဲမကောင်းလှ။

ဖြော်....ဖေဖေရယ်....။

သမီးရင်ထဲက ဆန္ဒအမှန်တွေ ဖေဖေ့ ကိုသိစေချင်လိုက်တာ၊ သမီး လိုက်ချင်ပါတယ် ဖေဖေရယ်။ ဒါပေမယ့် မေမေ့ရဲ့စကားကို သမီး မလွန်ဆန်ဝံ့ဘူး။ နောက်ပြီး အမိန့်ချသွားတဲ့အလုပ်တွေက တန်းစီနေတာပါပဲလား။

ဖြူဝေလွင် ဒေါ်ခင်ခင့် စကားများကို ပြန်ကြားယောင်မိသည်။

"မိဖြူ....ညည်းကို ကျုပ်ယောက်ျားက ရုပ်ရှင်လိုက်ဖို့ခေါ်ရင် မလိုက်ဘူးလို့ပြောလိုက်၊ ငါတို့သွားနေတဲ့ အချိန်မှာ





ဆာတီဒေါ့လျှော်ပြီး မီးပူတိုက်ထား၊ ထမင်းအိုးလဲ တည်ထားဦး၊ တစ်အိမ်လုံး သန့်နေပါစေ၊ ကြားလား"

"ဟုတ်....ဟုတ်ကဲ့ မေမေ"

"ဘာ....ဒ်မေမေ ဟုတ်လား၊ ညည်း ငါ့သမီး မဟုတ်ဘဲ ငါ့ကို မေမေလို့ မခေါ်နဲ့၊ ညည်း မေမေလို့ ခေါ်တာကို ငါ ရွံတယ်သိလား၊ တစ်ခါပြောရင် မှတ်ထားပါလား၊ ခဏခဏ ပြောရတာ လေကုန်တယ်အေ"

ထိုစကားကို ကြားရတိုင်း တသိမ့်သိမ့်တုန်အောင် ရှိုက်ငိုမိသည်က အကြိမ်ကြိမ်။

ရက်စက်လိုက်တာ မေမေရယ်။ မေမေလို့တောင် ခေါ်ခွင့် မပေးဘူးတဲ့လား။

ယဉ်ကျေးသိမ်မွေ့လှန်းတဲ့ ဖေဖေဟာ ဖြူ့အပေါ်မှာ ဘာ့အတွက်များ မိန်းမရိုင်းကြီး ဖြစ်နေတာလဲ ရှင်။

မေမေ တစ်နေ့တော့ ဖြူ့ကို နားလည်လာမှာပါ။ မေမေ ဒီယ်ချင်းစာတတ်လာမယ့်နေ့ကို ဖြူ မျှော်လင့်နေမှာပါ။

## အခန်း ( ၅ )

"မိဖြူ အလုပ်တွေ မပြီးသေးဘဲ ဘာကိစ္စ အခန်းအောင်း နေရတာလဲ"

မေမေ့ အသံကြောင့် အတွေးစတို့ တစ်စစီ လွင့်ထွက်သွား ည်။

အတိတ်အိပ်မက်မှ လန့်နိုးလာရတော့၏။

ဝေလွင်သည် အခုချိန်တွင် ဒသမတန်း သိပ္ပံ ကျောင်းသူ င်ယောက်ပင် ဖြစ်နေလေပြီမဟုတ်လား။

မေမေ့အပေါ် တတ်နိုင်သမျှ သည်းညည်းခံပါမယ်။ ဘက်က မေမေ့အပေါ် မေတ္တာ မလျော့ခဲ့ပါဘူး။ မေမေ အပေါ် မကောင်းခဲ့တာ အမှန်ပါ။

ဒါပေမယ့် မေမေ့ ညြဇာအရ ဖြူ့ဆန္ဒတွေ အားလုံးဟာ ဝခဲ့ရတယ်။

အခုလည်း ဒသမတန်း ပထမအစမ်း ဖြေထားပြီး သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ဖြူ့ ဇာတိ 'အပေါင်'မြို့ကို သွားဖို့ မကြည်ဖြူပေမယ့် ခေါင်းညိတ်ခဲ့ရသူမှာ နုမမေရယ်ပေါ့။

"ဖြူရေ...."

"ရှင်....မမညို"

"လာပါဦးဟဲ့....လာပါဦး၊ ညည်းကို ဒီထဘီ ဘယ်သူ လျှော်ခိုင်းလို့တုံး၊ သွားပါပြီ၊ ညည်း ရိုက်လျှော်တယ်နဲ့ တူတယ်၊ ကြည့်စမ်း၊ ဖွာထွက်လာဘာပဲ"

နုမြောတသစွာ စုတ်တသပ်သပ်နှင့် ဖြစ်နေပုံက အမြင်ပင် ကတ်စရာ ကောင်းမှကောင်း။

"မေမေက အဲဒီမှာ ချထားတဲ့ အဝတ်အားလုံး လျှော်ဖို့ မှာသွားလို့"

"ညည်း လျှော်တာ အရေးမကြီးဘူး၊ ငါ့ထဘီ ပျက်စီးသွားပြီ၊ ပြန်လျှော်ပေး"

"ဒါဆိုလဲ ဖြူ့ မုန့်ဖိုးထဲက ဝယ်ပေးပါ့မယ်၊ မေမေ့ကိုတော့ မတိုင်ပါနဲ့၊ နော်....မမညို"

"အဲဒါဆို ပြီးတာပဲ၊ ဒါပေမယ့် နောက်တစ်ခါ ဒီလို ဖြစ်ရင်တော့ တိုင်ကို တိုင်မှာပဲ"

"မမညိုရယ်"

လှိုက်မောစွာ ညည်းညူမိသည်။

* * *





မြို့ရဲ့ ဇာတိမြေကို ဖြူ ရောက်လာခဲ့ပါပြီ။

"မမပြုံး"

"ဟင်....ဘာလဲ ညီမ"

မမပြုံး၏ အသံဝဲဝဲက နားဝင်ချိုလှသည်။

"မမပြုံးက ညီမနဲ့ တစ်နေ့တည်း တစ်ချိန်တည်း မွေးတာ ...ည်"

"အင်း....ဟုတ်တယ်၊ ညီမက ဘာလို့ မမထည့်ခေါ်တာ ...ုံး...."

"မမကကျတော့ ဖြူ့ကို ညီမလို့ ခေါ်ပြီးတော့"

"ဟင်း....ဟင်း....ဟင်း"

"ဟင်း....ဟင်း....ဟင်း"

နှစ်ဦးသား ပျော်ရွှင်စွာ ရယ်မောမိကြသည်။

"မမပြုံး အခု ဘာလုပ်နေသလဲဟင်"

"မမပြုံးတို့ ဈေးကို တက်ပြီး ပစ္စည်းဝယ်၊ ပြီးရင် ရွာ ...န်းရှည်တွေဘက်ကို သွားရောင်းတာပေါ့"

"ဘာပစ္စည်းတွေ ရောင်းတာလဲဟင်"

"ကွမ်းသီး၊ လက်ဖက်အစုံ၊ ကွမ်းရွက်၊ အဝတ်အထည်၊ ...န်းကန် ခွက်ယောက်အစုံပေါ့၊ အဲဒီလို သွားရောင်းတဲ့အခါ ...က ပစ္စည်းပေးရင် သူတို့က ဆန်တို့၊ ဟင်းသီး ဟင်းရွက်တို့ ပြန် ...ပေးတယ်၊ ပိုက်ဆံ မပေးဘူး၊ ရသမျှငွေကို စုထားဘတ်ကြတယ်၊ ...ာ်နှစ် တစ်ခါလာတဲ့ ဘုရားပွဲကျမှ သုံးတာကိုး"

"သူတို့ စရိုက်က အထူးသားနော်"

"အင်း...."

"ဈေးရောင်းရတာကော အဆင်ပြေရဲ့လား"

"ပြောတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒီကနေ မနက်အစော ကြီး ထပြီး သူတို့ ရွာတို့ ခြေကျင် သွားရတာ"

"ဟင့်....ကားတွေ ဘာတွေ မရှိဘူးလား"

"မော်တော် ရှိတယ်လေ၊ ဒါပေမယ့် မမပုံးတို့ကျတော့ ကိုယ့်အမြတ် နည်းနည်းလေးထဲက ပါသွားမှာစိုးလို့ လမ်းပဲ လျှောက်တယ်"

"အင်းပေါ့လေ"

ဖြူဝေလွင် ကရုဏာသက်စွာ ဆိုမိသည်။

"မမပုံး"

"ဘာလဲ ဖြူ"

"မမပုံး ရန်ကုန်တက်ပြီး အလုပ်လုပ်မယ်လို့ စိတ်မကူးမိ ဘူးလား"

"ဖြူ ပြောတာ နောက်တောင် ကျနေပြီ၊ မနှစ်က မမပုံးတို့ အုပ်စု ရန်ကုန်ဆင်းခဲ့ကြဘယ်၊ မမပုံးကလွဲရင် ကျန်သူငယ်ချင်း တွေက အိမ်ဖော် ဝင်လုပ်ကြတယ်၊ မမပုံး မြို့စွန်ရပ်ကွက်လေး တစ်ခုမှာ နေပြီး မုန့်ရောင်းခဲ့တယ်"

"ဘာလို့ ဒီကို ပြန်လာတာလဲဟင်၊ ဟိုမှာ အဆင်မပြေလို့ လား"

"ဘာပဲဖြစ်ဖြစ် ကိုယ့်မြို့က ကိုယ့်အတွက် အကောင်းဆုံးပဲ ညီမ၊ ဒါကြောင့် ကိုယ့်မြို့ကို မမပုံး ပြန်လာတာပေါ့"

"ဟင်း...."





ဖြူဝေလွင်က သက်ပြင်း တစ်ချက် အမှတ်တမဲ့ ချဖြစ်သွား သည်။

"ကမ္ဘာပေါ်မှာ ရှန်းကန် လှုပ်ရှားပြီး ဘဝတိုက်ပွဲ ဆင်နွှဲ နေတဲ့ မိန်းကလေးတွေ အများကြီးပါ၊ မမပုံးတို့က ဒီလောက် အခြေအနေ မဆိုးသေးပါဘူး"

ဖြူဝေလွင် ဂုဏ်ယူစွာပြုံးလိုက်သည်။

"ဟုတ်ပါတယ် မမ"

"ညီမကို အဲဒီရွာတွေဘက် ခေါ်သွားရဦးမယ်၊ ညီမ ဒီမှာ ဘယ်နှစ်ရက်နေမှာလဲ"

"ခုနစ်ရက်လောက်ပဲ နေမှာ၊ အခု ဒီရောက်တာတောင် လေး ခေါက် ရှိသွားပြီ၊ ကျောင်းဖွင့်ရက်အမီ ပြန်ရဦးမယ်လေ"

"ကြိုးစားပေါ့ ညီမရယ်"

မမပုံးနှင့် စကားပြောနေရင်းမှ စိတ်ထဲက ရန်ကုန်တွင် ...န်ခဲ့သော ဖေဖေနှင့် မေမေကို အကြိမ်ကြိမ် ရှိခိုးကန်တော့ ...နေမိသည်။

အကယ်၍ ဖေဖေသာ ဖြူ့ကို ဤမြို့ငယ်လေးမှ ခေါ်ဆောင် ...သွားခဲ့လျှင် အခုအခြေတွင် ဖြူသည်လည်း မမပုံးတို့ဘဝနှင့် ...တူရှိနေမည်ပေါ့။

ဖေဖေ့ ကျေးဇူးကြောင့် အပေါင်မြို့တွင် ဖြူဝေလွင်သည် ...ကလာသော သူဌေးသမီး၊ ဒေါက်တာ ဦးဝေလွင်၏ သမီး ... ပညာကလည်း အထက်တန်းကျောင်းသူ၊ တိုက်နှင့် ခြံနှင့် ...နှင့် နေရသော အထက်တန်းလွှာက မိန်းမချောလေး ...ဘ်ပါလား။

ဖြူလေ သည်ကပြန်ရင် မေမေ မကြိုက်တာ ဘာမှမလုပ်တော့ဘူး။ မေမေ့ကို အရင်ကထက် ပိုချစ်ရမယ်။

အဝေးက ကန်တော့ပါတယ် မေမေရယ်။ ဖြူ ပြောမှား ဆိုမှား ရှိရင် ခွင့်လွှတ်ပါလို့။

* * *

ကားပေါ်တွင် ထိုင်ရင်း ဖြူဝေလွင် အိပ်ချင်လာမိသည်။ အပေါင်မြို့မှအပြန် မြန်မာ့သမိုင်းဝင် ရှေးဟောင်း မြို့ဟောင်း မန္တလေးကို ဝင်ရောက် လည်ပတ် လေ့လာခဲ့သေးသည်။

မန္တလေး – ရန်ကုန် ကားလမ်းတစ်လျှောက်က သာသာ ယာယာ ရှိလှပါ၏။

ရှုခင်းများကိုကြည့်လျက် အချိန်တွေ ကုန်မှန်းမသိပင် ကုန်လာသည်။

ဖြူ့နံဘေးရှိ ဒေါ်ဝိုင်းသည်ပင် ပင်ပန်း၍လားမသိ၊ နှစ်ခြိုက်စွာ အိပ်ပျော်နေပေပြီ။

ဖြူသည် ရောက်တတ်ရာရာများကို စဉ်းစားရင်း လိုက်ပါလာသည်။

တစ်ကားလုံးရှိ လူများ အိပ်နေပြီဖြစ်သော်လည်း ဖြူ မအိပ်နိုင်သေး ။

လေတစ်ချက်အဝှေ့ဝယ် ဖြူ့ကိုယ်လုံးလေး တုန်ခါသွားသည်။

မိုးကုန်စဖြစ်သဖြင့် တိုက်ခတ်သော လေသည် အေးစိမ့်စိမ့်နိုင်လှ၏။





ဖြူသည် ဝတ်ထားသော အပေါ်အင်္ကျီ ဝတ်စ်ကုတ်လေးကို လက်နှစ်ဖက်ပိုက်ပြီး ဆွဲစေ့လိုက်သည်။

ဖြူ ဝတ်စားထားပုံက ဗိုလ်ဆန်နေသည်။

ထဘီအနားပေါ်တွင် အဖြူ နှင်းဆီပွင့်ကြီးများ ပါသော ပါတိတ်လုံချည်နှင့် အင်္ကျီက ပန်းနုရောင်လက်ရှည်။ လက်ကောက်ဝတ်နားတွင် စုစည်းထားပြီး ကျောဟိုက် ရင်ဟိုက်လေး ဖြစ်သည်။ အင်္ကျီအပေါ်မှ ထပ်ဝတ်ထားသော အနက်ဝတ်စ်ကုတ်လက်ပြတ်လေးမှာ လေတိုက်တိုင်း ဟိုဘက် သည်ဘက် ရွှဲနေသည်။

နက်မှောင်နေသော ဆံပင်ကြီးများက ပခုံးသားနုနုပေါ်တွင် ဖွာကျလျက်ရှိသည်။ ရောင်စုံကလစ်လေးများ တပ်ထားသဖြင့် အမြင်ဆန်းလို့နေ၏။

မျက်ခုံးနှစ်ခုမှာ အလယ်တွင် မွေးညင်းစိမ်းနုနုလေးများဖြင့် ဆက်နေပုံက တစ်မျိုးထူးနေသယောင်ယောင်။

မျက်တောင် ကော့ကော့ကြီးများနှင့် မျက်လုံးစူးစူးလေးများမှာ မြင်ရသူကို တစ်ခါပြန်ကြည့်မိအောင် စွမ်းဆောင်နိုင်လှန်းသည်။

နှာတံသေးသေးသွယ်သွယ်အောက်တွင် နေရာယူထားသော အိသွေးသည့် နှုတ်ခမ်းနီနီနှစ်မြွာက ချစ်စရာ။

ပြုံးလိုက်တိုင်း ပေါ်လာတတ်သည့် ပါးချိုင့်လေးများနှင့် သွားဖွေးဖွေးလေးများက ရိုးသားဖြူစင်မှုကို ပေါ်ပေါ်လွင်လွင် ထင်ဟပြနေသလိုလို။

ကိုယ်ခန္ဓာအချိုးအစားပြေပြစ်သော ရွှေအိုရောင် ဝါဝင်းဝင်း အသားနှင့် မိန်းမလှလေးကို ဇော်ဇော်ဦး ငေးကြည့်နေမိသည်။

သူမကတော့ မိမိကြည့်နေသည်ကို သိပုံမပေါ်။

အတွေးနယ်ချဲ့လို့နေလျက်။

သူမ မမြင်သည်ကလည်း မဆန်း။

မိမိသည် ကားခေါင်းထဲတွင် နောက်ပြန်ထိုင်လျက် ကာဆီးသော မှန်ထူထူမှတစ်ဆင့် ကြည့်နေသည်ကိုး။

ဤမိန်းကလေးကို ဆေးကျောင်းတွင် မြင်စဉ်ကတည်းက မိမိ ရင်ခုန်ခဲ့ရသည်။

ပထမဦးဆုံးအကြိမ် မိန်းကလေးတစ်ဦးကို စူးစူးစိုက်စိုက် ကြည့်ဖူးခြင်းပင်။

သူမ အကြောင်းများကို သိချင်ပါသော်လည်း စည်းကမ်းကြီးသော တီချယ် ချိုချိုကို မမေးရဲခဲ့။

သူမကလည်း ဆေးကျောင်းသို့ တစ်ခါလာပြီး ပျောက်ခြင်းမလှ ပျောက်သွားသည်။

မထိရက်မကိုင်ရက်လောက်အောင်ပင် ချစ်စရာကောင်းသော မိန်းကလေးတွင် ဤမျှလောက် တွေးစရာ ငေးစရာတွေက ရှိနေသည်လား။

သူမ တစ်ယောက်တည်းလာသည်လား။

တစ်ယောက်တည်းတော့ မဖြစ်တန်ရာ။

ဘယ်မိဘက မိမိတို့ သမီးချောလေးအား ခရီးရှည်ကြီးကို တစ်ယောက်တည်း လွှတ်လိမ့်မလဲလေ။





ဘာပဲပြောပြော ဤမိန်းကလေး သိပ်လှသည်ကတော့ အမှန်ပင်။

ဩော်....ငါကသာ သူ့ကိုကြည့်ပြီး အတွေးနယ် ကျယ်ပြန့်နေတာ၊ သူကတော့ အိပ်ပျော်နေပါပြီကော။

ကံမကုန်ရင် ပြန်ဆုံချင်သေးတယ်ကွာ။

*  *  *

"မိဖြူ"

"ရှင်...."

"မနက်ဖြန်ကျရင် အိမ်ကိုဧည့်သည်တွေလာလိမ့်မယ်၊အိမ်ကို ှင်းသည်ထက် ရှင်းအောင် တာဝန်ယူလုပ်လိုက်၊ ကြားလား"

"ဟုတ်ကဲ့"

"နောက်တစ်ခုက လာမယ့် ဧည့်သည်ကို လုံးဝမရောရဘူး၊ ်မီးညိုနဲ့ စေ့စပ်မယ့်လူ၊ ဒီတော့ ကိုယ့်သိက္ခာနဲ့ ကိုယ်နေ"

"ဟုတ်ကဲ့"

ဖြူဝေလွင် မဲ့ပြုံးလေး ပြုံးမိသည်။

မေမေရယ် ပြောရက်လိုက်တာ။ မမညို့ အမျိုးသားကို ်မီးက ဘာလုပ်ရမှာတဲ့။

မိဖြူလို့ပဲ မေမေ အမြဲခေါ်တယ်နော်။ မေမေ့နှုတ်က 'သမီး ယ်'လို့ ခေါ်တာကို ကြားချင်လိုက်တာ။

ဝဋ်ကြွေးများရှိခဲ့လျှင်လည်း ဆုံးချင်ပြီ မေမေရယ်။

မေမေကတော့ ဖြူ့ရင်ထဲမှ ပြောစကားများကို ကြားမည် ဟုတ်။

နွတ်က ဖွင့်ပြောသည့်တိုင် မကြားနိုင်။

ပြောစရာရှိသည်ကို ပြောပြီးသည်နှင့် ခရေပင်ကြီးအောက်မှ ထွက်ခွာသွားပြီလေ။

ချစ်သော ခရေ၏ ပင်စည်ကြီး ခေါင်းမှီချရင်း မျက်လုံးကို ပိတ်ထားလိုက်သည်။

မျက်နှာတစ်ခုက ပုံရိပ်ထင်လာသည်။

ဖြူ့အား အားမနာ ပါးမနာ။

သူနှင့် သိခဲ့ဖူးသလိုလိုနှင့် ရယ်မော နွတ်ဆက်သွားသော တစ်ခါက ဆေးတက္ကသိုလ်ဆီသွားတုန်း အန်တီချို ပြောခဲ့ဖူးသည့် တီရှပ်အပြာနှင့် မောင်ဇော်။

သူ့ကို ဘာကြောင့် သတိရမိရတာလဲကွယ်။

သူသည် အတော့်ကို ချောပါသည်။ အရပ် ၆ ပေ နီးပါး မြင့်၍ အသားဖြူဖြူနှင့် လူသန့်တစ်ဦးရယ်ပါ။

နွတ်ခမ်းမွေးစိမ်းစိမ်းများက သူ့အလှကို ပေါ်လွင်စေသည်။ နွတ်ခမ်းပိုပိရိရိ၊ ခန္ဓာကိုယ် တောင့်တောင့်တင်းတင်းနှင့် အားကိုးစရာကောင်းလွန်းသူပါ။

သို့ပေမယ့် ဖြူဝေလွင် တစ်ခုတော့ လန့်ပါသည်။

အဲဒါက သူ့မျက်လုံးစိမ်းညို့ညို့ကြီးများ။

အကြည့်ရဲလွန်းသည်။

အကဲ ပိုလွန်းသည်။

သူ့မျက်လုံးကြီးများ၏ ရွှန်းရွှန်းစားစားအကြည့်ကို ခံလိုက်ရတိုင်း အလျင်အမြန် မျက်လွှာချဖြစ်၏။





ဖြူသည် ပျိုရွယ်သူ ဖြစ်လာကတည်းက ယောကျ်ားလေး အများ၏ စာပေးခြင်း၊ စကားလိုက်ပြောခြင်းတို့ကို ကြုံခဲ့ရသည်။ ထိုစဉ်က ဖြူ သည်သို့ မလှုပ်ရှားခဲ့။

အခုတော့ သူ့အကြည့်များနှင့်ပင် အရည်ပျော်ချင်လာသည်။ နှစ်ခါသာ မြင်ဖူးသေးသော်လည်း အားကိုးချင်စိတ် ဖြစ်ပေါ်မိသည်။

ဩော်....ဖြူ့ဘဝက မေတ္တာငတ်နေသူပါကွယ်။ ဒါပေမယ့် ဘယ်သူ့ကိုမှ မချစ်ရဲဘူး။

မေတ္တာပေးရမှာ ကြောက်သလို မေတ္တာယူရမှာလည်း ကြောက်မိတယ်ရှင်ရယ်။

* * *

"သား....မောင်ဇော်"

"ဗျာ....မေမေ"

"သား အားရင် ခဏလာပါဦးကွယ့်"

"ဟုတ်ကဲ့ မေမေ"

ဇော်ဇော်ဦး ဧည့်ခန်းသို့ ထွက်ခဲ့မိသည်။

"သား ရောက်ပါပြီမေမေ၊ ဟာ....ဖေဖေလဲ ရှိနေတာကိုး"

"ဟုတ်တယ် ငါ့သား၊ မင်းကို ဖေဖေတို့ ပြောစရာရှိတယ်"

ဇော်ဇော်ဦး ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ဖေဖေနှင့် မေမေကိုလည်း တစ်လှည့်စီ ကြည့်မိသည်။

နားမလည်စွာနှင့် ငြိမ်နေလိုက်ရ၏။

"သားဟာ ငယ်ငယ်လေးကတည်းက မိဘစကားကို မငြင်းခဲ့ဘူးနော်"

ချိုသာသော မေမေ့စကားကြောင့် ကိုယ် တစ်ချက်တွန့်မိသည်။

မေမေဆိုလိုသည်ကား ယခုပြောမည်ကိုလည်း မငြင်းပါနှင့် ဆိုသည့်သဘော။

"ဟုတ်တယ် မေမေ၊ မေမေ ဘာခိုင်းမလို့လဲ"

"ဘာမှ မခိုင်းပါဘူး"

"ဗျာ...."

စကားဝင်ပြောလာသော ဖေဖေ့ကို ကြည့်မိပြန်သည်။

"အခု သားအသက် ဘယ်လောက်လဲ"

"နှစ်ဆယ့်ငါးမှာပါ ဖေဖေ"

"ဟုတ်ပြီ၊ နောက် လေးနှစ်ခွဲလောက်ဆို ကျောင်းပြီးတော့မယ်"

"ဟုတ်ပါတယ် ဖေဖေ"

"ဖေဖေတို့မှာ သုံးမကုန်အောင် ပစ္စည်းတွေရှိတယ်ဆိုတာ သား သိတယ်နော်"

ဇော်ဇော်ဦး ခေါင်းညိတ်သည်။

မေမေကတော့ ဘာမှဝင်မပြော။

ခင်ပွန်းနှင့်သား စကားပြောသည်ကို ပြုံး၍ကြည့်နေသည်။

"သားသမီးဆိုလဲ သားတစ်ဦးတည်း"

"ဖေဖေ ဘာကိုဆိုလိုတာလဲ၊ ရှင်းရှင်းပြောပါ ဖေဖေရာ"

"သားကို အိမ်ထောင်ချပေးမလို့"





"ဗျာ...."

ဇော်ဇော်ဦး မျက်လုံးပြူးသွားသည်။

ဗုဒ္ဓေါ....

ဆံပင်များကို လက်နှစ်ဖက်နှင့် ဖွလိုက်မိသည်။

"သားကလဲကွယ်၊ ဒါများ အထူးအဆန်းလုပ်လို့"

မေမေက ရယ်ရင်း ဝင်ပြောလာသည်။

"ဟာ....မေမေကလဲ၊ သား ငယ်ငယ်လေး ရှိပါသေးတယ်၊ ကျောင်းလဲ မပြီးသေးဘူး"

"ဘယ်က ငယ်ငယ်လဲသားရဲ့၊ သား ချစ်သူလား၊ အဲဒီ ..လေးမက ကျောင်းမပြီးသေးဘူး၊ ဟုတ်လား"

အားရစွာရယ်ရင်း မေမေက ဆက်ပြောသည်။

"အာ....မေမေကလဲ၊ သား အသက်ငယ်သေးတယ်လို့ ပြော ..ာ"

"ဪ....မသိပါဘူး သားရယ်"

မေမေ့စကားကြောင့် ဖေဖေကပါ ရယ်တော့သည်။

ဇော်ဇော်ဦး မျက်နှာနီလာသည်။

အဲသည်လောက် သတ္တိမရှိတာ အမှန်။

"အခုလောလောဆယ် ငါ့သားကို ဖေဖေက အိမ်ထောင် ..မယ်လို့ မဆိုပါဘူး၊ သားနဲ့ စေ့စပ်မယ့်မိန်းကလေးကို ငါ့ ..ားနဲ့ ရင်းနှီးသွားအောင် ခေါ်သွားပြထားမလို့"

"ဒါကတော့ ဟုတ်ပါပြီ၊ သားက သဘောမကျရင်ကော"

"ဘာလို့ သဘောမကျရမှာလဲ၊ သိပ်လှတာ သားရဲ့"

မေမေ၏ သိပ်လှတာဆိုသည့် စကားကိုကြားတော့ မသိမသိုင် ဇော်ဇော်ဦး ကားပေါ်ကမိန်းကလေးကို သတိရမိသည်။

"သား....ငြိမ်လှချည်လား"

"သားမကြိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါဆို ထပ်တစ်ယောက်ပေါ့၊မဟုတ်ဘူးလား အဖေကြီး"

"ဟုတ်ပါတယ်ကွာ၊ မင်းနဲ့ မင်းသားသဘောပါ"

သဘောတူညီ ရလိုက်ပြီမို့ လက်ခံလိုက်သည်။

"ဒီလိုဆို သား လိုက်မှာပေါ့"

ဇော်ဇော်ဦး ထိုင်ရာမှ ထလိုက်သည်။

"မနက်ဖြန် သွားမှာနော် သား"

"ခင်ဗျာ....မြန်လှချည်လား"

"မြန်မြန်ပဲ သားရေ"

မလွယ်ပါလားဗျာ။

* * *

"ဟော့....ဖြူဝေ"

"အသ်....သူငယ်ချင်းတို့၊ လာလေ"

"ဟူး....မောလိုက်တာနော်"

"ဖြစ်ရမယ်လေ၊ အအေးသောက်မလား၊ အမောပြေသွားအောင်"

"မေးနေရသေးလား ဖြူရယ်၊ ဆုအကြောင်း မသိတာကနေတာပဲ"





"ဟွန့်....ဆုကိုဆို အဲဒီ မွန်က အမြဲနှိမ်ချင်တာပဲ"

ဆုက မဲ့ရွဲ့ရင်းပြောသည်မို့ ဖြူ ပြုံးမိသည်။

"ဆုကလဲ မွန်က ဟုတ်တာပြောတာပဲဟာ"

"သဲသဲကတော့ အမြဲ မွန့်ရှေ့နေပဲ"

သဲသဲက လက်မ ထောင်ပြသည်။

တွေ့လား၊ ငါ့ကို ရှေ့နေလို့ ပြောနေတယ်ဆိုသည့်သဘော။

"မွန်မွန်"

"ဘာလဲ ဆုဆု"

"အရှူးကို ဘုံမြောက်ရင်...."

"ထောပတ်ကောက်စား"

ဆုဆုစကားပင် မဆုံးသေး။

မွန်မွန်ပင် ပါးစပ်မဟရသေးခင် သဲသဲက ဝင်ပြောသည်။

"သူ့အလှည့်ကျတော့ ထောပတ်ကောက်စားတဲ့၊ ဟွန့်....ပြောချင်ဘူး"

ဆုဆုစကားကြောင့် အားလုံး ရယ်ဖြစ်သွားသည်။

"ကဲ.... အိမ်ပေါ် တက်ကြရအောင်၊ နင်တို့ ဘယ်က လှည့်လာတာလဲ"

"ငါတို့ (BIO) သွားတက်တာ၊ အပြန် ဒီကို ဝင်ခဲ့တာလာ"

"သိပါတယ်၊ လမ်းကြုံလို့ ဝင်မှန်း၊ တကူးတကဆို လာမှာမဟုတ်ပါဘူး"

"ပြောရော့မယ် ဖြူကလဲ၊ လမ်းက မကြုံပါဘူး၊ တမင်တကာ်သက် လာချင်လို့ ဝင်ခဲ့တာ"

"ဖြူ မနက်ဖြန် ကျောင်းတက်ရတော့မယ်၊ ကျောင်းနှစ်ရက် ပိတ်တာကလဲ အကုန်မြန်လိုက်တာ"

"အပျင်းမကတော့ ပျင်းကြောင်း ပြောတော့မယ်၊ နွား ထောင်ပေတော့ ဖြူရေ"

မှန်မှန် စကားကြောင့် ဆုက လျှာတစ်လစ်လေး ထုတ်ရင်း ဝါးစပ် ပိတ်သွားတော့သည်။

ဩော်... ပျင်းတတ်တဲ့သူတောင် သူ့ကို အပျင်းလို့ ပြော လာရင် မကြိုက်ချင်ပါလား နော်။

အခုလို သူငယ်ချင်းတို့နှင့် တွေ့ဆုံရချိန်သည် ဖြူ့အတွက် အပျော်ဆုံးပင်။

ရင်ထဲတွင် ရှိနေသော ပူ ်င်သောကတို့ လွင့်ပြယ်ကုန်သည် မဟုတ်လား။



## အခန်း ( ၆ )

"ဟာ... လာကြ လာကြ၊ မျိုးဦးတို့၊ ခင်ရေ... မျိုးဦးကို လာတယ် ဟေ့"

"လာပြီ ဇမောင်ရေ၊ လာပြီ"

ဦးဝေလွင်၏ အသံကြောင့် ဒေါ်ခင်ခင် အပြေးကလေး ထွက်လာသည်။

"ဟော... မေ၊ လာ လာ၊ သမီးရေ... ဒီမှာ သမီး ကိုဇော် ထဲ ပါတယ်"

ဒေါ်ခင်ခင်က ညိုဝေလွင်ကိုပါ လှမ်း ခေါ် သော် လည်း ညိုဝေလွင်က ထွက်မလာသေးချေ။

ဖြူဝေလွင် ခြံထောင့်ရှိ ခရေပင်အောက်တွင် တည်ဆောက် ားသော ပုခက်ပေါ် တွင် ထိုင်နေရာမှ ဦးဝေလွင်နှင့် ဒေါ်ခင် ခင်တို့ အသံကြောင့် ခြံရှေ့သို့ လှမ်းကြည့်လိုက်မိသည်။

လာလည်သော လူကြီးနှစ်ဦးက ကြွဆိုသော လူကြီးနှစ်ဦးနှင့် ပါသွားသဖြင့် ဇော်ဇော်ဦး ဖာစ်ယောက် ယောင်လည်လည် ဖြစ်သွား၏။

တစ်နေရာမှ မိမိကိုစူးစိုက်ကြည့်နေသလိုထင်မိသဖြင့်ထိုနေရာသို့ ကြည့်လိုက်ရာ ဇော်ဇော်ဦး အံ့ဩသွားသည်။

ထို့နောက်မတော့ ဇော်ဇော်ဦး ခြေလှမ်းများသည် ခရေပင်အောက်ရှိပုခက်ရှိရာသို့ အလိုအလျောက် လျှောက်သွားမိသည်။

"ညိုဝေ့လွင်"

မေမေ ပြောထား၍ သိထားသော နာမည်ကို အားရစွာ ခေါ်မိသည်။

သို့ပေမယ့် သူမက လှည့်မကြည့်။

"ညိုဝေလွင်"

"ရှင် ဘယ်သူ့ကို ခေါ်တာလဲ"

"မင်းကိုလေ"

"ရှင်...."

ဖြူဝေလွင် သူ့ကို အံ့ဩစွာ ကြည့်မိသည်။

မနေ့ကပင် 'ကိုဇော်' ဆိုသူကို သူ သတိရမိသေးသည် မဟုတ်လား။

တာရယ်မဟုတ်။ ဝမ်းနည်းသလို ခံစားသွားရသည်။ မညီနှင့် ဇွေစပ်မယ့်လူပါလား။

သူ့ကို တစ်ချက် မော့်ကြည့်မိသည်။

"ကျွန်မ ညိုဝေလွင် မဟုတ်ဘူး ရှင့်"

"မင်းက နောက်တတ်သားပဲ"





"ရှင့်ကို ဘာလို့ နောက်ရမှာလဲ၊ ညိုဝေလွင်ဟာ ကျွန်မ အစ်မပဲ"

"မင်း ညာပြီ၊ ငါက အစတုန်းက ဇွေစပ်မယ့်မိန်းကလေးကို ဘယ်သူမှားလဲလို့၊ မင်း ဖြစ်နေတော့ ငြင်းစရာ မလိုတော့ဘူး"

အို့.... ဘယ်လို ပြောလိုက်တာ....။

ဖြူဝေလွင့် မျက်နှာ နုဖွေးဖွေးလေး ရဲတွတ်သွားသည်။ ပြီးတော့ စိုးထိတ်သွားသည်။

ဟုတ်သည်လေ။ အခုနေ မေမေ မြင်သွားလျှင် မကောင်း။

"ဒီမှာ၊ ရှင်ဘာကိုစွမှမရှိဘူးဆိုရင် ဒီနေရာကထွက်သွားပါ"

ပြတ်ပြတ်သားသားပင် နှင်လိုက်မိသည်။ သူက ပြုံးသည်။

"မသွားနိုင်ဘူး ဗျာ"

"ရှင် တော်တော် အပြောရကျပ်ပါလား၊ ရှင် မသွားရင် ျှန်မ သွားမယ်"

သည်လိုဆိုတော့လည်း ဖြူ့ အရှေ့မှ ပိတ်ကာထားပြန်သည်။

"နေပါဦး"

"ရှင် ကျွန်မ သွားမယ့်လမ်းကို ဖယ်ပေးပါ"

"ရှင် မဟုတ်ဘူး၊ ဇော်ဇော်ဦးတဲ့"

"အဲဒါတွေ ကျွန်မ စိတ်မဝင်စားဘူး"

"မင်း ငါ မေးတာကို ကောင်းကောင်းမဖြေရင် မင်းကို ာမ်းမဖယ်ပေးနိုင်ဘူး"

မထူးတော့ပြီမို့ အလျှော့ပေးလိုက်ရသည်။

"ရှင် ဘာ မေးမှာလဲ မြန်မြန်မေး"

“မင်း ကိုယ့်ကို ဘာကြောင့် ခါးခါးသီးသီး ဖြစ်နေတာလဲ၊ နောက်ပြီး ဦးဝေလွင်နဲ့ ဒေါ်ခင်ခင်မှာ သမီး တစ်ယောက်ပဲ ရှိတာ ငါ သိတယ်”

သူ့ စကားကြောင့် အားငယ်သလိုလိုပင်၊

သို့ပေမယ့် ဘာမှ မပြောဘဲ ငြိမ်နေလိုက်၏။

“မင်းဟာ အိမ်ဖော်နဲ့လဲ မတူဘူး၊ ဧည့်သည်လဲ မဖြစ်နိုင်ဘူး၊ ငါ့ကို ဘာ့ကြောင့် ညာရတာလဲ”

ဖြူဝေလွင် စိတ်ကို ထိန်းလိုက်သည်။

ထို့ကြောင့် မျက်နှာက တင်းသွားသည်။

“ရှင်ဟာ တော်တော် ခက်တဲ့လူပဲ၊ ကျွန်မက ဖြူဝေလွင်၊ ဒေါက်တာ ဦးဝေလွင်တို့ရဲ့ မွေးစားသမီး၊ ကဲ.... ဘာ သိချင်သေးလဲ”

ဇော်ဇော်ဦး ဖြူဝေလွင့်ကို ရဲရဲတင်းတင်းပင် ကြည့်လိုက်သည်။

“ဒါဆို မင်းကို ကိုယ် တောင်းပန်ပါတယ်၊ မင်း အစ်မကို ငါ မယူဘူး”

“ရှင့် ဘာသာ ရှင် ယူယူ မယူယူ၊ ကျွန်မ အလုပ် မဟုတ်ပါဘူး”

“ကောင်းပြီလေ”

သူ့မျက်နှာက တည်မှိုင်းမှိုင်း။

“ခွင့်ပြုပါဦး ဖြူဝေလွင်”

ပြောပုံကလည်း အသက်မပါ။

ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားသည်။





သူ ငါ့ကို ဒေါကန်သွားပုံပဲ။

ရှိပါစေလေ။

ငါ့ကို စိတ်မဝင်စားမှ မမညိုကို သူ စိတ်ဝင်စားမှာ။

သူ စိတ်ဆိုးသွားတော့ကော ငါက ဘာဖြစ်ရမှာတုံး။

ငါ့ဘဝမှာ သူပိုလာလို့လဲ ဘာများ ထူးမှာလဲ။

ငါ အားကိုးချင်မိသူက တခြားလူ မဟုတ်တော့ဘူး၊ မမညိုနဲ့ ပတ်သက်ပြီး ခဲအိုတော်ရမယ့်လူပဲ။

သူ့ကို ငါ လုံးဝ စိတ်မဝင်စားသင့်ဘူး။

သည်လို သူ့အကြောင်းကို စဉ်းစားနေတာတောင် အချိန်ကုန်တယ်။

တော်ပြီ။

သူနဲ့ ပတ်သက်ရင် မသိစိတ်က လက်ခံရင်တောင် ဦးနှောက်က ငြင်းသင့်တယ်။

* * *

ဆောင်းဦးတု အချိန်အခါပေမို့ ဖြူ ဝါသနာပါသော အား
ကစား လေ့ကျင့်ရန် စောစီးစွာပင် အိပ်ရာမှ ထလာခဲ့သည်။

ဖြူ မျက်လုံးနှစ်လုံးပွင့်လျှင် ပွင့်ချင်း အိပ်ရာမှထ။ ခြင်
ထောင် ဇာဖြူဖွေးဖွေးကို အသာအယာတင်။

မွေးပွခုံစောင်ကို သေသေသပ်သပ်ခေါက်။

အိပ်ရာခင်း ဖြူဖြူကို ဆွဲဆန့်ပြီး အိပ်ရာပေါ်က ဆင်းလိုက်သည်။

ပြီးမှ ညဝတ်အင်္ကျီဖားဖားကြီးကို ချွတ်။

အားကစားအင်္ကျီ စပို့ရှပ် ခေါင်းစွပ်ကိုဝတ်။

တစ်ပတ်နွမ်း ထဘီတစ်ထည်ကို ဝတ်လိုက်သည်။

ညအိပ်စဉ်က ဖွင့်ထားသော လီမွှော်ရောင်မီးသီးကို ပိတ်ကာ မီးချောင်းလင်းလင်းလေးကို ဖွင့်လိုက်ပြီး မတိုမရှည် ဆံပင်အား သေသေသပ်သပ်ဖြစ်စေရန် ဖြီးရသေးသည်။

ပြီးလျှင် မီးဖိုချောင်သို့ဝင်ကာ အီလက်ထရစ်မီးဖိုဖြင့် အိမ်သားများ ထလာလျှင် လက်ဖက်ရည်ဖျော်သောက်ရန်အတွက် ရေနွေးတည်လိုက်သည်။

ရေနွေးမဆူခင် သွားတိုက်၊ မျက်နှာသစ်ပြီး ရေနွေးအိုး မီးဖိုပေါ်မှချကာ ဓာတ်ဘူးနီနီကြီးထဲသို့ ထည့်လိုက်သည်။

ပြီး မီးခလုတ်ကိုပိတ်ကာ မိမိအခန်းသို့ ပြန်လာခဲ့သည်။

အားကစားဘောင်းဘီ ဖြူဖြူကို ဝတ်ဆင်သည်။

ထို့နောက် မီးမှိတ်။ အခန်းတံခါးပိတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဖိနပ်စင်မှ ကင်းပတ်(စ်)အဖြူကို ယူ၍ ခြေအိတ်ဦးစွာ စွပ်ပြီး ကင်းပတ်(စ်)စီးသည်။

တိုင်တွင် ချိတ်ထားသော ဦးထုပ်အဖြူကို ဆောင်းပြီး အိမ်ရှေ့ခန်းရှိ မီးကို ပိတ်ကာ ခြံထဲသို့ဆင်းခဲ့သည်။

အေးစိမ့်စိမ့် နိုင်လှသော နှင်းမြူများကြောင့် ဖြူဝေလွှင်ကိုယ်လေး တွန့်မိသည်။

ခြံကိုဖြတ်။ လမ်းမကို ရောက်တော့....

"ဟာ....ဖြူက တကယ်လာတယ်နော်"





မြူးက ပြုံးရင်း ပြောသည်။

"ဖြူက အမြဲလာနေတာပါ မြူးရဲ့"

"ဟင်း....ဟင်း.... မြောက်ထားကြ၊ မြောက်ထားကြ၊ ငါ့တော့ မိုးနဲ့ ခေါင်းနဲ့ ဝင်ဆောင့်တော့မှာပဲ"

"မြောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာ"

"ထားပါတော့၊ ယုံလိုက်နော်"

"ကဲ....စပြေးရအောင်၊ ဝမ်း တူး သရီး"

ကတ္တရာလမ်းအတိုင်း ပြေးလာရင်းမှ ဖြူ့နဖူးတွင် ချွေးစလေးများ စို့လာသည်။

ဖြူသည် မအားလပ်သည့်ကြားမှ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်သည်။

"ဟိတ်....မောနေပြီလား"

"သိပ်လာတာပဲနော်"

"ငါ့ညီမလေးကွာ"

"ဒါဆို မင်းကို ယောက်ဖတော်မယ်"

ဘေးမှ တစ်ယောက်တစ်မျိုး ပြောသွားကြသော အမျိုးသားများ၏ လှောင်ပြောင်သံများ ကြားမှပင် ဖြူ ပင်ပန်းချင်သည်ပြီ။

"ဟေ့....ဖြူ"

"ဘာလဲ"

"ဟိုမှာ ကြည့်စမ်း"

"ဘာလဲ"

“ဟိုအဘိုးကြီး လမ်းလျှောက်နေပုံကို ပြောတာ၊ အခု တင်နေတဲ့ အင်္ဂလိပ်ကားထဲက အဘိုးကြီးနဲ့ မတူဘူးလား၊ ဒစ်စကို အဘိုးကြီးပဲနော်”

“ဖြူတို့ ငါက သက်ကြီးရွယ်အိုတွေ အခုလို အားကစား လိုက်စားတာ သိပ်ကောင်းတယ်၊ ဒါမှ ကျန်းမာ သန်စွမ်းလာမှာ”

“ဟိုမှာလာနေတဲ့ အမျိုးသမီးကျတော့ အရှေ့အလယ်ပိုင်း ပြဿနာနဲ့တောင် လမ်းလျှောက်နေတယ်နော်”

“ပြောရော့မယ်၊ မြူးမြူးကတော့”

ဖြူဝေလွင့်ကိုယ်တွင် ချွေးစများ စို့စွတ်လာသည်။

“ကဲ..... ဖြူ ခဏထိုင်ဦးမယ်၊ နင်တို့ဆက်ပြေးကြ၊ ပြီးရင် ဒီသစ်ပင်ရိပ်အောက်မှာ နားဦးမယ်”

“အေး....အေး၊ ငါတို့ရှေ့နားမှာရှိတဲ့ မင်းမင်းတို့က စောင့်နေမယ်၊ မင်းမင်းနဲ့ အိအိကိုခေါ်ရင်းနဲ့ ဖြူဖြည်းဖြည်းလျှောက်ပြီး လိုက်ခဲ့”

“ကောင်းပြီ”

ဖြူဝေလွင် အရိပ်ကောင်းလှသည့် သစ်ပင်ကြီးအောက်တွင် မတ်တတ်ရပ်ရင်း ကလေးတစ်စု ကစားနေသည်ကို ငေးနေမိ၏။

ထိုအချိန်တွင်ပင်ဖြူ့နောက်မှစက်ဘီးဘဲလ်တီးသံ ကြားလိုက်ရသဖြင့် ကိုယ်ကိုယိမ်း၍ ရှောင်လိုက်သော်လည်း ခြေထောက်ကို စက်ဘီးက ကြိတ်သွားသည်။ ကင်းပတ်(စ်) ထူထူပေါ်မှ ဖြတ်သောကြောင့် သိပ်မနာလှ။





သို့ပေမယ့် လမ်းအကျယ်ကြီး ရှိပါလျက်နှင့် ဘေးမှကပ်နင်းလာသည့် စက်ဘီးရှင်ကို ကြည့်မိသည်။

“ဟင်....ကိုဇော်ဇော်ဦး”

“ဪ....ဖြူ၊ ကိုယ့်ကိုမှတ်မိသားပဲနော်”

“ရှင် တမင်သက်သက် လူကို စော်ကားတာပဲ”

မာနခဲမလေး ဖြူဝေလွင်၏ မဟုတ် မခံ စိတ်ဓာတ်လေးက ခေါင်းပြူထွက်လာသည်။

“ဒီလောက် လမ်းအကျယ်ကြီးရှိသားနဲ့ လူကိုဝင်တိုက်တာ ဘာသဘောလဲ”

“ဆောရီးဖြူ၊ ကိုယ်တောင်းပန်ပါတယ်၊ ဖြူ့ကို တမင်တိုက်တာ မဟုတ်ပါဘူး၊ ကလေးတွေ ကစားနေတာကို ရှောင်ရင်းနဲ့ အခုလို ဖြစ်သွားရတာပါဖြူ၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ဖြူ့ခြေထောက် တော်တော် နာသွားသလား၊ ကိုယ်ဆေးခန်း လိုက်ပို့ပေးရမလားဟင်”

“မလိုပါဘူး၊ ဖြူ ခြေထောက်နာရုံမက ကျိုးသွားလဲ ရှင် ဆေးခန်း လိုက်ပို့စရာ မလိုပါဘူးရှင်”

ဖြူ သူ့ကို ရန်တွေ့လိုက်မိသည်။

“မင်းဟာ သိပ်စွာတဲ့ မိန်းကလေးပဲဖြူ၊ ငါဒီလောက် တောင်းပန်နေတာတောင် မင်းမကျေနပ်ဘူးလား”

သူ့အသံက မာလွန်းလှချည်လား။

“ဖြူရယ်....ကိုယ့်ကို ဘာလို့ ဒီလောက် မုန်းနေရတာလဲ”

သူ့ပုံစံနွမ်းနွမ်းနှင့် အသံအက်အက်တို့က သူ စိတ်ထိခိုက်သွားမှန်း သိသာလှသည်။

"ကိုဇော်ဇော်ဦးကို ဖြူမမုန်းပါဘူး၊ အကူအညီ မလိုဘူးဆိုတာ ပြောပြတာပါ"

"ဒါနဲ့ ဖြူ တစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ သူငယ်ချင်းတွေပါတယ်"

"သူတို့က ဘယ်မှာလဲ"

"ဟိုးရှေ့က အိမ်မှာ"

"ဘာသွားလုပ်တာလဲ"

"စပ်စုလှချည်လား ရှင်"

"စပ်စုတာ မဟုတ်ဘူး၊ သိချင်နေတာ ခင်ဗျာ"

"ဘာကြောင့် သိချင်ရတာလဲ၊ ကိုယ့်လမ်းကိုယ်သွားတာ မဟုတ်ဘူး"

"ဘာကြောင့် ဒီလောက် နှင်နေရတာလဲ၊ ဒါပြည်သူပိုင်လမ်းပဲ၊ ကိုယ်နေချင်တဲ့နေရာမှာ နေလို့ဖြစ်တယ်၊ မင်းမကျေနပ်ရင် မင်းထွက်သွားပေါ့"

ဖြူဝေလွင် ချာခနဲ လှည့်ထွက်ခဲ့မိသည်။

ပြုံးနေသော မျက်နှာကို မြင်ယောင်လာသည်မို့ ဒေါသထွက်မိပြန်သည်။

သည်လူ လူဝါးဝလွန်းအားကြီးသည်။

သိပ်မုန်းဖို့ကောင်းတဲ့လူ။

●



## အခန်း (၃)

ဖြူဝေလွင် ဒုတိယ အစမ်းစာမေးပွဲ နီးလာပြီဖြစ်သဖြင့် စာကို ပို၍ကြိုးစားနေရသည်။

ဤနှစ်သည် မိမိဘဝ ရည်မှန်းချက်၏ အဓိကသော့ချက်ပင် မဟုတ်လား။

ထို့ကြောင့် အထက်တန်း စာမေးပွဲသည် ဘဝတစ်ဆစ်ချိုးလို့ ဆိုကြခြင်းပင်။

တစ်အိမ်သားလုံး အိပ်မောကျနေပြီ ဖြစ်သော်လည်း ဖြူဝေလွင် စာကြည့်နေဆဲပင်။

စာကြည့်ရသည်မှာ ညောင်းလာပြီ ဖြစ်သဖြင့် လမ်းထလျှောက်မိသည်။

မျက်စိစုံမှိတ်ကာ ကျောင်းစာများကို အလွတ် ဆိုကြည့်မိသည်။

ဖြူဝေလွင့် စာကြည့်စားပွဲလေးတွင် 'သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ မာ အက္ခရာစုံသုံး၊ ဤရှစ်လုံးကို၊ သိကုံးပန်းသွင်၊ ဓနုတိုင်းဆင်လော့' ဟု ဆိုသည့် ရှင်မဟာသီလဝံသ၏ ကျောင်းသားများ ဆောင်အပ်ရာတို့ကို စာရွက်ကြီးများတွင် ချိတ်ဆွဲထားသည်။

ထိုစာတန်း၏အောက်ဘွင်....

သု....သုတေယျ....နာရာ၏။

စိ... စိန္တေယျ....ကြံရာ၏။

ပု....ပုစ္ဆေယျ....မေးရာ၏။

ဘာ...,ဘာသေယျ....ပြောဆိုရာ၏။

ဝိ....ဝိစာရေယျ....စူးစမ်းဆင်ခြင်ရာ၏။

လိ....လိခေယျ....ရေးသားရာ၏။

သိ....သိက္ခေယျ....သင်ကြားရာ၏။

မာ....မာရေယျ....နှုတ်တက်ဆောင်ရာ၏။

စာကြည့်စားပွဲ ထိပ်တည့်တည့် အပေါ်ဘက်တွင်....

Loss time is never againစာတန်းကို စာလုံးကြီးကြီးများဖြင့် ရေးထားသည်။ စားပွဲ၏ တစ်ဖက်တွင် ရသ ၉-ပါးအား ပေးစွမ်းနိုင်သော ဓလေးထပ်ရှိသည့် စာအုပ်စင်အားတွေ့ရ၏။





ကျန်တစ်ဖက်တွင်မတော့ သူငယ်တန်းမှ ယခုအထိ ဖြူဝေလွင် သုံးစွဲခဲ့သော စာပေ ပစ္စည်းပစ္စယများကို စနစ်တကျစင်နှင့်ပင် ထားရှိသည်။

စားပွဲပေါ်တွင်မတော့ ဖြူ အင်မတန် မြတ်နိုးသည့် စာတန်းလေးကို ဘောင်ခတ်ပြီး ထောင်ထားသည်။

အင်္ဂလိပ် စာရေးဆရာကြီးတစ်ဦး၏ အဆိုကို ဖြူနားလည်သလို အဓိပ္ပာယ်ပြန်ထားခြင်းပင်။

"ဒေါသကို တစ်ကြိမ်မချုပ်ထိန်းနိုင်ခြင်းသည် နောင်လာမည့် ဝမ်းသာစရာ ဆယ်ခုကို ဖျက်ဆီးပစ်သည်နှင့်တူသည်"

ဟူ၍ဖြစ်သည်။

ဖြူဝေလွင်သည် ပျော်စရာ၊ ငိုစရာ၊ စိတ်ညစ်စရာ များကိုသနှင့် မရောပစ်။

စိတ်ဘယ်လောက်ညစ်ညစ် စာကြည့်စားပွဲနားသို့ ရောက်လာချိန်တွင် စိတ်ညစ်စရာများကို ခဏထားခဲ့သည်။

ဖြူ့ကို မေမေသည် ညဘက်ပိုင်းတွင် နှစ်နာရီခန့်၊ နေ့လယ်ပိုင်းတွင် တစ်နာရီခန့်၊ စုစုပေါင်း သုံးနာရီသာ စာကျက်ချိန်ပေးသည်။

ကျန်အချိန်များတွင် ဖြူသည် အလုပ်နှင့်လက် မြတ်၍မရအောင် ဗျာများရသည်။

ထိုသည်ကပင် ဖြူ့အား ပို၍ အရည်အချင်း ပြည့်ဝသည့်မိန်းကလေးတစ်ဦး အဖြစ်သို့ ပို့ဆောင်နေသည်။

တစ်ဖက်က အချက်၊ အပြုတ်၊ အချုပ်၊ အလုပ် သင်ရင်း တစ်ဖက်က စာကျက်ရင်းဖြင့် အချိန်ကုန်စေခဲ့သည်။

နံနက် ၆-နာရီမှ ည ၆-နာရီအထိ၊ နေ့ ၁၂-နာရီတွင်းတွင် ဖြူ မနားရချေ။

ထိုအထဲတွင် အစ်မဖြစ်သူ ညိုဝေလွင့်အလုပ်က အရှုပ်ဆုံး။

ဖြူက သည်းခံလွန်းသဖြင့် သည်နှစ်တွင် ဖြူနှင့်မမညို သိပ်မြဲအနာမတက်တော့။

ဖြူက ပြန် ရန်မလုပ်သဖြင့် ဖြူ့အပေါ် ပိုနိုင်လာသည်။ အစ်မဖြစ်ပေါ်လျက် ဖြူကပဲ ကျောင်းသွားခါနီး ထမင်းဘူးထည့် [illegible]ရသည်။

[illegible]သွားခဲ့သည့် ပစ္စည်းများကို သိမ်းဆည်းရသည်။

ယခုတလော ဖြူ့အပေါ် မမညို အလိုမကျဖြစ်သာသည်ကို ဖြူ သတိပြုမိသည်။

မမညိုသည် ဖြူ့ကိုနိုင်သလောက် ကိုဇော်ဇော်ဦး ဆိုသည့် အမျိုးသားကျတော့ သိပ်လိုက်လျောသည်။

ကြည်ဖြူလွန်းသည်။

ဇော်ဇော်ဦးဆိုသူကို မမညို စိတ်ဝင်စားနေပြီထင့်။

ဖြူနှင့် ဘာမှ မဆိုင်ပါသော်လည်း ထိုလူသည် ဖြူ့ကိုသ လိုက်လိုက်လျောလျော သဘောကောင်းပြနေသည်။

ဤသည်ကိုပင် မမညို မကြည်ဖြူခြင်းလား။

ဇော်ဇော်ဦးဆိုတဲ့ လူရွယ်၊ ဖြူ့နှလုံးသားကိုတော့ ရက်ရက် စက်စက် မညှဉ်းဆဲပါနဲ့ကွယ်....။

* * *





"ဟေ့....ဖြူ"

"ဟင်....ဘာလဲ"

"ခုနတုန်းက လူတစ်ယောက် မင်းကို လာမေးသွားတယ်"

"ဟင်....ဘယ်သူပါလိမ့်"

"အမျိုးသားတစ်ယောက်ပဲကွ၊ တော်တော် ချောင့်တယ်"

"ဟုတ်လား၊ သူက ဘယ်လိုမေးတာလဲ"

"ဖြူဝေလွင် ရောက်ပြီလားတဲ့"

"အင်း...."

"တို့က မရောက်သေးဘူးဆိုတော့ လာရင် ပြောလိုက်ပါတဲ့ ကိုဇော်ဇော်ဦး လာသွားတယ်၊ ညနေ အိမ်ကိုလာခဲ့မယ်လို့"

"ဘာရယ်....ဇော်ဇော်ဦး၊ ဟုတ်လား"

"အင်းလေ"

"သူက ဘာလို့လာရှာတာလဲ၊ ဒီလူတော့ ခက်နေပါပြီ"

"နေပါဦး၊ ဒီလူနဲ့ ဖြူနဲ့ ဇာတ်လမ်းကို မှန်းတို့ မသိရဘူး လား"

"သိရပါတယ် မှန်ရယ်၊ ဒီလူက မမညိုနဲ့ မကြာခင် စေ့စပ် မယ့်လူ၊ ဆေးကျောင်းသားပေါ့"

"ဟင်....ဒါဆို သူက ဖြူ့ဆီ ဘာကြောင့်လာတာလဲ"

"ဟင်း ...."

ဖြူက သက်ပြင်း မသက်မသာချတော့ သူငယ်ချင်းများက ဖြူ့မျက်နှာကို ကြည့်လာကြသည်။

ကိုဇော်ဇော်ဦးဆိုတဲ့ လူကလည်း ကျောင်းကို ဘာလို့များ လာရှာတာလဲကွယ်။

"သူ ဖြူ့ကို စိတ်ဝင်စားနေတယ်လို့ ဖြူထင်တယ်"

ဝိုင်းကြည့်နေကြသော သူငယ်ချင်းများကို မပြောဘဲ မနေချင်။

ငယ်ငယ်ကတည်းက သိပ်ချစ်ကြသည့် သူငယ်ချင်းများပေမို့ ဖြူ့အပေါ် နားလည်ကြသလို ဖြူ့ဘဝကိုလည်း သိထားကြသည်။

ထို့ကြောင့် ဖြူ ပွင့်လင်းစွာပင် ဖွင့်ဟလိုက်မိ၏။

"ဒါပေမယ့် မှန်ရယ်၊ ဖြူ့ဘဝကို မှန်တို့ အသိဆုံးပါ၊ နောက် မမည့်ကာလ် သူ့ကို စိတ်ဝင်စားပုံပဲ"

"ဖြူကကော"

သဲသဲက ပြတ်သားစွာ မေးလာပြန်သည်။

"ဘာကိုလဲ"

မသိချင်ယောင်ဆောင်ကာ ပြန်မေးမိ၏။

"သူ့ကို စိတ်ဝင်စားမှု ရှိမရှိကို မေးတာပါ"

"ဖြူ....သူ့ကို...."

ဖြူက စကားကို ရပ်ထားလိုက်သည်။ ပြီးမှ....

"အင်းလေ....တစ်ခါမှ အဲဒီလို မစဉ်းစားမိဘူး၊ စိတ်ဝင်စားလာမှာတော့ ဖြူ အရမ်းကြောက်တယ်၊ နောက်ပြီး ဖြူ့ ဖေဖေတို့အပေါ် သစ္စာရှိချင်တယ်"

သူငယ်ချင်းများက တွေဝေ ငေးမောသွားကြသည်။

"ကြားဖူးကြမှာပေါ့၊ ဇာတ်လမ်းတစ်ပုဒ်ထဲက လူယုံတော်လို ဖြူ သစ္စာရှိချင်ပါတယ်"

သူငယ်ချင်းများကို မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း....





"တစ်ခါက ဗိုလ်ကြီးတစ်ယောက်ဟာ ရန်သူ့စခန်းကနေ တောလမ်းကိုဖြတ်ပြီး ရွာကိုသွားဖို့ သူယုံကြည်စိတ်ချရတဲ့ လူယုံကို သူ့ဇနီးရယ်၊ သားရယ်၊ မြင်းသုံးစီးနဲ့အတူ လွှတ်လိုက်သတဲ့။

တောလမ်းနဲ့ ရွာက မိုင်နှစ်ဆယ်လောက် ဝေးတယ်လေ၊ ဒီလိုလာကြရင်းနဲ့ ၅ မိုင်လောက် အရောက်မှာ နောက်က မြေခွေးအုပ် ပါလာသတဲ့၊ ဒါနဲ့ လူယုံဟာ ကြံရာမရတဲ့အဆုံး မြင်းတစ်ကောင်ကို ကြိုးဖြတ် ထားခဲ့ရတယ်။

ထားခဲ့တဲ့မြင်းကို မြေခွေးအုပ်က ဟိုကဆွဲ၊ ဒီကဆွဲနဲ့ မိနစ်ပိုင်းမှာပဲ ကုန်သွားတာပေါ့။

ဒီလို ကုန်သွားတော့ မြေခွေးတွေက ဆက်လိုက်ကြတာပေါ့။

ရွာနဲ့ ဆယ်မိုင် အကွာလဲရောက်ရော နောက်ထပ် မြင်းတစ်ကောင် ထားပေးခဲ့ရတော့တယ်။

မြေခွေးတွေ မြင်းကိုစားနေတုန်း ခရီးဆက်တာ ရွာနဲ့ ၃ မိုင်ပဲ လိုတော့တာပေါ့။

အဲဒီအချိန်မှာ မြေခွေးအုပ်က နီးသထက်နီးလာရော၊ သူတို့မှာက မြင်းတစ်စီးပဲ ရှိတော့တာ။

ဒီတော့ လူယုံက မြင်းလှည်းကို အမျိုးသမီးကို ဆွဲခိုင်းပြီး ရွာကို အရောက်သွားဖို့ မှာတယ်လေ၊ ပြီးတော့ သူဆင်းနေခဲ့တယ်။

ဆင်းနေခဲ့တဲ့ လူယုံဟာ မြေခွေး လေးငါးရာရဲ့ ဟိုတစ်ဖွဲ့၊ ဒီတစ်ဖွဲ့ စားသောက်ခြင်းကို ခံရတာပေါ့။

မွန်တို့ စဉ်းစားကြည့်စမ်း၊ ဒါဟာ တကယ့် သေဘောနေဘ်၊ ဖြူတို့ဆို ဆင်းနေရပါ့မလား"

"အင်းပေါ့၊ ဆက်ပြောဦးလေ"

"ကံကောင်းချင်တော့ ဗိုလ်ကြီးကတော်နဲ့ ကလေးက ရွာကို ရောက်သွားတယ်၊ မြေခွေးတွေလဲ ပြန်သွားကြတာပေါ့။

ဗိုလ်ကြီးလဲ ရန်သူတွေကို နှိမ်နင်းပြီးတော့ ရွာကိုထွက်လာကြတယ်။

ငါးမိုင်လောက်လဲ ရောက်ရော မြင်းတစ်ကောင်ရဲ့ အကြွင်းအကျန် အရိုးစုတွေကိုတွေ့တော့ ဗိုလ်ကြီးက အရမ်းတုန်လှုပ်သွားတာပေါ့၊ မြေခွေးတို့ရဲ့ လက်ချက်ပဲဆိုတာလဲ သိသွားတာပေါ့၊ ဒီလမ်းခရီးမှာ ဒါမျိုး အဖြစ်က ကြုံနေကျ မဟုတ်လား။

ရှေ့ဆက်လာရင်းနဲ့ ၁၀ မိုင်လဲရောက်ရော နောက်ထပ် မြင်းတစ်ကောင်ရဲ့ အရိုးတွေကို ထပ်တွေ့ရတာပေါ့။

ရွာနဲ့ ငါးမိုင် အလိုမှာတော့ သူ့လူယုံရဲ့ အဝတ်အစားနဲ့ အရိုးအကြွင်းအကျန်တွေကို တွေ့လိုက်ရတယ်လေ။

အဲဒီတော့မှ သူ့လူယုံရဲ့အပေါ် ကျေးဇူးသိတတ်ပုံ၊ ကျေးဇူးကို အသက်နဲ့လဲပြီး ဆပ်သွားပုံကို မမေ့နိုင်တော့ဘူး။

ဒါဟာ တကယ့် အဖြစ်အပျက်ပဲမွန်၊ လောကမှာ ကိုယ့်ကျေးဇူးရှင်အပေါ် အဲဒီလို ကျေးဇူးသိတတ်သင့်တယ်"

"အင်းပေါ့လေ"





"တကယ်တော့ ဖြူ့အဖြစ်က ဒီအဖြစ်နဲ့ယှဉ်ရင် ဘာမှ ပြောလောက်စရာ မရှိဘူး၊ ဖြူကလဲ ဇော်ဇော်ဦးကို စွဲလမ်းနေတာမှ မဟုတ်ဘဲ၊ ကိုယ့်ကျေးဇူးရှင်တွေကို စိတ်ချမ်းသာစေချင်တယ် မွန်ရယ်၊ ဒါဟာ ငါ့ရဲ့ ဖြူစင်တဲ့ စေတနာနဲ့ သန့်ရှင်းတဲ့မေတ္တာပဲ၊ ကဲ....ကျောင်းတက်တော့မယ်၊ ဒီအကြောင်းတွေကို ထားလိုက်ပါတော့"

* * *

တစ်အိမ်သားလုံး ဘုရားဖူးသွားကြသည်။

ဖြူ လိုက်ချင်စိတ်မရှိ။ ဒုတိယ အစမ်း စာမေးပွဲကလည်း အရမ်းနီးလာပေပြီ မဟုတ်လား။

မိုးလင်းကတည်းက ဇယ်ဆက်သလို အလုပ် လုပ်နေရသဖြင့် ဖြူ ပင်ပန်းနေပြီ။

နောက်ဆုံး အလုပ်အဖြစ် လျှော်ပြီးသား အဝတ်များအား မီးပူတိုက်လိုက်သည်။

ထို့နောက် ရေချိုး၊ အဝတ်အစားလဲ၊ သနပ်ခါး မွှေးမွှေးလေးအား မထူမပါး လိမ်းခြယ်လိုက်သည်။

ညက ဖြူ တော်တော်နှင့် အိပ်မပျော်။

အိပ်ရေး ပျက်ခဲ့သည်။

သို့ကြောင့် နေ့လယ်ခင်း အဝအိပ်ရန် ဖြူ စိတ်ကူးမိသည်။

ဧည့်ခန်းရှိ ကုလားထိုင် ဆိုဖာအိအိကြီးပေါ်တွင် ထိုင်ရင်း မဂ္ဂဇင်း ဖတ်နေရာမှ ဖြူ ငိုက်လာသည်။

မဂ္ဂဇင်းကို စားပွဲပေါ်တင်ကာ ဖြူ ကုလားထိုင်ပေါ်တွင် လှဲချလိုက်သည်။

ညက အိပ်ရေး ပျက်ထားသဖြင့် ဖြူ့ မျက်လုံး ဖွင့်မရတော့။ အိပ်ချင်လာပြီ။

စားပွဲပေါ်တွင် တင်ထားသော ကက်ဆက် ခလုတ်ကို လှမ်းဖွင့်လိုက်သည်။ တေးသွားများ ကြားဝယ် လွင့် မျော သွားသည်။

ခဏတွင်ပင် ဖြူ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

* * *

ဤအိပ်ကြီးကိုပဲ အကြောင်းအမျိုးမျိုးပြ၍ သွားခိုင်းတတ်သော မေမေ့ကို ဇော်ဇော်ဦး မကျေနပ်ချင်။

သည်နေ့တော့ မနက်ဖြန် အုန်းနို့ခေါက်ဆွဲချက်မှာမို့ သွားဖိတ်ပေးပါတဲ့လေ။

ဤအိမ်သွားလျှင် ဖြူနှင့် တွေ့ရမည်ဖြစ်သော်လည်း ညို့ကိုတော့ ရှောင်၍မရ။

ညိုသည် တစ်ခုမဟုတ် တစ်ခု ပူဆာသည်။

ချွဲသည်။ နွဲ့သည်။

ကဲသည်။ သည်းသည်။

တခြား ယောကျ်ားသား တစ်ဦးဆို သဘောကျ ကောင်းကျပေလိမ့်မည်။





သို့သော် ဇော်ဇော်ဦးကတော့ လုံးဝ မကြိုက်။

ကြိုက်နိုင်ပါ့မလား။

မိမိ အသက်နှင့် ထပ်တူမြတ်နိုးရပါသော ချစ်ဦးသူ၏ ရှေ့ဝယ် တခြား မိန်းကလေးတစ်ဦးနှင့်အတူ မပျော်လိုပါ။နောက်ကွယ်တွင်လည်း မပျော်နိုင်ပါ။

ဖြူကလည်း မာနကြီးလွန်းသည်။ သူလာလျှင် အိမ်ထဲမှ အိမ်ပြင် မထွက်တော့။ သိုသိုသိပ်သိပ် နေနိုင်လွန်းသည်။

တစ်ခါတစ်ရံတော့ ဖြူကို မြင်ရတတ်ပါသည်။

ညွှန်ခန်းမှ လှမ်းကြည့်လျှင် မြင်နေရသည့် ခြံထဲတွင်ရှိသော ဒဝတ်ကြီးတန်းမှ အဝတ်များကို ရုပ်ရာတွင်ဖြစ်စေ၊ လှမ်းရာတွင်ဖြစ်စေ ဖြူ့မျက်နှာ လှလှကို ခဏတာ ကြည့်ခွင့်ရသည်။

ဟိုတစ်နေ့က ကျောင်းလိုက်သွားတော့လည်း မတွေ့ခဲ့ရ။

သည်ကောင်က သူ့မျက်နှာ လှလှကို ခဏတာ မြင်ချင်လွန်း၍ ကျောင်းတစ်ချိန် အလွတ်ဖဲကာ သွားခဲ့သည်။

ကျောင်းရောက်တော့ မဂျွဲချောက မရောက်သေး။

ဇော်ဇော်ဦး ခေါင်းကုတ်မိသည်။ အိမ်ကို သွားမှတော့ ညိုနှင့် သေချာပေါက် ဆုံရမည်။ ရှောင်လွှဲ၍ မရ။

တွေ့ကို တွေ့ရမည်။ ပြီးတော့....

ဝဋ်ခံရမည်။

သို့ပေမယ့် အချစ်ဦးလေး ဖြူကို မတွေ့ရသည်မှာ တစ်ပတ်ခန့် ရှိပေပြီ။

ဖြူကို ခဏတာပဲ မြင်ရမြင်ရ။

ကျေနပ်နိုင်ပါသည်။

သည်တော့ မေမေ ခိုင်းသည်ကို ဇော်ဇော်ဦး မငြင်းနိုင်တော့။

စားပွဲပေါ်တွင် တင်ထားသော ကားသော့ကို ကောက်ယူကာ ကားဂိုဒေါင်ရှိရာသို့ လာခဲ့သည်။

စိတ်ထဲမှလည်း ဖြူနှင့် တွေ့ပါစေဟု အကြိမ်တစ်ရာမက ဆုတောင်းမိပါသည်။

ဪ....ချစ်ရတဲ့ ဖြူရယ်။

●



အခန်း (၈)

“ အိမ်သားတွေ မရှိကြနဲ့ တူတယ်”

ဇော်ဇော်ဦး [illegible] ကို [illegible] - စိုက်ကိုက်လိုကာ ကစားနေသည်။

ဖြူ လူးလွန့်လာသည်။

မိမိအား လက်ထောက်၍ မညှာမတာ နမ်းနေသော သူ၏ရင်ခွင်ကျယ်ကြီးအား တွန်းထုတ်လိုက်မိသည်။

“ရှင်....ဘယ်လိုလုပ်တာလဲ၊ သစ္စာမဲ့လှချည်လား”

“ဆောရီး....ဖြူ၊ ဒါနဲ့ အနိတိတ္တိကော”

လူကိုလည်း နမ်းသေးသည်။

သူ့မျက်လုံးများက တည်တည်ကြီး။

ဤယောကျ်ားသားသည် မိမိအစ်မနှင့် မကြာခင် ဖွေ့စပ်တော့မည်။

လေအဝှေ့ဝယ် ထဘီအနားလေးမှာ တဖျပ်ဖျပ် ရိုက်ခတ်နေသည်။

နှစ်ယောက်ထိုင် ကုလားထိုင်ကို အလျားလိုက် ခွေခွေလေး အိပ်ပျော်နေသဖြင့် ချစ်စရာ ကောင်းလွန်းလှသည်။

မျက်တောင် ကော့ကော့ကြီးများက မျက်လုံး မှိတ်ထားသဖြင့် မနာလိုစရာ ကောင်းလောက်အောင် ကော့တော့တော့။

သနပ်ခါး မထူမပါးလေးက ကွက်တိကွက်ကျား။

မျက်ခုံးနှင့် နှုတ်ခမ်း နှစ်မွှာတွင် သနပ်ခါးများ ပေနေသဖြင့် ကလေးလေးနှင့် တူချင်ချင်။

ဇော်ဇော်ဦး ဖြူ့အနားသို့ ညင်ညင်သာသာ ကပ်သွားမိသည်။

ကက်ဆက်မှ ... ဖြူရယ်။





အမယ်....အလာကြီးပဲ။

သူပြန်တာပဲ ဖြူက ပြန်ခိုင်းလို့ပေါ့။

သိပ်လိမ္မာတယ်။

သူ့ကျောပြင်ကိုကြွင်းကျန် ... မျှော်သွား

ဖြူ အိပ်ပဲနေသော ကုလားထိုင်ဘေးတွင် ဇော်ဇော်ဦး ဒူးထောက် ထိုင်လိုက်မိသည်။

ကုလားထိုင်ကို လက်ထောက်ကာ ဖြူ့မျက်နှာကို တဝကြီး ကြည့်ပစ်လိုက်သည်။

သူ့ နှာခေါင်းချွန်ချွန်ဖြင့် ဖြူ့နဖူးပြေပြေလေးကို ငုံ့၍ မွှေးလိုက်သည်။

ဖြူကတော့ အိပ်မောကျနေဆဲ။

ဇော်ဇော်ဦး သူ့ နှာခေါင်းကို ဖြူ့နဖူးမှ မခွာသေးဘဲ ယမ်းကာ ကစားနေသည်။

ဖြူ လူးလွန့်လာသည်။

မိမိအား လက်ထောက်၍ မညှာမတာ နမ်းနေသော သူ၏ ခင်ခွင်ကျယ်ကြီးအား တွန်းထုတ်လိုက်မိသည်။

"ရှင်....ဘယ်လိုလုပ်တာလဲ၊ သစ္စာမဲ့လှချည်လား"

"ဆောရီး....ဖြူ၊ ဒါနဲ့ အန်တီတို့ကော"

လူကိုလည်း နမ်းသေးသည်။

သူ့ မျက်လုံးများက တည်တည်ကြီး။

ဤယောကျ်ားသားသည် မိမိအစ်မနှင့် မကြာခင် စေ့စပ်တော့မည်။

လေအဝှေ့ဝယ် ထဘီအနားလေးမှာ တဖျပ်ဖျပ် ရိုက်ခတ်နေသည်။

နစ်ယောက်ထိုင် ကုလားထိုင်ကို အလျားလိုက် ခွေခွေလေး ...ချက်စရာ ကောင်းလှန်းလှသည်။

ဖြူက မိန်းမသား။

...ါး မိတ်ထား

ဘာပြန်ပြောရမည်နည်း။

"ဖြူ....ကိုယ်မေးတာ ကြားပါတယ်နော်"

"ရှင် ဘာမေးလိုက်တာလဲ"

"အန်တီတို့ မရှိဘူးလားလို့ပါ"

"မရှိဘူး"

ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

"ဘယ်သွားလဲ"

"ဘုရား"

လျှာကိုရှည်တဲ့လူ။

ဒေါသဖြစ်စွာ တွေးမိသည်။

"အန်တီတို့လာရင် ပြောလိုက်ပါ၊ မေမေက အန်တီတို့ တစ်အိမ်သားလုံးကို မနက်ဖြန် အုန်းနို့ခေါက်ဆွဲစား ဖိတ်လိုက်တယ်လို့"

"ဟင့်အင်း....ဖြူမပြောနိုင်ဘူး၊ သူတို့လာမှ ရှင့်ဟာရှင် လာပြော၊ ပြောစရာ ဒါပဲဆိုရင် ပြန်တော့"

ဤလူ့အရှေ့ဝယ် ဖြူမနေတတ် မထိုင်တတ်။

ဘာကြောင့် ဖြစ်ရတာလဲ။

သူ့ဘာသာသူ ပြန်ပြန် မပြန်ပြန် အနေ့သာကြီး ဥစ္စာ။ ဖြူ့ကို စလိုက်ရ၍ ဇော်ဇော်ဦး ကျေနပ်သွားသည်။





အမယ်....အလာကြီးပဲ။

သူပြန်တာပဲ ဖြူက ပြန်ခိုင်းလို့ပေါ့။

သိပ်လိမ္မာတယ်။

သူ့ကျောပြင်ကိုကြည့်ရင်း မကျေနပ်စွာ တွေးဖြစ်သည်။

ဇော်ဇော်ဦး ကားကို အားရပျော်ရွှင်စွာ မောင်းထွက်ခဲ့သည်။

သိပ် ကြည်နူးနေသည် မဟုတ်လား။

မာနခဲလေး၏ နှဖူးကိုနမ်း၍ မသိချင်ယောင်ဆောင်နေလိုက်သည်။

သူမ အတော့်ကို ဒေါပွသွားသော်လည်း မိမိဘက်က မသိသလိုလို ဘာမှ မဖြစ်သလိုလို နေလိုက်သဖြင့် ကောင်မလေး ရှက်သွားရသည်။

ချစ်လို့ ကျီစယ်တာပါ ဖြူရယ်။

စိတ်မဆိုးနဲ့ကွာ။

* * *

"ကိုဇော်"

"ဪ....ညီပါလား၊ လာလေ....ကိစ္စရှိလို့လား"

ဇော်ဇော်ဦး လူ့ကျင့်ဝတ်နားလည်စွာ ခေါ်လိုက်သော်လည်း စိတ်ထဲက မပါ။

တစ်ခါတစ်ခါ ကိုယ်က လုံးဝမလုပ်ချင်ဘဲ အကြောင်းတစ်ခုခုကြောင့် လုပ်ရတယ်ဆိုတာ ဒါမျိုးကို ပြောတာနေမှာ။

စိတ်ထဲက တွေးဖြစ်သေးသည်။

မေးရက်လိုက်တာ ကိုဇော်ရယ်။

ကိုဇော့်ကို ညို တိတ်တခိုး ချစ်နေတယ်။ သံယောဇဉ်တွေ ပိုနေတယ်ဆိုတာ တကယ်ပဲ မရိပ်မိဘူးလား။

ဟန်ဆောင်နေတာများလား သူရယ်။

သူက မလာလို့ သည်က သူ့အိမ်အရောက်လာတာကိုတောင် 'ကိစ္စရှိလို့လား' တဲ့။

မေးရက်လိုက်တာ။

ကိစ္စမရှိရင် မလာနဲ့လို့ သွယ်ဝိုက်ပြောလိုက်တာလားကွယ်။

ကိုဇော်ဆိုသည့် လူကို ညို ဟိုးငယ်ငယ်ကတည်းက ချစ်ခဲ့ရသူပါ။

ကိုဇော်သည် ညို့ကို စိတ်မဝင်စားသော်လည်း ဖြူ့ကိုတော့ အရေးပေးလွန်းသည်။

ဖြူသည် ငယ်ငယ်လေးကတည်းက ညို့အပေါ် ကောင်းကျိုးပေးခဲ့သူ မဟုတ်။

ညိုတစ်ယောက်တည်း လွတ်လပ်စွာ ပိုင်ဆိုင်ရမည့် ဖေဖေ့အချစ်ကို လုယူခဲ့သည်။

ယခုတစ်ခါ မိမိမြတ်နိုးရသော ကိုဇော်ကလည်း သူ့ကို စိတ်ဝင်စားနေပြီထင့်။

ဖြူ လှလွန်းသည်ကိုတော့ ညိုဝန်ခံပါသည်။

ချောတိ၊ လှတိဆိုသည့် မိန်းကလေးများသည်ပင် ဖြူနှင့်ယှဉ်လျှင် မှိန်သွားကြသည်။





လမင်းနှင့် ပိုးစုန်းကြူးပမာပင်။

ညိုဝေလွင် တက်ရောက်နေသော ရန်ကုန်တက္ကသိုလ်တွင် ဖြူ့လောက်လှသူ မရှိ။

"ဟော့....ညို၊ ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ"

"ဟင်....ဩော်....ဘာရယ် မဟုတ်ပါဘူး၊ ရောက်တတ်ရာရာပေါ့"

ညို့အတွေးစတို့ ပြတ်တောက်သွားရသည်။

"ဟိုလေ....မေမေက ကိုဇော့်ကို ထမင်းစား ဖိတ်ခိုင်းလို့၊ အဲဒါ ကိုဇော် ညိုနဲ့ တစ်ခါတည်း လိုက်ခဲ့ရမယ်နော်၊ ဗိုလ်ချုပ်ဈေး ခဏဝင်ပြီး အိမ်ကို သွားတာပေါ့နော်၊ ကိုဇော်"

"ဟာ....ဒီတစ်ခါတော့ ခွင့်လွှတ်ပါကွာ၊ ကိုယ် လုံးဝမအားလို့ပါညို"

ဇော်ဇော်ဦး ပျာယျာသလဲ ငြင်းမိသည်။

"ဟင်..ကိုဇော်ကတော့ လုပ်ပြီ၊ မရဘူး၊ လိုက်ခဲ့ဆို လိုက်ခဲ့မှာပဲ"

"ကိုယ် တကယ်မအားလို့ပါ ညိုရယ်"

တောင်းတောင်းပန်ပန် ချော့ပြောရသည်။

တော်ကြာ မေမေ့ကို သွားပြောလျှင် မလွယ်။

မေမေက လိုက်သွားဖို့ တိုက်တွန်းမှာ သေချာလွန်းလှသည်။

"ဒီလိုလုပ်ညို၊ မနက်ဖြန် ကိုယ်လာခဲ့မယ်၊ ညိုသွားချင်တဲ့ ဒီသချုပ်ဈေးလဲ လိုက်ပို့ပေးမယ်လေ၊ ကျေနပ်ပြီလား"

မကျေနပ်လို့ကော ညိုက ဘာတတ်နိုင်မှာမို့လဲ။

ငိုချင်စွာ တွေးဖြစ်၏။

မိန်းမသားတို့အချစ်၊ မကြေညာသော စစ်ပါကွယ်။

ကိုဇော် အခုလို အကြောင်းပြ ငြင်းပယ်မယ်ဆိုတာ ညိုသိပြီး သားပါ။

ကိုဇော် ဘာကို စိတ်ဝင်စားနေပြီဆိုတာ ညို သိပါတယ်ရှင် ရယ်။

"ဒါဆို ညို ပြန်ဦးမယ်နော်"

"နေပါဦးညို၊ တစ်ခုခုစားပြီးမှ ပြန်မှာလား"

"ညို ဒီကိုလာတာ စားဖို့မှ မဟုတ်ဘဲ"

ဇော်ဇော်ဦး မျက်နှာ ကွက်ခနဲ ပျက်သည်။

"ဟိုလေ....ကိုယ်ပြောတာ ဒီလိုပါ၊ အိမ်ကိုလာပြီး မေမေနဲ့ တွေ့မသွားရင် မကောင်းဘူးလေ၊ မေမေ ဘုရားရှိခိုးနေတာ ပြီးတော့မှာပါ၊ ဟော....ပြောရင်း ဆိုရင်း မေမေတောင် ဆင်း လာပြီ"

"ဟော....သမီးညို၊ လာလည်တာလား၊ ထမင်းစားပြီး ပြန်နော် သမီး"

"မစားတော့ပါဘူး အန်တီ၊ ဟိုလေ....သမီးက ကိုဇော့် ဗိုလ်ချုပ်ဈေး ခဏလိုက်ခဲ့ပါဆိုတာ မလိုက်ဘူးတဲ့"

တွေ့သည်နှင့် တိုင်တော့သည်။

တွေ့တိုင်မ။

အတွေးနှင့်အတူ ဇော်ဇော်ဦး ပြုံးစစဖြစ်သွားသည်။

"ဩော်....ဒီသားကလဲ လိုက်သွားရောပေါ့ကွယ်၊ အမေ မရှိလို့ ခေါ်တဲ့ဥစ္စာ၊ ဈေးတက်နေရသေးတယ်"

တိုင်ရုံနှင့် ဆူပြီ။





မေမေ တိုင်ဆူ။

ဇော်ဇော်ဦး ရယ်ဖြစ်သည်။

"ဟား...ဟား....ဟား"

"ဟဲ့....သား၊ ဘာရယ်တာလဲ"

မေမေ့အသံကြောင့် အရယ်ကို ဖျတ်ခနဲရပ်လိုက်ရသည်။

"ဘာမှမဟုတ်ပါဘူး၊ သား ဈေးတက်တာ မဟုတ်ပါဘူး အမေ၊ မအားလို့ မနက်ဖြန်မှ လိုက်ပို့ပေးပါ့မယ်လို့ ညို့ကို တောင်းပန်ပြီးသားပါဗျာ"

"မအားရအောင် ဘယ်ကို သွားမလို့လဲသား"

"သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်ဖို့ ပြောပြီးသား ဖြစ်နေလို့ ပါ မေမေ"

"ကဲ....ဒါဆိုလဲ မနက်ဖြန် ဆက်ဆက်လိုက်ပို့လိုက်၊ လာ.... သမီး၊ ဒီနေ့ အန်တီတို့အိမ်မှာ မုန့်ဟင်းခါးချက်တယ်၊ စားသွား"

ညိုဝေလွင်က မေမေ့ခေါ်ဆောင်ရာသို့ ငိုမဲ့မဲ့မျက်နှာထား ဖြင့် လိုက်ပါသွားသည်။

ဇော်ဇော်ဦး အခုမှ နေသာထိုင်သာ ရှိသွားသည်၊ ဘယ်မှ သွားစရာ မရှိဘဲလျက် ညာလိုက်ရသည်ကို နည်းနည်းတော့ နောင်တရမိသည်။

သို့ပေမယ့် ကိစ္စက ပြီးမသွားသေး။

မနက်ဖြန် လိုက်ပို့ရဦးမည်။

ကိစ္စမရှိပါ။

မနက်ဖြန် စပယ်ရှယ်ကလပ်(စ်)ရှိသည်ဟု အကြောင်းပြကာ အစောကြီးကတည်းက သန်လျင် ဗိုလ်ချုပ်ရွာတွင် ရှိသည့် ဦးလေးတို့အိမ်ကိုသွား၍ နေလိုက်မည်။

ဦးလေးကိုလည်း မိမိလာကြောင်း မေမေတို့ကို မပြောရန် ပိတ်ထားရဦးမည်။

ညနေစောင်းမှ ပြန်လာခဲ့မည်။

မေမေမေးလျှင် အခုမှ ကျောင်းလွှတ်သည်။ ထမင်းပင်မစားရသေးဟုဆိုကာ ချွဲလိုက်လျှင် မေမေ စိတ်ဆိုးလိမ့်မည် မထင်

ထိုအခါ အားလုံး ငြိမ်းသွားမည်။

ညီ့လည်း စိတ်ဆိုးကာ တစ်ပတ်ခန့် လာတော့မည် မဟုတ်

နားအေးပေါ့သည်။

ဖြူရေ...မင်းကိုချစ်လို့၊ အမေကို မညာဖူးတဲ့ သားအလိမ္မာ ခုတော့ လိမ်ပြောနေရပြီလေ။

ဗိုလ်ချုပ်ဈေးဆိုတာ လူစည်ကားတဲ့ နေရာ။

သည်လိုနေရာမျိုးကို ကိုယ့်ချစ်ဖြူမဟုတ်ဘဲ ဘယ်မိန်းကလေးနဲ့မှ တွဲမသွားနိုင်ဘူး၊ သည်းလွန်းတယ်လို့ ဆိုလည်း....

အချစ်ဆုံးအတွက်မို့ ရှိပါစေကွာ။



အခန်း ( ၉ )

ပါရမီရိပ်သာရှိ ခြံကျယ်ကြီး တစ်ခုထဲတွင် ရောင်စုံမီးများ ပြိုးပြိုးပြက်ပြက် လက်ဖြာနေသည်။

သစ်ပင် ပန်းပင်များပေါ်တွင် တွန်းညှိထားသော ရောင်စုံမီးသီးလေးများမှာ သူ့ထက်ငါ အပြိုင်တောက်ပနေသည်။

မီးလုံးလေးများနည်းတူ ခြံကျယ်ကြီးထဲရှိ မိန်းမပျိုလေးများ၏ အလှများကလည်း သစ်သစ်လွင်လွင် မြူးမြူးကြွကြွ။

သာယာနာပျော်ဖွယ်ကောင်းသည့် တေးသံက တစ်ခြံလုံးကို ဖုံးလွှမ်းလုလု၊

လူအများ၏ တစ်ချက်တစ်ချက် ရယ်မောလိုက်သော အသံများက သီချင်းသံကိုဖောက်၍ လွင့်ပျံ့နေသည်။ အုန်းနို့ခေါက်ဆွဲရနံ့က လှိုင်သင်းလို့နေသည်။

ညမွှေးပန်းများက အစွမ်းကုန် မွှေးပြနေသည်။

ပျော်စရာ ကောင်းပါဘိ။

ဤနေ့ ဤအချိန်အခါ ကတည်းက သည်ခြံကြီးထဲရှိ သမီးမျိုးညိုဝေလွင်၏ အသက် ၂၀ နှစ်မြောက် မွေးနေ့မင်္ဂလာပင် ဖြစ်သည်။

ဧည့်သည်များဆီမှ ရေမွှေးနံ့ပေါင်းစုံက ရောပြွမ်းကာ အိမ်ပေါ်အထိပင် မွှေးရှူရှိနေသည်။ ပန်းမာလာများ၏ ရနံ့ကလည်း မွှေးကြိုင်လွန်းလှေစွ။

လာရောက်သည့် ဧည့်သည်များကို လက်ဖက်ရည်၊ ကိတ်မျိုးစုံဖြင့် ပထမ ဧည့်ခံသည်။ တစ်ဖန် အုန်းနို့ခေါက်ဆွဲ ကျွေးမြန်သည်။ ပြီးလျှင် အအေးစုံဘိုက်ဦးမည် ဖြစ်၏။

မွေးနေ့လက်ဆောင်များကလည်း ထားစရာနေရာပင် မရှိတော့။

မြွတ်သိပ်နေလေပြီ။

မွေးနေ့ဆုတောင်းသံများကလည်း နားလျှံထွက်မတတ်။

လူချမ်းသာတို့၏ အသိုက်အဝန်းပေကိုး။

ချမ်းသာသူများသည် အလှူပွဲအမျိုးမျိုးကို ကျင်းပနိုင်ကြသည်။

တချို့မှာ စေတနာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိတို့အဘယ်မျှ ချမ်းသာကြောင်း၊ ပစ္စည်းရှိကြောင်း ပြရန်အလို့ငှာ အလှူပေးခြင်း ပြုလေ၏။ လာရောက်သော အမျိုးသမီး အိမ်ရှင်မများကလည်း နံရံက ဘာအရောင် သုတ်ထားသည်။

ပန်းတွေက ဘာပန်းစိုက်ထားသည်။

ဆက်တီက ဘာအမျိုးအစား။

ဗွီဒီယိုက ဘယ်နှစ်လက်မ။

ဥာဏ်ဝင်း၊ ၀၁၉၀



ရှိုးကေ့စ်ထဲမှာ ဘာတွေရှိသည်။

အိမ်ကို ဘယ်လိုပြင်ဆင်သည် စသည်ဖြင့် အလွတ်မှတ်ကြသည်။

တစ်ဖန် သူတို့က တခြားလူတွေထက်သာအောင် ပြင်ဆင်ပြီး အလှူလုပ်ပြန်သည်။

ဤသို့ဖြင့် အလှူပွဲမှာ မပြတ်။

တစ်အိမ်မဟုတ် တစ်အိမ် ရှိနေသည်။

အဝတ်အစား၊ လက်ဝတ်လက်စား အသစ်ထပ်ပြင်ဆင်ရပြန်သည်။

စိတ်ရှုပ်စရာပင် ကောင်းသေးတော့။

သန့်ရှင်း ဖြူစင်သည့် အလှူကို ဖြူ သဘောကျပါသည်။ စေတနာဖြင့် အလှူလုပ်သော အလှူ့ဒါယကာများကိုလည်း ဖြူ လေးစားပါသည်။ ကြည်ညိုစိတ်လည်း ဖြစ်မိသည်။

သို့သော် ဂုဏ်တု ဂုဏ်ပြိုင်ပြုသည့် အလှူကိုတော့ ဖြူ မုန်းသည်။ နှစ်သက်ခြင်း မဖြစ်မိ။

ဂုဏ်တုဂုဏ်ပြိုင် အလှူပြုနေမည့်အစား အမှန်တကယ် ငွေလိုနေသော ဆေးရုံ၊ ကျောင်း၊ ဇရပ်၊ မိဘမဲ့နေ့ကလေးထိန်းဌာန၊ ဘိုးဘွားရိပ်သာ၊ ရွှေတန်းပြန် တပ်မတော်သားများ အတွက်သည်တို့ကို လှူခြင်းသည် ပို၍ လျော်ကန်သင့်မြတ်သည်ဟု ထင်မိသည်။

ပျော်ပွဲ၊ ရှင်ပွဲ ပြုလုပ်သည်ကိုတော့ အပြစ်မဆိုချင်ပါ။

လူတိုင်းလူတိုင်း ပျော်ရွှင်မှုကို နှစ်သက်သည်မှာ လောက၏ ဓမ္မတာပင်။

ဥာဏ်ဝင်း၊ ၀၁၉၀

သို့သော် ပျော်လွန်းလျှင် ပျက်တတ်ပါသည်။

ပျော်သာပျော် မပျက်ပါစေနှင့်ဟု ဖြူ ဆုတောင်းမိပါ၏

ဖြူ မည်မျှ အတွေးနက်နေသည် မသိ။

ဖြူ့ အနားသို့ မေမေရောက်လာသည်။

မေမေသည် စိန်နားကပ် တလက်လက်၊ စိန်လက်စွ တပြောင်ပြောင်ဖြင့် တင့်တယ်နေပါသည်။

သို့သော် ခုနတုန်းက ဧည့်သည်များနှင့် စကားပြောစဉ်က ပြုံးနေသော ဖြူ့ မေမေသည် ဖြူ့ အနားရောက်သည်နှင့် တင်းမာ ခက်ထန်သွားသည်။

စဉ်းရှိသရွေ့တော့ ခံပေဦးတော့ ဖြူရေဟု ကိုယ့်ကိုယ်ကို အား ပေးမိသည်။

"မိဖြူ"

"ရှင်"

"ညည်းက ဒီမှာ ဘာလာမှိုင်နေတာတုံး၊ ဘာ အပူမိနေသ လဲ"

"ဟို....ဟို၊ ဖြူလေ"

ဖြူ ဘာပြန်ပြောရမည် မသိ။

"တော်စမ်း၊ အဖြူတွေ အမည်းတွေ ငါနားမလည်ဘူး အိမ်ရှေ့မှာ ဧည့်သည်တွေကို ကျွေးဖို့ နည်းနည်းပါးပါး ကူ ပေးဦး"

"ဟုတ်ကဲ့ပါ"

မေမေ ဧည့်သည်များရှိရာသို့ ပြန်ထွက်သွားလေပြီ။ ...သည်း ကိုယ့်ကိုယ်ကို ဒေါသထွက်မိသည်။





အပြစ်လွတ်အောင် နေရမည် မဟုတ်လား။

အခုတော့ ထမင်းစားခန်းရှိ ပြတင်းပေါက်နားတွင် ရပ်က ထဲသို့ ကြည့်၍ အတွေးနယ် ကျယ်မိသည်လေ။

ဖြူ ခြံထဲသို့ ဆင်းလာခဲ့သည်။

ဧည့်သည်များ၏ မျက်လုံးများသည် မမညိုကို ဖြတ်ကျော် ...က် ဖြူ့ ထံတွင် လာရောက်ပေါင်းဆုံ စုဝေးကြသည်။

ဖြူ ရှိန်းတိန်းတိန်း ဖြစ်သွားမိသည်။

ဖြူ ဝတ်ထားသည်က မမညိုလောက် သားနားသည်လည်း ...ဟုတ်။

ကိမိုနိုပါတိတ်အညိုရင့်ပေါ်တွင် ပန်းရောင် အဆုပ်အပွင့် ...း ပါသည့်လုံချည်။ အင်္ကျီမှာ ဝေဖာပန်းနုရောင် အကွက် ...ကွက်လေးများပါသည့် ဖောင်းပွပွ ပိတ်သားမျိုး။ ချုပ်ထား ...သည်း ရိုးရိုးကလေး။

ဒေါက်မြင့် ခုံမြင့်မြင့် အဖြူရောင်ကို ဝတ်ထားသဖြင့် ရှပ် ...က်ခတ်နေသည့် မိန်းကလေးများထဲတွင် ဖြူဝေလွင်သည် ...ရှင်းရှင်းနှင့် တစ်မျိုးလေး လှလွန်းသည်။

ညို့မှာတော့ မွေးနေ့ရှင် ဖြစ်သဖြင့် အိချွဲချွဲ အစတစ်စကို ...ာနှင့် အင်္ကျီတစ်ဆက်တည်း ချုပ်ဝတ်ထားသည်။

အောက်ပိုင်းနှင့် အပေါ်ပိုင်းတွင် ပွနေသလောက် ခါး ...တွင် စုစည်းထားသဖြင့် ကပိုကရိုလေး ဖြစ်နေရသည်။

ဆံပင်ကို ပုံသွင်းထားသဖြင့် အပုံစား ဖြစ်နေသလို မျက် ...လည်း ဆိုင်တွင်ပြင်ထားသည်မို့ ကော်ပတ်ရုပ်လေးအလား ...လွန်းနေသည်။

ဖြူသည် အတက်အဆင်း လှေကားတွင် ရပ်နေမိသည်။ မျက်လုံး ထောင်သောင်းကို ကျော်လွှား၍ အဘယ်သို့ ခြေလှမ်း စရမည်နည်း။

အထူးသဖြင့် ထောင့်တစ်ထောင့်ရှိ စားပွဲတွင် ထိုင်ကာ တစ်ယောက်တည်း ထိုင်ရင်း စိမ်းညို့ညို့ မျက်လုံးကြီးများနှင့် ရွှန်းရွှန်းဝေဝေ ကြည့်နေသောသူ။

မိမိအား ခွင့်ပြုချက် မရဘဲ နှုတ်ခမ်းပြေပြေလေးအား မထောက်ထား မညှာတာ နမ်းခဲ့သည့် ဇော်ဇော်ဦးဆိုသည့် အမျိုးသားအပေါ်ပို၍ မဝံ့မရဲ ဖြစ်မိသည်။

ရှက်စိတ်မွန်ရသည်။

စိတ်ဆိုးချင်စိတ် ဖြစ်မိသည်။

သူနှင့် ရင်မဆိုင်ချင်။

အဟုတ်ကို လန့်နေမိပါသည်။

သည်နေ့တော့ သူက နေကာ မျက်မှန်တပ်ထားသဖြင့် ပို၍ ခန့်နေသလိုလိုပင်။

"ဟေ့....ဖြူ၊ ဆင်းလေကွာ၊ ဘာလုပ်နေတာလဲ၊ အရှုံးစိတ်ကူးတွေ ဝင်ပြီး အချစ်ကျောက်ရုပ် ဖြစ်သွားပြီ ထင်တယ်"

"ဟာ....မော်ကလဲကွာ....ဘာတွေ ပြောနေတာလဲ၊ စိတ်ညစ်ရတဲ့အထဲ"

"ဘာလဲ....စတာလေးလဲ စိတ်ဆိုးချင်တယ်ပေါ့ ဟုတ်လား"



"တော်ပါကွာ....ဟိုမှာ မေမေ ကြည့်နေပြီ၊ ငါက ဒီမှာ ပြင်ဆင်ပေးမယ်၊ နင်တို့က စားပွဲပေါ် လိုက်ချပေး၊ ဧည့်ခံစကား ပြောပေါ့ဟာ"

"ဟာတော့်....အိမ်ရှင်ကတော့ ဧည့်မခံဘဲနဲ့"

"ငါ ပင်ပန်းနေလို့ပါဟာ၊ ငါပြောသလို လုပ်ကြပါနော်...."

"ကောင်းပြီလေ....ဒါဆို ငါတို့ဖြူ့ ကိုယ်စား ဧည့်ခံပေးမယ်၊ ဒါပေမယ့် ခြွင်းချက်အဖြစ်နဲ့ ကိုဇော်ဇော်ဦးကိုတော့ ဖြူ ဧည့်ခံရမယ်"

"ဟင့်အင်း....မလိုဘူး ထင်တယ်၊ မမညို ရှိနေပြီပဲ"

စပြီးမှ စိတ်မကောင်းဖြစ်သွားရသူက မော်မော်။

ဖြူဝေလွင့် မျက်နှာလေးက မသိမသာ နွမ်းသွား သည်မဟုတ်လား။

ဇော်ဇော်ဦး မနေရင်းထိုင်ရင်း စိတ်တိုလာသည်။

ဖြူသည် မိမိကို လုံးဝ ရှောင်နေသည်။

ဟိုတစ်ခါ သူမကို နမ်းပြီးကတည်းက အတွေ့မခံတော့။

ရှက်သွားသည်လား။

စိတ်ဆိုးသွားသည်လား မသိ။

အခုလည်း ခြံအနောက်ထောင့်တွင် ချက်ပြုတ်နေသောသူများနှင့် သွားကူနေသည်။ အရည်နှင့် မုန့်ဖတ်တို့ကို ပြင်ဆင်ပေးသည်။ ပြီးလျှင် အနီးရှိ ခုံတွင်ထိုင်ကာ ဒေါ်ဝိုင်းနှင့် စကားလက်ဆုံ ကျနေတတ်ပြန်သည်။

သူ့ သူငယ်ချင်းများကသာ ခြံထဲတွင် ဧည့်ခံနေသည်။

တကယ်ဆို သူလည်း ဤအိမ်၏ အိမ်သားတစ်ဦးပင်။

ညှော်ခံ စကားပြောဖို့ ကောင်းပါသည်။

ဇော်ဇော်ဦး လုံးဝ မကျေနပ်နိုင်တော့ပါ။

ဖြူ ဘာကို သူမှ မသိဘဲကိုး။

"သမီး ဖြူ၊ ဒေါ်ဝိုင်း အိမ်ပေါ်တက်သွားမယ်နော်၊ သမီး တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဒေါ်ဝိုင်း၊ သွားပါ၊ ရပါတယ်ရှင်"

ယနေ့ ညနေ မှောင်ရီပျိုးစ အချိန်တွင် ညှော်ခံဖို့အရေး ဖြူမှာ မနေ့ညကတည်းက အိပ်ရေး ပျက်ခဲ့သည်။

မမညိုကိုတော့ မေ့နေ့ရှင်မို့ အစွမ်းကုန် အလှပြင်ရန် လိုအပ်သည်ဟု အကြောင်းကောင်းပြကာ ဘာမှ မခိုင်း။

ရှိပါစေလေ။

ကိုယ်အစ်မပဲ။

ဖြူ အိပ်ချင်စွာ သမ်းဝေလိုက်မိသည်။

"ဖြူ...."

"ဟင်...."

ဖြူ အိပ်ချင်စိတ်တို့ လွင့်ပြယ်ရသည်။

ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်းလေး ဖြစ်သွားသည်။

ဘယ်အချိန်က အနားရောက်လာမှန်း မသိသော အကျီ အဖြူ လက်ရှည်၊ အဖြူနှင့် နက်ပြာအစင်းများ ပါသော လည် တိုင်ကို စည်းထားသည့် ဇော်ဇော်ဦးကို တွေ့လိုက်ရသဖြင့် ဖြူ ထိတ်လန့်သွားသည်။

သည်လူ ဘယ့်နှယ် အနားရောက်လာတာပါလိမ့်။





"ဖြူ...."

မထူးဘဲ ငြိမ်နေလိုက်သည်။

"ဖြူ...."

"ဘာတုံး...."

"ထူးပုံက ယဉ်ကျေးလှချည်လား"

"ဘာလို့ ခဏခဏ ခေါ်နေရတာလဲ၊ နောက် တာကိစ္စနဲ့ ဒီကို လာရဘာလဲ"

"ခေါ်ချင်လို့ ခေါ်တာပဲ၊ ကိစ္စမရှိကော မလာရဘူးလား"

"မလာရဘူး"

ဖြူ မျက်နှာထား တည်တည်ဖြင့် ပြောလိုက်သည်။

"ပြတ်လှချည်လား"

"ခပ်ပြတ်ပြတ်ပဲ"

"ဒါဆိုလဲ ပြီးတာပဲ၊ တို့ကလဲ ဒီနားကကို မပြန်တော့ဘူး"

ပြောပြောဆိုဆို ဇော်ဇော်ဦး ထိုင်ချလိုက်သည်။

ဖြူသည် ခုံတန်းရှည်လေးပေါ်တွင် ထိုင်နေသဖြင့် မြေကြီး ပေါ်တွင် ထိုင်နေသော ဇော်ဇော်ဦး ဖြူ့ မျက်နှာလှလှအား အောက်ကနေ ပင့်၍ အကြာကြီး ကြည့်နေမိသည်။

ဖြူ မနေတတ်တော့။

သည်လူကို ဘယ်သို့ ပြောရပါ့။

နှင်ရန်လည်း ဤနေရာသည် မိမိ ပိုင်ပါသည်ဟု စာရေး မထား။

အခက်ဖြင့် ကြုံလေပြီ။

သူ့ကိုတော့ အလျှော့မပေးချင်။

မမညို မြင်သွားလျှင်လည်း မကောင်းပြန်။
မေမေ တွေ့သွားမည်ကိုတော့ ရာနှုန်းပြည့် စိုးရိမ်မိပါသည်။
ဘယ်လို အငြိုးနဲ့များ လာညှဉ်းဆဲနေတာလဲ ရှင်ရယ်။
ဖြူ စိတ်ဆိုးစွာ သူ့ကို လှမ်းကြည့်လိုက်သည်။
ဖြူ့ကို ကြည့်နေသည့် သူ့ မျက်လုံးကြီးများနှင့် ဆုံလိုက်သဖြင့် ဖြူ တစ်အား လန့်သွားသည်။
သည်လောက်တောင် မိန်းကလေး တစ်ယောက် မနေတတ် မထိုင်တတ်ဖြစ်အောင် ကြည့်နေဖို့ မကောင်း။
ဖြူ သူ့ကို အရမ်းစိတ်ဆိုးပါသည်။
ဖြူ တစ်ဖက်သို့ လှည့်နေလိုက်၏။
"ဖြူ"
မထူးဘူး။
"ဖြူ"
ခေါ်ပြန်ပြီ။
"ဖြူ....ဖြူ၊ ကိုယ့်ကို စိတ်ဆိုးသွားသလား ဟင်"
ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။
"ကိုယ့်ကို စကားတောင် မပြောချင်လောက်အောင် မုန်းရက်တယ်နော်"
သူက ပြောနေသလောက် ဖြူက နည်းနည်းမှ လှုပ်မလာ။
"ဖြူ မကြည်ဖြူဘူးဆိုရင် ကိုယ် ဒီနေရာက သွားပါ့မယ် ဖြူရယ်"
ဇော်ဇော်ဦး တကယ်စမ်းနည်းသွားသည်။
တင်းလှချည်လား ဖြူရယ်။





"ဖြူဟာ သိပ်စိတ်ခိုင်တဲ့ မိန်းကလေးပဲနော်၊ ဖြူ့ကို ကိုယ် လေးစားပါတယ်၊ ဖြူ စိတ်ချမ်းသာအောင် ကိုယ် ဒီနေရာက သွားပါတော့မယ်"
သူ့အသံက လိုက်ဆို့နေသည်။
ဖြူ သူ့ကို လှည့်မကြည့်မိအောင် ထိန်းလိုက်သည်။
"ကိုဇော်၊ ဟင်....မိဖြူ"
ညိုဝေလွင့်မျက်နှာက ခက်ထန်တင်းမာနေသည်။
"ဪ...ညိုက ကိုဇော့်ကို လိုက်ရှာနေတာ၊ ကိုဇော်က ဖြူနဲ့ လာစကားလက်ဆုံ ကျနေတာကိုး၊ ကဲ....လာ....ကိုဇော်၊ ဖေဖေတို့ဆီ သွားရအောင်"
ညိုဝေလွင်က ဇော်ဇော်ဦးလက်မောင်းကို မှီတွဲကာ နွဲ့နွဲ့လေး လျှောက်သွားသည်။
သူတို့ကိုကြည့်ရင်း ဖြူ ဒေါသထွက်မိသည်။
ဤလူသည်လည်း သစ္စာကို မဲ့လွန်းသည်။
ခုနတင် ဖြူ့အား ပလီပလာချွဲနေပြီးတော့ ခုတော့လည်း မမညိုနှင့် ပြုံးပြုံးပျော်ပျော် ရယ်မောလျက်။
သက်သက်မဲ့ အနိုင်ယူတဲ့သဘောလား ရှင်ရယ်။

●

## အခန်း (၁၀)

"မြှူ"

"ရှင်....မမညို"

အောင်သံစူးစူးကြောင့် စာထဲမှ စိတ်တို့ လွင့်ထွက်လာရသည်။

"လာစမ်းပါဦး၊ အားနေ စာကြည့်စားပွဲမှာချည်းပဲ၊ ညည်းကို ပြောစရာ မေးစရာလေးရှိလို့ ကြွခဲ့ပါဦး"

မမညိုရှိရာ ဧည့်ခန်းဘက်သို့ထွက်ခဲ့တော့....

"ထိုင်ပါဦး"

ပြောပုံက ငေါ့တော့တော့။

"ညည်းနဲ့ ကိုဇော်နဲ့ အခြေအနေမှန်ကို ငါ သိချင်ထယ် မြှူ"

"ရှင်....ကိုဇော်နဲ့မြှူနဲ့...."

ရုတ်တရက်မို့ မြှူ အံ့အားသင့်သွားပြီး မမညိုကို နားမလည်ငွာ ကြည့်နေမိသည်။

"ဟုတ်တယ်၊ ညည်းနဲ့ကိုဇော်နဲ့ ဘယ်အထိ ရောက်နေပြီလဲ"

"ဟို...ဖြူ...ဖြူတို့ ရိုးရိုးသားသား ခင်တာပါ"

"ရိုးရိုးသားသားဆို ဟိုနေ့က လူမရှိတဲ့နေရာမျိုးမှာ ဘာလို့ ရောက်နေကြတာလဲ၊ နောက်ပြီး ညည်းကကော မျက်နှာ တစ် ဖက်လှည့်ပြီး ဘာအိုက်တင်ခံနေတာလဲ"

"ဒါက ဒီလိုပါ၊ ဖြူတစ်ယောက်တည်းထိုင်နေတုန်း ကိုဇော် ဇော်ဦး ရောက်လာတာပါ၊ ဖြူ တစ်ဖက်လှည့်နေတာက မီးခိုး မွန်လို့ပါ"

ခံလိုက်ရပါပြီ။

ညီတစ်ယောက် အုန်းနို့ခေါက်ဆွဲကို ထင်းနှင့် ချက်သည် လား၊ မီးသွေးနှင့် ချက်သည်လား ‌လေ့လာမကြည့်မိပါ။

မီးသွေးနှင့်ချက်သည်ကို မြင်သည်ပဲထားပါဦး။ မီးသွေးမီး မှာ တစ်ဖက် လှည့်နေလောက်အောင် မီးခိုးထွက်ပါသည်ဟု ပြောလျှင်လည်း ယုံပါလိမ့်မည်။

ငယ်ငယ်ကတည်းက အခုအထိ မီးဖိုချောင်ထဲမှ မဝင်ဖူးတာ မမညိုကို ညာလိုက်ရ၍ စိတ်တော့မကောင်း။

သို့သော် ဘာများတတ်နိုင်မည်နည်း။

သည်လူ ပြဿနာကိုရှာသည်။ မုန်းဖို့ကောင်းတဲ့လူ။

ဇော်ဇော်ဦးကို စိတ်ထဲမှ အပြစ်တွေစွတ်တင်ပစ်လိုက်သည်

"ဟဲ့...မိဖြူ၊ ငါပြောတာကော ကြားရဲ့လား"

"ရှင်....မမညို၊ ဘာကိုပြောတာလဲ"

"ကိုယ်နဲ့တန်ရာကိုပဲ မှန်းပါလို့ပြောတာ"

"ဘာရယ်"





"နင်နဲ့ကိုဇော်နဲ့ မတန်ဘူးလို့ပြောတာ၊ သိပြီလား၊ နောက် ပြီး ကိုဇော်ဟာ ငါနဲ့ မကြာခင် စေ့စပ်တော့မယ့် ငါ့ချစ်သူ၊ နင် လုယူဖို့ မကြိုးစားပါနဲ့"

"ဘယ်လိုပြောလိုက်တာလဲ မမညို၊ ဖြူ ကိုဇော်ဇော်ဦးကို ဘာလုပ်ရမှာတုံး၊ လောကမှာ ယောကျ်ားမရှားဘူး၊ သိရဲ့လား မညို"

ဒေါသတွေကို မနည်းကြိုးထိန်းလိုက်ရသည်။

"အေး...ယောကျ်ားမရှားဘူးဆိုလဲ ပြီးတာပဲ၊ နောက်ကို ဆင်ဆင်ခြင်ခြင်နေပါ၊ ကိုဇော့်ကိုလဲ မရောနဲ့၊ ဒီလိုအမြင်မျိုး တစ်ခါထပ်ကြုံရင် မေမေနဲ့ တိုင်ရလိမ့်မယ်၊ ကြားလား၊ သွား တော့....ဒါပဲ၊ ယောကျ်ားပေါတဲ့ မိန်းမ"

ရှက်တယ်။ ဖြူ သိပ်ရှက်တယ်။

ဖြူ့ဘဝမှာ ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်လို့ စကားကြီးငယ်ပြောရတာကို ဖြူ ရှက်တယ်။

ဒါ....ဟို အလိုက်မသိတဲ့လူကြောင့် ဖြစ်ရတာ။ သည်လူကို မုန်းတယ်...မုန်းတယ်....မုန်းတယ်။

စာကြည့်စားပွဲသို့ရောက်တော့ စိတ်ပျက်ကာ ငိုင်နေမိသည်။

"သမီး"

"ရှင်...."

ခဲပေ့ အသံကြောင့် ဖြူ လန့်သွားသည်။

"သမီး စာတွေ တော်တော်ကျက်ပြီးပြီလား"

"ကျက်နေဆဲပါ ဖေဖေ"

ဖေဖေက ဘာမှသိပုံမရ။

"ဆေးဝင်အောင် ကြိုးစားနော်"

"ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး အတတ်နိုင်ဆုံး ကြိုးစားသွားပါ့မယ်"

"အေး....ဒီလိုမှပေါ့၊ ကြိုးစားရင် ဘာမဆို ဖြစ်နိုင်တာပဲ"

"ဟုတ်ကဲ့"

"တစ်နေ့စာ တစ်နေ့ မှန်မှန်ကျက်ရင် ဘာမှ အခက်အခဲမရှိပါဘူး သမီးရဲ့"

"ဟုတ်တယ် ဖေဖေ၊ စာတွေ မှန်မှန်ကျက်လာတာမို့ စာမေးပွဲကို သမီး လုံးဝမကြောက်ပါဘူး ဖေဖေ"

"အေး....အေး၊ စာကြည့်ချေတော့၊ သမီးမေမေနိုးလာရင် အလုပ်ခိုင်းဦးမှာ၊ အားနေတဲ့ အချိန်တွေကို ကောင်းမွန်စွာ အသုံးချကွယ့်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေ စာကြည့်ခန်းဘက်သို့ ဝင်သွားသည်။

ဖေဖေရယ်။





သမီးဘဝအတွက်တော့ ဖေဖေဟာ နေလိုလလိုပါပဲ။ နေရောင်ခြည်ဟာ နွေးထွေးတဲ့ အလင်းရောင်ကို ပေးစွမ်းနိုင်သလို အမှောင်ကို ပျက်ပြယ်စေတယ်။

သည့်လိုပဲ ဖေဖေကလည်း ဖြူ့အပေါ် နွေးထွေးမှုကို ပေးတယ်။ ညစ်ညူးနေတဲ့ စိတ်ကို ကြည်လင်စေတယ်။

ရှုပ်ထွေးနေတဲ့ အတွေးကို ပီပြင်အောင် စွမ်းဆောင်နိုင်တယ်။

လဆိုတာလည်း အေးငြိမ်းစေတယ်။

ချမ်းမြေ့စေတယ်။

အမှောင်ထဲမှာတောင် အလင်းရောင်ကို ပေးစွမ်းနိုင်တယ်။

သည့်လိုပဲ ဖေဖေ့ရဲ့ အကြင်နာကြောင့် ဖြူ့ဘဝလေး ငြိမ်းချမ်းရတယ်။

ဖြူ့အပေါ် ဖေဖေဟာ အမြဲတမ်း ဦးဆောင်မှုပေးတယ်။ လမ်းမှန်ကို ညွှန်ပြတယ်။

ပိုလို့ပိုလို့ပင် ဖေဖေ့ကို ချစ်ရပါတယ်ရှင်။

* * *

"ဟင်....ကိုဇော်ဇော်ဦး"

"ဟုတ်ပါတယ်ဖြူ"

"ဒီကို ဘာလာလုပ်တာလဲဟင်"

"ဖြူ့ဆီကို လာတာလေ"

ဖြူ အံ့သြသွားပုံက ချစ်စရာ။ မျက်လုံးလေးများ ဝိုင်းသွားကာ နှုတ်ခမ်းနှစ်မြွှာ ဟသွားသည်။

"ဟင်....ဘာရယ်"

"ဖြူ ဆီလာတာ၊ ဖြူ ကိုတွေ့ချင်လို့"

"ဘာကိစ္စ တွေ့ချင်ရတာလဲ"

ဖြူ မျက်နှာက တည်သွားသလို အသံကလည်း ခပ်မာမာ။

"တွေ့ချင်လို့ပေါ့"

ဖြူ သူ့ကို အမြတ် စိုက်ကြည့်ပစ်လိုက်သည်။

"ဖြူရလဲ"

"ဒီမှာ ကိုဇော်ဇော်ဦး၊ တွေ့ချင်ရုံ သက်သက်ဆို မလာပါနဲ့၊ ဖြူမကြိုက်ဘူး"

သူက ဖြူ့ကိုမကြည့်။ အဝေးတစ်နေရာသို့ ငေးနေသည်။

"ဖြူ စာမေးပွဲ နီးပြီနော်၊ စာကော ကျက်ရဲ့လား"

လေအေးလေးနှင့် မေးလာသော သူ့ကို စိတ်တိုမိသည်။

ဖြူပြောသည်ကို မကြားချင်ယောင် ဆောင်သည် မဟုတ်လား။

ဇော်ဇော်ဦး ဖြူ့မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

သည်ကောင်မလေး မိမိကို ကြည့်နေသည်မှာ ကြာပြီလေ။

သနားလို့ ပြန်မကြည့်သည်ကို အကောင်းမထင်။

ရန်စွာလွန်းနေသည်။

အခုလိုကျပြန်တော့လည်း ဖြူ မျက်လွှာချသွားသည်။

"ကျက်ပါတယ်"

ဖြူ သည်တစ်ခါတော့ ကိုယ့်ကိုယ်ကို စိတ်ဆိုးသွားသည်။

သူ့အကြည့်ကို ရင်မဆိုင်ရဲတာ။

သူ့ကို လိုက်လိုက်လျောလျော ပြောမိချင်တာ။





သူ့ကို မမြင်ရင် လွမ်းသလိုဖြစ်ရတာ။

ဘာကြောင့်လဲ။

"ဖြူ....အောင်မယ်လို့ ကိုယ်ယုံကြည်တယ်"

"ရှင်ယုံကြည်မှ ဖြစ်ရမှာလား"

ဘုတောမိ၏။

"ကိုယ့်ကို ဘာကြောင့် ရက်စက်ချင်ရတာလဲဟင်"

"မုန်းလို့ပေါ့"

"မုန်းတယ် ဟုတ်လား၊ ဘာကြောင့်လဲ"

သူ့မျက်နှာကို ကြည့်ချင်သော်လည်း မျက်လုံးစူးစူးကြီးများကို ကြောက်၍ မကြည့်ဖြစ်။

"ကြည့်မရလို့"

"ဘာအတွက် ကြည့်မရတာလဲ"

"မုန်းလို့ပါဆိုနေ"

ဇော်ဇော် ပြုံးနေလိုက်သည်။

ခေါင်းမဖော်တော့သော ဖြူ့ကို တဝကြီး ငေးကြည့်မိ၏။

"အင်္ဂါနေ့ကျရင် ကိုယ့်မွေးနေ့ပွဲရှိတယ်၊ ဖြူလာမယ် မဟုတ်လားဟင်၊ ဖြူလာရမယ်နော်"

"ဖြူ မအားဘူး၊ အားလဲ မလာနိုင်ဘူး ကိုဇော်ဇော်ဦး"

"ဖြူရယ်"

"ဖြူရယ်....ဖြူရယ်နဲ့ ဘာဖြစ်နေတာလဲ"

"ခေါ်နေတာလေ"

"မမောဘူးလား"

"မမောပါဘူး၊ ပျော်တောင် ပျော်သေးတယ်"

"ကဲပါလေ....ကျောင်းတက်တော့မယ်၊ ပြန်တော့နော်"

ဖြူ့တောင်းပန်သံ ကြားရတော့ ဇော်ဇော်ဦး လိုက်လျော မိသည်။

"ပြန်ပါ့မယ်....ဖြူကြိုးစားနော်၊ ဟိုသီချင်းထဲကလို 'ဘဝန် အလီလီ ထမ်းဆောင်နေသော်လဲ လူရည်ချွန်ဖြစ်ဖို့ ကျွန်တော် ကြိုးစားမည်၊ဆရာဝန်ဖြစ်ဖို့ ကျွန်တော် ကြိုးစားမည်' ဆိုသလို ပေါ့၊ ဖြူ့ဘဝကို ကိုယ်နားလည်ခန့်မှန်းမိပါတယ်"

သူ့စကားကြောင့် ဖြူတုန်လှုပ်သွားသည်။

"ဘယ်လို"

"ဪ....ဖြူ့ဘဝ တစ်စိတ်တစ်ဒေသကို ကိုယ်စုံစမ်းသိရှိခဲ့ ပါပြီ"

"သိလျက်နဲ့ ဖြူ့ကိုဘာလို့ နှောင့်ယှက်ချင်ရတာလဲ"

"နှောင့်ယှက်တာ မဟုတ်ဘူး၊ အကူအညီ ပေးချင်နေတာ"

"အကူအညီ လိုမှမလိုတာ"

"အားပေးစကား ဆိုချင်တာဆိုရင်ရော"

"အားနည်းနေတဲ့သူမှ မဟုတ်ဘဲ၊ အားနည်းရင် အားဆေး မျိုးစုံ အိမ်မှာရှိတယ် ဒေါက်တာလေးရဲ့"

"ဖြူဟာလေ တော်တော်ခက်တာပဲ"

"လွယ်တဲ့ဟာတိုင်း မကောင်းဘူးလို့ လူတွေက ထင်တတ် ကြတယ်"

"မပြိုင်ရဲပါဘူး၊ အရှုံးပေးပါတယ်၊ ဖြူစာမေးပွဲ ဖြေနေတဲ့ ရက် ကိုယ်မလာပါဘူး၊ ဖြူ့ကို မနှောင့်ယှက်ပါဘူးကွာ"

"ဖြေပြီးရင်လဲ မလာနဲ့"





"အာ....ဒါတော့ ဖြူ လွန်ပြီ"

"ကဲ....ကျောင်းတက်တော့မယ်"

"သွားတော့မယ်၊ ဖြူကြိုးစားနော်"

"အင်းပါ"

ဖြူ့ကို ဘာလို့ စိတ်ရှုပ်အောင် လုပ်ရတာသဲ ကိုဇော်ဇော် ဦးရယ်။ ဒါပေမယ့် ကိုဇော်ဇော်ဦး စကားတွေက ဖြူ့အတွက် အားဆေးပမာပါကွယ်....။

* * *

ဖြူ စာမေးပွဲကြီး ဖြေနေရပေပြီ။

ဘာသာရပ်တိုင်းကို ဖြူ ကောင်းစွာ ဖြေဆိုနိုင်ခဲ့သည်။ တစ်နေ့စာ တစ်နေ့ မှန်မှန်ကျက်ခြင်း၊ ကျန်းမာရေး ဂရုစိုက် ခြင်း၊ အတွေ့တွေ့ ဗဟုသုတ ပြည့်စုံကြွယ်ဝခြင်းတို့ကြောင့် စာ မေးပွဲကို အကောင်းဆုံး ဖြေဆိုနိုင်ခဲ့သည်။

မြန်မာစာတွင်လည်း အခက်အခဲမရှိ။

အင်္ဂလိပ်စာတွင်လည်း ခေါင်းမရှုပ်။

သင်္ချာတွင်လည်း စိတ်မညစ်ရ။

ရူပတွင်လည်း ဉာဏ်နှန်းပြည့်။

ဓာတုကိုလည်း ကောင်းစွာပင် ဖြေဆိုနိုင်ခဲ့သလို ဘိုင်အို ဘာသာရပ်တွင်လည်း နဂိုကတည်းက ဝါသနာပါသည်မို့ ပျော် ပျော်လို နေသည်။

စာမေးပွဲကြီး ပြီးသွားသဖြင့် ရင်ထဲ ပေါ့ပါးသွားသည်။

ကျောင်းသားတိုင်း၏ ခံစားမှုပင်။

ဘာသာရပ်တိုင်းအတွက် ဂုဏ်ထူးမှန်းထားမိ၏။

လူတိုင်းသည် ယုံကြည်ချက်၊ မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသည် မဟုတ်လား။

အချိန်ရှိခိုက် လုံ့လစိုက်ပြီး ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်ခဲ့ခြင်းတို့၏ ကျေးဇူးရလဒ်ပင် ဖြစ်တော့သည်။

* * *

ကျောင်းကြီးပိတ်ပြီ ဖြစ်သဖြင့် ဖြူ အားနေသည်။

ဖေဖေကတော့ မြို့တစ်မြို့ကို သွားလည်ဟု ပြောထားသည်။

အင်္ဂလိပ် စကားပြော သင်တန်းလည်း တက်ခိုင်းထားသည်။

၉ တန်းနှင့် ၁၀ တန်းတွင် မြန်မာစာမှလွဲ၍ အာသာရပ်အားလုံးကို အင်္ဂလိပ်လိုကျက်ခဲ့ရသဖြင့် အင်္ဂလိပ်စာနှင့်စိမ်းမနေတော့။

ဖြူသည် မြန်မာစာကို မြတ်နိုးသကဲ့သို့ အင်္ဂလိပ်စာကိုလည်း ကမ္ဘာသုံးစာမို့ လေ့လာပါ၏။

ထိုသို့ ဆည်းပူးမှသာ အသိအမြင် ပိုကြွယ်လာမည် မဟုတ်လား။

ဖေဖေသည် ဖြူ့ကိုကျောင်းပိတ်တိုင်း ပြည်ထောင်စုအတွင်း နယ်တစ်ခုမဟုတ်တစ်ခုကို သွားခိုင်းတတ်သည်။

တိုင်းရင်းသားတို့၏ ဓလေ့စရိုက်။

အဆင့်အတန်း နိမ့်ကျမှု၊ မြင့်မားမှု၊ ဖွံ့ဖြိုး တိုးတက်မှု ရှိမရှိ စသည်တို့ကို လေ့လာနိုင်ရန်နှင့် ပျော်ရွှင်စေရန် ရည်ရွယ်ခြင်းပင်။





ဖေဖေ့ ကျေးဇူးကြောင့် ဖြူသည် မြန်မာပြည်ရှိ ဘယ်ဒေသသည် အမာခံ၊ ဘယ်ဒေသသည် အဖြူရောင်၊ ဘယ်ဒေသသည် အညိုရောင်။

မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် စာတတ်မြောက်သော မြို့နယ်၊ တိုင်း၊ ပြည်နယ်များကို မှတ်စရာပင် မလို အလွတ်ရနေသည်။

မြန်မာပြည် တစ်ခုလုံး စုံအောင် မရောက်ဖူးသေးသည့်တိုင် အတော်အတန် နှံ့နေလေပြီ။

ထိုင်းပြည်တွင် ပညာတတ် လုပ်သားကောင်းများ မြောက်မြားစွာ လိုနေသေးသည်ကို သိလာရသောအခါ လုပ်သားကောင်း တစ်ယောက်ဖြစ်ရန် ဖြူ့တွင်လည်း တာဝန်ရှိကြောင်း သိလာသည်။

ဒေသအသီးသီးရှိ ညီအစ်ကို မောင်နှမသားချင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ဖြူတို့လို လူငယ်တိုင်းအတွက် မွေးရာပါ တာဝန် တစ်ရပ်ဖြစ်သည်ဟုလည်း သဘောပိုက်မိသည်။

ရေသစ်၊ မြေသစ်၊ တောတောင်သစ်၊ သဘာဝအလှများကို မြင်ရသဖြင့် အန္တမ်းတို့ ပြယ်ရသည်။

သူငယ်ချင်းများနှင့် ထပျော်တပါး ခရီးထွက်ရသဖြင့် ကျေနပ်မိသည်။

အထူးသဖြင့် မေမေ့ လောင်းရိပ်အောက်မှ လွတ်လပ်ခွင့်ရ၍လည်း ဝမ်းသာရသည်။

ကိုဇော်ဇော်ဦးဆိုသည့်လူကိုတော့ခရီးစထွက်စဉ်ကပင် ကြို၍ [illegible]မ်းမိသလို ခံစားရသည်။

အမည် မဖော်ပြတတ်သော ဝေဒနာတစ်ခု ဖြူ့ရင်ဝယ် လာရောက် ငြိတွယ်သည်။

စာမေးပွဲ မဖြေခင် လာတွေ့ပြီးကတည်းက သူနှင့် ဖြူ ထပ်မဆုံတော့။

ဖြူက မကြုံချင်မှန်းသိ၍ သူက ပုန်းနေခြင်းလား။
သူ ကိုယ်တိုင် မအားလပ်၍လားတော့ မသိ။
ဟိုတစ်နေ့က ဒေါ်ဝိုင်းဆီမှ သူ့စာကို ရခဲ့သည်။
ဒေါ်ဝိုင်းကိုတော့ သူ တကယ်ပိုင်သည်။
ပိုင်အောင်လည်း ပေါင်းထားသည့်ကိုး။

ဖြူရယ်....

စာမေးပွဲ ဖြေနိုင်တယ်ဆိုတာ သိရလို့ ဝမ်းသာတယ်ကွာ၊ တကယ်ပါ။

ဖြူ စာမေးပွဲ အောင်မှာပါ။
ဖြူ မကြိုက်မှန်းသိလို့ ဖြူ့ဆီ မလာတာ။
ဖြူ နေကောင်းတယ်နော်။

ထာဝရ

ဇော်ဇော်ဦး

ဘာမှန်းလည်း မသိ။
စာက တိုတိုလေး။
ထွင်ရေးသည်ဟုပင်မှတ်လိုက်သည်။





ခရီး ထွက်ရဦးမည်မို့ တစ်ခါလောက်တော့ ဆုံချင်ပါသေးသည်။

သို့ပေမယ့် မတာမ်းတ မမျှော်ရဲ့ပါဘူးကွယ်။
မမညိုရဲ့ ခင်ပွန်းလောင်းကို ဖြူ မလုယူပါဘူး။
မမညိုကို သနားဖိုမိသလို မေမေ့ကို စိတ်ချမ်းသာစေချင်တယ်။

ကိုဇော်ဇော်ဦးဆိုသည့် လူကလည်း မပြတ်မသား။
ရှုပ်ရှုပ်ယှက်ယှက် နိုင်လွန်းသည်။
ချစ်ပါသည်ဟုလည်း ထုတ်ဖော်မပြော။
ကြင်နာပါသည်ဆိုသည့်အရိပ်အယောင်ကိုပင် သူ့မျက်လုံး၊ သူ့ အပြုအမူများ အရသာ ဖြူ သိရခြင်းပါ။
ဖြူ့ကိုမလှည့်စားပါနဲ့လို့ မာန်လျှော့ပြီး တောင်းပန်ပါရစေရှင်ရယ်။

* * *

မြန်မာပြည်တွင် သဘာဝအလှအပများ ပေါလွန်းလှပါ၏။ ကြည့်ရှုမဆုံး မြင်၍ မခန်းဟုပင် တင်စားလိုက်ချင်ပါသည်။

ဖြူဝေလွင်၊ မွန်၊ သဲ၊ ဆု၊ မော်၊ မြတ်နှင့် သဲသဲတို့ (၇) ယောက်နှင့်အတူ ဒေါ်ဝိုင်းတို့ ပြင်ဦးလွင်သို့ ထွက်ခဲ့ကြသည်။
ပြင်ဦးလွင်သည်....
ပြင်ဦးလွင်။
ပန်းမြို့တော်။

နှင်းမြို့တော်။

တောင်လှေကား မြို့တော်။

မေမြို့ဟု ငါးမည်ရသော မြို့ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး အမြန်ရထားဖြင့် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြပြီး မန္တလေးမှ မေမြို့သို့ ကားဖြင့် တက်ခဲ့သည်။

မေမြို့တွင် နှစ်ပတ်ခန့်နေရန် စိတ်ကူးမိကြသည်။

ဖေဖေတို့၏ အသိမိတ်ဆွေအိမ်များ ရှိသော်လည်း တည်းခိုခန်း၌ ထွင်ပင် နေကြသည်။

စားလိုက်၊ သောက်လိုက်၊ ပျော်လိုက်၊ ပါးလိုက်၊ လှေလာလိုက်နှင့် အချိန်ကုန်သည်။

'တစ်ရွာ တစ်ကျီဆောက်' ဆိုသည့် စကားအတိုင်း ဖြူတို့မေမြို့တွင် တစ်ကျီမက ဆောက်ခဲ့ကြသည်။

ရှယ်တူအပေါင်းအသင်းများနှင့် ရင်းနှီးခဲ့ကြသည်။

ပြန်တော့မည့်နေ့ရောက်တော့ တစ်အိမ်ဆင်း တစ်အိမ်တက်လိုက်နှုတ်ဆက်ရင်း ဗိုက်ပင်မဆံ့အောင် စားခဲ့ကြရ၏။

စာရေးရန်လည်း အတန်တန်မှာကြ၏။

ဖြူတို့ပြန်တော့ လက်ပြနှုတ်ဆက်ရင်း မျက်ရည်ဝဲစွာနှင့်ကျန်ခဲ့သည်။

နှစ်ပတ်အတွင်း သံယောဇဉ်ဆိုသည့် အဖြူရောင်ကြိုးက် ရစ်နှောင်ဖြစ်ကြသည်။





ငယ်ရွယ်သူမို့ ခင်မင်သိကျွမ်းလွယ်သည်။

အရေးထဲ 'ချယ်ရီ' က သူ့ကိုယ်စား ချယ်ရီပန်းခြောက်များကို ပလတ်စတစ်နှင့်ထုပ်ကာ ပေးလိုက်သေး၏။

သူ့မေတ္တာကို တန်ဖိုးထားသည့်အနေဖြင့်ချယ်ရီပန်းခြောက်များကို သေချာစွာ သိမ်းဆည်းထားလိုက်ပါသည်။

'နေရစ်ခဲ့ပေတော့ ပြင်ဦးလွင်' လို့ နှုတ်မဆက်ချင်လောက်အောင် ကြေကွဲစွာ ခံစားရပါသည်။

●

## အခန်း (၁၁)

ကျောင်းကြီးပိတ်ထားသဖြင့် ဖြူပျင်းနေမိသည်။

အင်္ဂလိပ်စကားပြောသင်တန်းက တစ်နေ့ ၂ နာရီခန့်သာ တက်ရသည် မဟုတ်လား။

ကျောင်းတက်ရစဉ်က ပျော်စရာများကို ပြန်တွေးမိတော့ ဘာလိုလိုတစ်မျိုးကြီး ခံစားရသည်။

အတန်းထဲတွင် ကြုံတွေ့ခဲ့ရသော ဟာသရသလေးများကို မမေ့နိုင်။

ဘာသာရပ် ၆ ခု ရှိသဖြင့် ဆရာ ဆရာမ ၄ ဦး တို့၏ ဘဝ ၄ မျိုးကို သိရှိခွင့် ရသည်။

ကြိမ်ကိုင်သည့် ဆရာဆိုလျှင် ကျောင်းသားများ မလှုပ်ရဲတော့။ ရယ်စရာပြောပြီး ပျော်ပျော်နေတတ်သည့် ဆရာဆိုလျှင် ငုံ့ထိန်းမရ၊ သိမ်းမရနိုင်လောက်အောင်ပင် ကဲလွန်းကြသည်။

ဗဟုသုတပြောသည့် ဆရာဆိုလျှင် စိတ်ဝင်တစား ရှိလှပါတိ။

ကျောင်းတွင် ကျင်းပသော ပျော်ပွဲ၊ ရှင်ပွဲ၊ နေ့ကြီးရက်ကြီး ဟောပြောပွဲ၊ အာစရိယ ပူဇော်ပွဲ၊ ဘာသာရေးပွဲ အမျိုးမျိုးကို ပြန်လည် တမ်းတမိ၏။

ကျောင်းတွင် ဖွင့်လှစ်သော သင်တန်းမျိုးစုံကို ပြန်မြင်ယောင်မိသည်။

သူငယ်တန်းမှ ဒသမတန်းအထိ နေခဲ့ရသော ကျောင်းတော်ကြီးက ခွဲခွာရတော့မည်ဟု သိရသဖြင့် ကုန်လွန်ခဲ့သော အချိန်တို့အား နှမြော တသမိသလိုလို။

မူလတန်းမှ အထက်တန်းအထိသည် ပွတ်လပ်သော ဘဝဟု နားလည်ထားလိုက်မိ၏။

သူငယ်ချင်းများကလည်း ကလေးစိတ် မကုန်သေးသည့်အရွယ်။ စိတ်ကောက်လွယ်၊ စိတ်ပြေလွယ်၊ မေ့လွယ် ပျောက်လွယ်သည့် အချိန်ပေမို့ ပျော်ရွှင်မှုမှာ နုပျိုသစ်လွင်လှသည်။

တက္ကသိုလ်သို့ ရောက်လာပြီဆိုတော့ တစ်ဦးအပေါ် တစ်ဦး နားလည်ခွင့်လွှတ် သည်းခံကာ တည်တည်ကြည်ကြည် ပျော်ရွှင်ရပြန်သည်။

ကိုယ်ဝါသနာပါရာကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရသဖြင့် ကြိုးစားထားသမျှ အရာထင်ကာ အားသစ်အင်သစ်များ ဖြစ်ပေါ်ရသည်။

ဘွဲ့ရပြီးသူများက ဆိုပါသည်။





ဘွဲ့ရရှိသည့်နေ့သည် ဆယ်တန်းအောင်သည့် နေ့လောက် ပျော်စရာမကောင်းပါတဲ့။

ဘယ်ကောင်းတော့မတုံး။

ဆယ်တန်းအောင်စဉ်က ကလေးသာသာအရွယ်။ ဟန်ဆောင်တောင်းသည်။ ရင်ထဲရှိသည့်အတိုင်း လွတ်လွတ်လပ်လပ် ပျော်မိသည်။

တက္ကသိုလ်မှ ဘွဲ့ရချိန်ကျပြန်တော့ ဆရာဝန်ဆိုလည်း ဆေးရုံအိမ်။ အိမ်နှင့်ဆေးခန်း ရှုပ်ထွေးနေလေပြီ။

ငယ်က ပေါင်းခဲ့ရသော သူငယ်ချင်းများသည်လည်း ကိုယ်သနာပါရာ လမ်းအသီးသီးသို့ လျှောက်လှမ်းကြရတော့မည် သဖြင့် ခွဲရပေဦးမည်။

လူတိုင်းတွင် ရည်မှန်းချက်ကိုယ်စီနှင့် မဟုတ်လား။

ဖြူ့ သူငယ်ချင်းများထဲတွင်ပင် တစ်ဦးနှင့်တစ်ဦး ရည်ရွယ်ချက် မတူ။

‘မော်’ သည် ‘လေယာဉ်မယ်တစ်ဦး ဖြစ်ရန် ရည်မှန်းထားသည်၊ ဖြစ်ရန်လည်း အစွမ်းကုန် ကြိုးစားမည်ဟု အားခဲထား မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်၊ မွန်ဟူသော ဘာသာစကား မျိုးကို ကျွမ်းကျင်၍ ချောမောသောသူ့ရုပ်နှင့် လေယာဉ် ဖြစ်နိုင်ပါသည်။

သချာတော်သည့် တိုင်းနေ ထွာနေရမှ သဘောကျသော သည် အင်ဂျင်နီယာ ဖြစ်ရမည်ဟု ကြွေးကြော်ထားသည်။

နေ့ဟုတကာ ဆရာလုပ်ချင်သော၊ သွန်သင်ဆုံးမတတ်သော၊ နာဖြူသော ‘မွန်’ သည်ကား သူ့ ရည်မှန်းချက်နှင့်ထူ

အံကိုက် ဖြစ်ပါသည်။ အနာဂတ် ပန်းကလေးများအတွက် ဆရာမကောင်းတစ်ဦး ဖြစ်လာပါလိမ့်မည်။

ဆိုနေ တီးနေရမှ ကျေနပ်နိုင်သော ‘သဲသဲ’က အဆိုတော်တစ်ဦး ဖြစ်ချင်သူပါ။ ဘွဲ့တစ်ခုရမှ တင့်တယ်သည်ဟူသော မိဘစကား မပယ်လို၍ စာကို ဖိလို ကြိုးစားနေသည်။

‘မြတ်’ ဝါသနာကတော့ ထူးခြားလှသည်။

စစ်သူနာပြုတစ်ဦးဖြစ်ချင်နေသူ၊ ဝါသနာအမြစ်တွယ်လာကလည်း ထူးထူးခြားခြား။

မြတ် အစ်ကို အကြီးဆုံးက တပ်မတော်သား။ ရှေ့တန်းတစ်နေရာတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ဒဏ်ရာရသည်။ မြတ်တို့မိသားစုတစ်စု ဆေးရုံကိုသွားကြည့်ရာမှ စစ်သူနာပြုများကို မြတ် သဘောတွေ့သွားသည်။ ထိုအချိန်မှစ၍ ဝါသနာသည် ခိုင်မြဲလာတော့၏။

ဖြူကျတော့ကော....

ဖြူသည် အစကတည်းက ဆရာဝန်တစ်ဦးဖြစ်ရန် ရည်မှန်းထားသည်။

ဖြူ့မိခင်သည် ဖြူ့ကို မွေးဖွားရင်း ဆရာဝန်မရှိသဖြင့် သေဆုံးခဲ့ရသလို ဖြူ့ ဖခင်သည်လည်း ဆရာဝန်ဆီ အချိန်မရောက်သဖြင့် သေဆုံးခဲ့ရပြန်သည်။

ဆရာဝန် ရှားပါးခြင်းကြောင့် ဖြူ မိမဲ့ဖမဲ့ ဖြစ်ခဲ့ရသည်နောင် ဘယ်သောအခါမှ ကလေးငယ်များ ဖြူ့လိုဘဝမရောက်စေခြင်းငှာ ဖြူ ဆရာဝန် ဖြစ်ချင်လွန်းသည်။





သို့သော် ဖြူ့ မွေးစားမေမေသည် ၇ နှစ်ကြီးများ တက်ရမည့် ဆေးတက္ကသိုလ်သို့ တက်စေချင်ပါမည်လား။

“မိန်းကလေးပဲ ဆယ်တန်းအောင်ရင် တော်ရောပေါ့” ဟု ဆိုလေမည်လား။

အမှတ်ကတော့ ဆေးတက္ကသိုလ် မပီစရာအကြောင်းမရှိ။

ဆေးတက္ကသိုလ်ထက် အမှတ်များမှ တက်နိုင်မည့် တက္ကသိုလ်ရှိလျှင် ထိုတက္ကသိုလ်သို့ပင် ဖြူ တက်နိုင်ပါလိမ့်မည်။

ဤသည်ကား ကြိုးစားမှု၏ ရလဒ်ပင်။

ဖြူက ကြိုးစားမှုပြုပါလျက်၊ ဝီရိယရှိပါလျက်၊ ဇွဲထားပါလျက်နှင့် ဆေးတက္ကသိုလ်သို့ တက်ခွင့်မရလျှင် ကံဟုသာ ပုံချလိုက်တော့မည်သာ။

ကံကြမ္မာမုန်တိုင်းသည် မည်သို့ရှိမည် မသိ။

* * *

ဤနေ့သည် ဖြူ့ မွေးနေ့။

ဖြူ့အသက် ၁၇ နှစ် တင်းတင်းပြည့်သည့်နေ့။

သို့တည်းမဟုတ်....

ဖြူ့ မိဘနှစ်ပါး ကွယ်လွန်ခဲ့သည့် ၁၇ နှစ်မြောက်နေ့။

ဖြူ မနက်လေးနာရီ ထကာ အရုဏ်ဆွမ်း ကပ်လှူသည်။ ဘုရားမီးပူဇော်သည်။

သံဃာတော် ၁၇ ပါးအား အရုဏ်ဆွမ်း ကပ်လှူသည်။

ညနေဘက်တွင်တော့ ရွှေတိဂုံဘုရားသို့သွားကာ ဆီမီးပူဇော်လှူသည်။

ဘုရားရှေ့ဝယ် ပုဆစ်တုပ်၍ လက်ဆယ်ဖြာ ယှက်ကာ မိုးလျက်....

မိဘနှစ်ပါး ကောင်းရာသုဂတိလားပါစေ။

မိမိရည်မှန်းချက် အောင်မြင်ပါစေ။

မေမေ၊ မညိုတို့နှင့် ဆက်ဆံရေး ပြေလည်ပါစေ။

ချစ်ဖေဖေ ကျန်းမာပါစေ စသည်ဖြင့် နောက်ဆုံးတွင် ကိုဇော်ဇော်ဦး ဆိုသည့်လူကိုမေ့နိုင်ပါစေဟု ဖြည့်စွက်ဆုတောင်းမိသည်။

ဘုရားရှေ့ရှိ ပန်းအိုးထဲသို့ ဖြူ အစ်မတန်မြတ်နိုးသည့် နှင်းဆီပွင့် ဖြူဖြူများအား ထည့်လိုက်သည်။

ဖြူသည် အဖြူရောင်ကို အလွန်နှစ်သက်သည်။ အဖြူရောင်သည် ဖြူစင်သန့်ရှင်းမှုကိုပြပြီး ကျန်အရောင်အားလုံးသည် အဖြူရောင်မှ ဆင်းသက်လာသည် မဟုတ်လား။

ဇော်ဇော်ဦး ဖြူ့ကို ကြည့်နေမိသည်။

အဖြူတွင် အနက်စံပယ်ပွင့်လေးများပါသောအနားလှလှနှင့် ထဘီကိုဝတ်ထားပြီး အဖြူအိတ်တုံစကို ရှပ်အင်္ကျီပုံစံချုပ်ထားသဖြင့် ဖြူ့ပုံသဏ္ဌာန်က ကဗျာဆန်ဆန်လှသည်။

ဆံပင်အားလုံးကို စုသိမ်း၍ ဖဲကြိုးဖြူဖြူလေးများနှင့် မြင့်မြင့်လေး ချည်ထားသည်။ သို့ကြောင့် ကုပ်သားဖွေးဖွေးလေးမှာ ပေါ်လာရသည်။ မွေးညင်းစိမ်းစိမ်းလေးများက မျက်လုံးမလွှဲနိုင်အောင် ဖြစ်ရသည်။

သနပ်ခါး မထူမပါးလေးနှင့် လှပလွန်းသော မျက်နှာလေးက ဝင်းအိအိ။





တစ်ယောက်တည်းလာသော ကောင်မလေးကို ဇော်ဇော်ဦး ဒေါ်ပွမိသည်။

ဒေါ်ဝိုင်း မအားလို့ထင်။

သူမကတော့ သူမကိုယ် သူမ ယုံကြည်စားပုံ ရသည်။ တစ်ယောက်တည်း သွားရဲလာရဲရှိလွန်းသည်။

ဇော်ဇော်ဦး အန်တီတို့ကို ဘုရားလိုက်ပို့ရာမှ ဖြူနှင့် အခုလို ဆုံခြင်းပင်။

ခုနဟုန်းဆီက အန်တီတို့က ဖြူ့ကို ကြည့်၍ ဝေဖန်နေကြသည်။

"အဖြူရောင်လေးနဲ့ မိန်းကလေးက ချောလိုက်တာ"

"ချစ်စရာလေး နော်"

ထိုစကားအထိ ဇော်ဇော်ဦး ကျေနပ်မိသည်။

"ချွေးမတောင် တော်ချင်လာပြီ"

"ယောကျ်ားလေးတွေ ဝိုင်းနေမှာပဲ နော်"

ကြားရသော စကားများကြောင့် ဇော်ဇော်ဦး မျက်နှာ ... တော့မည့်မိုးလို ညှိုးကျသွားသည်။

တစ်ကိုယ်လုံး နွမ်းဖပ်သွားရသလိုလို။

မိမိကသာ မစဉ်းစားမိတာ။

ဖြူ့ကိုချစ်တဲ့ ကောင်လေးတွေ။

ချွေးမ တော်ချင်တဲ့ ယောက္ခမတွေ ပေါလွန်းနေမှာပဲ။

တွေးလေ ဆွေးရလေပါလား။

မတွေးမိရင် အကောင်းသား။

တွေးမိတော့ စိုးရိမ်စိတ်တွေ ပိုရသည်လေ။

အနှိတ်တို့နှစ်ဖယောက် စကားလက်ဆုံကျနေစဉ် လှစ်ခနဲ လစ်ထွက်ခဲ့သည်။

အချစ်တွက်ဆို လျှင်မြန်ကြသည်မဟုတ်လား။

ဖြူ ဘုရားရှိခိုးနေသည်ကို တဝကြီး ရပ်ကြည့်နေလိုက်သည်၊

ဖြူ ဆိုသည့် မိန်းကလေးကို ကြည့်နေရလျှင် အလိုလိုကြည်နူးရသည်၊ ပျော်မွှင်ရသည်။

မိမိစိတ်ကိုပင် မိမိ မယုံချင်တော့။

ဤမိန်းကလေးကို သံယောဇဉ်ဖြစ်နေမိသည်။

ဟော....ဖြူ ဘုရားရှိခိုးလို့ ပြီးသွားပြီကော....

"ဖြူ...."

"ဟင်....ကိုဇော်ဇော်ဦးပါလား၊ အိမ်ကို လာလည်ပါဦး၊ ညိုက မျှော်နေတာ"

သည်မိန်းကလေး စကားတတ်လာပြီ။

ဘယ်ရမလဲ၊ ဇော်ဇော်ဦးပဲလေ။

"အခု ဖြူအပြန် ကိုယ်တစ်ခါတည်း လိုက်ခဲ့မယ်လေ"

"အို....မလိုက်ရပါဘူး"

"ဘာဖြစ်လို့လဲဟင်"

"ဟင့်အင်း....မလိုက်ခဲ့နဲ့၊ ကိုဇော်ဇော်ဦးဘာသာ လာပေါ့"

"ကိုယ်တို့အိမ်က ကားတွေအားလုံး ဝပ်ရှော့ပို့ထားရတယ်၊ အခုတောင် လိုင်းကားနဲ့ လာရတာ"

ဟုတ်မယ် မထင်ပေါင်။

သူ့ပုံစံက အပြတ်သားနားနေသည်။





အဖြူနှင့် အနက်ကွက်များပါသည့် ရှပ်အင်္ကျီ လက်ရှည်ကို အဖျားတွင် ခေါက်တင်ထားသည်။

ဂျင်းပင်(န်) အဖြူရောင်နှင့်။

အဖြူနှင့်အပြာ အဆင်များပါသည့် ဝေါ့ကင်းရှူးကို စီးထားသည်။

ပုံစံကြည့်ရသည်မှာ လိုင်းကားနှင့်လာသည် မဖြစ်နိုင်ရာ။

သူ ညာတတ်သွန်းသည်။

ဖြူကလည်း ဖြူကိုး။

သူ၏ ရိသဲ့သဲ့ စကားများကို မကြားလိုသဖြင့် မမညို အကြောင်းကို ဦးစွာပြောကာ ရှောင်လိုက်သည်။

သို့သော် လူလည်က ဖြူ့စကားနှင့် ဖြူ့ကို အကျပ်ကိုင်လာသည်။

ဘယ်သို့ ငြင်းရပါ့။

သူနှင့်ဆုံတိုင်း ဖြူ အလိုမကျ ဖြစ်ရသည်။

သူ့ကို ချစ်ပါသော်လည်း ဟန်ဆောင်နေရသဖြင့် ဖြူ စိတ်ဘိုရပြန်သည်။

အဆုံးမတော့ သူ့ကိုသာ အပြစ်ဖို့မိ၏။

"ဖြူ"

"ဟင်"

"ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ"

ကြာကြာနေတော့ ဇော်ဇော် ဖြူ့ကို သနားရသည်။ ဖြူ့မှာ အခက်အခဲတွေ ရှိနေသည်ကို သူ သိထားသည်လေ။

အိမ်ကို ကားနှင့် တင်ခေါ်သွားဖို့ ဆိုသည်မှာ ဖြူ့အဖို့ လူသတ်ရန်ထက် ပိုခက်၊ ပိုကြောက်ပါလိမ့်မည်။

"ကိုယ်တကယ် မလိုက်ပါဘူး၊ ဖြူ့ကို စတာပါ၊ စိတ်မဆိုးပါနဲ့နော်"

ဖြူ ဘာမှမပြော။

"ဒါနဲ့ ဖြူ ခုန ဘာဆုတွေ တောင်းနေတာလဲ၊ ဒီလိုပဲ ဘုရားကို ခဏခဏ လာတယ်လား"

"ဟင့်အင်း....တစ်နှစ်မှ တစ်ခါလောက် ရောက်ဖြစ်တာပါ"

ဇော်ဇော်ဦးက စူးစူးရှရှကြည့်နေသည်။

"ဖြူ ဘာဆုတွေ တောင်းသလဲဆိုတော့ ကိုဇော်ဇော်ဦးလိုတဲ့လူနဲ့ မဆုံ မကြုံပါစေနဲ့လို့"

"ဪ....ဖြူရယ်"

ဇော်ဇော်ဦး ငိုင်ကျသွားသည်။

မျက်နှာကလည်း မှိုင်းဝေ မှုန်ရီလျက်။

ဖြူ စိတ်မကောင်း ဖြစ်မိသည်။

တာရှည် မာန်မတင်းနိုင်တော့။

"အလကား စတာပါ၊ ဖေဖေ မေမေတို့ ကျန်းမာပါစေလို့ပေါ့"

"ဖြူ ကလဲ့စား ချေလိုက်တာပေါ့လေ"

"မဟုတ်ပါဘူး၊ ဖြူ ဘယ်သူ့ကိုမှ ဖြူ့ကြောင့်စိတ်မဆင်းရဲစေချင်ဘူး"

"ယုံပါတယ် ဖြူရယ်၊ ဖြူ မြင်ဦးလွင်ကိုသွားတာ ကိုယ့်အတွက် ဘာမှ မပါဘူးလား"





"ဒီနေ့အထိ ဘယ်ယောကျ်ားသားကိုမှ ဖြူ ဘာ လက်ဆောင်မှ မပေးဖူးသေးဘူး၊ ပေးမယ်လို့လဲ မရည်ရွယ်ပါဘူး"

"အစားကိုသာ အကုန်စား၊ စကားကို အကုန်မပြောရဘူး ကလေးမလေးရဲ့"

ဟွန့်....ပုံက ပြုံးစိစိနဲ့။

ရယ်စရာများ မှတ်နေသလား။

"အကုန်ပြောတာ မဟုတ်ဘူး၊ စိတ်ထဲရှိတဲ့အတိုင်း ပြောတာ"

"ထားပါတော့"

ပြောပုံက ကြည့်ပါလား။

ဖြူဝေလွင် စိတ်ဆိုးစွာ ကြည့်လိုက်သည်။

"ဒါနဲ့ဖြူ၊ ကိုယ်တို့အားလုံး ဈေးပွဲစားထွက်ဖို့ စီစဉ်ထားတယ်၊ လိုက်မယ် မဟုတ်လားဟင်"

"မလိုက်ပါဘူး"

"ဖြူ့ သူငယ်ချင်းတွေက ဖြူ့ကို မရ ရအောင် ခေါ်ရမယ်တဲ့"

ဖြူ အံ့ဩသွားရသည်။

"ဖြူ့ သူငယ်ချင်းတွေ၊ သူတို့နဲ့ ကိုဇော်ဇော်ဦးက ဘယ်လို"

"ပေါင်းထားရတယ်လေ၊ ဖြူ့ကို လိုက်ခဲ့စေချင်လို့ပေါ့"

"လူတစ်ကိုယ်လုံး ဉာဏ်ချည်းပဲ"

သူ့ကိုကြည့်၍ သနားသွားသဖြင့် ရန်မတော်ဖြစ်တော့။

"ညကျမ်းတော့ ဖြူ့ကို သိပ်....ခင်လိုပါဖြူရယ်၊ ဖြူက အိမ်မှာချည်းပဲ နေနေရတာ ပျင်းနေမှာပေါ့၊ တစ်ခါတလေပဲ ဖြူ ရယ်၊ လိုက်ခဲ့ပါနော်"

"ဟင့်အင်း....ဖြူမလိုက်ဘူး၊ ဖြူ ပြန်တော့မယ်နော်"

သူ့စကားများကို ကြားနိုင်စွမ်း၊ နားထောင်နိုင်စွမ်း ဖြူ မှာ ရှိမနေလေပါ။

"လိုက်ပို့ရမလားဖြူ"

ဖြူ ပြန်ချင်မှန်းသိ၍ ဇော်ဇော်ဦး မတားတော့။

"ရပါတယ်"

"လိုက်ခဲ့ပါနော် ဖြူ၊ ကိုယ်သိပ်မျှော်လင့်နေရပါတယ်ကွယ်"

ခက်ပါလားနော်။

သူ့စကားကို ဖြူ မပြင်းတတ်။

သူငယ်ချင်းများကိုလည်း အပိုင်ပင် ပေါင်းထားသည်။

ကောင်မတွေကလည်း တော်တော်ရှုပ်။



ခန်း (၁၂)

"ဖြူ ခင်ရင် မငြင်းနဲ့"

"မလိုက်ရင်တော့ တစ်သက် မခေါ်တော့ဘူးမှတ်ပါ"

"ဟုတ်တယ်၊ အဲဒါဆို ဖြူ့ကို ပယ်မဲ သတ်မှတ်လိုက်မယ်"

"လိုက်ခဲ့ပါ သူငယ်ချင်းရယ်၊ တို့နဲ့အတူတူ မပျော်ချင်ဘူးလား"

တစ်ယောက်တစ်မျိုး ဝိုင်းပြောနေပြန်တော့ အငြင်းရခက်လှသည်။

"မင်းတို့နဲ့ ဖြူလိုက်ချင်ပါတယ်၊ ဒါပေမယ့် ဟိုလူနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး"

"ဟာကွာ....ဘာဆိုင်တာမှတ်လို့၊ ဖြူ့ အနားမှာ ကိုယ်တို့အားလုံး ရှိနေမှာပဲ"

"မင်းတို့ရှိလဲ သူ့အကြည့်က မပြောင်းသွားနိုင်ဘူး"

"ကြည့်တာပဲကွာ၊ ပဲ့ပါသွားတာမှ မဟုတ်ဘဲ၊ ကြည့်ပရေစေပေါ့"

ရော....ခက်ပြီ။

"စိတ် နှစ်ပိုင်းတစ်ပိုင်း ပိန်လာပြီနော်"

"နှစ်ပိုင်းတစ်ပိုင်းမကလို့ နှစ်ပိုင်းနှစ်ပိုင်းပဲ ပိန်ပိန်၊ လိုက်ခဲ့ရမယ်၊ ဒါပဲ"

"တို့ကိုတကယ်ခင်ရင် ဖြူ လိုက်မှာပေါ့"

ဖြူ အကြံအိုက်သွားသည်။

ဘယ်လိုအကြောင်းပြ ငြင်းရမလဲ။

ဟုတ်ပြီ။

အကြံရပြီ။

"နင်တို့ ငါ့ကိုလိုက်စေချင်တာ တကယ်နော်"

"ဟဲ့....အကယ့်စေတနာမပါဘဲ လာခေါ်ပါ့မလား"

"ဒါဆို မေမေ့ကိုပြော၊ မေမေ့ခွင့်ပြုချက်ရရင် လိုက်ခဲ့မယ်၊ ဘယ်လိုလဲ"

"ကောင်းပြီလေ....စိန်လိုက်၊ ကတိတော့ တည်ပါစေနော်"

မှန် ပြောပြောဆိုဆို နေရာမှထသွားသည်။

မှန်က ဘာတွေပြောလို့ မေမေက ဘာတွေပြောသည်မသိ။

အိမ်ရှေ့သို့ထွက်လာသောအခါ ဖြူကြားအောင် တမင် ထပ်မေးပြသည်။

"အန်တီ၊ ဖြူ့ကို ခေါ်သွားမယ်နော်"

"အေး....အေး၊ ခေါ်သွား....ခေါ်သွား"





"ကဲ....ဘယ်လို"

မေမေ ဘုရားခန်းထဲဝင်သွားတော့ မှန်က မေးလာသည်။

ဖြူ ရှုံးပြီ။

မတာတ်နိုင်တော့ပါ။

"ဘယ်နေ့လောက် သွားကြမှာလဲ"

"တနင်္ဂနွေနေ့လောက် သွားကြတာပေါ့"

"ဒီနေ့ အင်္ဂါနေ့နော်၊ အင်း....သိပ်မလိုတော့ပါလား"

"ဟုတ်တယ်၊ တို့ပြန်ဦးမယ် ဖြူ၊ ဆက်ဆက် လိုက်ခဲ့ရမယ်နော်"

"အေးပါဟ"

မေမေက ဘာကြောင့် လိုက်သွားခွင့်ပြုလိုက်သည် မသိ။

မော်မော်တို့၊ မှန်မှန်တို့ကို အားနာ၍လား မဆိုနိုင်။

အလိုက်မသိတတ်လွန်းသူဟု အထင်မခံချင်၍လား။

ငိုတ်ညစ်ရတယ်။

အဲဒါ သူ့ကြောင့်။

* * *

ဖြူ့ ခေါ်လေးခေါ်နုနု ရန်ကုန်ရောက်လာသဖြင့် ဖြူ ကြည်နူးည်။

ဖြူနှင့် စာအဆက်အသွယ်ရှိသော်လည်း ရန်ကုန်သို့ တစ်ခါမှ ာ။

မှုသိုးမ ဖြူ့ ခေါ်လေးသည် မိန်းမသားပေမယ့် လောကကြီး အန်တုကာ ဘဝတိုက်ပွဲကို ရဲရဲရင့်ရင့် ဆင်နွှဲနေသည်။

အခုဆိုလျှင် ဒေါ်လေးနု၏သားအကြီးဆုံး ဖြူ့မောင် တင်ဝမ်းကွဲ မောင်သီဟမှာ အငြမ်ပဲတန်းသို့ပင် ရောက်နေလေပြီ။

ဒေါ်လေးနုသည် အိမ်မှုကိစ္စများတစ်ဖက်၊ စီးပွားရေး တစ်ဖက် အင်မတန် အလုပ်များရရှာသည်။

အခုလည်း ကုန်ဝယ်ကိစ္စတစ်ခုနှင့် ရန်ကုန်သို့ သုံးရက်နေ့ လာခြင်းပင်။

ဒေါ်လေးနုလာမည်ဟု သိရသဖြင့် အရမ်းမျော်လင့်နေသူ ဖြူဝေလွင်။

မေမေ၏ တစ်ယောက်တည်းသော ညီမ။

ဖြူ၏ တစ်ဦးတည်းသောအဒေါ် မဟုတ်လား။

ဒေါ်လေးနုကို ဘူတာရုံတွင် သွားကြိုခဲ့သည်။

နေတော့လည်း ဖြူ့အခန်းမှာပင်။

ထိုသည်ကို မေမေ ကြည့်ပုံမရ။

မတတ်နိုင်ပါ။

ဒေါ်လေးကိုတော့ ဖြူ တာဝန်ကျေစွာ ပြုစုပါရစေမှု မေမေ့ကို စိတ်ထဲမှ ခွင့်ပန်မိသည်။

တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားစာကြည့်တိုက်၊ ပြတိုက်အမျိုးကို ခေါ်သွားခဲ့သည်။ သမ္မတရုပ်ရှင်ရုံတွင် ရုပ်ရှင်ဝင်ကြည့်သည်။

ဗိုလ်ချုပ်ဈေး၊ ပြည်သူ့ကုန်တိုက်တို့ကိုလည်း ရောက်ခဲ့ မြို့ပြန်လက်ဆောင်များလည်း ဝယ်ပေးမိသည်။

ဒေါ်လေးနု တအံ့တဩနှင့် ပျော်ရွှင်နေပုံကိုကြည့်၍ ကြည်နူးမွေ့လျှော်ရသည်။





"ဒေါ်လေးနု"

"ဘာလဲ ဖြူ"

"ဖေဖေနဲ့မေမေ့အကြောင်းတွေ ဖြူ့ကိုပြောပြပါလားဟင်"

"အြော်....သမီးလေးရယ်၊ သမီးမေမေ သုသုသာရှိရင် သမီးကို ဘယ်လောက်ချစ်လိမ့်မလဲနော်"

ဒေါ်လေးနုစကားကြောင့် မျက်ရည်တို့ ဝိုင်းခြုံသွားသည်။

"သမီးဖေဖေနဲ့ မေမေ့ဇာတ်လမ်းက ဒီလိုကွယ့်"

"ဟုတ်ကဲ့၊ ဖြူ နားထောင်နေပါတယ် ဒေါ်လေးနု"

* * *

"သု....သုခရ"

သုသုက တစ်ဖက်သို့ ချာခနဲ လှည့်သွားသည်။

"သုရယ်၊ အခုထိ မကျေနပ်သေးဘူးလား ဟင်"

"ဟင့်အင်း၊ ကျုပ်ကိုလာမခေါ်နဲ့၊ တော့်အသံ မကြားချင်ဘူး"

"သုရယ်၊ ကိုအောင် သုနဲ့နီးဖို့ကြိုးစားနေတာ သုသိသားရဲ့"

"ဘာကြိုးစားတာလဲ၊ မှာထိပ်က သူကြီးသမီးရွှေမိနဲ့တွဲနေတာဟာ သုနဲ့နီးဖို့ ကြိုးစားနေတာလား ကိုအောင်ရဲ့"

"မဟုတ်ပါဘူး သုရယ်၊ ကိုအောင်တို့ခင်ဗျာ ရိုးရိုးသားသားပါ"

"ရိုးရိုးသားသားဆိုရင် ဘာလို့ ပွဲသွားကြည့်တာလဲ"

"သူကြီးက လိုက်ပို့လိုက်ပါဆိုလို့ ပို့ရုံတင်ပို့ပြီး ပြန်လာတာ"

"မောင်ပါရှင်၊ သူကြီးက ငါ့သမီးကို ယူလိုက်ပါဆိုရင်လဲ ယူမှာပဲမဟုတ်လား"

"သူ...."

ကိုအောင့်အသံက ဟိန်းသွားသည်။

"မင်း ငါ့သိက္ခာကို စော်ကားလှချည်လား၊ ငါ့အပေါ် အယုံအကြည် တစ်စက်လေးမှ မရှိဘူးလား ဟင်၊ ပြောစမ်း.. မြဲမြဲမှတ်ထား သူ၊ မင်းကလွဲရင် ဘယ်သူ့ကိုမှမချစ်ဘူး၊ ယူလ မယူနိုင်ဘူး''

ကိုအောင့်စကားများကြောင့် သူ မျက်ရည်ဝိုင်းသွားသည်

ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းဝေဒနာက ရင်ကို တစ်ပြိုင် နက် ရိုက်ခတ်သည်။

ဝမ်းနည်းသည်ကား ကိုအောင် သူကိုအော်၍။

ဝမ်းသာသည်က သူကလွဲ၍ ဘယ်သူ့ကိုမှ မချစ်နိုင်ပါ ဆိုသောကြောင့်။

"သူရယ်....ကိုအောင့်ကို ယုံပါ၊ ကိုအောင်တို့မှာ တွေ့လိုက် တိုင်း စကားများတာချည်းပဲ၊ ချစ်သူရယ်လို့ ဖြစ်လာမှတော့ တစ်ဦးအပေါ်တစ်ဦး နားလည်အောင် ကြိုးစားရအောင်မှ သူရယ်၊ နောက်ပြီး သူ အခုလို စိတ်မဆင်းရဲရအောင် ကိုအောင် ဒီနှစ် အစွမ်းကုန်ကြိုးစားမယ်၊ ပြီး....ကိုအောင်တို့ လက်ထပ်မယ် နော် သူ"

"ကိုအောင်ရယ်"

ဆို့ဆို့လှိုက်လှိုက် နှင့်ခနဲ ခေါ်မိသည်။





ညနေခင်း ရောင်ခပ်ဆင်းချိန်တွင် ချစ်သူနှစ်ဦး အခုလို ဆုံနေ ချပင်။

မချစ်ဖူးသည့် အချစ်ဦးများမှ အချစ်ထူးကြသည်။

ကိုအောင်လည်း အချစ်ဆုံး သူကို မခွဲနိုင်သလို သူလည်း အချစ်ဦး ကိုအောင်နှင့် ကြာကြာခွဲမနေချင်တော့။

"သူနဲ့ အမြန်ဆုံး နီးနိုင်ဖို့ ကြိုးစားရမယ်၊ သူကို တင့်တင့် တယ်တယ် ထားနိုင်အောင် ကိုအောင် လို့ လုပ်ပြတော့မယ်"

ကိုအောင်နှင့် သူ လက်ချင်းမြဲမြဲ ဆုပ်ကိုင်မိကြသည်။

မျက်နှာတွင်တော့ အပြုံးပန်းများ ကိုယ်စီပွင့်ပွင့်လန်းလန်း။

* * *

ထိုအချိန်မှစ၍ ကိုအောင် မာနခဲလေး သူကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားရာ တစ်နှစ်အကြာတွင်တော့ လူသိရှင်ကြား ထိမ်းမြားပွဲ ကျင်းပနိုင်ခဲ့သည်။

ချစ်သူဘဝမှ တစ်ဆင့်တက်ကာ အကြင်လင်မယားအဖြစ်သို့ ရောက်ရှိခဲ့ပြီမို့ ကိုအောင် သူကို ပိုလို့ပင် ကြင်နာတိုးခဲ့ရသည်။

နှစ်နှစ်ခန့်အကြာတွင်မတော့ သူတွင် ကိုယ်ဝန်ရှိလာသည်။

မွေးသားလွယ်ချိန်မှစ၍ သူ ကျန်းမာရေးမကောင်းတော့။

ကိုအောင်သည်ကား ဇနီးကို တစ်ဖက်ပြုစုရင်း တိုးသာမည့် ရင်သွေးလေးအတွက် ပိုလို့ပင် အလုပ်ကြိုးစားရှာသည်။

သို့သော် သာယာသော၊ ငြိမ်းချမ်းစိုပြည်သော ကိုအောင် နှင့် သူတို့ ဘဝထဲသို့ ကံကြမ္မာမုန်တိုင်းက ရိုင်းပျစွာ ဝင်ရောက် လာခဲ့လေသည်တကား။

သု ဟူသည့် မိန်းကလေးသည် မိမိအသက်ထက် ရင်သွေး လေး၏ အသက်ကို အရယူပေးရန် လက်သည်ကို ပြောရှာသည်။

သု မရှိတော့သည့်နောက်ပိုင်းတွင် ခင်ပွန်းဖြစ်သူ ကိုအောင်သု အား အစဉ်သတိရနေစေရန် ရင်သွေးလေးတော့ ထား ပါရစေ ဟူသော တောင်းပန်သံလေးက ရင်နှင့်စရာ။

ကိုယ်ခံအားမကောင်းသော၊ သွေးအားနည်းသော သုသည် ရင်သွေးလေး မွေးဖွားပြီးသည်နှင့် သူ ချစ်သော ကိုအောင် ရင်သွေးလေးနှင့် လောကကြီးကို ကျောခိုင်းသွားတော့သည်။

ကိုအောင်သည် ရင်သွေးလေးဟူသော အသိစိတ်ဖြင့် ဝမ်း သာ၍ တစ်ကြောင်း၊ ဇနီးသေဆုံးကြောင်း သိရသဖြင့် ပူဆွေး၍ တစ်ကြောင်း လမ်းအလယ်မှ မြေတစ်ကောင်လုံးကိုပင် မမြင် တော့။

သူချစ်သော ဇနီးသည်နောက်ကို မိနစ်ပိုင်းမျှ ခြားကာ လိုက်သွားတော့သည်။

ထိုကြားထဲတွင် အပြစ်မဲ့သော ဖြူသည် မိဘမဲ့စွာ အထီးကျန် လျက် လောကအလယ်တွင် ကြီးပြင်းခဲ့ရသည်။

ဒေါ်လေးနုက မောပန်းသည်ထင့်။

ဘာမှ ဆက်မပြောတော့။

ဒေါ်လေးနု၏ မျက်ဝန်းအိမ်တွင် ဝမ်းနည်း ကြေကွဲမှု များအဖြစ် မျက်ရည်များက နေရာယူထားသည်။

ဖြူဝေလွင်သည်လည်း ထို့အတူပင်။

“သမီးရယ်၊ သမီး ကံကောင်းပါတယ်၊ အခုလိုနေရာမျိုး အပူပင်ကင်းစွာ နေနိုင်ပြီပဲ”





ဒေါ်လေးနု စကားကြောင့် တသိမ့်သိမ့် ကြည်နူးလိုက် ရတာ။

“ဒေါ်လေးနု”

“ပြော သမီး”

“သမီး နောက်ဆုံးတစ်ခု မေးချင်တယ်”

“မေး သမီး၊ မေး....”

“သမီးက ဖေဖေနဲ့တူလား၊ မေမေနဲ့တူလား ဟင်”

“သမီးရယ်၊ သမီးဟာ သမီး ဖေဖေနဲ့ မေမေတို့ရဲ့ ကိုယ်ပွား လေးလိုပါပဲ၊ မျက်ခုံး၊ မျက်လုံးက အဖေနဲ့ ပိုတူတယ်၊ နှာတံ ပေါ်တာ နှုတ်ခမ်းလှတာတွေကျတော့ မမသုနဲ့ တထေရာတည်း ပဲ အရပ်အမောင်းက ကိုအောင့်လိုပဲ၊ အသားကျပြန်တော့ အမေနဲ့တူပြန်ရော၊ စိတ်ဓာတ်ခိုင်တာ မာနကြီးတာတွေကျပြန် တော့ အမေနဲ့ ပိုတူတယ်ကွယ့်”

“မေမေက မာနကြီးလို့လား”

မျက်လုံးဝင်းလက်လက်ကလေးများနှင့် မေးနေသော တူမ လေးကို မြင်ရလေ၊ ဒေါ်လေးနု မမသုကို ပိုလို့ သတိရလေ။

“ကြီးပါပါကော အေ၊ ကိုအောင်နဲ့တောင် သုံးနှစ် သုံးမိုး လောက်ကြိုက်၊ ဒါတောင် ကိုအောင် အပြောကောင်းလွန်းလို့၊ မဟုတ်ရင် ဘယ်....ရိုက်တောင်လှတ်ဦးမယ်”

“ဖေဖေနဲ့ မေမေက သိပ်ချစ်ကြတာပဲလား၊ မေမေက ဖြူနဲ့ တူသတဲ့လား၊ ဖြူဟာ ဖေဖေနဲ့ မေမေတို့ ပေါင်းစပ်ထားတဲ့ ကိုယ်ပွားလေး ဟုတ်လား၊ ဝမ်းသာလိုက်တာ ဒေါ်လေးနု ရယ်”

ဖြူဝေလွင့် အသံလေးများက တုန်တုန်ယင်ယင် လှိုက်လှိုက်ခတ်ခတ်။

ဒေါ်လေးနုက တစ်ဖက်သို့ စောင်းလှည့်အိပ်သည်။

ထိခိုက်ကြေကွဲနေသည့်မျက်နှာကို ဖြူမမြင်အောင်လေလေ၊ အိပ်ချင်ချင်ရော်လောတော့ မသိနိုင်။

ဖြူ မနှောင့်ယှက်ချင်တော့။ အလိုက်သိစွာ ငြိမ်နေလိုက်သည်။

လူကြီးဆိုတော့ သွားရ လာရတာ ပင်ပန်းပေလိမ့်မပေါ့၊ အိပ်ပါစေလေ။

မအိပ်နိုင်လေသူ ဖြူ့မှာသာ....

ကမ္ဘာပေါ်မှာ မိမ့်ဖမ့်ကလေးဆိုတာ မရှိရင် သိပ်ကောင်းမှာပဲ။

ငါးပိရည်တစ်ခွက်ကို ဘယ်နှစ်ယောက် ဝေစားရ၊စားရ၊မိန့်ဖန့် နေရရင် အားလုံး ပြည့်စုံနေတာပဲ။

ဆင်းရဲရဲ ချမ်းသာသာ သားသမီးအပေါ်မှာ ထားရှိတဲ့ မိဘမေတ္တာက အတူတူပါပဲ။

လောကကြီးထဲမှာ မိဘမရှိတဲ့ ကလေးက သနားစရာ အကောင်းဆုံးပဲ။

ဘာပဲဖြစ်ဖြစ် မိဘမဲ့ကလေး ဖြစ်လာရင် ငါ့အကြင်နာကို အပြည့်အဝ ပေးရမယ်။

မေမေ ဖြူ့အပေါ် ရက်စက်သလို ဖြူ ဘယ်သူ့အပေါ်မှ မရက်စက်ဖြစ်အောင် ကြိုးစားသွားရမယ်။





တကယ်တော့ မိဘမဲ့ကလေးများကို လူတိုင်း လူတိုင်း ကြင်နာထားသည် မဟုတ်ပါလား။

သူတို့ဘဝလေးတွေ ရေဝေး ပန်းလို မညှိုးနွမ်းနေဖို့နှင့် ထိုကြာလို လန်းဆန်းမှု ရှိစေရန်မှာ အားလုံး၏ တာဝန် ရပ်ပင် ဖြစ်သည်။

သူတို့လေးတွေအပေါ် သနား ညှာတာ ထောက်ထားကာ ဖေးမမ လက်တွဲခေါ်ဆောင်ကြပါဟု တိုက်တွန်း ရေးသား ပါသည်။

သူတို့ဘဝလေးများက မြေနိမ့်နေသလို ရေနစ်သူများပမာ မြေနိမ့်ရာမှာ လှံစိုက်လျှင်၊ ရေနစ်သူ ဝါးကူထိုးလျှင် သင် တာဝန်ကျေသူတစ်ယောက် ဖြစ်ပါမည်လား။

* * *

"ဒေါ်လေး....ဖြူ့ဆီ လာလည်ဦးနော်"

"အေးပါ ကလေးရယ်၊ ဒေါ်လေး လာလည်ပါ့မယ်"

"ဖြူလဲ ဒေါ်လေးဆီ လာလည်ဦးမယ်"

"အေးအေး....လာခဲ့၊ သမီးမောင်တွေကလဲ သမီးကို မျှော် ာ"

"ဟဲ....ဒေါ်လေး သွားတော့၊ ရထားထွက်ဖို့ ငါးမိနစ်ပဲ ာ့တယ်"

"သွားမယ်နော် သမီး"

"ဟုတ်ကဲ့....ဒေါ်လေးနု"

ရန်ကုန်-မန္တလေး ရထားကြီးက ဖြူ့ဒေါ်လေးနဲ့ကို သ ဆောင်သွားလေပြီ။

ဖြူ့ဘဝလည်း ပြန်လည်ခြောက်သွေ့သွားရပြန်သလိုလို။

"အခုအထိ ငါ့ဘဝဟာ အထီးကျန်ပါပဲလား၊ ငါ့ကို ဓ မယ့်သူလဲ တစ်ယောက်မှ မရှိပါလားနော်"

အားငယ်စွာ တွေးမိပြီးမှ ရယ်ချင်သွားရပြန်သည်။

'ဘာလို့ စိတ်ပျက်အားငယ်နေမှာလဲ' ဟု ကိုယ့်ကိုယ်ကို အ တင်းလိုက်သည်။

"ဖြူ"

"ဟင်...."

နောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ သူ။

"ကိုဇော်ဇော်ဦး"

"ဘယ်ကိုလာတာလဲ ဖြူ"

"ဧည့်သည်လိုက်ပို့တာ၊ ကိုဇော်ဇော်ဦးကကော"

"ကိုယ့်အန်ကယ်က ဒီရထားဌာနမှာလေ"

ဩော်....သူတို့ကျတော့ အချိုးများလိုက်တာနော်။

အားကျမိသလို မနာလိုစိတ်ကလေးကလည်း ဝင်ချင်ခ

တစ်ခါတစ်ရံ အားကျစိတ်နှင့် မနာလိုစိတ်က လွန်ဆွဲ ထွန်းသည် မဟုတ်လား။

"အခုတလော ကိုယ် ဖြူ့ကိုမတွေ့ဘူး၊ ဘယ်သွားနေ လဲ"

"ဘယ်မှ မသွားပါဘူး၊ အိမ်မှာရှိသားပဲ"

"ကိုယ်လာတာ မတွေ့ပါဘူး"





စူးစူးစမ်းစမ်း အကြည့်နှင့် မယုံသင်္ကာအမေး။

"မကြုံလို့ နေမှာပေါ့"

"မကြုံချင်တာလား၊ မကြုံတာလား"

"နှစ်ခုလုံးပဲ"

ပြောပြီးမှ အားနာသလို ဖြစ်သွားသည်မို့ သူ့မျက်နှာကို တ်ခနဲ ကြည့်မိသည်။

"ဟာ....ဖြူကတော့ ပြောတော့မယ်"

ပြုံး၍ပြောသော်လည်း မျက်လုံးက ရီရီဝေဝေ၊ မှုန်မှုန် ိုင်းမှိုင်း။

"ဒါနဲ့ ဖြူ ပစ်ကနစ်လိုက်မယ်လို့ကြားတော့ ကိုယ် အရမ်း ျော်သွားတာ၊ ဒါကြောင့် အားလုံးစီစဉ်နေတယ်"

သူ့ပုံစံက တက်တက်ကြွကြွမို့ ဖြူဝေလွင့် ပျော်သလိုလိုပစ် ားလာရသည်။

"ဘယ်ကိုသွားမှာလဲဟင်"

"သန်လျင်ဘက်ကိုလေ၊ ဖြူသဘောကျရဲ့လား"

သူမေးပုံက အရေးတယူ။

"ဘယ် သွားသွားပေါ့၊ မြန်မြန်သွားပြီး ပြီးတာပါပဲ"

ခပ်စိမ်းစိမ်း ပြောချလိုက်ရသည်မို့ ရင်ထဲ မျက်ခနဲ၊ နင့်ခနဲ။

"ဖြူရယ်၊ ဖြူဟာ ကိုယ်တို့ခင်သလို ပြန်မခင်ဘူးနော်၊ ကိုယ် ို့က ဖြူ့အတွက် အမြဲတမ်း ဘလေးထားသလောက် ဖြူ့ဘက် လုံးဝ မတုံ့ပြန်ဘူး"

ကိုဇော်ဇော်ဦး စကားကြောင့် ဖြူ တွေဝေသွားသည်။

သူတို့ဘက်က အလေးထားသည်ဆိုပြန်တော့ စိတ်မကောင်းပြန်။

ဖြူက ဘယ်သူ့ကိုမှ မခင်ချင်။

သံယောဇဉ်စိတ် မတွယ်ချင်ပါလေ။

သို့ပေမယ့် အခုစကားအရ ဖြူ လွန်သွားသည် မဟုတ်လား

ဇော်ဇော်ဦး ငြိမ်သက်သွားသော ဖြူ့ကို ရှိမ်းဝေစွာကြည့်မိသည်။

သူမက အခုလို စိမ်းကားလွန်းတော့ ရင်နာရသည်လေ။

"ဆောရီးပဲ ကိုဇော်ဇော်ဦး၊ ဖြူ ခေါင်းရှုပ်လို့ ရှုတ်တရက်ပြောလိုက်မိတာပါ"

အကြောင်းပြချက်က မရေရာ။ မဆီမဆိုင်။

ဇော်ဇော်ဦး ပြုံးသည်။

"ရပါတယ် ဖြူရယ်၊ ဖြူ့ကို ထာဝရ ခွင့်လွှတ်ပြီးသားပါ။ ဒါနဲ့ ညှော်သည်ဆိုတာ ဘယ်ကလဲ"

"မန္တလေးဘက်က"

"အမျိုးသမီးလား၊ အမျိုးသားလား"

စစ်ဆေးလွန်းသော သူ့ကို ကြည့်၍ ပြုံးချင်ချင် ဖြစ်မိသော်လည်း ကြိုးစားထိန်းလိုက်သည်။

"အမျိုးသား"

ခပ်တည်တည်နှင့်ပြောတော့ သူယုံသည်။

ဖြူ သူ့ကို တမင်စခြင်းရယ်ပါ။

"ဖြူနဲ့ ဘာတော်လဲ"

သူ့မျက်နှာက မှုန်ကုပ်ကုပ်။





"သူငယ်ချင်း"

"သိပ်ခင်တာပဲလား"

မေးပုံကိုက ခနဲ့တဲ့တဲ့။

"ခင်တာပေါ့၊ ဟိုး ငယ်ငယ်လေးကတည်းက သူငယ်ချင်းပဲဟာ"

ခနဲ့တဲ့တဲ့ အမေးကို ရွဲ့တဲ့တဲ့ ဖြေမိသည်။

"ဖြူ....ငယ်ပါသေးတယ်ကွယ်"

ရင်ထဲက အသံပေမို့ နက်နက်ရှိုင်းရှိုင်း ရှိလွန်းနေသည်။

ဖြူ မျက်နှာလေးကို တစ်ချက်မဲ့လိုက်သည်။

"ကဲ....ဖြူ ကိုယ်ပြန်တော့မယ်"

"ကောင်းပါပြီတဲ့ရှင်"

ဖြူ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားသည်။

သူ ဒေါကန်သွားလေပြီ။

မဆီမဆိုင် ဒေါလေးနဲ့မှာ အမျိုးသားဖြစ်ပြီး ဖြူ့သူငယ်ချင်းပင် ဖြစ်သွားရသည်။

တစ်ခါတလေလည်း သည်လိုတော့ ရှိမှပေါ့။

တွေ့တိုင်း....ဆုံတိုင်း....

ဖြူကချည်း နှင်ခံနေရသည်မှာ မျက်နှာပူလှပြီ။

အခုလို အသိစိတ်ခေတ်ကလေးနှင့်တော့ ပြန်သင့်သည်ပေါ့။

ဖြူ ဘူတာရုံမှာရပ်ထားသော ကားရှိရာသို့ လျှောက်လာခဲ့ပါသည်။

အထက်အောက် အစိမ်းရောင်ရင့်ရင့်နှင့်မို့ မြစိမ်းမင်းသမီးလေး ဖြစ်နေရသည်။

နီထွေးသော နှုတ်ခမ်းနှင့် ဝင်းလက်သော မျက်လုံးလေးများက တည်ငြိမ်လွန်းသည်။

ဘူတာရုံရှိ လူများက ဖြူ့ကို သမင်လည်ပြန်ပင် လိုက်ကြည့်ကြသည်။

ဖြူကတော့ ဂရုစိုက်ပုံ မပေါ်။

အကြည့်ခံရဖန် များတော့လည်း ရိုးလာသည်။

ဘယ်သွားသွား ဖြူ့ကို သည်လိုပင် ကြည့်ကြသည် မဟုတ်လား။

ကားပေါ်တက်၊ ခုံနဲ့ ထိုင်ချ၊ ဝူးခနဲ မောင်းထွက်သွားသည်။

သူမ အပြုအမူက တည်ငြိမ်ပြတ်သားသော စိတ်ဓာတ်၊ ပြည့်စင်သော သဘောထားနှင့် ကြင်နာအာတ်သော မနေ့ာလေးကို လှစ်ပြလိုက်သကဲ့သို့။

ဘူတာရုံအတွင်းမှ ကြည့်နေသော ဇော်ဇော်ဦး ကတော့ အတွေးတွေ တစ်လှေကြီး။

မိန်းကလေးတစ်ဦး မိမိချစ်သူကို လိုက်ပို့လျှင် မြစိမ်းရောင် တစ်ကိုယ်လုံး လွှမ်းထားပါမည်လား။

မိမိကို တမင် ရွဲ့ပြောခြင်းလား။

သို့မဟုတ် သူ့လူကို စိတ်ကောက်၍ အစိမ်းရောင်ကိုမှ ရွေးဝတ်လာသည်လား။





ဖြူ့လို ချစ်စရာကောင်းသော မိန်းကလေးတစ်ဦး၌ ချစ်သူရှိပါသည်ဟု ဆိုလျှင် ဘယ်သူမှ ငြင်းမည်မဟုတ်။

ဖြူသည် မှန်သောစကားကိုသာ ဆိုတတ်သူပါ။

တကယ်ပင် သူ့သူငယ်ချင်းကို လိုက်ပို့ခြင်း ဖြစ်ပေလိမ့်မည်။

"ဟူး....ရင်မောရတယ် ဖြူရယ်"

တစ်ကိုယ်တည်း ညည်းညူမိသွားသည်။

"ဟော့ကောင်....ဘာတွေ ရင်မောနေတာလဲ"

"ဗျာ....အန်ကယ်၊ ဘာမှ မဟုတ်ပါဘူး"

ပခုံးကိုပုတ်ကာ ပြောလိုက်သော အန်ကယ့်စကားကြောင့် ရှင်လျှင်မြန်မြန်လေး ပြန်ဖြေလိုက်ရသည်။

"ငါတွေ့တာတော့ အစိမ်းရင့်ရင့်နဲ့ပါကွာ၊ အဖြူ မဟုတ်ဘူး၊ ဘယ့်နှယ် မင်းက ဖြူရတာတုံး"

"ဟာ....အန်ကယ်ကလဲ"

ဇော်ဇော်ဦး ရှက်သွားသည်။

အန်ကယ်ကြီးက အလာကြီးပါလား။

"ဟော့ကောင်....မင်းအန်ကယ်ကွ၊ မင်းထက်လျှင်တယ် မှတ်ထား"

ပြုံးပြုံးကြီးပြောသော အန်ကယ်ကြီးကိုကြည့်၍ ဇော်ဇော်ဦး ခေါင်းပင်မဖော်ဝံ့တော့။

## အခန်း (၁၄)

ဖြူနှင့် သူငယ်ချင်းများ အဆင်သင့်ဖြစ်ရန် ပြင်ဆင်နေကြပြီ။ မွန်၊ မော်၊ သဲသဲနှင့် ဖြူတို့ လေးယောက်သည် ဆုကို့အိမ်တွင် ညကတည်းက သွားအိပ်ကြသည်။

မနက်မိုးလင်းတော့ ပြင်ကြဆင်ကြနှင့် အလုပ်ရှုပ်ရပြန်သည်။ ဆုသည် တစ်ဦးတည်းသော သမီးပေမို့ လိုတာ ရသည်။ ယောကျ်ားလေးဆို၍ ဆု ဖေဖေသာ ရှိသဖြင့် မိန်းကလေး င်သိုက်မှု လွတ်လပ်ကြသည်။

ဆု ဖေဖေသည် စကားများများ မပြော။ အေးအေးသာ တတ်သည့် ရှေ့နေတစ်ဦး ဖြစ်သည်။

ဆု ဖေဖေနှင့် ဖြူ့ ဖေဖေမှာ သူငယ်ချင်းများမို့ အခုလို ဆု အိမ်တွင် ဖြူ သွားအိပ်မည်ဟု ဆိုလာသောအခါ မတားမြစ်။ ဆုသည်လည်း ဖြူတို့ အိမ်တွင် တစ်ခါတစ်ခါ လာနေတတ် သည်။

တစ်ဦးတည်းသော သမီးမို့ ဆုသည် အပေါင်းအသင်း ခင်တွယ်သည်။

ဖြူသည်လည်း ထို့အတူ မဟုတ်လော။

အိမ်တွင် မမည်ိုရှိသော်လည်း အပေါက်အလမ်းက မတည့်

"ဖြူ"

"ဘာလဲ"

"ဟိုရောက်မှ တစ်ခုခု ဝယ်စားတာပေါ့နော်"

"ကောင်းသားပဲ"

သူငယ်ချင်းတစ်စုံ သုံးဘက်မြင် မှန်တင်ခုံတွင် အလုပ်ရှုပ်နေကြသဖြင့် ဖြူ ခုတင်စွန်းတွင်ထိုင်ကာ တစ်ယောက် ဘစ်ပြူ ကြည့်မိသည်။

ဖြူ့ သူငယ်ချင်းအားလုံး ချောကြသည်ပင်။

တစ်ယောက်တစ်မျိုး အလှချင်းပြိုင်နေသည်။

မွန်သည် ခရမ်းရောင် ဝမ်းဆက်နှင့်။

ခါးကြားတွင် လက်ကိုင်ပဝါထိုးတတ်သည်မှာ သူ့အကျင့်သည်နှေ့လည်း အဖြူနှင့် ခရမ်းရောင်အဆင်များပါသော လက်ကိုင်ပဝါကို သေသပ်စွာ ခါးကြားတွင် ညှပ်ထားသည်။

ဆံပင် အခွေအလိပ်လေးများမှာ နဖူးတွင် ဖြာကျနေသည်

နောက်ဘက်တွင်လည်း အလိပ်ကြီးများဖြစ်အောင် ပုံသွင်းထားသဖြင့် မျက်နှာကို သေသေသပ်သပ် လိမ်းခြယ်လိုက်သေအခါ မြန်မာမလေးနှင့် မတူဘဲ ခရစ်ယာန်မလေးအလား။

မွန်သည်ကား လိမ္မော်ရောင် အထက်အောက် ဆင်တူဝေနှင့်။ သူမသည် ဖြူတို့အုပ်စုတွင် ဆံပင် အရှည်ဆုံး။





ဆံပင်ကို လက်ကိုင်ပဝါလေးနှင့် ဖွဖွလေး စည်းထားသည်။

မော်သည် ရေမွှေးကြိုက်မလေးပင်။

ရေမွှေးအနံ့ စူးစူးရသည်နှင့် မော်မှန်း သိနိုင်သည်။ မျက်နှာကိုတော့ ဘာမှ လိမ်းခြယ်လေ့ မရှိ။

မော့် မျက်နှာ သေးသေးလေးမှာ မိတ်ကပ်ဖြစ်စေ၊ သနပ်ခါးဖြစ်စေ လိမ်းခြယ်လိုက်လျှင် မလှတော့။

သည်အတိုင်း ဖြောင်လေးပဲ ကြည့်လို့ကောင်းသည်။

ဆုသည် ကြက်သွေးရောင် ပါတိတ်ဝမ်းဆက်နှင့် လူကြီးဆန်စွာ လှလို့နေပေ၏။

အလှအပ ပစ္စည်းလေးများကို မြတ်နိုးတတ်သလို ပန်းကြိုက်မလေးပင်။

ကျန် သူငယ်ချင်းများက လက်သည်းနီ မကြိုက်။

ဆုကတော့ ကြက်သွေးရောင် လက်သည်းနီကို လက်သွယ်သွယ်လေးများနှင့် ခြေထောက်မှိုမှိုလေးများတွင် လှပစွာ ဆိုးထားသည်။

ဆံပင်ကို သေသပ်စွာ ဖြီးထားတတ်သည်မှာ သူ့ မူလ ပင်ကိုရိုက်။

ယခုခေတ်တွင် ဆံပင်ကို မရှုပ်ရှုပ်အောင်၊ မပွပွအောင် လုပ်နေကြသောအခါ၌ ဆုက သူတို့နှင့် ဆန့်ကျင်ဘက် ဆံပင်သပ်ရပ်နေမှ ကပ်နေမှ နေတတ်သူ။

အခုလည်း သေသပ်စွာဖြီးထားသော ဆံပင်ပေါ်တွင် အဝါနှင့် ကြက်သွေးရောင် တစ်ရစ်စီ ရောနေသော သစ်ခွပန်းကို တစ်

ဖက်တွင် ပန်ထားပြီး ကျန်တစ်ဖက်တွင်ကြက်သွေးရောင်ကလင်ကို တပ်ထားသည်။

သဲသဲသည်ကား ဖြူပြီးလျှင် အလှဆုံးပင်။

သဲသဲသည် အဆိုတော် ဗီဇပါသူမို့ လက်လက်ပြောင်ပြောင် တောက်တောက်ပပများကို နှစ်သက်သည်။

အခုလည်း နက်ပြာပေါ်တွင် ငွေချည်လေးများ ပါသည့် တစ်ဆုပ်ရှုံ့ကို ဝမ်းဆက် ဝတ်ဆင်ထားသည်။

ပခုံးကျော်ကျော်ရှိသော ဆံပင်ကို ဖြန့်ချကာ နားသယ်ခွံစပ်နားတွင် ရွှေချည် ငွေချည် အခက်လေးများကြားဝယ် ပုလဲလုံးလေးများပါသော ဆံထိုးလှလှကို ထိုးနှံထားသည်။ ရွှေထဲတွင် နက်ပြာကျောက်ကလေးကို မြှုပ်ကာ ပြုလုပ်ထားသော အသည်းပုံ ရင်ထိုးလေးကို ဘယ်ရင်အုံတွင် တပ်ထားသည်။

ကျောက်အရောင် တလက်လက်နှင့် မျက်နှာ ဝင်းဝင်းမှာ ဟပ်လို့ နေသည်။

ဖိနပ်ကိုတော့ သူငယ်ချင်း အားလုံး အဖြူရောင်ဒေါက်ကို စီးဖို့ ရည်ရွယ်ထားကြသည်။

လေဒီရှူးဟု ခေါ်သည့် ဒေါက်ချွန်ချွန်လေးပါသော ဖိနပ်ဖြူဖြူ။

"ဟော့....မပြီးကြသေးဘူးလား"

"ဟော....ကိုဇော်ကြီးတောင် လာပြီ၊ မြန်မြန် လုပ်ကြစို့"

ဆုကာ သူငယ်ချင်းများကိုလည်း ပြော။

"ပြီးပြီ ကိုဇော်ကြီးရေ"ဟု ဇော်ဇော်ဦးထံလည်း လှမ်းပြောသည်။





"ပြူ ထကွာ၊ ဘာမှလဲ မလုပ်ရသေးဘဲနဲ့"

သဲသဲက မကျေမနပ် ဆို၏။

"နင်တို့ မြန်မြန်လုပ်၊ ငါက ငါးမိနစ်ပဲ"

"ငါကတော့ ပြီးပြီ"

"ငါလဲ ဒီလောက်ဆို တော်ပါပြီ"

"သဲသဲကော"

"အဆင်ပြေပဲ"

"မှန်"

"ဩော်....ရယ်ဒီပါပဲ"

သူတို့ မျက်နှာများက မချိုမချဉ်။

ပြူ မျက်ခေါင်းတစ်ချက်ထိုးရင်း....

"ကဲ....ဒါဆို နင်တို့ အားလုံး ယူစရာရှိတာယူ၊ ဟိုလူကလဲ ...င့်ရတာ စိတ်မရှည်တော့ဘူးနဲ့ တူတယ်၊ အော်နေပြီ၊ ကြည့် ...းထားလိုက်"

ပြူ ပြောပြောဆိုဆို ခုတင်မှထကာ အမြန်ဆုံး လှုပ်ရှားလိုက်

"ဟာ....တယ်လှနေကြပါလား"

"ဒလွှဲ....ကိုဇော်ကြီးက တယ်သားနားနေပါလား"

...နှင့် ဇော်ဇော်ဦး ပြိုင်တူ ပြောဖြစ်သွားသည်။

...ဇော်ဇော်ဦးသည် အစွမ်းကုန် လှနေသော မိန်းမချောများ ...ကြည့်ကာ....

...ါတော့ မလွယ်ဘူးနဲ့ တူတယ်ဟု တွေးဖြစ်သည်။

...ချော ငါးယောက် ကိုယ်တစ်ယောက် ဖြစ်နေသည်ကိုး။

မိန်းကလေး တစ်သိုက်ကလည်း အပြတ်သားနားနေသော ဇော်ဇော်ဦးကို ငေးမိကြသည်။

တီရှပ် လိမ္မော်ရောင်လိုလို အုတ်နီခဲရောင်လိုလို ဝတ်ထားပြီး ပုဆိုးအပြာနှင့် အဖြူအကွက်ကြီးများကို ဆင်ထားသောအသားမှုလက အရပ်မြင့်သော အသားဖြူသော လူထွားကြီးမှာ ချော လှူခန့်ကြီး ဖြစ်သွားသည်။

မန္တလေး ဖိနပ်က ကတ္တီပါအနီ သည်းကြိုးကို စီးထားသည့် ဖွေးသော ခြေထောက်နှင့် တင့်တယ်နေသည်။

ဇော်ဇော်ဦး အဆင်အပြင်က သည်လောက်ပါပဲ။

"ကဲ....နင်တို့ ဘာပစ္စည်းတွေ ယူမလဲ"

"ဟင့်အင်း....မယူပါဘူး၊ ဆုတို့ ယူမယ့် ပစ္စည်းတွေက ဆုင့် အနိုင်ပါတယ်"

"စားစရာတော့ ဟိုကျမှ ဝယ်တာပေါ့"

"ကောင်းပါတယ်"

ဇော်ဇော်ဦးနှင့် ဆု အပြန်အလှန် ပြောနေစဉ် ဖြူဝေလှုံ ထွက်လာသည်။

"ဟယ်....ဖြူ သိပ်လှတယ်"

မွန်က လိုက်လိုက်လှဲလှဲ ပြောချမိ၏။

မွန်က အဲသည်လို ပွင့်လင်းတာ။

"အေးပါဟယ်....ငါ ထမင်းများများ စားပေးပါမယ်"

ဖြူ့ စကားကြောင့် မွန် မျက်လုံး ပြူးသွားသည်။

"ဟဲ့....ချောတယ် ပြောတဲ့လူကို ကျွေးရမှာ"

"ဘယ်....ချောတဲ့လူကို ပိုကျွေးမှာလဲ"





အငြင်းပွားနေသော သူတို့နှစ်ယောက်ကို ကြည့်ရင်း ဇော် ဇော်ဦး နေရာမှ ထလိုက်သည်။

"ကဲ....သွားကြစို့"

ဇော်ဇော်ဦး ဖြူ့ကို တစ်ချက် စူးနက်စွာကြည့်ဖြစ်သည်။

ဖြူ သိပ်လှသည်။

ချော့ကလက်ရောင် နူးညံ့ညံ့အစလို လက်ရှည် လက်စည်း သားသေးလေးနှင့် ပခုံးနားတွင် အတွန့်လေးများ ပါရှိသည်။

အကျီက ခါးတိုဘလောက်(စ်)။

ခါးတွင် လက်နှစ်သုံးစီက ခါးပတ်ကဲ့သို့ စည်းထားသည်။

ထဘီမှာ ချော့ကလက်ရောင်ပေါ်တွင် အနက်သစ်ခက်လေး များပါသဖြင့် အကျီနှင့် လိုက်ဖက်လှ နေသည်။

ဆံပင်တွင် ဘာမှ ရှုပ်ရှုပ်ယှက်ယှက် လုပ်မထား။

သူ့ပုံစံလေးက တစ်မျိုးလေး ထူးခြားလှ နေသည်။

ချော့ကလက်ရောင်နှင့် မိန်းမချောလေးက အကြည့်ကိုပင် တွန့်ဆုတ်၍ နေပြန်သည်။

တစ်ချက်သာ ကြည့်ပြီး မျက်နှာလွှဲသွားသည်။

တစ်ချက်လေးပင့်၍ ကြည့်လိုက်စဉ် ဇော်ဇော်ဦး ရင်ခုန်နှုန်း က ၁၅၀ ခန့်။

အခုလို ဝတ်စုံမျိုးနှင့်ကျပြန်တော့ ပင်ကိုလှသော အဆင်း က ပို၍ ပေါ်လွင်လာသည်။

ဤမိန်းကလေးအပေါ် မိမိ ဤမျှလောက် လိုက်လိုက် လျောလျော ဖြစ်နေခြင်းမှာ သူမ ထိတ်လန့်နေသည်ပဲလေ။

ဘာကို ကြည့်မရ ဖြစ်ရတာတုံး။

သူမနှင့် စတွေ့ကတည်းက တခြား မိန်းကလေးများနှင့် မတူသော ခံစားမှု တစ်မျိုးကို ခံစားရသည်။

ဆေးကျောင်းကြီးတွင် အချောအလှလေးများ ရှိက်သတ်၍ ပင် မကုန်။

မိမိအားတွင်လည်း ရိုက်မထုတ်ရုံတစ်မည်ရှောင်နေရသည်ပင် ဖြစ်လင့်ကစား မာနကြီးသော ဖြူဝေလွင့်ကိုသာ ဘာ့အတွက် တမ်းတမ်းတတ စိတ်ဝင်စားမိသည် မသိ။

အမည်မဖော်ပြတတ်သော ဝေဒနာတစ်ခု ဇော်ဇော်ဦး ရင် မှာ ခိုအောင်းနေလေပြီတကား။

ထိုဝေဒနာမှာ အချစ်ပင် ဖြစ်လိမ့်မည်။

သည်သို့ဆိုလျှင် မိမိ ဖြူဝေလွင်ကို ချစ်မိပြီပေါ့။

ဇော်ဇော်ဦး သူမကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။

သူမကတော့ မသိ။ သူ့ သူငယ်ချင်းများနှင့် စကားပြေး ကာ ရယ်မောနေသည်။

* * *

ကားပေါ်တက်ကြသောအခါ မွန်၊ ဆု၊ မော်နှင့် သဲသဲတို့ နောက်ခန်းဝယ် ကျပ်ကျပ်ညပ်ညပ် ထိုင်ကြသည်။

ဖြူ တက်မည်ကြံတော့ နေရာက မရှိတော့။

မထူးတော့ပြီမို့ ရှေ့ခန်းမှာပင် ဝင်ထိုင်လိုက်ရသည်။

ဇော်ဇော်ဦးက ဖြူ့ကို တစ်ချက် စောင်းငဲ့ကြည့်လိုက်သည် ပြီးတော့ ကားကို ညင်သာစွာ မောင်းထွက်ခဲ့လေ၏။

ကားထဲမှ ကက်ဆက်ကို ဖွင့်လိုက်သောအခါ ခင်မောင်း အသံက လွင်ပီစွာ ထွက်ပေါ်လာသည်။





"ရော့....ယုံရင်ယူ××× ရော့.... ရော့.... ရော့....
ယုံရင်ယူ×××ဖြူဖြူရေ....နင်လိုချင်ရင် ဘာမှလဲ
မစဉ်းစား ××× ငါ့အသွေးအသားကိုယူ××
ပိတုန်းလေးနဲ့လဲ မတူ ××× ပျားကလေးနဲ့လဲ
မတူ×××ထာဝစဉ်ကြင်နာမယ့်သူ×××

ပြီးတော့ ဆေးကျောင်းသူသီချင်း။

တစ်ကားလုံးကို သူ့သီချင်းက လွှမ်းမိုးထားသည်။

မလွှမ်းမိုးနိုင်သည်ကား ဇော်ဇော်ဦးနှင့်မျက်လုံးစူးစူးများ၏ ကြည့် ရှိန်းရှိန်းများ။

သူ ဖြူ့ကို ကားမှန်ထဲမှ တစ်ဆင့် ကြည့်နေသည်မှာ ဖြူ ပါသည်။

ပြီးတော့ သူက ကက်ဆက်ကို ပိတ်လိုက်၏။

"ဖြူ...."

ခေါ်ပြီ။

လေရှည်က စ တော့မည်။

မိကျောင်းသား။

ခေါ်စမ်း၊ ဘယ်လောက်ခေါ်နိုင်မှာလဲ။

"ဖြူ...."

"ဖြူ...."

"ဖြူ...."

"ဒေါ်ဖြူဝေလွင်"

ခေါ်လိုက်တာနော်။

မထူး၊ ပြန်လည်း မခေါ်ဘဲ နေမည်မဟုတ်။

"ဘာလဲ ဟင်၊ ဘာကြောင့် ခေါ်နေတာလဲ"

"ဟူး....မေ့လိုက်တာ"

သူက သက်ပြင်းရှိုက်လိုက်သည်။

"ကြားရဲ့သားနဲ့ ဘာလို့ မထူးတာလဲ"

"မထူးချင်လို့ပေါ့"

သူ့ မျက်နှာ ခက်ထန်သွားသည်။

ပြီးတော့ ရှေ့တည့်တည့်သို့ ပြန်လှည့်သွားတော့သည်။

ဖြူ့ကို တစ်ချက်တစ်ချက် လှည့်ကြည့်သည်။ မျက်လုံးမျာ
ပို၍ စူးရှရှရှိလှချေသည်။

"ကိုဇော်ဇော်ဦး"

သူ လှည့်ကြည့်သည်။

ဒါပေမယ့် ဖြူ့အကြည့်က သူ့ဆီမှာမရှိ။အဝေးတစ်နေရာ
ငေးနေသည်။

"ဘာလဲ ဖြူ"

"ဖြူ့ကို စိတ်ဆိုးသွားသလား"

"နည်းနည်းပါးပါး ပါ"

သူ ဖြေပုံက အေးစက်စက်ရှိလွန်းလှချည်လား။

"ဒါနဲ့ ဖြူ ဟိုတလောက လိုက်ပို့တဲ့ အမျိုးသာ
ကျောင်းနေလား"

ဖြူ မသိချင်ယောင်ဆောင်ကာ ပြန်မေးလိုက်သည်။

"ဘယ်အမျိုးသားလဲ"

"မန္တလေးက ဆိုတာလေ"





ဖြူက ညာပြောနေသည်ကို သူက ယုံနေသည်။ အခုထက်
ထိုင် မမေ့သေး။ သတိတရနှင့် ပြန်မေးလာပြန်သည်။

ဪ .. ခက်ရချည်ရဲ့ ကိုဇော်ဇော်ဦးရယ်၊ ဒီလောက်
ဆေးနေတော့ လွန်တာပေါ့ရှင်။

"နေပါတယ်"

"ဘယ်ကျောင်းကလဲ"

"ဆေးက"

"ဘယ်ရီးယားကလဲ"

"ကိုဇော်ဇော်ဦးနဲ့ အတူတူပဲ"

"ဪ...."

ဖြူ ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရသည်။

လိမ်ပြီးမှတော့ မထူးတော့ပြီမို့ ပိပိရိရိဆက်လိမ်ညာရန်သာ
သည် မဟုတ်လား။

သူက ငြိမ်သွားပြီး တစ်စုံတစ်ခုကို လေးလေးနက်နက်
တွေးစားနေဟန်ရှိသည်။

"ဖြူ"

"ဟင်"

"ဖြူနဲ့သူနဲ့က ချစ်သူတွေလား"

ပွင့်လင်းစွာ မေးလာသည်၊

ဖြူ ရှက်သွားရသည်။

"အာ....မဟုတ်ပါဘူး"

"သူက တစ်နေ့ လက်ထပ်ခွင့် တောင်းလာမယ်လို့ ဖြူ ထင်
လား"

"အသေအချာပါပဲ"

"ဖြူ့ဘက်ကကော"

"ရည်ရွယ်ထားပါတယ်"

သူ ဘာမှ မပြောတော့။

ကားကိုသာ မောင်းနေသည်။

သည်လိုနှင့် ကမ်းနားရောက်လာသည်။

သီတာပေါ်သို့ ဖောမှတစ်ဆင့် ကားလေးမောင်းတက်သွား သည်။

ရေပြင်ပေါ်တွင် စုန်ချည်ဆန်ချည်သွားနေသော စင်ေ လေးများကို ပေါက်ပေါက်ဆုပ် ကျွေးဖြစ်သည်။

သင်္ဘောပေါ်ရှိ လူအများ၏မျက်လုံးများက ဖြူတို့ထံ သာ စုပြုံကျရောက်နေသည်။

အရေးထဲ ဇော်ဇော်ဦးက စိတ်တိုနေပြန်သည်။

ဖြူ့ကို တော်တော်ဒေါပွသွားပုံရ၏။

သည်လိုဆိုပြန်တော့လည်း ဖြူ စိတ်ထိခိုက်မိသလိုလို။

သို့ပေမယ့် သူ့အကြည့် ရွှန်းရွှန်းစိမ့်စိမ့်များ မကျေ တော့သဖြင့် ဖြူ လွတ်လပ်သလို ရှိသွားသည်။

သင်္ဘောဦးပိုင်းသို့ ဖြူ တစ်ယောက်တည်း ထွက်လာခဲ့ သည်။ သာယာသော ရေပြင်အား ငေးမောရင်း ၄၅ မိ သာ စီးရမည့် ဤသင်္ဘောပေါ်မှ မခွာချင်။

နေ့ရင်းထိုင်ရင်း အကြောင်းမဲ့ မေမေ့ကို သတိရ သည်။





သည်နေ့ အိမ်မှာ ဖြူ မရှိသဖြင့် မေမေ အတော့်ကို ပင်ပန်း ရှာမည်။

မမညိုမှာ ဘာမှမလုပ်တတ်။

ရွှေပေါ်စိန်ဆင့်ကာ နေခဲ့ရသော မေမေသည် အိမ်မှုရေး ရာတွင်မတော့ မမညိုနှင့် တခြားစီပါ။

အိပ်ထောင်မှု နိုင်နင်းသည်။

အိမ်ရှင်မကောင်း ပီသသည်။

မေမေသည် သုံးရမည့် နေရာတွင်တော့ ကပ်စေးမနဲ၊နှမြော တွန့်တိုခြင်း ကင်းသည်။

ငွေကို သုံးသာသုံးသည်။ မဖြုန်းပါ။

ငွေယိုပေါက်များကို ပိတ်နိုင်သမျှ ပိတ်သည်။

မကုန်သင့်တာ မကုန်ရအောင် ထိန်းသိမ်းနိုင်စွမ်း ရှိလှန်းချေ ၏။

ဤအမွေကိုတော့ မေမေ့ဆီမှ ဖြူ ရအောင် သင်ယူရပါ မည်။ မေမေသည် ဖြူ့ကို မညှာမတာ ခိုင်းသည်။

နည်းနည်းမှားလျှင် များများဆူ၊ များများရိုက်သည်။

ဤကဲ့သို့ ခိုင်းခြင်းမှာ အမြင်ကတ်၍ ကြည့်မရ၍သာ ဖြစ်ပါ သော်လည်း ဖြူ့အတွက်တော့ ပညာတစ်ခုကို သင်ပေးသကဲ့သို့ ဖြစ်နေသည်ကို ဒေါ်ခင်ခင် မသိရှာ။

ဘာလိုလိုနှင့် ဖြူတို့ အောင်စာရင်းပင် ထွက်တော့မည်။ အချိန်ကုန်၍ပင် ကုန်မှန်းမသိ ဖြစ်ခဲ့ရသည်။

ဖြင့်ဦးလှစ်သို့သွားလိုက်၊ ဒေါ်လေးနှလာလည်လိုက်၊ အင်္ဂလိပ်စကားပြောသင်တန်း တက်လိုက်နှင့် ဆိုတော့ အချိန်ကုန်မှန်းပင် မသိလိုက်။

"မိန်းကလေး"

"ရှင်"

နောက်ဆီမှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ဖြူ လန့်ခနဲ ဖြစ်သွားသည်။

ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ခန့်ခန့်တည်တည် အမျိုးသားတစ်ဦးကို တွေ့လိုက်ရသည်။

"သန်လျင်ကို အလယ်သက်သက်ပဲလား"

"ဟုတ်ကဲ့"

လမ်းသွားရင်း အသိတိုးသည်ဆိုသော စကားလို သည်တစ်ခါတော့ အရမ်းယုံသွားသည်။

"အမျိုးတွေ ရှိလို့လား"

"ဟင့်အင်း....မရှိပါဘူး၊ လေ့လာရင်း အပျော်ခရီး ဆိုပါတော့"

"ဩော်....ဟော်၊ သန်လျင်မှာ ဘာများ လေ့လာစရာရှိလို့လဲ"

သူက ပြုံးထေ့ထေ့နှင့် မေးလာသည်။

"ဖြူတို့ရဲ့ မြန်မာပြည်မှာရှိနေတဲ့ မြို့တိုင်းမြို့တိုင်းမှာ လေ့လာစရာတွေ မကုန်နိုင်ပါဘူး"

"နာမည်က ဖြူတဲ့လား"

"ဖြူဝေလွင်ပါ"





ဖြူ့ကို တစ်ယောက်တည်းအထင်နှင့် လာရောခြင်းဖြစ်မည်။

ပြောစမ်း။

ဘာတွေ ပြောမလဲ။

အတွေ့အကြုံ ရတာပေါ့။

"ဒါနဲ့ ဖြူဝေလွင်က ရန်ကုန် ဘယ်နေရာမှာ နေတာလဲ"

"ပါရမီမှာ"

ခပ်ကြွားကြွားလေး ဖြေလိုက်မိ၏။

"ဟုတ်လား၊ ဘယ်သူ့သမီးတုံး"

အံမယ်....အလာကြီးပဲ။ ပါရမီမှာ သူမသိတဲ့လူ မရှိဘူးလို့ ကြညာတာနေမှာ။

"ဒေါက်တာဦးဝေလွင်ရဲ့ သမီးပါ"

ဒုတိယအဖြေကို ခပ်ကြွားကြွားလေး ဖြေမိပြန်သည်။

"အငယ်ပေါ့"

"ဟုတ်ကဲ့"

"အကြီးမက ရန်ကုန်တက္ကသိုလ်မှာ တတိယနှစ်မဟုတ်လား၊ မေဂျာကလေ၊ မင်းနဲ့ ဖြူနဲ့ညီပဲ ကွာတယ်မဟုတ်လား"

ဖြူဝေလွင် နည်းနည်းရှိန်သွားသည်။

"ဟုတ်ပါသတဲ့ရှင်"

"ဆရာကော နေကောင်းရဲ့လား"

"ရှင်...."

"ဩော်....ဦးဝေလွင် နေကောင်းလားလို့ မေးတာပါ"

"ကောင်းပါတယ်"

ဖေဖေနဲ့သိတယ် ထင်ပါရဲ့။

အတွေးနှင့်အတူ ပခုံး တွန့်ဖြစ်သွားသည်။

"ဆရာက အားကစား သိပ်လိုက်စားတာ"

"ဟုတ်ကဲ့၊ ဖေဖေက ဖြူတို့ကိုလဲ အားကစားလိုက်စားခိုင်းပါတယ်"

"ဖြူ့ကိုမြင်တာနဲ့ အားကစားလိုက်စားမှန်းသိသာပါတယ် အို....ဘယ်နှယ်လူတုံး။

ဖြူ့တစ်ကိုယ်လုံး ခြုံကြည့်ပြီး ဘွင်းဘွင်းကြီး ပြောချလိုက်တော့ ဖြူ ရှက်သွားသည်။ ပါးလေးနှစ်ဖက် ရဲရဲတွတ်လျက်၊

"ဒါနဲ့ ဘယ်ကျောင်းမှာ တက်သလဲ၊ ဘယ်နှစ်တန်းလဲ"

"အထက တစ်ခုမှာ ဒသမတန်း ဖြေထားပါတယ်"

"ဟာ....ဒါဆို အောင်စာရင်းတွေ ထွက်တော့မှာပေါ့"

"ဟုတ်ကဲ့"

တိတ်ဆိတ်သွားသည်။

"ဖြူက ဦးဝေလွင်သမီးလို့ မပြောရဘူး၊ သိပ်လှတယ်"

"အာ....ဦးကလဲ၊ မလှပါဘူး"

တမင်တကာ ဦး ထည့်ပေးလိုက်သည်။

"ဖြူ့အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ထဲမှာပါ"

"ဒါဆို ကိုယ့်ထက် သိပ်မငယ်ပါဘူး၊ 'ဦး'အရွယ် မဟုတ်ပါဘူး"

"ဦး လို့ခေါ်တော့ လေးစားရာ ရောက်တာပေါ့"

"လေးစားတယ်ဆိုတော့ အထင်ကြီးတယ်ပေါ့"

သူ့မေးခွန်းက ခွတီးခွကျ၊ ဘေးကျပ်နံကျပ်။





စေ့စေ့ပေါက်ပေါက် နိုင်လွန်းသည်။

သည်လူကြီး ပညာတော့ ရှိပုံပဲ။

"တခြားစီပါ၊ ဖြူ လူတိုင်းကို လေးစားတယ်၊ ဒါ့ပမယ့် အထင်လဲ မကြီးတတ်ဘူး၊ အထင်လဲ မသေးတတ်ဘူး"

"ယုံပါတယ်ဗျာ"

သည်လူကြီး မိန်းကလေးအကြိုက် ပြောတတ်လွန်းသည်။

ကိုဇော်ဇော်ဦးလို မဟုတ်။

ဆက်ဆံရေး ပြေပြစ်သည်။ လူတိုင်းကို ရေလိုက်ငါးလိုက် ပြောတတ်ဟန်ရှိသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ သည်လူကြီးနှင့် စကားပြောရသည်မှာ ဖြူ ပျော်သည်။

"ဒါနဲ့ ဖြူ၊ ကိုယ့်ကိုမှတ်ထား၊ ကိုမောင်မောင်တဲ့"

"ဟုတ်ကဲ့....ဦးမောင်မောင်"

"ဒီ 'ဦး'ကြီးကို မထည့်ပါနဲ့၊ အားလုံးခေါ်သလို ကိုမောင်လို့ပဲ ခေါ်ပေါ့"

"အာ....မဟုတ်တာ"

"ဘာဖြစ်လို့လဲ"

အလောတကြီးငြင်းလိုက်သော ဖြူ့ကို သူက တည်တည်ကြီး ကြည့်ကာ မေးလာ၏။

"ဟင့်အင်း၊ မခေါ်ချင်ဘူး"

"မခေါ်ချင်လဲ သဘောအတိုင်းပါပဲဗျာ"

သူပြောပုံက ခပ်ပြုံးပြုံး။

"ဖြူတို့အိမ်ကို လာလည်ဖို့ မဖိတ်ခေါ်တော့ဘူးလား"

"ဖြူ့အိမ်မှ မဟုတ်ဘဲ"

"ဖြူက စကားပြောလိမ့်မှာတယ်"

"ဟုတ်တယ်လေ၊ ဖြူ့ဖေဖေအိမ်ဥစ္စာ၊ ဖြူပိုင်တာမှမဟုတ်ဘဲ"

"ဖြူ့ဖေဖေဆီကို ကိုယ် လာခဲ့ဦးမယ်"

"ဖြူ့ဖေဖေဆီကိုတော့ လာနိုင်ပါတယ်၊ ဖြူ့ဆီ မလာနဲ့"

မေမေ၏ စူးစူးစမ်းစမ်း အကြည့်များနှင့် မသင်္ကာသလို အမေးများကို ဖြူ လန့်သဖြင့် လူမှုရေးတွေ ဘာတွေကို မစဉ်းစားဘဲ ပြောပစ်လိုက်သည်။

ပြတ်သားနိုင်ပါမှ ဖြူ့ဘဝက တော်ကာကျမည် မဟုတ်လား။

"ဖြူက ကိုယ့်ကို မခင်ဘူးပေါ့"

"ဟုတ်တယ်"

ကောင်းလိုက်သည့် ဖြူ။

ပြောချလိုက်ပုံမှာ ရှင်းရှင်းကြီး။

သူ့မျက်နှာ တည်သွားသည်။ ပြီးတော့ တဖြည်းဖြည်း ပြုံးလာ၏။

သည်နောက် တိုးတိုးလေးဆိုလာသည်။

"ဖြူက မခင်လဲ ကိုယ်က သိပ်ခင်သွားပြီ"

သူ့စကားကြောင့် ဖြူ ရယ်ဟာဟာ ဖြစ်သွားသည်။

မခင်ချင်ဘူးဆိုမှ သိပ်ခင်သွားပြီတဲ့။

သူ့ကို ပြုံးရင်း တစ်ချက်ကြည့်ဖြစ်သွားသည်။

ဦးမောင်မောင်ကလည်း ကြည့်နေသည်မို့ အကြည့်ချင်း အဆုံ....





"ဖြူ"

"ဩော်....ကိုဇော်ဇော်ဦး"

ဇော်ဇော်ဦး ဖြူ့မျက်နှာလှလှအား ဆွဲထိုးချင်စိတ် ဖြစ်ပေါ်မိသည်။

မလုပ်ရက်လို့သာ။

သိပ်ကြင်နာမိနေလို့သာရယ်ပေါ့။

တော်တော် တရားကျဖို့ကောင်းသည့် ဖြူ။

သူ့သူငယ်ချင်း လေးယောက်နှင့် မိမိကို ထားခဲ့ကာ သူကတော့ သည်မှာ ရယ်လို့မောလို့၊ ပြုံးလို့ပျော်လို့။

မိမိရောက်နေတာကိုပင် မသိနိုင်လောက်အောင်။

ဟိုလူကကော ဘယ်ကလဲ။

အစကတည်းက သူတို့ သိကြသည်လား။

ဟိုတစ်ခါ ဖြူပြောသည့် မန္တလေးက ဆေးကျောင်းသားလား။

'လား'ပေါင်းများစွာ ရင်ထဲ ဝင်နှောင့်လာသည်။

ဘာပဲဖြစ်ဖြစ် ဖြူ့ကို သူတစ်ပါးနှင့် အခုလိုမမြင်ချင်။ မတွေ့လို....။

ဖြူ့အနားသို့ မရည်ရွယ်ဘဲ ရောက်သွားသည်။

"ကိုဇော်ဇော်ဦး၊ ဒါ ဖေဖေ့မိတ်ဆွေ ကိုမောင်မောင်တဲ့"

ဖြူက အမြန်အလှန် မိတ်ဆက်ပေးသည်။

"ကိုမောင်မောင် ဒါက ဖြူ့အစ်မနဲ့ စေ့စပ်တော့မယ့် သူပေါ့၊ ဆေးကျောင်းကလေ"

"တွေ့ရတာ ဝမ်းသာပါတယ် မောင်ဇော်ဇော်ဦး"

"ထပ်တူပါပဲ ခင်ဗျာ"

ဖြူဝေလွင် မိတ်ဆက်ပေးပုံက ပညာသား ပါလှသည်။

အမျိုးသား နှစ်ဦးလုံး ဖြူနှင့် မသက်ဆိုင်ပုံကို ယဉ်ယဉ်လေး နှင့် လှစ်ပြလိုက်သည်။

ထိုအချိန်တွင်ပင် ဆု၊ မော်၊ သဲနှင့် မွန်တို့ အနားရောက်လာ ကြသဖြင့် ဖြူက ထပ်၍ မိတ်ဆက်ပေးရပြန်သည်။

"ဒါက ဖြူနဲ့တစ်တန်းတည်း သူငယ်ချင်းတွေ၊ သူက သဲယ ငယ်၊ ဟိုဘက်က ဝင်းလဲ့မော်၊ သူကတော့ လှမြတ်ဆု၊ လှမြတ် ဆုဘေးက ငြိမ်းမွန်ဆွေတဲ့"

ဦးမောင်မောင်က ခေါင်းညိတ်သည်။

"သူငယ်ချင်းတို့၊ ဒါက ဖေဖေ့မိတ်ဆွေ ကိုမောင်မောင် တဲ့"

"ဟုတ်ကဲ့ရှင်၊ တွေ့ရတာ ဝမ်းသာပါတယ်"

"သိတို့က ခင်တတ်ပါတယ်"

အသွက်လက်ဆုံးသဲသဲက သူ့ဝသီအတိုင်း လျင်လျင်မြန်မြန် ပင် ပြောချပစ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်ကလဲ တွေ့ရတာ ဝမ်းလဲသာ၊ ပျေ လဲပျော်ပါတယ်၊ အားလုံးကို အသိအမှတ်ပြုပါတယ်"

ဩော်....ဟော်၊ တော်တော်လာတဲ့လူပဲ၊ အသိအမှတ်ပြုပ တယ်တဲ့။ ရင့်လှချည်လား၊ နောက်ပြီး ဖြူ့ကို နာရီဝက်အတွင်း ဘယ်လို စည်းရုံးလိုက်သလဲ။ အရင်ကတည်းက သိတာတေ မဖြစ်နိုင်ဘူး၊ သည်လူ အပြောကောင်းလွန်းလို့ နေမှာ၊ ဖြူ ဘယ်ယောကျ်ားလေးမှ ရောတာ မဟုတ်ဘူး၊ ကိုမောင်မော





တဲ့ လူကြီးရေ၊ ခင်ဗျားနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးတဲ့နေ မှာ ကျွန်တော်နဲ့ဖြူ လုံးဝ မပတ်သက်ကြောင်း ပြောပေးမယ် န်တော် ဇော်ဇော်ဦးက ဖြူ့ကို ချစ်နေတာဗျ၊ သိထားဖို့က....

ဇော်ဇော်ဦး ခပ်ချဉ်ချဉ် တွေးပစ်သည်။

သူကတော့ ငါ့ကို ဖြူက ဖေဖေ့မိတ်ဆွေအဖြစ် မိတ်ဆက် ပေမယ့် ငါက ဖြူ့ကို ချစ်သွားပြီလို့ တွေးနေမလားဘဲ။

ထိုအတွေးနှင့်အတူ ဇော်ဇော်ဦးမျက်နှာ တင်းမာသွားရ သည်။

"ကဲ....သဘော်ရပ်တော့မယ်၊ သွားကြစို့"

ဇော်ဇော်ဦးပုံစံက မကြည့်တကြည့်ဟန်။

"သွားမယ်နော်၊ ကိုမောင်မောင်"

"ကောင်းပါပြီ ဖြူ"

သဘော်လက်တန်းပေါ်ကို မှီနေရာမှ ဖြူက ပြောလိုက်၏။ တော့ ခြေလှမ်းမြန်မြန်နှင့် ဇော်ဇော်ဦးနောက်ကို သူငယ် းဘစ်စု သုတ်ခြေတင်ရသည်။

ဇော်ဇော်ဦးနားရောက်တော့ သဲသဲက စကားစလာသည်။

"ဖြူ ဖြောင့်တယ် မဆိုးဘူးကွ၊ ခုမှသိတာလား"

"အေးဟ၊ ခုမှသိတာ"

"ဘယ်လို စသိတာလဲ ပြောပါဦး"

"သူကစ လာမိတ်ဆက်တာပဲ၊ မဆိုးပါဘူး၊ စကားပြောရ အဆင်ပြေတယ်"

"သိပ် သဘောကျသွားတယ်ပေါ့"

"ဟင်"

ဇော်ဇော်ဦးက ခပ်မာမာ ဝင်မေးလာသည်။

"ခုမှတွေ့တဲ့ ယောကျ်ားသားကို သိပ်ကြည်နေတယ်ပေ

"ဘယ်လိုပြောလိုက်တာလဲ ကိုဇော်ဇော်ဦး၊ ဒါဖြူ့ကိ ရေးကိုယ်တာပဲ၊ ဘယ်သူနဲ့မှ မဆိုင်ဘူး"

ဖြူ့ကိုယ်လုံးလေး တဆတ်ဆတ် တုန်ယင်သွားသလို အ များကလည်း လှိုက်ဝင်သွားသည်။ ပါးနှစ်ဖက်ပါ ရဲတွတ်ဒ မိ၏။

ရှက်တယ်။

ပြီးတော့ ဒေါသ ထွက်တယ်။

နောက်ဆုံးအနေနှင့် ဝမ်းနည်းတယ်။

"ဟယ်...ဖြူကလဲဟယ်၊ တော်ပါတော့"

ဖြူ ဇော်ဇော်ဦးကို မျက်စောင်းတစ်ချက် ထိုးဖြစ်သွားသ ကိုယ့်ဘာသာကိုယ် ဘာဖြစ်ဖြစ် သူ့အပူ လုံးဝမပါ။ နေရာတကာ ရှုပ်ချင်နေတော့ ဖြူ့လုံးဝ ကြည့်မရ။

"ဖြူ"

"ဘာလဲ"

ဒေါသ မပြေသေးသဖြင့် သူ့ပုံက ခပ်ဆောင့်ဆောင့်၊

"သန်လျင်(တညင်) ရောက်တော့မယ်နော်၊ ဘယ်နေရ အရင်သွားမလဲဟင်"

မွန်မွန်က စိတ်ပြေစေရန် စကားလွှဲခြင်းဖြစ်မည်။

"နင်တို့ သွားချင်တဲ့နေရာ သွားကြ၊ စိတ်ရှုပ်တယ်၊ တ ပဲ"

"ဖြူ နင်ဘယ်လိုဖြစ်နေတာလဲ၊ စိတ်ချည်းပဲ တိုနေတ





"ဖြစ်နိုင်ရင် လှည့်တောင် ပြန်ချင်လာပြီ"

"လိုက်လာပြီးမှ ပျော်ပျော်ရွှင်ရွှင် နေရအောင်ပါ ဖြူရယ်"

"နင် အခုလိုစိတ်ဆိုးနေတော့ ဘယ်ကောင်းမလဲ"

"အေးလေ၊ ပြုံးပြုံးလေး နေစမ်းပါ ဖြူရာ"

သူငယ်ချင်းများက ဝိုင်းပြောကြတော့ ဖြူ့မျက်နှာ တစ်ထစ် လျှော့ချလိုက်ရသည်။

ဇော်ဇော်ဦးကတော့ အဝေးတစ်နေရာကို အဓိပ္ပာယ်မဲ့ ငေး လျက်....။

"ကဲ....အားလုံးဆင်းဖို့ အသင့်ပြင်ထားတော့"

ဇော်ဇော်ဦးက အမိန့်ဆန်ဆန် လှမ်းပြောသည်။

ဖြူတို့ဘက်ကို တစ်ချက်မှ လှည့်မကြည့်။

မျက်နှာကလည်း မေးကြောကြီးများ ထောင်သည်အထိ တင်းမာလျက်။

ဖြူတို့သည် သင်္ဘောပေါ်မှဆင်းကာ ဆိပ်ကမ်းကိုဖြတ်လျက် သန်လျင်မြို့တွင်းသို့ ဝင်ခဲ့ကြသည်။

ကားကို ဆိပ်ကမ်းတွင် ထားခဲ့ကြသည်။

ဦးစွာ သန်လျင်ဈေးကြီးထဲ ဝင်ကာ ကောက်ညှင်းထုပ်၊ သီဟိုဠ်စေ့လှော် စသည့် စားသောက်စရာများ ဝယ်ကြပြီး ဈေးကို လှည့်ပတ်ကြည့်ရှုကြသည်။

ဈေးမှအပြန် မြင်းလှည်းဖြင့် သန်လျင်ရုံးကြီး၊ ဂါတ်တဲ၊ ထုတ်လုပ်ရေးကျောက်တိုင်၊ ကျိုက်ဖောမိဘုရား၊ မြန်မာ့ဘဏ်ခွဲ တို့ကို သွားရောက်ခဲ့ကြသည်။ ဂါတ်တဲအနီးရှိ ပါတီယူနစ်ရုံး သို့လည်း ရောက်ခဲ့ကြလေ၏။

ထိုမှတစ်ဖန် ကျိုက်ခေါက်ဘုရားနှင့် သန်လျင်မြို့ အကြား တွင် ရှိသော ဓာတ်သတ္တုသန့်စင်သည့် စက်ရုံ၊ ခဲမဖြူစက်ရုံတို့ ကိုလည်း ဝင်းအပြင်မှ သွားရောက်ကြည့်ရှုခဲ့သေးသည်။

ထို့နောက်မှာတော့ သံဃာစာသင်သားများ မွေးထု ပေးရာ မင်းကျောင်း ပထမပြန် စာသင်တိုက်၊ စာသင်တို အနီးတွင်ရှိသော ဓာတ်ဆီရုံးကိုလည်း သွားဖြစ်အောင်သွား သည်။

ဂျပန်ခေတ်က သန်လျင်-သုံးခွ သွားသော မီးရထားလမ် ဟောင်းကြီး ဆီသို့လည်း သွားစပ်စုကြပြန်သည်၊ ဘေးတစ်ဖ တစ်ချက်တွင် အညာကုက္ကိုပင်များပေါက်နေသည်မှာ မျက်ေ အေးစရာအတိပင်။

ရာဘာလမ်းတွင်ရှိသော အထက်တန်းကျောင်း အမှတ်(၄ သို့လည်း ရောက်ခဲ့ကြ၏။

ထမင်းဆိုင်တစ်ခုတွင် ဝင်ကာ နေ့လယ်စာ စားသောက် ကြသည်။ ထမင်းစားရာတွင် လူငယ်များပေမို့ နောက်ြ ပြောင်ကြနှင့် ပျော်စရာ။

ဖြူ့စိတ်များလည်း ပြန်လည်ကြည်လင်လာရသလို ဇော်ခေ ဦး ဒေါ်သများလည်း ပျောက်ပြယ်သွားလေပြီ။

ထမင်းစားပြီးကြသောအခါ ကျောက်တန်းရှိ ရေလယ ဘုရား၊ ပုဒါကြီးဘုရား၊ ဘမင်းခေါင်ဘုရားတို့ကို ဖူးမြေ ကြည်ညိုကြပြန်သည်။





သန်လျင်ဆေးရုံကြီးနှင့် ရေနံချက်စက်ရုံ၊ ဖန်ချက်စက်ရုံနှင့် ာတိုက်ကုန်း၊ ကျိုက်ဒေးယျုံဘုရား၊ အာဇာနည်ကျောက်တိုင် ိုဘက်လည်း ရောက်ခဲ့ကြသည်။

သန်လျင်မြို့အနောက်ဘက်သို့ ချီးသွားလျှင် ဗိုလ်ချုပ်ရွာ ောက်လေသည်။ ဗိုလ်ချုပ်ရွာမှသွားလျှင် ဆိပ်ကြီးခနောင်တို ရတပ်ဌာနချုပ်ကို တွေ့ရမည်ဖြစ်သည်။

သန်လျင်မြို့တွင် ရုပ်ရှင်ရုံနှစ်ရုံရှိရာ မင်းနန္ဒာနှင့် မြဟုံသာ မည်ဘွင်လေ၏။

မင်းနန္ဒာရုံဝယ် နိုင်ငံခြားရုပ်ရှင်ကားများ ပြသလေ့ရှိသော် ည်း မြဟံသာရုံတွင်မှာတော့ မြန်မာကား သက် သက် ပင် ြသည်။

မင်းနန္ဒာရုပ်ရှင်ရုံ၏ အရှေ့ဘက်တွင် သန်လျင်အားကစား ွင်း၊ စက်ရုံ၊ အထက(၃) စသော စုဆောင်းရေးဌာနတို ှိလေ၏။

စာတိုက်ရုံးဘေးတွင် သန်လျင် ဘီအိုစီဝင်းအတွင်းသို့သွား သော လမ်းရှိပြီး ဘီအိုစီဝင်းအတွင်းတွင် ကရင်နှင့် မြန်မာ င်းရင်းသားများ အနေများသည်ကို တွေ့ရသည်။

ဈေးလမ်းမကြီးမှ ကမ်းနားလမ်းသို့သွားရာ လမ်းတွင် ီးသတ်ဌာနချုပ်နှင့် မီးသတ်ဝန်ထမ်းများ၊ သူတို့၏ မိသားစု ျား နေထိုင်ရာ အိမ်များကို တွေ့ရှိရသည်။

ဂါတ်တဲနှင့် ဆေးရုံအကြားတွင် လယ်ယာနှင့် စိုက်ပျိုးရေး ုတန်းကျောင်း တည်ရှိသည်။

ကျိုက်ခေါက် ဆံတော်ရှင်ဘုရားကုန်းတွင် နတ်ရှင်နေ…
ဝန်ကြီးပဒေသရာဇာဂူများ ရှိသည်။ ရှင်မွေ့နွန်း-မင်း…
ကုန်းတွင် ဒီပရစ်တို(၄၄ဝကာ)၏ ဂူတည်ရှိလေ၏။

ကျိုက်ခေါက်ဘုရား မြေနီလမ်းမှ တောင်ဘက်သို့သွား…
ဖြင့် အမှတ်(၉၀)ခြေလျင်တပ်ရင်း ရှိလေ…ည်။

ကျိုက်ခေါက်ဘုရားပွဲတော်ကို တပို့တွဲလဆန်း(၉)ရက်…
လပြည့်နေ့အထိ ကျင်းပ၏။

ဖြူတို့ နေရာမျိုးစုံလည်း နှံ့ပြီ။

နေကလည်း ဝင်တော့မည်။

မောပန်း နွမ်းနယ်နေပြီ ဖြစ်သဖြင့် စိမ်းလန်းစိုပြည်…
ရာဘာလမ်းကလေးဝယ် ခြေပစ်လက်ပစ် ထိုင်ကာ အပန်း…
ကြသည်။

ဖြူသည် ရာဘာလမ်းကလေးအတိုင်း လျှောက်လာခဲ့မိသ…
သူငယ်ချင်းများနှင့် တော်တော်အလှမ်းကွာကွာရောက်မှ
ရာဘာပင်အောက်ဝယ် ထိုင်ချလိုက်သည်။

ရာဘာပင်များမှာ စိမ်းစိမ်းစိုကာ နေညိုချိန်ဝယ် အ…
အဖြစ် ရှုချင်စရာဖြစ်နေသည်။

အ…င်ပေါ်မှ ငှက်အုပ်စုများမှ တစ်ကောင်နှင့်တစ်…
ချစ်စေးသိနေကြသည့်အလား။

လေအဝေ့ဝယ် မြေနံ့သင်းသင်းများ ရှူရှိုက်ရသည်။

ဖြူသည် ငေးနေ တွေးနေရခြင်းကို ဝါသနာထုံသည်…
အေးဖွယ် ရှုခင်းများကိုကြည့်၍ ရင်ထဲမှာ စာဖွဲ့မိသည်။ …
စပ်မိသည်။





"ဖြူ...."

ဖြူ လှည့်မကြည့်ဘဲ မှ…သူမှန်းသိလိုက်ပါသည်။

နှလုံးသားသည် အချစ်ဟူသောအရာကို မှတ်မိစေပါလား။

"ဖြူ...."

သည်တစ်ခါတော့ ဖြူ လှည့်ကြည့်သည်။

သူ့မျက်လုံးများက ဖြူ့ကို တောင်းပန်နေလေဟန်။

ဖြူ တစ်ဖက်သို့ ပြန်လှည့်လိုက်သည်။

မိမိကို ဘာမဆိုင် ညာမဆိုင် လူတစ်ယောက်နှင့် ထင်ရက်
…သူကို မိမိ မကြည့်လို၊ စကားမပြောလိုတော့။

"ဖြူရယ်"

ဖြူ ထိုင်နေသည့် သစ်ပင်ကို လက်ထောက်ကာ သူ ရပ်သာ
…ည်။ သူ့ပုံစံက တစ်ခုခုကို မျိုသိပ်နေဟန်။

သူ့မျက်လုံးများက တောင်းပန်ခြင်းနှင့်အတူ တောင်းခံခြင်း
…ားလည်း ရောနှောလာသည်။

ကိုဇော်ဇော်ဦး ဆိုတဲ့လူဟာ၊ ဖြူ ဘယ်လိုပြုရပါ။ တစ်ဖက်
…လည်း ခွဲမတော်သားမဝပ်ပါသည့် ချစ်စွာသော အစ်မ၊
…ဖက်ကလည်း ဖြူ့ရဲ့ ချစ်ဦးသူ။ တစ်ခါ မညိုကလည်း ဖြူ့
ချစ်ဦးသူအပေါ် ဝွဲလမ်းစိတ်ဖြစ်နေသူ။

ဘာဘယ်တော့ ဖြူဟာ လူပိုသ…ဲသက်ပါလေ၊ ဖြူ့ဘဝက
…ဘာကာမှ ကံခေခဲ့သည်။

အခုတစ်ခါတွင်လည်း ကံခေပါဦးမည်။

ကိုဇော်ဇော်ဦးဆိုသော ဆေးကျောင်းသား သူဌေးသား လေးသည် ပညာက ဆယ်တန်းဖြေထားသူ မေမွးစားသ တစ်ယောက်ကို တ..ယ်ပင် ရဲရဲဝံ့ဝံ့လက်တွဲနိုင်ပါမည်လား။

သူက 'နေ'ပေမို့ 'လ'ကိုပင် ရှာပါလိမ့်မည်။

သူက 'ရွှေ'ပေမို့ 'မြ'ကိုပင် ရှာပါလိမ့်မည်။

သို့မှလည်း နေနှင့်လ၊ ရွှေနှင့်မြ တင့်တယ်နိုင်မည် မဟုတ် လား။

ဖြူဝေဟာ ပိုးစုန်းကြူးသာသာရယ်ပါ။ နေမင်းကြီး နှိုင်းယှဉ်ရန် မဝံ့ပါ၊ မပြိုင်ရဲပါ၊ ရင်ပေါင်မတန်းနိုင်ပါ။

"ဖြူ...."

သည်တစ်ခါတော့ တွေးလိုက်မိ၏။

"ဘာလဲ ကိုဇော်ဇော်ဦး"

သူနှင့်ယှဉ်လျှင် ဖြူ့တွင် အားငယ်စိတ်များ ဖြစ်ကုန်ရသည် တကယ်ဆို သူ ဘယ်လောက် ချမ်းသာချမ်းသာ ဘာ လို့လဲ။

"ဖြူ ကိုယ့်ကို စိတ်ဆိုးနေတယ်လား"

ဖြူ မဖြေ။

"အင်းလေ၊ ဖြူ စိတ်ဆိုးမယ်ဆိုလဲ ဆိုးလောက်ပါတယ် ကိုယ် မဆင်မခြင်ပြောလိုက်မိတာကို တောင်းပန်ပါတယ်ဖြူရ ကျေနပ်ပါနော်"

သူက ဖြူ့ကို ရှိမ်းစပ်စပ်ကြည့်လာသည်။

ဖြူ မနေတတ်တော့။





ဇော်ဇော်ဦး အနှိတီက သူ့သူငယ်ချင်းကို ခေါ်လိုက်သည်။

"ဟိုမိန်းကလေးကို ကြည့်စမ်း၊ ဘုရားပေါ်မှာ တွေ့ခဲ့ဖူးတဲ့ းကလေးမဟုတ်လား"

"အေး....ဟုတ်ပါရဲ့၊ အဲဒီတုန်းက မောင်ဇော်နဲ့ သိပုံတောင် ာ၊ အခုခေတ်က တယ်လဲမြန်ကြတာကိုး"

ဝေဖန်ခြင်းနှင့် လေကန်ခြင်းကို ဝါသနာထုံသော အနှိတီတို ားကြောက ခပ်ရှည်ရှည်။

ကားပေါ်မှအဆင်း ဇော်ဇော်ဦး ဖြူ့ကို တင်ချက်စိုက်ကြည့် လိုက်သည်။

ဖြူက တစ်ဖက်သို့လှည့်နေရာမှ ဇော်ဇော်ဦးကို ပင့်၍ ကြည့် ်သည်။ ပြီးတော့ မျက်လွှာချသွားတော့၏။

"သွားမယ်နော် ဖြူ"

ဖြူ သာမျှပြန်မပြော၊

ဇော်ဇော်ဦး မရှိပြီမို့ ရွှေခန်းတွင်ထိုင်နေသူ ဖြူ့မှာ ကား င်းရပေတော့မည်။

"ဂရုစိုက်မောင်းနော်၊ အိမ်ရောက်ပြီဆိုတဲ့အကြောင်း ဖုန်း ်ဦးနော်"

ံးရိမ်ကြီးနေလွန်းသူကို စိတ်မရှည်ချင်တော့။

ဝေလှင် ကားကို စက်နှိုးလိုက်သည်။ ပြီးတော့ ငြိမ့်ခနဲ င်းထွက်ခဲ့သည်။

ဤသည်ကို ကြည့်နေသော စပ်စပ်စုစု မိန်းမကြီးများ ကောင်မလေး စိတ်ကောက်၍ ကောင်လေး ချော့နေသည်ဟု ထင်ကြသည်။

ဇော်ဇော်ဦးဆင်းသွားပြီးသည့်နောက်ပိုင်းတွင် ဖြူ့စိတ်သည် ဟင်းလင်းပြင်ကြီးထဲသို့ လွင့်စဉ်သွားသည့်အလား ဟာတာတာကြီး ဖြစ်သွားရသည်။

ဖြူ့ကို အရေးပေးသော၊ ကြင်နာသော၊ စာနာတတ်သော ဇော်ဇော်ဦးကို ဖြူ လွမ်းရပြန်သည်။

သူ့ ယုယမှုလေးများကို တွေးကြည့်ရုံနှင့် ကြည်နူးရသော ကိုဇော်ဇော်ဦးကို ဖြူ....ဖြူလေ....။



အခန်း (၁၄)

"ဟော့....ဖြူ၊ ထတော့လေကွာ"
"အေးပါဟဲ့၊ လောလိုက်တာ၊ ဘယ်လိုဖြစ်နေတာတုံး"
"အောင် မအောင် သိချင်လှပြီ ဖြူရေ့၊ သိချင်လှပြီဟ"
ခုန်ဆွခုန်ဆွဖြစ်နေသော သဲသဲကိုကြည့်၍ ရယ်ချင်လာသည်။
နာမည်နဲ့လိုက်အောင် သည်းတဲ့မိသဲ။
"အောင်မှာပါ၊ ပူမနေနဲ့"
"နင်ကတော့ ဟုတ်တာပေါ့၊ ငါတို့မှာသာ"
"အားလုံး အောင်မှာပါ၊ ကဲ....သွားကြမယ်"
ရင်ခုန်စွာနှင့် ကျောင်းသို့ လာခဲ့ကြသည်။
အထက်တန်းစာမေးပွဲ အောင်စာရင်းကြီး ထွက်ခဲ့ပေပြီ။
ဖြူဝေလွင်သည်သည်း 'မှန်းချက်နှင့်နှမ်းထွက်' ကိုက်ခဲ့လေသည်။

ဖြူစေလွင်ဆိုသော နာမည်လှလှလေးနောက်တွင် ဂုဏ်ငွ မျာ း တန်းစီနေသည်။

ဖြူ့သူငယ်ချင်း ငါးယောက်လုံးလည်း အောင်ကြသည်။

သဲသဲက ဂုဏ်ထူးနှစ်ခုနှင့်။ မွန်၊ ဆု၊ မော်၊ မြတ်တို့က သင်္ချာ ဂုဏ်ထူးများနှင့်။

အားလုံးသိပ်ပျော်ကြသည်။

ကျောင်းအုပ်ဆရာကြီးက ဖြူ့ကို ချီးကျူးစကား ဆို သည်။

ကျောင်းသူ ကျောင်းသားများကလည်း ခြောက်ဘာသ ဂုဏ်ထူးရှင်မို့ ဖြူ့ကို ဝိုင်းကြည့်သည်။ နောက်ကြပြောင်ကြသ

တချို့က 'ဂုဏ်ထူးတစ်ခုလောက် ချောင်းပါဗျို' ဟု ပြော သည်။

"ဂုဏ်ထူးတစ်ခုလောက် မျှပါ" ဟု ပြောသူကလည်းရှ

"တော်လိုက်တာနော်" ဆိုသည့် အားကျမျက်ဝန်း ရှိသလို 'အလကားပါ' ဟူသော မနာလို အကြည့်လည်း ပါ သည်။

ကိုယ်ကိုယ်တိုင်ကသာ မကြိုးစားတာ။

ကြိုးစားသူ ရတော့လည်း ဝန်တိုချင်ကြသည်။

အကောင်းအဆိုး ဒွန်တွဲနေသည်မှာ သဘာဝ ပေကိုး။

ချီးကျူးသူ ရှိသလို မနာလိုသူလည်း ရှိပေလိမ့်မည်။

အကောင်းပြောသည် ဖြစ်စေ၊ မကောင်းပြောသည်ဖြ ခံနိုင်ရည် ရှိရပါမည်။





ချီးမွမ်း (၄) ရက်၊ ကဲ့ရဲ့ (၄) ရက် ဆိုသည့်စကား ရှိထား သည်လေ။

ကဲ့ရဲ့လျှင်လည်း မဖြုံ၊ ချီးကျူးလျှင်လည်း မမူဖို့ လိုပါ၏။

သို့မှသာ အောင်မြင်မှုများ ဆင့်ကဲဆင့်ကဲ ရရှိနိုင်မည် မဟုတ် ပါလား။

ကောင်းမှုကို မြတ်နိုး၍ ကောင်းအောင် ကြိုးစားခဲ့သူသည် ကောင်းသည်ဆိုသော အကျိုးထူးကို ခံစားရမည်မှာ မလွဲပါ ပင်။

ရရှိလာသော ကောင်းကျိုးကိုလည်း ကိုယ့်ကိုယ်၌ ထာဝစဉ် တည်တံ့စေရန်အတွက် ကိုယ်ကိုယ်တိုင်က ကြိုးစားရပါဦးမည်။

"ဟော့....ဖြူ"

"ဟင်...ကိုဇော်ဇော်ဦး"

သူ့ကို ဇောဇော စီးစီး တွေ့လိုက်ရသဖြင့် ဖြူ အံ့ဩ သွား သည်။

ပြီးတော့ ကြည်နူးမှု အလိုလို ဖြစ်ထွန်းလာရ၏။

သူ့မျက်နှာက ရယ်မွှင်လန်းဖြာ ထွန်းပနေသည်။

"ဖြူ သိပ်တော်တယ်၊ ကိုယ် သိပ်ဝမ်းသာပါတယ်ဖြူ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဖြူသည် လိမ္မော်ရောင် ဆင်တူ ဝတ်ထားပြီး အင်္ကျီပေါ်တွင် အနက်ရောင် သိုးမွေးထည် လက်တိုကလေးကို ထပ်ဝတ်ထား သဖြင့် ဖြူသောအသားမှာ ဝင်းလက်နေသည်။

နီနက်စောစော အချိန်မို့ ဖြူ့ မျက်နှာလေးမှာ ပို၍ အိထွေး နေရသည်။

မတို့ရက်....

မတို့ရက်အောင် နုနုဖပ်ဖပ်ကလေးမို့ ဇော်ဇော်ဦး တရှိုက် မက်မက် ငေးမိသည်။

ဖြူ သည်လောက်လှနေတော့ မောင် ရင်မောရတယ် ဖြူရယ်

ဖြူသည် မိမိအား ငေးစိုက်ကြည့်နေသည့် အမျိုးသားအား သည်တစ်ကြိမ်တော့ သေသေချာချာ ပြန်ကြည့် ဖြစ်သည်။

အနီနှင့်အဖြူ အကွက် ရှပ်အင်္ကျီလက်တို၊ ဂျင်းဘောင်းဘီ ရှည်နက်ပြာနှင့် သားနားနေသည်။

သံစလေးများ နဖူးပေါ်တွင် ဝေ့ဝဲကာ မျက်နှာ လှလှမော နုပျိုနေသည်။

ဇော်ဇော်ဦးနှင့် ဖြူတို့ကို လမ်းသွားလမ်းလာများက လှည့် ကြည့် လှည့်ကြည့် လုပ်သွားသဖြင့် ကြာတော့ ဖြူ ရှက်သွေးဖြ ရသည်။

ဇော်ဇော်ဦး မျက်နှာကြည့်လိုက်တော့ သဘောကျသည့် အလား ပြုံးလို့ နေသည်။

ဟွန်း....ပုံကိုက။

ဖြူ့ မျက်နှာလေး တစ်ချက်မဲ့ကာ နှုတ်ခမ်းဖူးဖူးလေးစူသွား သည်ကို မြတ်နိုးလွန်းစွာ ကြည့်မိသူက ဇော်ဇော်ဦး။

သည်ကောင်မလေး ဘာကိုရှက်၍ ဘာလို့နှုတ်ခမ်းစူရသည် ကို ဇော်ဇော်ဦး သိသည့်ပေါ့။

"ဖြူ ကိုယ့်ကို ဘာကျွေးမှာလဲ"

"တော်တဲ့လူကို ဂုဏ်ပြုတဲ့ အနေနဲ့ ကိုဇော်ဇော်ဦးက ကျွေး ရမှာကို"





"ဖြူ ဘာစားချင်လဲပြော"

"ဟင့်အင်း၊ အလကား စဘာပါ၊ ဖြူ ဘာမှ မစားချင်ပါ ။"

"ဒါဆို ဖြူ ကိုယ်တို့ကျောင်းကို ရောက်လာမှာပဲနော်၊ ကိုယ် ကတော့ တွေ့ရမှာပဲ၊ ပျော်စရာကြီးပဲကွာ"

ဖြူ့ မျက်နှာ ရုတ်တရက် ညှိုးကျသွားသည်။

သည်လိုဆိုပြန်တော့ မိမိပြောလိုက်သော စကားအတွက် ဇော်ဇော်ဦး စိတ်မကောင်း။

မင်္ဂလာအချိန်တွင်မင်္ဂလာမရှိသော စကားကိုပြောမိပြီလား။

"ဆောရီး ဖြူ၊ ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်"

"ရပါတယ် ကိုဇော်ဇော်ဦး၊ ရုတ်တရက်မို့ပါ"

ဖြူ ပြုံးလာသည်။

သူ့ရဲ့ တောင်းပန်သံအောက်ဝယ် ဖြူ၏ နောက်ကျိနေသော စိတ် အရည်ပျော်ရ၏။

"ဒါနဲ့ ဖြူ"

"ဘာလဲဟင်"

"ဖြူ့ကို မေးစရာရှိတယ်"

"ဘာမေးမှာလဲ"

ဇော်ဇော်ဦးကို ဖြူ တစ်ချက်ကြည့်လိုက်သည်။

"ကိုမောင်မောင့် အကြောင်း"

"ကိုမောင်မောင်"

"ဟုတ်တယ်၊ ဖြူ သင်္ဘောပေါ်မှာ မိတ်ဆက်ပေးတဲ့လူလေ"

"ဩော်....အင်း၊ မှတ်မိပြီ၊ သူ ဘာဖြစ်လို့လဲဟင်"

"သူက ကိုယ်တို့ကျောင်းက ကျူတာလေကွာ"

"ဟင်....ဟုတ်လား၊ သူ့ကြည့်တော့ ငယ်ငယ်လေး"

"မငယ်ပါဘူး"

ချက်ချင်း မခံချင်စွာပြောလာသော သူ့စကားကြောင့် ရယ်လိုက်သည်။ သူက ဖြူ့ကို မျက်မှောင်ကြုတ် ကြည့်သ ပြီးမှ အရှက်ပြေ ရယ်သွမ်းလိုက်၏။

"ကိုယ်လဲ သူ့ကို ရိုင်းရိုင်းမာမာ ဆက်ဆံခဲ့မိတယ်၊ ဒ နည်းနည်း ရှိန်းနေမိတယ်"

"ဟုတ်မှာပေါ့၊ သူက လူကသာနုတာ စကားပြေ လူကြီးလိုပဲ၊ ကိုဇော်ဇော်ဦးကျတော့ အသက်ငယ်ပြီး အ ထွားတယ်၊ ဒါကြောင့် ရွယ်တူလို ဖြစ်နေတာပေါ့"

"ကိုယ်က ထွားတယ် ဟုတ်လား"

ပြုံးစစနှင့် မေးလာသည်။

"ဘယ်သိမလဲ"

"ဟောဗျာ၊ သူပဲပြောပြီး၊ သူပဲ ဘယ်သိမလဲတဲ့"

သူကမှယ်လေ ဖြူ့မျက်နှာ နီလေပင်။

"ဟုတ်တယ်နော် ဖြူ ကိုယ်က သိပ်ထွားတယ်၊ ဒါ မျက်နှာကတော့ နုတယ်နော်"

"ဟုတ်လိမ့်မယ် အားကြီးကြီး"

"နေ့....မဟုတ်လို့လား"

"မဟုတ်ဘူး"





"သူများတွေက ဒီအတိုင်းပြောတာ၊ ဖြူတစ်ယောက်တည်း က လက်မခံဘူးဆိုတော့ ဖြူက ကိုယ့်အကြောင်း ပိုသိလို့ နေ မှာနော် ဖြူ"

"သွား....သွား၊ မသိဘူး"

ဖြူ ဖအော်လိုက်မိတော့၏။

အနေခက်အောင် သိပ်လုပ်တတ်လွန်းသူ။

"နှင်တာလားဟင်"

"ဟုတ်တယ်၊ လူလိုမှ မသိဘဲ"

ဩော်....ဖြူလေးရယ်။

ကိုယ်ချင်းစာပါဦးကွာ။

ဇော်ဇော်ဦး မောသွားသည်။

သူကတော့ ဖြူ့မျက်နှာလေးကို ကြည့်ချင်၍ ဖြူ့ အောင် မြင်မှုများကို ချီးကျူးချင်၍ လာရသည်မှာ အမော။

ဇော်ဇော်ဦး တွေးရင်း သက်ပြင်းရှိုက်မိသည်။

ဇော်ဇော်ဦး မျက်နှာကိုကြည့်၍ ဖြူ စိတ်မကောင်းနိုင် တော့။

ဖြူ့အတွက် စောစောစီးစီး လာမေးသည် မဟုတ်လား။

ဖြူ စကားနည်းနည်း ရိုင်းသွားသည်။

ခွင့်လွှတ်ပါကွယ်။

"ကိုဇော်ဇော်ဦး"

"ဘာလဲဖြူ"

"ကိုဇော်ဇော်ဦး ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားပါဘူး"

"ဒါဆို ဘယ်က ပြန်လှည့်လာတာလဲ"

"ဟာ....မနက် စောစောစီးစီး ဘယ်ကလာရမှာလဲ ဖြူရဲ့
ဖြူ့ဆီ သက်သက်လာတာ၊ ဖြူ ဂုဏ်ထူး ဘယ်နှစ်ခုရလဲ သိချင်
လို့"

"အရမ်း ကျေးဇူးတင်ပါတယ်ရှင်"

"မလိုပါဘူး ဖြူ"

"ကိုဇော်ဇော်ဦးတုံးက ဘယ်နှစ်ခု ရလဲဟင်"

"ဖြူ့လောက် မတော်ပါဘူး၊ လေးခုတည်းပါ"

"ကိုဇော်ဇော်ဦးက ပိုတော်ပါတယ်"

"ဘာကြောင့်လဲ ဖြူ"

ဇော်ဇော်ဦးပုံက နားမလည်သည့်ဟန်။

"ကိုဇော်ဇော်ဦးက ဆယ်တန်းကတည်းက တိုင်းနှင့်ပြည်နယ်
လက်ရွေးစင် ဘောလုံးသမားဆို၊ အားကစားတစ်ဖက်၊ စာ
တစ်ဖက်နဲ့ ကြိုးစားရတာမဲ၊ လေးခုတောင် ရတယ်ဆိုတော့
ပိုချီးကျူးဖို့ ကောင်းတာပေါ့"

"ဒါတွေ ဖြူ့ကို ဘယ်သူ ပြောတာလဲ"

"လူ့သတင်း လူချင်းဆောင်ပါသတဲ့ရှင်"

ဖြူ ပြောလိုက်ပုံက ဇော်ဇော်ဦးစိတ်ကို လှုပ်ရှားသွားစေ
သည်။ ဖြူ့ကိုယ်လုံးလေးကို မြှောက်ချီ ပွေ့ယမ်းလိုစိတ် ဖြ
ပေါ်လာရသည်။

သိပ် ချစ်ဖို့ကောင်းသည့် ဖြူ။

လက်တွေ့မှာတော့ လက်ပိုက်၍ ပြုံးနေလိုက်ရသည်။





"ဖြူပြောတာနဲ့ ကိုယ်တောင် နည်းနည်း ဘဝင်မြင့်ချင်လာ
"

ဖြူ ခေါင်းငုံ့၍ ရယ်လိုက်မိသည်။

"ဖြူ...အမယ်လေးနော်၊ ရှာလိုက်ရတာ၊ ဟယ်....ကိုဇော်
ီးပါလား"

သဲသဲက သူ့ကို အခုမှမြင်ပြီး တအံ့တဩ ပြောရှာသည်။

"သဲသဲတို့အားလုံး အောင်ကြတယ် မဟုတ်လား"

"ဩော်....မေးဖော်တော့ ရသားပဲ၊ ဆုတို့က မေ့နေပြီထင်
ာ"

"အာ....ဆုနော်"

ဖြူက မကျေနပ်စွာ ပြောသည်။

"ကိုယ်က မှန်တာပြောတတ်တာပဲ ဖြူရဲ့၊ မဟုတ်ဘူးလား
"

"ဟုတ်တာပေါ့"

"ကြည့်ပါဦး၊ ဖြူ့ရယ်နေပုံက သွားတိုက်ဆေး ကြော်ငြာ
ာ ကျနေတာပဲ၊ ရှိသမျှသွား အကုန်ပေါ်နေပြီ"

"မြတ်နော်၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဖြူ ငိုပစ်
က်မှာ"

"ငိုလဲ ကိစ္စမရှိဘူး၊ ဘေးမှာ ချော့မယ့်လူ...."

"တော်ဟာ....တော်တော်၊ ဘာတွေ လျှောက်ပြောနေတာ
ဲ ဖြူ တကယ်စိတ်ဆိုးတယ်"

ဖြူက မျက်နှာထားတင်းတင်းဖြင့် ပြောရင်း ချာခနဲ လှည့်
က်လိုက်သည်။ ခြေလှမ်းပင် မစရသေး။

"ဟောဒီမှာဗျို....ဘာသာစုံ ဂုဏ်ထူးရှင် စိတ်ကောက်[illegible]
မမြင်ဖူးရင် ကြည့်ထားကြဟေ့"

အရှက်မရှိ လှမ်းအော်သူက သဲသဲ။

"ကောင်မ အစုတ်ပလုတ်မတွေ၊ နင်တို့နဲ့ ဘယ်ခေါ်[illegible]
မလိုက်တော့ဘူး"

"အင်းပေါ့လေ၊ ဘယ်ခေါ်တော့မလဲ၊ ၆ ဘာသာဂုဏ်[illegible]
ရှင်ကြီး"

"ဘာဆိုင်လို့လဲ"

"နောက် နင်ပဲ ငါတို့နဲ့ မခေါ်တော့ဘူးဆို"

"နင်တို့က တစ်အားစနေတာကိုး"

"ချစ်လို့ စတာပါ ဖြူရာ"

"ဟွန်း....တော်ပါ၊ ချစ်လို့....ချစ်လို့နဲ့၊ မပြောချင်ဘူး"

"ဩော်....ဖြူကလဲ၊ စတော့ နင်က စိတ်ဆိုး၊ စိတ်ဆိုး[illegible]
ပိုလှ၊ လှတာကိုကြည့်ပြီး ပိုစချင်တာပေါ့ မဟုတ်လား [illegible]
ချင်းတို့"

"(Yes) ရက်(စ်)၊ မှန်လှပါ"

ပြိုင်တူ အော်ကြသည်။

အခုမှ သိပ်တက်ညီလက်ညီ။

သူများကို စရတာကိုး။

မိန်းကလေးတစ်သိုက်ကို ဇော်ဇော်ဦး ခပ်ပြုံးပြုံးကြ[illegible]
လိုက်သည်။

သူတို့ပြောတာ တစ်ခုတော့ မှန်သည်။ ဖြူသည် စိ[illegible]
လည်း တစ်မျိုးလှသည်။





ရှက်သွားလျှင်လည်း ချစ်ဖွယ်ရာလေး။
ရယ်နေလျှင်လည်း ကြည့်မဝချင်စရာ။
တည်နေပြန်တော့လည်း ခန့်နေသလိုလို။
ဘယ်လိုနေနေ သိပ်လှသည်က အမှန်ပင်။

"ကိုဇော်"

ဆုက လှမ်းခေါ်လိုက်သဖြင့် ဖြူ့ကိုကြည့်နေသောအဖြစ်ကို
[illegible]သွားသည်။

ဆုက မသိချင်ဟန်ဆောင်၍....

"ဆုတို့ တစ်ခုခုသွားစားကြရအောင်"

"ကော[illegible]င်းသားပဲ ဆု"

"ဖြူ မလိုက်ဘူးနော်"

[illegible] ခေါင်းညိတ်သည်။

"ဘာကြောင့်လဲ ဖြူရယ်၊ တစ်ခါတလေ ပျော်ပျော်ပါးပါး
[illegible] လိုက်ခဲ့ပါ"

"ဟင့်အင်းဟယ်၊ ငါမလိုက်ချင်ဘူး၊ ဖေဖေ့ကို ပြန်ပြော
[illegible]ယ်"

"တယ်လီဖုန်းနဲ့ လှမ်းပြောလိုက်ပေါ့"

"ဟင့်အင်း၊ ဖေဖေ့မျက်နှာကိုကြည့်ပြီး ပြောချင်တာ"

"အမယ်လေး....ပိုလိုက်တာ ပိုပိုဖြူရယ်၊ ဆုတို့ မိဘတွေကလဲ
[illegible]လောက်ဆို မျှော်နေကြမှာပါ၊ သူတို့ သမီးတွေ အောင်
[illegible]ောင် သိချင်နေကြမှာပါပဲ"

"နင်တို့က မိဘကိုမှ မသနားတာ၊ မိုက်ကိုမိုက်တယ်၊ ကသာ ရင်တမမနဲ့အောင်မှ အောင်ပါ့မလားလို့ စောင့်မျှော် တာ၊ကိုယ်ကတော့ ဒီမှာပျော်လိုက်ပါးလိုက်၊စားလိုက် သော လိုက်နဲ့၊ ဖြူဆို ဘာမှစားလို့ရမှာမဟုတ်ဘူး၊ ဒါကြောင့် ကိုပဲ အရင်ပြန်တော့မယ်"

ဩော်....ဖြူရယ်၊ မိဘကို မိဘမှန်းသိတတ်လွန်းတဲ့ ဖြူ. မိဘနဲ့ မနေရရှာပါလား။

ကိုယ် ကိုယ်ချင်းစာပါတယ် ဖြူရယ်။

ဇော်ဇော်ဦး ရင်ထဲမှ ညည်းညူမိသည်သာ။

ဖြူကမလိုက်သည့်ပြင် ကျန်လူများလည်း မလိုက်ဖြစ်အေ စည်းရုံးသွားပုံက ပညာသားပါလွန်းသည် မဟုတ်လား။

ဘယ်သူမှ မသွားဖြစ်တော့။

အိမ်ကိုသာ ပြန်ကြရတော့သည်။

အာဂ ဖြူဝေလွင်။ သိပ်ဆိုးတယ်။

ဒါပေမယ့် ဘာကြောင့်မှန်းမသိ၊ ဇော်ဇော်ဦး ရင်ထဲ စွဲနေအောင် ချစ်ရလွန်းတယ်ကွာ။

"ကိုဇော်ဇော်ဦး၊ နောက်မှသွားတာပေါ့ နော်"

"ရပါတယ် ဖြူရယ်၊ ဖြူတို့ သဘောပါ"





အားနာသလိုပြောလာသော ဖြူ.ကို နှစ်သိမ့်လိုက်သည်။ ကိုယ်က ဖြူ.အပေါ် အမြဲတမ်း ကြည်ဖြူနေပြီးသားပါ။ ဖြူ ဘာပဲလုပ်လုပ် တို့ စိတ်ဆိုးမိမှာမဟုတ်ဘူး။ စိတ်ဆိုးမိရင်တောင် မုန်းမိမှာမဟုတ်ပါဘူးကွယ်။ တို့ ဖြူ.ကို ရင်ထဲက သိပ်ချစ် နေမိတာကိုး ဖြူရယ်။

တို့အချစ်တွေကို မင်း နားလည်ပါတယ်။

* * *

"ဖေဖေရေ....ဖေဖေ"

"ဟော....လာလေ သမီး၊ အောင်တယ်မဟုတ်လား"

"အောင်တယ် ဖေဖေ"

"ဂုဏ်ထူးကော...."

"ပါတာပေါ့"

ဖေဖေ့မျက်နှာက ပြုံးသွားသည်။

ဖေဖေ ပြုံးဖူးသည့် အပြုံးများတွင် သည်အပြုံးကအလှဆုံး။

"ဟုတ်လား၊ ကဲ....ပြော၊ တစ်ခုလား၊ နှစ်ခုလား၊ တစ်ခု ဆိုရင် သမီးလိုချင်တာ တစ်ခုဝယ်ပေးမယ်၊ နှစ်ခုဆိုရင် နှစ်မျိုး ဝယ်ပေးမယ်"

"ဖေဖေ သတိထားဦးနော်၊ (၆)မျိုးတောင် ဝယ်ပေး ရမှာ"

"ဟင်....ဘာသာစုံရတယ်လား သမီး"

"ဟုတ်တယ် ဖေဖေ"

ဖေဖေ့မျက်လုံးများက ဝမ်းသာမှုကြောင့် လက်ဖြာသွားသည်။

"ဟာ.... တော်လိုက်တာ၊ ကြည့်စမ်း ခင်၊ ဒါမှ ငါ့သမီးကွ"

ဖြူ အိမ်ကိုပြန်ရောက်တော့ ဖေဖေတို့ နံနက်စာ စားနေကြပေပြီ။

မမညိုက ဖြူပြောသည့်ကို စိတ်မဝင်စား။ မော့်ပင်မကြည့် စားစရာတွေရှိသည်ကိုသာ စားနေသည်။

ဂုဏ်ထူး ခြောက်ခု ရကြောင်း ပြောတော့မှ တအံ့တဩ မော့်ကြည့်သည်။

သူ့တုန်းက ကျူ[illegible]ခုတောင် ယူသည်။

တစ်လ တစ်လ ၂၀၀ ကျော် ကုန်ကျပြီး အောင်ရုံသာ အောင်ခဲ့သည်။

ဂုဏ်ထူးမထွက်ခဲ့ပေ။

ဖြူကျတော့ ကျူရှင်တစ်ခုမှမယူဘဲ ခြောက်ဘာသာ ဂုဏ်ထူးထွက်ခဲ့သဖြင့် သူ ရှက်သွားပေလိမ့်မည်။

ဖြူ မေမေ့ကိုကြည့်လိုက်သောအခါ ဖြူနှင့် ဖေဖေ ပြောသော စကားတို့ကို နားထောင်နေပုံရသော်လည်း မျက်နှာ ခက်ထန်နေသည်။

ဩော်....မေမေရယ်၊ သမီး အောင်မြင်မှုကို ဂုဏ်မယူဘူးလား၊ ချီးကျူးစကားလေး တစ်ခွန်းတောင် မပြောဘူးလား။

ရွှင်နေသောစိတ်တို့ တစ်ဖန် နောက်ရပြန်သည်။





ဝမ်းသာတစ်လှည့်၊ ဝမ်းနည်းတစ်ခါပါပဲလား။

"သမီး ထိုင်လေ၊ မုန့်စားရအောင်"

ဖြူ လေးတွဲ့စွာ ထိုင်ချလိုက်သည်။

မိမိ၏ကြိုးစားမှုကို အသိအမှတ် မပြုသူများတွင် မေမေ့ကို မပါစေချင်ပါ။

မိမိကြိုးစားမှုကို ရင်ကော့ခေါင်းမော့၍ အသိအမှတ်ပြုစေချင်လိုက်တာ။

မေမေ့မျက်နှာဝယ် ဖေဖေကဲ့သို့ အပြုံးပန်းများ လှိုင်နေလျှင် အဘယ်မျှ ကောင်းလိုက်မည်နည်း။

ခုတော့....

"သမီး ဆေးကျောင်းတက်ရမယ်နော်"

ဖြူ ဘာမှပြန်မပြောဘဲ မေမေ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ခင်....သမီးကိုဆေးတက္ကသိုလ်တက်ခိုင်းရမယ်၊တစ်မိပေါက်တစ်ယောက်ထွန်းပေါ့"

ဒေါ်ခင်ခင်က နှုတ်ဆိတ်လျက်။

"ခင်....သဘောမတူဘူးလား ဟင်"

"....  ....  ...."

"ပြောပါ ခင်ရယ်"

"ခင်...ခင် ဘာမှ မပြောလိုတော့ဘူး၊ ရှင်တို့ ကြိုက်သ[illegible]
ဆုံးဖြတ်"

မေမေ ငို၍ ပြေးထွက်သွားသည်။

မိမိအခန်းသို့အရောက် ဒေါ်ခင်ခင် ရှိုက်ကြီးတငင် ငိုလို[illegible]
သည်။

မိမိရင်ထဲ၌ စွဲထင်နေသော သံသယမှာ ပို၍ပီပြင်လာ[illegible]
ကော။

'မောင်'ဆိုသော 'ခင်'၏ခင်ပွန်း ဒေါက်တာဝေလွင်[illegible]
ဖြူ့မေမေနှင့် ပတ်သက်ဖူးပါလိမ့်မည်။

ဪ...မောင်ရယ်၊ ခင် ဝမ်းနဲ့လွယ်မွေးရတဲ့ ကလေး
တော့ သမီးမဟုတ်ဘူးလား။

ဟိုအမျိုးသမီးနဲ့ရတဲ့ ဖြူ့ကိုကျတော့ သမီးတဲ့လား။

ဟိုကောင်မရဲ့ကလေးက ပိုတော်တယ်လို့ ဆိုချင်တာလား

တကယ်ဆိုရင် မောင်နဲ့ခင်တို့ရဲ့ မေတ္တာကမ္ဘာလေးက [illegible]
မြင်လို ငြိမ်သက်နေခဲ့တာပါ။

'ဖြူဝေလွင်'ဆိုတဲ့ ခဲလုံးလေးကြောင့် ခင်တို့ရဲ့ကမ္ဘာ[illegible]
အနည်ထခဲ့ရတယ်၊ နောက်ခဲ့ရတယ်။

တကယ်တော့ ဖြူဝေလွင်ဟာ ခင့်အတွက် ခလုတ်ဆူး[illegible]
တစ်ခုလိုပါပဲ။





မောင်ရယ်....

ခင် မောင့်ကို ဘယ်လောက်ပဲ ချစ်ခဲ့ချစ်ခဲ့၊ မောင်ကတော့
ရယ်စရာလိုမျှား သဘောထားလေသလားကွယ်။

ခင့်ရင်ထဲမှာ ချစ်သောကအပူမီးတွေ လောင်မြိုက်နေရပြီ
မောင်ရေ။

သေလို့ရရင်တောင် သေပစ်လိုက်ချင်တဲ့အထိ ခင် စိတ်ညစ်
တယ်ကွယ်။

မည်သူမဆို အချစ်နှင့်ပတ်သက်လာလျှင် သည်သို့ပင် ခံစား
ကြရပါသည်။

ဒေါ်ခင်ခင်သည်လည်း (၁၆)နှစ်သမီးပမာ ချစ်သောကကို
ခံစားရပါသည်။

အချစ်သည် အသက်၊ စည်းစိမ်၊ ရာထူး၊ ဂုဏ်သိန်၊ ရုပ်ဆင်း
အင်္ဂါနှင့် မဆိုင်ပါလားနော်။

●

## အခန်း (၁၅)

"သမီး....ဖြူ"

"ရှင်....ဖေဖေ"

"နေသာရဲ့လား သမီး၊ဒီနေ့ ဖေဖေခွင့်ယူလိုက်မယ်သိလား"

"ဟင့်အင်း....မယူပါနဲ့၊ သမီး နေသာပါတယ်၊ သမီးက ဒီမှာ တစ်ယောက်တည်း၊ ဆေးရုံမှာက ဖေဖေ့ကို စောင့်နေမယ့် လူနာတွေ အများကြီးရယ်"

"တစ်ခါတလေပဲ သမီးရယ်"

"သမီး နေကောင်းပါပြီ ဖေဖေ၊ ဖေဖေ အလုပ်ဆင်းလို့ ဖြစ်ပါတယ်"

"ဒါဆို ကောင်းပြီ သမီး၊ လေအေးအတိုက်တော့ သိပ်မခံနဲ့နော်၊ ခြံထဲတွေ ဘာတွေ မဆင်းနဲ့၊ အခုတော့ ကိုယ်ပူကျသွားပါပြီ၊ ဆေးလဲ အချိန်မှန်သောက်နော်၊ ဖေဖေ စောစော ပြန်ခဲ့မယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေ့အလုပ်ကို ဖြူ့အတွက်နှင့် မထိခိုက်စေလိုသဖြင့်သာ ပြောရသည်။

အခုလို နေမကောင်းချိန်တွင် ဖေဖေ့ကို အနားမှာ ရှိစေချင်သည်။

မေမေနှင့် မမညိုတို့သည် ဖြူ နေမကောင်း၍ အခန်းထဲမထွက်ရသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်သော်လည်း တစ်ခေါက်လာကြည့်ဖော်မရလောက်အောင် စိမ်းကားနိုင်၊ ရက်စက်နိုင်ကြပါသည်။

ထို့ကြောင့်လည်း ဖေဖေ့ကို ပို၍တမ်းတရသည်။

ဖေဖေ သွားတော့မည်ဆိုတော့ မသွားစေလိုပါ။

သို့ပေမယ့် ဘာမျှတတ်နိုင်ပါမည်နည်း။

* * *

"ဩော်....မောင်ဇော်ဇော်ဦး ပါလား၊ လာလေကွယ် ညီတောင် အခုပဲ ကျောင်းထွက်သွားတယ်၊ နည်းနည်းစောစောရင် မိတာပေါ့"

"ဩော်....ဟုတ်လား အန်တီ၊ ဒါနဲ့ ဖြူကော"

"အပေါ်မှာကွယ့်"

"ဖြူ့ကိုလေ သူ့သူငယ်ချင်းတွေက လက်ဆောင်လေးပေးခိုင်းလိုက်လို့ပါ အန်တီ"

"ဩော်....ဟုတ်လား၊အေး....ထားခဲ့လေ၊အန်တီ နောက်မှ ပို့ခိုင်းလိုက်မယ်"





"မဟုတ်ဘူး အန်တီ၊ ကျွန်တော် ဖြူနဲ့လဲ တွေ့ချင်ပါတယ်၊ ဖြူ့သူငယ်ချင်းတွေက မှာလိုက်လို့ပါ၊ ဖြူ့အခန်းက ဘယ်မှာလဲ အန်တီ"

"အပေါ်ထပ် ညာဘက်အစွန်ခန်းကွယ့်"

"ကျွန်တော် သွားတွေ့လိုက်ဦးမယ်နော် အန်တီ"

"အေး....အေး"

ဇော်ဇော်ဦး ခြေလှမ်းသွက်နေသည်။

မနက်က ဆုနှင့်တွေ့ရာ ဆုက ဖြူ နေမကောင်းသည်မှာ သုံးရက်ရှိပြီဖြစ်ကြောင်း ပြောပြသဖြင့် ဖြူ့ကို အရမ်းတွေ့ချင်လာသည်။

သိပ်နေမကောင်းများ ဖြစ်နေလေသလား။

အစိုးရိမ်စိတ် များရသည်။

ဖြူ့အခန်းတံခါး ပိတ်မထား။

တခန်းဆီး၏ ပန်းနုရောင်လေးကို ဖယ်တွင် နှစ်ဖက်ခွဲ၍ ဘက်သည်ဘက် စုချည်ထားသဖြင့် လူတစ်ယောက် ကောင်းစွာ ဝင်ထွက်နိုင်သောအပေါက် ဖြစ်နေရသည်။

ဇော်ဇော်ဦးသည် ဖြူ့အခန်းကို သေချာစွာ ကြည့်မိသည်။

အခန်းပြင်ထားပုံမှာ စနစ်တကျရှိသည်။

ရှုပ်ယှက်ခတ်မနေ။

ရှင်းလွန်းလည်း မနေပြန်။

ဖြူသည် ပန်းနုရောင်မွေ့ရာပေါ်တွင် ပက်လက် အိပ်နေသည်။

ညာဘက်အကျီ ဂျင်းသားနက်ပြာကို ခြေထောက်အော ရောက်အောင် ချုပ်ထားသည်။ လက်မှာ လက်ရှည်ဖြစ်သည်

စောင်မခြုံထားသဖြင့် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်
ပေါ်လွင်နေသည်။

မျက်နှာနုနုမှာ မှိုအစ်လိုနေ၏။

ခြစ်ထောင်အမိုးကိုဖြတ်ကာ ခေါင်မိုးမျက်နှာကြက်ကို စ
ဝင်တစား ကြည့်နေသည်။ တစ်ခုခုကို စဉ်းစားနေပုံပင်။

ခဏအကြာမတော့ တစ်ဖက်သို့ လှည့်သွားတော့သည်။

ဇော်ဇော်ဦး မိမိအား ကျောပေးကာ ဘေးစောင်းအိပ်
သော ဖြူ့ကိုကြည့်၍ ရင်ခုန်ရသည်။

ဖြူ့ကို ညီမလေးတစ်ယောက်လို ချစ်သည်။

သူငယ်ချင်းတစ်ဦးကဲ့သို့ ခင်မင်သည်။

ဆရာလုပ်တတ်သဖြင့် အမေလိုလည်း ကြောက်၍ ရိုသေ
ပြန်သည်။

ဇနီးတစ်ဦးလိုလည်း မြတ်နိုးရပါ၏။

ချစ်သူတစ်ဦးလိုလည်း ကြင်နာမိသည်။

တစ်ခါတစ်ရံ ကလေးတစ်ယောက်လိုလည်း ယုယရ
သည်။

ဖြူ့ကို သိပ်ချစ်သည်။

သို့သော် မာနခဲမလေးဖြူ၏ အချစ်ကို ပြန်လည် ရရှိဖို့
အတော့်ကို ကြိုးစားရပေဦးမည်။

လက်ရှိအခြေအနေတွင်မတော့ ဖြူသည် ဇော်ဇော်ဦးအ
ကို လုံးဝတုံ့ပြန်မည်မဟုတ်။





ဇော်ဇော်ဦး ဖြူ့အခန်းထွင်းသို့ ဝင်လိုက်သည်။

ကြင်နာသူ့အခန်းပေမို့ အချစ်ငွေ့လေးများ လာရောက်
နွေးထွေးခြင်းကို ခံစားရသည်။

အချစ်သည် နွေးထွေးမှုကို ပေးစွမ်းနိုင်ပါကလား။

မိန်းမပျိုတစ်ဦး၏ အခန်းကို ပထမဆုံးအကြိမ် ဝင်ဖူးခြင်းမို့
ဇော်ဇော်ဦး နည်းနည်းတွန့်နေမိသည်။

သို့သော် အရဲစွန့်ကာ ဖြူ့ ခုတင်နားသို့ ကပ်သွားပြီး
ညင်သာစွာ ခေါ်လိုက်သည်။

အချစ်သည် နူးညံ့ ညင်သာစေသည်မဟုတ်လား။

"ဖြူ...."

အနားမှကပ်ကာ ခေါ်လိုက်သံကြောင့် ဖြူ လန့်သွားသည်။

မိမိအား ကြည့်နေသော ဇော်ဇော်ဦးကို မြင်၍ ပိုတုန်လှုပ်
သွားရသည်။

"ဟင်....ကိုဇော်ဇော်ဦး"

ဖြူ အိပ်နေရာမှ ငေါက်ခနဲ လှမ်းထလိုက်သဖြင့် ခေါင်းတစ်ခု
လုံး ချာချာလည်သွားသည်။

ဇော်ဇော်ဦး ဖြူ့ လက်မောင်းအိုးလေးအား ကိုင်၍ ထိန်း
ပေးလိုက်ရသည်။

"ဖြူရယ်၊ ဘာလို့ မထနိုင်ဘဲ ထရတာလဲ၊ ဗာစာ သုံးလေး
နက် မစားတော့ အားပြတ်နေမှာပေါ့၊ အိပ်နေပါ ဖြူရဲ့ယ်"

ဖြူ ပြန်လှဲချလိုက်ရသည်။

မိမိမှ မထနိုင်တာ။

"ဖြူ ဘာဖြစ်တာလဲ ဟင်"

"အအေးမိပြီး ဖျားတာပါ"

"ဖြစ်ရမယ် ဖြူရယ်၊ ခုလို မိုးတွင်းမှာ အနေအထိုင် ဆင်ခြင်မှပေါ့"

"ကိုဇော်ဇော်ဦး"

"ဘာလဲ ဖြူ"

"ဖြူ နေမကောင်းတာ ဘယ်လိုသိလဲ"

"ဆု ပြောတာလေ"

"ဪ....ဒါကြောင့် လာကြည့်ရတာလဲ၊ ဖြူက သိပ်နေမကောင်းဖြစ်နေအောင်မှမဟုတ်ဘဲ"

"ဖြူရယ်၊ ကိုယ့်ကို အမြဲတမ်း အပြစ်မြင်နေတာပဲနော်"

"မဟုတ်ရပါဘူး ရှင်၊ ကိုဇော်ဇော်ဦး ခုလို လာတော့ ကလပ်စ်ပျက်တာပေါ့"

"တစ်ခါတလေပဲ ဖြူရယ်၊ ပျက်ပါလေ့စေပေါ့"

သူနှင့် ဖေဖေက တစ်လေသံတည်း။

ဖြူ့ကို သိပ်ချစ်ကြတယ် ထင်ပါရဲ့။

"ကိုဇော်ဇော်ဦး၊ မေမေနဲ့ တွေ့သေးလား"

"တွေ့သားပဲ"

"ဘာမှ မပြောဘူးလား"

"ကိုယ်က ဖြူ့ သူငယ်ချင်းတွေက ဖြူ့ကို လက်ဆောင်ပေးခိုင်းလိုက်လို့ပါလို့ လိမ်လိုက်ရတာပေါ့"

ဖြူက တိုက်ရိုက်မမေးသော်လည်း ဖြူ ဘာလို့ သိချင်နေသည်ကို သူ သဘောပေါက်သည်။ ဖြူ လိုချင်သည့်အဖြေကို တစ်ခါတည်း ပေးလိုက်သည်။





"ဖြူ...."

"ရှင်...."

"ဖြူ...."

"ဘာလဲ"

"ဟာ....ဖြူကလဲ၊ 'ရှင်....'လို့ ထူးသံကို ထပ်ကြားချင်လို့ပါတဲ့ညစ္စာ၊ ဘယ့်နှယ် 'ဘာလဲ'ဖြစ်သွားရတာလဲ"

"ကိုဇော်ဇော်ဦး"

"ဟင်....ဖြူ၊ ဘာလဲ"

"ခုလိုလာကြည့်တာကို ကျေးဇူးသိပ်တင်ပါတယ်"

"ကျေးဇူးအတင်ခံချင်လို့ လာကြည့်တယ်များ ထင်နေသလား"

"မထင်ပါဘူး ရှင်၊ အဟုတ်ကို ကျေးဇူးတင်တာပါ"

"ဒါဆို ကိုယ်ပေးမယ့် ပစ္စည်းတွေကို လက်ခံရမယ်နော်"

ဇော်ဇော်ဦးသည် ပါလာသော အိတ်အတွင်းမှပစ္စည်းများ တစ်ခုချင်း စားပွဲပေါ်သို့ တင်လိုက်သည်။

"ဒါက ဟောလစ်"

"ဟောဒါက ဂလူးကို့စ်"

"ဒါကတော့ အားဆေးအမျိုးမျိုး"

"ဟာ....အားနာစရာကြီး၊ ဖြူ့ဖို့ အိမ်မှာ အဲဒါတွေရှိပါတယ် ကိုဇော်ဇော်ဦးရဲ့"

"ကိုယ် စေတနာနဲ့ပေးတာကိုတော့ လက်ခံပါ ဖြူရာ"

"လာကြည့်တာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ဒါတွေ မပေးနဲ့"

"ယူရမယ် ဖြူ"
"ခက်ပါလားနော်"
"ဒီမှာ၊ ဒါကိုတော့ ဖြူ လက်ခံမှာပါ"
ဟယ်....ချိုချဥ် ယိုးဒယားသကြားလုံးထုပ်ပါလား။
မိမိအကြိုက်ကို သူ သိနေပါလား။
"ဟုတ်တယ်၊ ဒါပေမယ့် အခု မစားရဘူး၊ နေကော သွားမှ"
ဖြူ ဇော်ဇော်ဦးကို တစ်ချက်မျှကြည့်ဖြစ်၏။
ဇော်ဇော်ဦးက ဖြူ့ကို သေချာစွာပြန်ကြည့်နေသဖြင့် အ တော့ ဖြူကသာ မျက်နှာလွှဲလိုက်ရသည်။
"ဖြူ....ကိုယ် ပြန်တော့မယ်နော်"
"အင်း"
ဖြူက ခေါင်းညိတ်သည်။
"မနက်ဖြန်လဲ ကိုယ်လာခဲ့မယ်နော်"
"ဟင့်အင်း....မလာနဲ့၊ ကျောင်းပျက်ဦးမယ်"
"စိုးရိမ်တယ်လား"
"ဖြူ့အတွက်နဲ့ဆို ကိုဇော်ဇော်ဦးကိုမှ မဟုတ်ဘူး၊ ဘယ် ကို မဆို အလုပ်ပျက်မှာ၊ ကျောင်းပျက်မှာ စိုးရိမ်တာပဲ"
"ကိုယ့်အပေါ် နည်းနည်းလေးမှ မပိုဘူးလား ဖြူရယ်" စိတ်ထဲမှ ပြောဖြစ်သည်။
"သွားမယ်နော် ဖြူ၊ နေကောင်းအောင်သာ ကြိုးစား ဖြူရယ်"
"အင်း....စိတ်ချပါရှင်"





ဇော်ဇော်ဦး ဖြူ့ကို အကြာကြီးကြည့်ပစ်လိုက်သည်။
ဖြူက ခေါင်းငုံ့သွားသည်။
ဇော်ဇော်ဦး ဖြူ့အနားမှ ချာခနဲ လှည့်ထွက်လာမိသည်။
ဖြည်းဖြည်း ဖြည်းဖြည်းနှင့် နေးနေပါက ဖြူ့အား ခွဲနိုင် ည် မဟုတ်။
ဖြူ့အနားမှာ တစ်သက်လုံး ထိုင်နေချင်သည်။
စကားတွေ အများကြီးပြောနေချင်သည်လေ။
ဖြူသည်လည်း ထပ်တူပါပေ။
သူ့ကို ဖြူ့အနားမှာသာ နေစေချင်သည်။
ဖြူ့ကြောင့်လည်း သူ့ကို ကျောင်းမပျက်စေလို။
သူလည်း ဖြူ မနှင်ခင်က သူ ပြန်သွားသည်ထင်။
မနှင်ရက်ပါဘူး အချစ်ဦးရယ်။
ဖြူ့ဆီလာတဲ့ ကြင်နာသူကို နှင်ရတာ ရင်တနင့်နင့်နဲ့ပါကွယ်။
ခင်က တမ်းတရသောသူ့ကို ပြန်သွားတော့လည်း လွမ်း မိပြန်သည်။
အချစ်ဆိုတာ တန်ခိုးကြီးလှပါလား။

## အခန်း (၁၆)

"ဖြူ"

"ဟင်....ဦးမောင်မောင်"

"ဖြူက မှတ်မိသားပဲ၊ ဖြူ နေမကောင်းဘူးလား"

"ကောင်းသွားပါပြီ၊ ဖေဖေ အိမ်ထဲမှာရှိပါတယ်ရှင်"

ခြံထဲရှိ ခရေပင်ကြီးအောက်တွင် ထိုင်နေစဉ် ဦးမောင်မောင် ခြံထဲသို့ ဝင်လာသည်။

ကားရပ်ထားကာ ဖြူ့ဆီသို့ တန်းတန်းမတ်မတ်ပင် လျှောက်လာချေ၏။

သူ့မျက်နှာက တည်ငြိမ်လွန်းသည်မို့ ဖြူ သူ့ကိုကြည့်မိ၏။ သဘောပေါက်တွန်းကလို ရွှင်မနေ။

လူကြီးတစ်ဦးလို တည်ငြိမ်နေသည်။

"ဖြူ နေမကောင်းဘူးလို့ ဆရာက မနေ့က ပြောသွားတယ်၊ အဲဒါကြောင့် ကျောင်းကအပြန် ဝင်လာတာ"

"နည်းနည်းဖျားတာပါ၊ ခု ကောင်းသွားပြီ"

"အင်း....ခြံထဲမှာ လေသိပ်တိုက်တယ် ဖြူရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အိမ်ထဲမှာချည်းပဲ နေရတာပျင်းလို့"

"ဖြူ"

"ရှင်"

"အခု ကိုယ်လာတာ ကိစ္စတစ်ခုရှိလို့"

"ဘာများလဲ ဟင်"

"ကိုယ်တို့အိမ်မှာ ညှော်ခံပွဲတစ်ခု ရှိတယ်၊ အဲဒါ ဖြူ့ကို လာ ဖိတ်တာ ဆိုပါတော့"

"ဖေဖေကော မပါဘူးလား"

"ဆရာကတော့ မလာလို့ ဘယ်ဖြစ်မလဲ၊ ဆရာ လာရင်နဲ့ ဖြူ လိုက်ခဲ့ပေါ့"

"ဘာညှော်ခံပွဲမို့လဲဟင်"

"ကိုယ့်ညီ အင်ဂျင်နီယာ နိုင်ငံခြားက ပြန်ရောက်လာပြီလေ၊ အဲဒီအတွက်ဆိုပါတော့"

"ဪ"

"ဖြူ လိုက်ခဲ့မယ် မဟုတ်လား"

"အင်း....လိုက်တော့ လိုက်ချင်ပါတယ်၊ ဒါပေမယ့် အဲဒီနေ့ ဖြူ အားဦးမှ"

"ခဏလေးပါ ဖြူရာ၊ ဘာ မအားစရာရှိလဲ"

"ဖြူ ကတိတော့ မပေးထားပါရစေနဲ့၊ လာဖြစ်အောင်တော့ ကြိုးစားပါ့မယ်"





"ဖြူက သိပ်ပါးနပ်တာပဲ"

"တွေ့တိုင်း ဖြူ့ကို ချီးကျူးမနေနဲ့၊ ဖြူက မြှောက်တတ် ယ်"

"ချီးကျူးတာ မဟုတ်ဘူး ဖြူ၊ ဖြူ စကားပြောတာ ကိုယ် သဘောကျလို့"

"ဟင်း....ဟင်း"

"သဘောပေါ်မှာ စတွေ့ကတည်းက ဖြူ စကားပြောပုံကို ယ် ကြိုက်သွားတာလေ"

"ဘာလဲ၊ ကြွားတာတွေကိုလား"

"မဟုတ်ပါဘူး"

"တော်သေးတာပေါ့"

"ဖြူ သိပ်တော်တယ်၊ ကိုယ်တို့ကျောင်းကို ရောက်လာဦးမှာ ါ"

"အဲဒါတော့ ဖြူ မပြောနိုင်သေးဘူး၊ တက်ချင်မှ တက်ဖြစ် "

"ဟင်....ဘာလို့လဲ ဖြူ၊ ဆေးပညာကို စိတ်မဝင်စားဘူးလား"

"စိတ်မဝင်စားလို့တော့ မဟုတ်ပါဘူး"

ဖြူ ဘာရှင်းပြရမှန်း မသိတော့။

သူက ဖြူ့ဘဝမှန်ကိုမှ မသိသေးဘဲလေ။

"ဖြူက အားလုံးအဆင်ပြေလျက်နဲ့ မတက်ရင် မိုက်တာပေါ့၊ တချို့ဆို ငွေကြေးအခက်အခဲကြောင့် မတက်ရဘူးလေ"

"အင်းပေါ့လေ၊ ကုသိုလ်ကံအကျိုးပေးက တစ်ယောက်နဲ့ ယောက် မတူဘူးမဟုတ်လား"

ထိုစဉ် မော်တော်ဆိုင်ကယ်တစ်စီး ခြံထဲသို့ဝင်လာသည်။ ဆိုင်ကယ်ပေါ်မှ ဇော်ဇော်ဦးက ဆင်းလာ၏။

ပြီးတော့ ဖြူတို့ဘက်ကို လှည့်ကြည့်သည်။

သူ့မျက်လုံးများက စူးစူးရဲရဲ။

ပြီးတော့ အိမ်ကြီးထဲသို့ ဝင်သွားသည်။

ဖြူ့ရင်ထဲဝယ် ဟာတာတာကြီး ခံစားလိုက်ရသည်။

သူ့ကို မသိမသာ မျှော်နေသည်မှာ နှစ်ရက်ခန့်ရှိလေပြီ။ သူက ဖြူ့ကို အရေးမစိုက်သလို ခပ်တည်တည်နှင့် အိမ်ပေါ် တက်သွားတော့ တစ်အားဝမ်းနည်းသွား၏။

"ဖြူ"

"ဟင်...ဘာလဲ"

"ဇော်ဇော်ဦးက ကိုယ်တို့ကျောင်းက မဟုတ်လား၊ သူ ကိုယ် ခဏခဏ တွေ့တယ်၊ ကိုယ်တောင် ဖြူ့အကြောင်း သူ့ မေးဖူးသေးတယ်"

"ဩော်"

ဖြူ ဦးမောင်မောင် ပြောသည်များကို မကြားတစ်ချက် ကြားတစ်ချက်။

ခဏကြာတော့ ဇော်ဇော်ဦး ပြန်ထွက်လာသည်။

ဖြူတို့ဘက်ကို တစ်ချက်လေးမှ စောင်းငဲ့မကြည့်။

ဆိုင်ကယ်စက်သံက ဖြူ့နားထဲသို့ မိုးကြိုးပစ်သံအလာ ဝင်လာသည်။





သူရယ်။

ဇော်ဇော်ဦး ဆိုတဲ့ လူရယ်။

ဖြူ့အပေါ် နားလည်ပါကွယ်။

* * *

"မေ....အဲ....ဒေါ်လေး"

"ညည်း ငါ့ကို ခေါ်တာလား"

"ဟုတ်ပါတယ်"

မေမေက မျက်လုံး စိန်းစိန်းကြီးနှင့် မုန်းတီးစွာ ကြည့်၏။

"ဘာတုံး၊ ပြော"

"ဟို....ဟိုလေ....ဖြူ ဆုရမယ် မဟုတ်လား"

"ဘာလဲ၊ ဘာလိုချင်လို့လဲ၊ စိန်တစ်ဆင်စာ တောင်းမလို့ လား"

"မဟုတ်ပါဘူး"

"ကားတစ်စီးလား"

"ဟင့်အင်း"

"အဝတ်အစားအသစ် ချုပ်ပေးခိုင်းမလို့လား"

"မဟုတ်ဘူး၊ မေ....ဒေါ်လေး"

"သိပ်များများတော့ မပူဆာနဲ့၊ မဘတ်နိုင်ဘူး"

မေမေက ထမင်းစား စားပွဲမှ ထလိုက်သည်။

"ဖြူ ဘာမှ မပူဆာပါဘူး"

"ဒါဖြင့် ဘာလဲ၊ ပြောစမ်း မြန်မြန်"

စိတ်မရှည်သလို ခပ်မြန်မြန် ပြောခိုင်းနေသည်။

"ဖြူ ဆုသွားယူတဲ့နေ့ကျရင် ဟိုလေ....ဟို....မေ....အဲ....ဒေါ်လေး လိုက်ခဲ့ပါလို့ ဖြူ တောင်းပန်ပါတယ်"

ဒေါ်ခင်ခင်က မျက်မှောင်ကုတ်သည်။

"လိုက်ခဲ့ပါနော် ဒေါ်လေး၊ လိုက်ခဲ့မယ်မဟုတ်လား ဟင်"

"ညည်း သိပ်လိုက်ခဲ့စေချင်ရင်တော့ လိုက်ခဲ့မယ်"

"ဝမ်းသာလိုက်တာ မေ....ဒေါ်လေး"

"ဒါပေမယ့်...."

မေ့မေ့စကား တစ်ဝက်တစ်ပျက်ကြောင့် ဖြူ မျက်လုံးပြူးသွားသည်။

ဘာများပြောမှာပါလိမ့်။

"ဒါပေမယ့် ဘာဖြစ်လဲ ဟင်"

"ဒီတစ်ခါပဲ လိုက်မယ်၊ မြို့နယ်ကတို့ ဘာတို့က ထပ်ပေးရင် မလိုက်ဘူး၊ ကြားလား"

"ဟုတ်ကဲ့ပါ၊ ဒီတစ်ကြိမ်လိုက်ရင်ပဲ ကျေနပ်ပါပြီ ရှင်"

"ပြောစရာ ဒါပဲသား၊ ပြီးပြီဆိုရင် လုပ်စရာရှိတာ သွားလုပ်"

"ဟုတ်ကဲ့"

ကြမ်းကြမ်းတမ်းတမ်း ပြောပေမယ့် မေမေ လိုက်မှာ သဖြင့် ဖြူ ပျော်ရွှင်ချမ်းမြေ့ရသည်။

ဖြူသည် တစ်နိုင်ငံလုံးတွင် ပထမ ရသူမို့ ပညာရေးဝန်ကြီးဌာန၏ ဆုချီးမြှင့်ခြင်းကို ခံရသည်။

တစ်ခါ တစ်နိုင်ငံလုံးတွင် ပထမ ရရှိသဖြင့် ရန်ကုန်တိုင်း ပညာရေးမှူး၏ ဆုချီးမြှင့်ခြင်းကို ခံရပြန်သည်။





တစ်ဖန် မြို့နယ်တွင်လည်း ဆုရရှိသည်။

နောက်ဆုံး ကျောင်းတွင် ပထမ ရရှိသည့်အပြင် တစ်နိုင်ငံလုံး၌ ပထမရရှိသူဖြစ်သဖြင့် ကျောင်းအုပ်ဆရာမကြီးက အထူးချီးဆုံး ဆုကို ပေးအပ်ပြီး ဘာသာရပ်ဆိုင်ရာ ဆရာမများကလည်း သူတို့ သင်သော ဘာသာတွင် ဂုဏ်ထူးထွက်သဖြင့် သီးခြား ဆုများ ချီးမြှင့်သေး၏။

ဖေဖေတို့ သူငယ်ချင်းများစု၍ သစရေး နာရေး ကူညီရန် ဖွဲ့စည်းထားသော 'ကရုဏာ' အသင်းမှလည်း ဖြူ ဆုရသေး၏။

ဆုတွေ တစ်ပွေ့တစ်ပိုက်နှင့် ဖြူ ပျော်ရသည်။

ဖြူ့မျက်နှာလှလှတွင် ဝမ်းသာမှုပီတိများ ဖြာလျက်ရှိသည်။ လာလိုက်သည့် သတင်းထောက်များကလည်း မနည်း။

လူငယ်ဂျာနယ်၊ သတင်းစာ၊ ချယ်ရီမဂ္ဂဇင်းတို့တွင် ဖြူ့သတင်းများ၊ ဖြူ့ဓာတ်ပုံများ နေရာယူနေကြသည်။ ဆုဖြတ်၊ သဲသဲ၊ မွန်တို့က အကြိမ်ကြိမ် ချီးကျူးစကားဆိုကြသည်။

ဇော်ဇော်ဦးကလည်း ဖြူ့အစား အထူးဂုဏ်ယူနေကြောင်း ပြော၏။

ကြိုးစားထားသမျှ အရာထင်လာသဖြင့် ဖြူ ပျော်ရသည်။

မိမိ သိပ်မျှော်လင့်သမျှ ရည်မှန်းထားသမျှ ဖြစ်လာသည့်အခါ ဘယ်လိုခံစားရသလဲ။

ခံစားဖူးသူများ ဖြူ့ကို နားလည်ပါလိမ့်မည်။

ဖြူ ရင်ထဲတွင်မတော့ လမင်းတစ်ရာ သာသလို မြင်မြင်သမျှ လှပနေမည်သာ။

ဖြူ သိပ်ပျော်နေရသည်ပေါ့။

* * *

ဇော်ဇော်ဦး၏ အန်တီဆိုသူနှင့် အန်တီ၏ သူငယ်ချင်းဝေဝေ တို့သည် အိမ်သို့ ဆိုက်ရောက်လာ၏။

ဖြူသည် ခြံထဲတွင် နှင်းဆီပန်းများ ခူးနေရာမှ ဇော်ဇော်ဦး ကားဝင်လာသည်ကို တစ်ချက်လှမ်းကြည့်၏။ ပြီး မိမိလုပ်နေ သော အလုပ်ကို ဆက်လက်လုပ်နေလိုက်သည်။

"သြော်...မာမာနဲ့ ဝေဝေတို့ပါလား၊ လာကြပါရှင်... လာကြပါ၊ ခင်က ခေါ်ခိုင်းနေတာ ကြာပြီ၊ မောင်ဇော်က မခေါ်လာသေးတော့ ထပ်ခါတလဲလဲပြောရတာပေါ့၊ ခုမှ လာတော့တယ်"

"လာမလို့ပဲ ခင်ခင်ရေ၊ ဟိုသွားဒီသွားနဲ့ အားကို မအား တာ"

"ကဲ ကဲ....ထိုင်ကြပါဦးရှင်"

အမျိုးသမီးသုံးဦးနောက်မှ ဇော်ဇော်ဦး လိုက်လာ၏။

သူတို့ထိုင်ကြသောအခါ မိမိမှာလည်း ငုငုကြီးစင်ထိုင်လိုက် သည်။ မျက်လုံးအကြည့်များကတော့ ခြံထဲမှာရှိနေသော ဖြူ ဆီမှာသာ။

"ဒါနဲ့ မာမာရေ၊ အခု ဘယ်မှာနေလဲ"





"ကလေးမှာလေ၊ ခြံတွေကို ကိုယ်တိုင် ဦးစီးနေရတယ် ..."

"ဒါပေါ့ မာမာရဲ့၊ အပျိုကြီးဆိုတာ မကောင်းဘူးလို့ သွားပြီမဟုတ်လား"

"ပင်ပန်းပေမယ့် စိတ်ချမ်းသာပါတယ် ခင်ခင်ရယ်"

"ဟော.... ကြည့် ဝေဝေ၊ အခုထိ အရှုံးမပေးဘူး လား"

"မာမာကတော့ ပြောမနေနဲ့ ခင်ခင်ရေ၊ အပျိုကြီးဆိုတာ ...ကြောင်တာပေါ့"

"မာ့ကျ ပြောပြီး ဝေကတော့ကော ဘာထူးလို့လဲ"

"ဟင်း.... ဟင်း.... ခင် စ,ပေးလိုက်တာနဲ့ အပျိုကြီး ...ယောက် စကားနိုင်လုကြတော့မယ် ထင်တယ်၊ ဟင်း.... ...ဟင်း...."

"သြော်.... ဒေါ်ဝိုင်းရေ"

"ရှင်...."

"ညီ့သည်တွေဖို့ လက်ဖက်ျည်လေး ဘာလေး လုပ်ပါဦး ..."

ဇော်ဇော်ဦးတစ်ယောက် ငေါင်ကြောင်ကြောင်ဖြင့် ငေးငိုင် ...သည်။

ထိုအချိန်တွင်ပင် ဖြူသည် ဇော်ဇော်ဦးတို့ ထိုင်နေသော ...ရှိ စားပွဲပေါ်မှ ပန်းအိုးထဲသို့ ပန်းများထိုးစိုက်ရန် ရောက် ...သည်။

ဖြူသည် အဖြူပေါ်တွင် အနီစင်းလေးများပါသည့် ဇ...လေးနှင့် ထဘီအနီတို့ကို တွဲဝတ်ထားသည်။ ဆံကေသာအ...မည်းနက်နေကာ ကုပ်သားဖွေးဖွေးပေါ်မှာ၊ ပခုံးသားနုနု...မှာ၊ နဖူးပြေပြေလေးပေါ်မှာ ဟိုတစ်စ သည်တစ်စ ဝဲပြ...လျက်ရှိနေသည်။ မျက်နှာဝင်းဝင်းပေါ်တွင် ရှင်မတေ...သနပ်ခါး လူးထားဟန်ရှိသည်။ ဖြူ အနားရောက်လာသည...သနပ်ခါးရနံ့ ကြိုင်သွားတော့သည်။

ထို ရနံ့သင်းသင်းလေးက အပျိုကြီးမာမာနှင့် ဝေဝေ...နိုင်ငံခြား ရေမွှေးများကို စံချိန်ချိုးသွားကာ ချိုမြမွှေးကြိုင်...နေသည်။

"ဩော်....ဒီသမီးလေးပါလား၊ ဟိုးလွန်ခဲ့တဲ့ တစ်...လောကက သား "မောင်ဇော်နဲ့ မျှော်ပွဲစား ထွက်ခဲ့ကြ...သမီးကို၊ အန်တီတို့က သိမှ မသိဘဲကွယ်"

ပန်းတိုးစိုက်နေသော ဖြူ့ လက်သွယ်သွယ်တို့သည် အာဏာ ကျလာသည့်အလား ရပ်တန့်သွား၏။

ဇော်ဇော်ဦး ကိုယ်မှာလည်း မတ်မတ်ကြီး ဖြစ်သွား...

"ဘယ်လို မာမာ၊ ဘယ်လို"

"ဩော်....ခင်ကလဲလေ၊ ဟောဒီက မောင်ဇော်နဲ့ ...ထားတဲ့ ဒီသမီးတို့ လွန်ခဲ့တဲ့ တစ်ပတ်လောကက ပင်...ထွက်ကြတာကို ပြောတာလေ၊ ပထမတော့ မာလဲ ဘ...မိန်းကလေးမှန်းမသိတော့ စိတ်ပူသွားတာ၊ လက်စသတ်...သားဇော်က သူနဲ့ စေ့စပ်ထားတဲ့ မိန်းကလေးနဲ့သွားတာ...

"အာ....အန်တီ ဘာတွေလျှောက်ပြောနေတာလဲ"





"ဩော်....သားဇော်ကလဲ ရှက်နေရသေးတယ်၊ မကြာခင် ...ဆက်ထပ်တော့မယ့် ဥစ္စာ"

"အို...."

ဖြူ့ မျက်နှာ ရဲရဲတွတ်သွား၏။

တစ်ကိုယ်လုံး ထူပူပြီး ရှိန်းတိန်းတိန်း ဖြစ်သွားရ၏။

ဖြူ ထိုနေရာမှ အမြန်ဆုံး ပြေးထွက်ခဲ့မိတော့သည်။ အခန်း...သို့ လှမ်းအဝင် မမည်နှင့် ဝင်တိုက်မိပေမယ့် ဖြူ တောင်းပန်...နေနိုင်တော့။

အခန်းထဲရောက်မှ ခုတင်ပေါ် လှဲချကာ ခေါင်းအုံးနှင့် ...ျက်နှာအပ်ထားမိသည်။

ရှက်သည်။

ဖြူ သိပ်ရှက်သည်။

ပြဿနာတွေ အတုံးလိုက် အတစ်လိုက် ဝင်ပေတော့မည် ...င်ပါသည်။

ဖြူဘယ်လို အမှားကို ကျူးလွန်မိပြီလဲ။

မာမာဆိုသော အမျိုးသမီးကကော ဖြူတို့ကို ဘယ်လို မြင်...သွားရတာလဲ။

ဇော်ဇော်ဦးကကော သည်အကြောင်းတွေ ပြောနေတာကို ...ာကြောင့် မတားတာလဲ။

ဖြူ မေမေနှင့် ဘယ်လိုရင်ဆိုင်ရမလဲ။

သည်ပြဿနာကို ဘယ်လိုများ ရှင်းရမလဲကွယ်။

ရှင်းတတ်မှ ရှုပ်ပါတဲ့။

ဖြူ မရှင်းတတ်ဘဲ ရှုပ်မိသူတစ်ယောက် ဖြစ်နေပြီလား၊ စိတ်ညစ်တယ် ကိုဇော်ဇော်ဦးရေ။

သိပ် စိတ်ညစ်တယ်ရှင်....သိရဲ့လား။

"ဖြူ....ဟဲ့....ဖြူ၊ ယောကျ်ား ပေါပါတယ်ဆိုတဲ့ မိဖြူ ထစ်းပါဦး ကောင်မရဲ့"

ဖြူ မေးခန် အိပ်ပျော်သွားရာမှ ရုတ်တရက် အော်လိုက်သော အသံကြောင့် ဖျတ်ခနဲ လန့်နိုးသွားရသည်။ ဝေါက်ခနဲ ထထိုင်လိုက်မိသည်။

ထိုအခါတော့ မိမိအား မီးဝင်းဝင်းတောက် မျက်လုံးအစုံဖြင့် ကြည့်နေသော မမညို။

ပြီးတော့....

စားတော့ ဝါးတော့မည့်အလား စူးစူးရဲရဲ ကြည့်နေသည့် မေမေ။

အို....ဘယ်လို ရင်ဆိုင်ရပါ့။

"မိဖြူ ညည်းကို ငါ အစက သတိပေးတုန်းကတော့ စိတ်ရှုပါ၊ ယောကျ်ားပေါပါတယ်ဆို၊ ခုတော့ ပစ်ကနစ်တောင်ထွက်ရတယ်တဲ့လား"

"ညည်းဟာလေ....မိဘမျက်နှာမှမထောက်၊ ယောကျ်ားရှားလို့ ကိုယ့်အစ်မနဲ့ စေ့စပ်ထားတဲ့ သူကိုမှ ကြံရတယ်လို့၊ ဒါဘာ အငြိုးနဲ့ တို့ကိုစော်ကားတာလဲ ပြောစမ်းမိဖြူ၊ ပြောစမ်း"

"မျိုးမစစ်မက အကြံပုပ်မျိုးပဲ ကြံမှာပေါ့မေမေ၊ မျိုးကမစစ်ဘဲ၊ ဒါကြောင့် မျိုးမရှိ၊ ဆွေမရှိ သူများအိမ်မှာ ကပ်နေရတာပေါ့"





"ဒီမှာ မမညို၊ ဖြူ့ကို ကြိုက်သလောက် ပြောနိုင်ပါတယ်၊ ဒါပေမယ့် ဖြူ့မိဘကိုတော့ ထိခိုက်ပြောစရာ မလိုဘူး"

"အောင်မယ်.... ညည်းကများ ငါ့ပြန်ပြော ရသေးတယ်၊ ထမင်းစားထားတဲ့ ကျေးဇူးမှ အားမနာ၊ ဟင်....မရှက်ဘူးလား၊ မိဖြူ မရှက်ဘူးလားဟဲ့"

"ဖြူ့ကို ထမင်းအလကား ကျွေးထားတာမှ မဟုတ်ဘဲ၊ အိမ်မှာ ကျွန်လိုလုပ်လို့ ထမင်းတစ်လုတ် စားနေရတာများ"

"ဟယ်....ရိုင်းလိုက်တဲ့ ကောင်မ၊ ကဲဟယ်....ကဲဟယ်"

"ဖြန်း....ဖြန်း"

"ဟဲ့ ....သမီးညို၊ တော်တော့၊ ဒီခွေးမနဲ့ ဖက်မဖြစ်နဲ့လာ"

ဪ... ရက်စက်လိုက်ကြတာ။

ဖြူ နှုတ်ခမ်းထောင့်စွန်းမှ ထွက်လာသော သွေးစများကို ာတ်ပစ်လိုက်သည်။

မမညိုသည် ဖြူ့ပါးကို ဘယ်ပြန်ညာပြန် အားကုန်ရိုက်သွားသည်မို့ ဖြူ့မှာ ထိုနေရာတွင်ပင် ပုံလျက်သား လဲကျသွားရှာ၏။

ဖြူ့မျက်လုံးအိမ်မှ မျက်ရည်များ အတားအဆီးမဲ့ တလိမ့် ိမ့် ကျဆင်းလာ၏။

ဖြူ့ကို ပြောသွားကြသည်မှာ ရစရာမရှိ။

မျိုးမစစ်မတဲ့၊ ခွေးမတဲ့။

ရှိပါစေလေ။

ဖြူက အနိုင်မယူလိုသူမို့ ရှုံးပါတယ်လေ။

ဖြူ အမြဲတမ်း အရှုံးပေးထားပါတယ်ရှင်။

"ဟော့....သမီးလေး ဖြူရေ၊ ဒီကိုလာပါဦးကွယ့်"

"ထိုင်...သမီးလေးဘာလို ငိုနေရတာလဲ သမီးရယ်၊ ငိ
တိတ်၊ ကဲ....ဖေဖေ မေးတာ မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့"

ဖေဖေ၊ မေမေ၊ မမညိုနှင့် ဖြူတို့ လေးဦးသား ဧည့်ခန်း
ဆုံဖြစ်သည်။

ဖေဖေက စကားစလာ၏။

"သမီး မောင်ဇော်ဇော်ဦးနဲ့ ပစ်ကနစ် ထွက်တယ်ဆ
အမှန်ပဲလား"

"မဟုတ်ဘဲ၊ ဘယ်သူက ပြောမလဲ"

"တိတ်စမ်း ညို၊ ဖေဖေ မေးနေရင် ဝင်မရှုပ်နဲ့"

"ကဲ....သမီး ဖြူ ဘယ်လိုလဲ"

"ဟုတ်....ဟုတ်ပါတယ် ဖေဖေ"

"သွားတာ နှစ်ယောက်တည်းလား"

"ဟင့်အင်း....မိန်းကလေး ငါးယောက်တောင် ပါပါ
ဖေဖေ"

"ယောကျ်ားလေးကကော"

"သူ တစ်ယောက်တည်းပါ"

"ကဲ....သမီး ဖြူ၊ သွားအနားယူချည်တော့၊ ဘာမှ စ
နဲ့၊ အိပ်ပျော်အောင်သာ အိပ်လိုက်၊ ကြားလား"

"ဟုတ်ကဲ့ ဖေဖေ"

ဖြူ စိတ်သက်သာရာ ရသွား၏။

"ကျေးဇူးကြီးလိုက်ပါတဲ့ ဖေဖေရယ်"





"ဒီမှာ သမီးညို၊ ပါးစပ်နဲ့ စကားမပြောတတ်ဘူးလား၊
ါးစပ်နဲ့ ဆုံးမပါလား"

"အို....ဟိုက လွန်တာ သမီးကို မအော်ပါနဲ့"

"တော်စမ်း ခင်၊ ငါ ပြောရင် ဝင်မပြောနဲ့"

"အေး....နောက်တစ်ခါ ဒီလို ကိုယ်ထိ လက်ရောက် စော်
ားမယ်ဆိုရင် တန်ပြန်တဲ့ ခံစားမှု ရရှိမယ်ဆိုတာ မြဲမြဲမှတ်
ား"

"ကိုယ့်ညီမပဲဥစ္စာ ချော့ပြောပေါ့၊ ပြောလို့ မရရင်လဲ နင်
က်စရာ မလိုဘူး ညိုဝေလွင်၊ ငါဖအေ တစ်ယောက်လုံး ရှိသေး
ယ်၊ သွားတော့"

"ဒီမှာ ခင်၊ မင်းကိုလဲ ပြောထားမယ်၊ ကလေးနှစ်ယောက်
ို မြှောက်ထိုးပင့်ကော် လုပ်ဖို့ မကြိုးစားပါနဲ့၊ တရားမျှတတဲ့
ာ်ကို မွေးပါ၊ ဒါပဲ"

ဒေါက်တာ ဦးဝေလွင် ပြောပြောဆိုဆို နေရာမှ ထသွား
ည်။

နောက်ဆုံးတွင် ခင်တစ်ယောက်တည်းသာ ဧည့်ခန်းထဲတွင်
ိုင်လျက်သား ကျန်နေသည်။

●

## အခန်း( ၁၇)

"ဖေဖေ"

"ဟေ...;"

"မေမေ"

"ဘာတုံး သားရဲ့"

"ကျွန်တော့်မှာ ချစ်သူရှိတယ်၊ အဲဒီ ချစ်သူကလဲ့လို ကျွန်တော် ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ဘူး ဖေဖေနဲ့ မေမေ"

"ဟေ...."

"ဘယ်လို....သား....ဘယ်လို"

"ကျွန်တော် ရှင်းရှင်းပဲ ပြောမယ်ဗျာ၊ ညိုဝေလွင့်ကို ကျွန်တော် လက်မထပ်နိုင်ဘူး"

"ဘာဖြစ်လို့သဲ သားရဲ့"

"ကျွန်တော့်မှာ ချစ်သူရှိလို့"

"သား ချစ်သူက ဘယ်သူတုံး"

"ဖြူဝေလွင်"

"ဘာရယ်....ဖြူဝေလွင်၊ ဟုတ်လားသား၊ ညိုဝေလွင့် ညီမလေးပေါ့"

"ဟုတ်တယ် မေမေ၊ ကျွန်တော် ဖြူဝေလွင့်ကို ချစ်တယ် ဖြူကလွဲရင်ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူးဗျာ"

"ဘယ့်နှယ်....ချစ်သူရှိတယ် လက်မထပ်နိုင်ဘူးချည်း တွင်တွင် ပြောနေရတာလဲ သားရဲ့၊ ဖေဖေတို့ နားလည်အောင် ရှင်းရှင်း ပြောမှပေါ့"

"ဒီလိုပါ ဖေဖေ၊ ဖေဖေတို့ ကျွန်တော့်ကို ညိုဝေလွင်နဲ့ တွေ့ဖို့ ခေါ်မသွားခင်ကတည်းက ကျွန်တော် ဖြူဝေလွင့်ကို စိတ်ဝင်စားနေပြီ"

"ဒါဖြင့် မင်း ဘာလို့ တို့စကားကို နားထောင်ခဲ့သလဲ"

"ဒါကတော့ ဖေဖေတို့ရဲ့ မင်း သဘောမကျရင် မစီစဉ်ဘူးဆိုတဲ့ စကားကြောင့်ပါ"

"ဒါဖြင့် မင်းက အခု ဘယ်လိုဖြစ်လာရတာလဲ"

"ပြဿနာကတော့ အန်တီက စတာပါပဲ ဖေဖေ"

"သား အန်တီက ဘယ်လို ပါလာရတာလဲ"

"သားရယ်၊ ဖြူရယ်၊ ဖြူ့ သူငယ်ချင်းတွေရယ် ပစ်ကနစ် ထွက်ခဲ့တာကို ဖေဖေတို့ သိတယ်နော်"

"အင်းလေ....ဖေဖေတို့ ကိုယ်တိုင် တိုက်တွန်းခဲ့တာပဲ၊ အဲ ကလေးမကလေးကို ပျော်စေချင်လို့လေ"





"အဲဒါ သားတို့ အပြန်မှာ အန်တီက တွေ့သွားတယ်၊ မှတ်ဉာဏ်ကလဲ တော်တော် ကောင်းတယ်ဗျာ၊ မနေ့က သားဇော်ရယ်၊ သားနဲ့ စေ့စပ်ထားတဲ့ မိန်းကလေးအိမ်ကို လိုက်ပြပါ ဆိုတာနဲ့ သားက ညိုဝေလွင်တို့ အိမ်ကို ခေါ်သွားရတယ်လေ"

"အဲဒီတော့...."

"ဟိုရောက်တော့ ညိုဝေလွင်က အိမ်ရှေ့မှာ မရှိဘူး၊ အဘွားကြီးတွေ စကားပြောနေတုန်း ဖြူက ညှော်ခန်းစားပွဲမှာ ပန်းအိုးသဲ ပန်းလာလဲတယ်၊ အဲဒီမှာ ဂွင်ဝင်တာပဲဗျာ"

"ဘာဖြစ်လို့လဲ သားရဲ့၊ ဆက်စမ်းပါဦး"

"အန်တီကလေ ဖြူ့ ကို မြင်တာနဲ့ ဒီမိန်းကလေးကို လွန်ခဲ့တဲ့ အပတ်က မောင်ဇော်နဲ့ ပစ်ကနစ် ထွက်တာ တွေ့လိုက်တယ်တဲ့၊ ပထမတော့ မာမာလဲ စိတ်ပူသွားတာတဲ့၊ လက်စသတ်တော့ မောင်ဇော်က စေ့စပ်ထားသူနဲ့ သွားတာကိုးတဲ့"

"ဟင်...."

"သူက အဲဒီလို ပြောတော့ သားက အန်တီ ဘာတွေ လျှောက်ပြောနေတာလဲလို့ တားတော့ အမယ်လေး....သားရယ် ရှက်နေရသေးလား ဘာညာဆိုတော့ သားလဲ စိတ်ပေါက်ပေါက်နဲ့ မတားတော့ဘူးပေါ့"

"ဟင်....ဒါဆို ဖြူဆိုတဲ့ မိန်းကလေး ရှက်သွားရှာမှာပေါ့"

"ဟာကွာ....ဒါကတော့ မင်း ညီမ လုပ်လိုက်တဲ့ ဇာတ်ရှုပ်

၂"

"ဒါနဲ့ သား"

"ဗျာ....မေမေ"

"ခင်က ဘာမှ မပြောဘူးလား၊ သူ တစ်မျိုး ထင်သွားပြီ မေမေ ယူဆတယ်"

"အမှန်ပဲ မေမေ"

"အဲဒီတော့ သားအနေနဲ့ ဘာလုပ်မယ် စိတ်ကူးလဲ"

"သား စိတ်ကူးထားတာက"

"အင်း....ဆိုပါဦး"

"အခုလောက်ဆိုရင် ဖြူတို့အိမ်မှာ ပြဿနာ ဝင်လောက်ပြ"

"ဖြစ်နိုင်တာပေါ့"

"ဒီတော့ ကျွန်တော်တို့အနေနဲ့ ငြိမ်နေလိုက်ရင် သ အတွက် မကောင်းဘူး၊ ညီအစ်မနှစ်ယောက်လုံးကို တစ် တည်း ကြံတယ်လို့ ပြောလာနိုင်တယ်၊ သားတို့အနေနဲ့ သွား ပြောသင့်တယ်၊ ညိုဝေလွင့်ကို မဟုတ်ဘဲ ဖြူနဲ့ပဲ စေ့စပ်ချင် တယ်လို့"

"သားပြောတာ ဟုတ်တယ်၊ သန့်တို့ သွားတောင်းပန် ဖြူဝေလွင်နဲ့ စေ့စပ်ဖို့ပါ တစ်ခါတည်း ဆွေးနွေးရအော မကောင်းဘူးလား ကိုဦး"

"သန့် သဘောပါ"

"ကြော်....ဒါနဲ့ သား"

"ဘာလဲ ဖေဖေ"

"ဖြူဝေလွင်နဲ့ မေတ္တာမျှနေသလား"

"ဟင့်အင်း"

"ဟာ...."





"ဟုတ်တယ် ဖေဖေ၊ သားက သူ့ကို ဖွင့်မပြောဖူးသလို ပြောရင်လဲ သူက ပြန်ချစ်မှာမဟုတ်ဘူးလို့ သားထင်တယ်"

"ဟင်....ဒါနဲ့များ သားရယ်"

"ဒါပေမယ့် တစ်ခုတော့ရှိတယ် ဖေဖေ၊ ဖြူ ကျွန်တော့်ကို ချစ်နေတယ်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမယ့် ဖြူက မာနကြီး တယ် ဖေဖေ၊ သူ သားကိုချစ်ပါတယ်လို့ လွယ်လွယ်ပြောမှာ မဟုတ်ဘူးလို့ သား သိနေတယ်ဗျာ"

"ကြော်"

"နောက်ပြီး ဖေဖေနဲ့မေမေကို သား တစ်ခု ရဦးမယ်"

"ဘာများလဲ သားရဲ့"

"ဖြူဟာ ဦးဝေလွင်နဲ့ ဒေါ်ခင်ခင်တို့ရဲ့ သမီးအရင်း မဟုတ် ဘူးဗျ"

"ဒါကို ဖေဖေ အစကတည်းက သိပါတယ်"

"မေမေလဲ ရိပ်စားမိပါတယ် သားရဲ့"

"ဟာ....ဒါဆို ဖြူနဲ့ သဘောတူတယ်ပေါ့နော်"

"တူပါတယ် သားရဲ့၊ တူပါတယ်"

"ဝမ်းသာလိုက်တာ ဖေဖေနဲ့ မေမေရာ"

"ဒါနဲ့ သန့်၊ ကိုဦးတို့ ဘယ်တော့သွားမလဲ"

"မနက်ဖြန် သွားတာပေါ့၊ ဘယ်လိုလဲ သား၊ သဘောကျ တယ် မဟုတ်လား"

"ကောင်းပါတယ် မေမေ၊ သား သဘောကျပါတယ်"

"ကဲ...ဒါဆိုရင်လဲ ထမင်းစားကြစို့၊ သန့်လက်ရာ မြိန်မြိန် လေးကို ကိုဦး အားပါးတရ စားချင်လာပြီကွ"

"ကိုဦးကလဲနော်၊ ကလေးရှေ့မှာ ဘာတွေ လျှောက်ပြော နေတာလဲ"

ဇော်ဇော်ဦး အရှက်မပြေရယ်ရင်း ဖေဖေ၊ မေမေတို့အနား အမြန်ဆုံးလစ်ခဲ့ရသည်။

ကြာကြာနေရင် မလွယ်။

ဇော်ဇော်ဦးမျက်နှာ ရေခဲအုပ်ထားမှ ဖြစ်တော့မည်။

မျက်နှာပူလွန်းလို့။

* * *

"ဦးကိုဦးနဲ့သန့်တို့ပါလား၊ ကြွပါရှင်....ကြွပါ"

"ထိုင်ကြပါရှင်"

"ဟုတ်ကဲ့ခင်ဗျာ၊ ဒီမှာ သား ပူဆာတာနဲ့ ရောက်လာ လေ"

"ဩော်... သား ဇော်လဲ ပါတာကိုး၊ သမီးညို ခြံထဲ တယ်၊ သွားလေ"

"မသွားတော့ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် ဖြူနဲ့ တွေ့ တာပါ ခင်ဗျာ"

"ဘယ်လိုကွယ့်"

ဟုတ်တယ်လေ။

ဖြူ့ကိုချစ်ရင် ပြတ်သားမှဖြစ်မှာ။

အခုအချိန်ထိ ညိုဝေလွင့်ကို သွားတွေ့နေလျှင် ဘယ်ကော မလဲ။





ခပ်ပြတ်ပြတ်ပဲ ကောင်းပါတယ်ဟု ဇော်ဇော်ဦးစိတ်ထဲမှ ပြောမိသည်။

"သား ဇော်က ဘယ်လိုပြောလိုက်တာလဲကွယ်"

"ဒီလိုပါ ခင်ရယ်"

ဝင်ပြောလိုက်သူက ဇော်ဇော်ဦး၏ မေမေသန့်။

"သားက ဖြူဝေလွင်နဲ့ပဲ စေ့စပ်ချင်ပါတယ်၊ ဖြူ့ကိုပဲ မေတ္တာ ရှိတာပါတဲ့ ခင်ရဲ့၊ ဒါကြောင့် ဖြူနဲ့ပဲ စေ့စပ်ပါလို့ ပြောမလို့ပါ ခင်"

"ဘာရယ်....မိဖြူနဲ့စေ့စပ်ထားချင်လို့၊ ဟုတ်လား"

ဖြူ့ခြေလှမ်းများ တန့်သွားရ၏။

မျက်လုံးလည်း ပြူးသွားမိ၏။

ညှိသည်ဆို၍ အအေးဖျော်ပြီး ယူလာရာမှ ကြားလိုက်ရ သော စကားကြောင့် တုန်လှုပ်သွားရသည်။

ဖြူနဲ့ စေ့စပ်ချင်သည့် ညှိသည်ဆိုပါလား။

နောက်ပြီး အသံက ကြားဖူးသလိုပဲ။

ဖြူ ဒေါ်ဝိုင်းကို လှမ်းခေါ်ကာ အအေးဖန်ခွက်များ ထည့် ထားသောလင်ပန်းကို ပေးခိုင်းလိုက်သည်။

ပြီးတော့မှ လိုက်ကာလေးကို အသာလေးဖယ်ကာ ညှိခန်း ထဲသို့ ကြည့်လိုက်မိတော့....

အားပါးပါး။

ဖြူ ရင်ခုန်နှုန်း အများကြီးမြန်သွား၏။

ဇော်ဇော်ဦး မျက်လုံးစိမ်းညို့ညို့ကြီးများ၏ ရှန်းရှန်းစား စားအကြည့်ကြောင့် တစ်ပြိုင်နက်တည်းမှာပင် ဖြူ လန့်သွား ပြန်၏။

ဇော်ဇော်ဦးက ဖြူ့ကို ချစ်သတဲ့လား။

စေ့စပ်ဖို့ လာပြောတာတဲ့။

ခက်ကုန်တော့မှာပဲရှင်။

မေမေ ဘာပြောလိုက်မလဲ။

အင်း....မေမေ့မျက်နှာ ကြည့်ရတာ တည်တည်ငြိမ်ငြိမ်ပ လေ။

"ဒီမှာ သန့်"

"ဘာလဲ ခင်ခင်"

"သန့် သမီးချင်းစာနာစိတ်နဲ့ စကားကို ဆင်ဆင်ခြင်ခြ ပြောစေချင်တယ်"

"သန့် ဘာပြောမိလို့လဲ ခင်ခင်"

ရုတ်တရက် ပြောလိုက်သော အသံမာမာ စကားကြေ ဒေါ်သန့်သန့်မျက်နှာ ကွက်ခနဲပျက်သွား၏။

"သန့်တို့လုပ်ပုံက မလွန်လွန်းဘူးလား၊ ပထမ အငြ နောက်တော့ အငယ်၊ ယူချင်ရာရွေးယူပါလို့ ခင်ခင်တို့က ဗန်း ထည့်ပြီး ဟင်းရွက် ကန်စွန်းရွက်လို ရောင်းနေတာ မဟုတ်ဘူ

"ဒီမှာ ဒေါ်ခင်ခင်"

"ပြောပါ ဦးကိုဦး"

"ကျွန်တော်တို့ဘက်က ဒီလိုသဘောမျိုး မဟုတ်ပါ စေ့စပ်...."





"အို....မလိုချင်ဘူး၊ ကျွန်မသမီးတွေက ဒီလို အပေါစား ဆန်ဘူး၊ တော်ပြီ....အကြီးနဲ့လဲ သဘောမတူဘူး၊ အငယ်နဲ့လဲ သဘောမတူဘူး၊ဒါပါပဲရှင်၊ နောက်တစ်ခါ ဒီစကားတွေ လာ ပြောပါနဲ့လို့ပဲ တောင်းပန်ပါရစေ"

"ဒီမှာဒေါ်ဒေါ်"

"ဘာလဲ"

"ကျွတော့်ကို အခွင့်အရေးတစ်ခုတော့ ပေးပါခင်ဗျာ၊ ဖြူ့ သန္တကို ကျွန်တော် သိချင်ပါတယ်၊ ဖြူက ခေါင်းခါလိုက်ရင် ကျွန်တော် လက်ခံပါမယ်၊ ဒီတစ်ခုတော့ လိုက်လျောပါနော် ဒေါ်ဒေါ်"

ဦးကိုကိုဦးနှင့် ဒေါ်သန့်သန့်တို့က တိတ်ဆိတ်စွာ နေလေ သည်။

ဇော်ဇော်ဦးသည်လည်း မျှော်လင့်ခြင်း မျက်ဝန်းများမှ ဆိုင်ခြည်များက တလက်လက်တောက်ပနေသည်။

ဒီတစ်ခုတော့ ငါ လိုက်လျောသင့်ပါတယ်လေ၊ တကယ်လို ဖြူဟာ အပေါစားဆိုရင်လည်း မထူးပါဘူး၊ တစ်ခါတည်း ငါ သွားလို့ ထည့်ပေးလိုက်ရုံပေါ့၊ပိုတောင်ကောင်းသေးတယ်၊ ါပေမယ့် မိဖြူဟာ ဒီလိုလူမျိုး မဟုတ်ဘူးလို့ ငါပြောလိုက်မိ အင်းလေ....ဖြူ့သဘောအတိုင်းပေါ့။

"မိဖြူ"

"ရှင်"

"လာခဲ့ပါဦး"

"ဟုတ်ကဲ့"

ဖြူသည် အစောကြီးကတည်းက ရင်ခုန်တုန်လှုပ်စွာ နေ... ထားသည်မို့ ခေါ်သံကြားတော့ ပိုလန့်သွားရ၏။

ပြီးတော့မှ အားတင်းလိုက်ပြီး....

ခန်းဆီးစလေးကို ဖယ်ရှားကာ ကိုယ်ကို အသာယို့၍ထွ... လာ၏။ ငှက်ခါးရောင် ထက်အောက် ဆင်တူလေးဝတ်ထ... သဖြင့် ဖြူ့အသား ပြည့်ပြည့်ဝင်းဝင်းလေးနှင့် ကိုယ်လုံးတော... တောင့်တင်းတင်းလေးမှာ ပိုလို ပေါ်လွင်နေရသည်။

ဆံပင်ကိုလည်း ငှက်ခါးရောင် ဖဲကြိုး ပြောင်ချောချော... ဖြင့် မြင့်မြင့် စုစည်းထားသောကြောင့် ဆံစလေး ဟိုတ... သည်တစ်စနှင့် ချစ်စရာ လှရတနာလေး ဖြစ်နေသည်။

သို့ပါသော်လည်း အံ့သြခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ... လန့်ခြင်း စသည့် ခံစားမှု တစ်လှေကြီးကြောင့် မျက်နှာလှ... ညှိုးနွမ်းလို့ပါ။

ငါ ဘယ်လို ဆုံးဖြတ်ရမလဲ။

မေ့မတ ကျွန်မသမီးဘွေ့က အပေါစား မဟုတ်... သဘောမတူနိုင်ဘူးတဲ့။

အခုကိစ္စက ငါ့ရဲ့ ခေါင်းညိတ် ခေါင်းခါပေါ်မှာ မူ... နေတာပါလား။

ဘာပဲဖြစ်ဖြစ်လေ။

မမည့်နဲ့ စေ့စပ်မယ့်သူကို ငါ စိတ်မဝင်စားဘူးဆိုတာ ပြ... တာ အမှန်ပဲဟု ဖြူ့စိတ်ထဲမှာ တွေးနေမိသည်။

ဇော်ဇော်ဦးစိတ်ထဲမှာ နည်းနည်းမှမကောင်း။





သူ့ကြောင့် ချစ်ရသူလေး မျက်နှာလှလှဝယ် ညှိုးနွမ်းရိပ် ...င်နေရသည် မဟုတ်လား။

ဖြူ ဇော်ဇော်ဦးရှိရာသို့ ဦးစွာ လှမ်းကြည့်လိုက်သည်။ လှစ် ...နဲ့ တစ်ချက်အကြည့်မှာပင် မျှော်လင့်ခြင်း၊ တောင့်တခြင်း၊ ...ယ တောင်းပန်ခြင်း အကြည့်များကို သူ့မျက်ဝန်းမှာ တွေ့ ...ိုက်ရသည်။

မေမေ့ကို ကြည့်ပြန်တော့ ဖြူ့အား စူးစူးစိုက်စိုက် ကြည့် ...နေ၏။ ဘယ်လိုဆုံးဖြတ်ရမလဲနော်....။

"မဖြူ"

"ရှင်"

"အခု လာပြောတာတွေ အားလုံးကြားတယ်မဟုတ်လား၊ ...ည်း ဘယ်လိုဆုံးဖြတ်မလဲ၊ သိမ်ရှည်ရှည်ဝေးဝေး မစဉ်းစားနဲ့၊ ...န်မြန်ဆုံးဖြတ်"

ဖြူ ဇော်ဇော်ဦးကို တစ်ချက်ကြည့်မိပြန်သည်။ ဖြူ့အကြည့် ...ို သူနားလည်နိုင်ပါစေ။

သည်အကြည့်မှာ မတုံ့ပြန်နိုင်ခြင်းအတွက် တောင်းပန်ခြင်း ...ျား ပါဝင်နေသည်လေ။

ဖြူ့ရဲ့ နောက်ဆုံးအကြည့်ဆိုတာလည်း ရှင်းသိပါစေ။

ဖြူ ဖြည်းညင်းစွာ ခေါင်းယမ်းလိုက်ပါသည်။

ဟင်....ဟူသော အာမေဍိတ်သံနှင့်အတူ ဇော်ဇော်ဦး မိဘ ...စ်ပါး မျက်နှာကွက်ခနဲ ပျက်သွားသည်။ ရှက်ခြင်းနှင့် သား ...အတွက် စိတ်မကောင်းခြင်းတို့ ရောပြွမ်းခံစားလိုက်ရ၏။

ဇော်ဇော်ဦး မယုံနိုင်လွန်းစွာဖြူ့ကိုကြည့်မိသည်။

ရင်ထဲမှာ ဆို့ဆို့နင့်နင့် ခံစားလိုက်ရ၏။

ရက်စက်လိုက်တာ ဖြူရယ်။

ခွင့်လွှတ်ပါတော့ရှင်ရယ်ဟု ဖြူ့စိတ်ထဲမှာ အခါခါရေရွတ်ရင်း အခန်းတွင်းသို့ ပြေးဝင်လာမိသည်။

တံခါးပိတ်ပြီးတော့ ခုတင်ပေါ် ရောက်အောင် သွားဖို့ပင် စွမ်းအားတွေ မရှိတော့သလို။

တံခါးရွက် မျက်နှာပြင်ကို လက်ထောက်၊ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုနေမိတော့သည်။

"ပြန်ခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပါပြီရှင်၊ နောက်လဲ လာလည်ပါဦးနော်"

သူတို့ ပြန်သွားလေပြီ။

ရခိုင်လုံချည်နက်ပြာ၊ တီရှပ်လိမ္မော်ရောင်နှင့် မျော်လင့်ခြင်း မျက်ဝန်းတစ်စုံက ဖြူ့မျက်စိထဲမှ မထွက်။

စိတ်ဆိုးပြီး မုန်းသွားပြီလား။

မေ့ဖို့ ကြိုးစားတော့မှာလား ကိုရယ်။

ဖြူ့ဘဝကို နားလည်ခံစားနိုင်ပါစေလို့ပဲ ဖြူ ဆုတောင်းတယ်ကွယ်။

"ဟော့ခင် ဘာဖြစ်နေတာလဲကွ"

"ဟော....ဖေဖေပြန်လာပြီ"

ဖေဖေသည် ဧည့်ခန်းတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသော မေမေ့အား လှမ်းမေးလိုက်သည်။ မေမေသည်လည်း ဖေဖေ့အသံကြား၍ အိမ်ပေါ်သို့ အပြေးကလေး တက်လာသည်။





ဖြူ့မှာသာ ငိုရှိုက်လို့ကောင်းဆဲ။

"ဘာဖြစ်ရမှာလဲမောင် မောင့်သမီး မိဖြူပေါ့"

"ဟင်....သမီးငယ် ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လားခင်"

"သိပ်ပြီး စိုးရိမ်စိတ်တွေ များသွားသလား"

"ဘာပြောတယ်၊ မင်းမှာ ကြင်နာတတ်တဲ့ နှလုံးသားတစ်စက်ကလေးမှ မရှိပါလားဟင်၊ တကယ်တော့ သမီးဖြူဟာ တွိုထားသလိုနေ၊ တို့ကျွေးသလို စားတဲ့ မိဘမဲ့ ကလေးတစ်ယောက်ပဲ၊ ဒီလိုပြောဖို့ မသင့်ပါဘူးကွာ"

"ဟုတ်ပါတယ်၊ ထားသလိုနေတဲ့ ကလေးပေါက်စနလေးပါမောင်"

"နေပါဦး၊ အခု ဖြူနဲ့ ခင်က ဘာတွေဖြစ်ထားလို့လဲ"

"ခင်နဲ့ မဖြစ်ပါဘူး"

"ဘယ်သူနဲ့ ဖြစ်တာလဲ"

"ဘယ်သူနဲ့မှ မဖြစ်ဘူး"

"ဒါဖြင့် မင်း ငါ့ကို လာတာနဲ့ ခနဲ့သလို စကားနာထိုးတာဘာသဘောလဲ၊ ပြေးလာတဲ့သူကို မညှာမတာ ဖနောင့်နဲ့ကန်လိုက်တာလား ခင်"

"ဒီမှာ မောင်"

"ပြော"

"ခုနလေးတင်ပဲ သန့်တို့ လင်မယား အိမ်ယာသွားတယ်၊ ရှင့် သမီး မိဖြူကို လာတောင်းရမ်းတာတဲ့"

"ဘယ်လို....သမီးဖြူကို ဟုတ်လား"

"ဟုတ်တယ်"

"ဖြူ ငယ်ပါသေးတယ်လေ"

"ဒီမှာ မောင်၊ ဇော်ဇော်ဦးဟာ ဘယ်သူနဲ့ စကား က
လှမ်းခဲ့တာလဲ စဉ်းစားကြည့်ပါဦး၊ ခင့် သမီး ညီဟာ ကန့်
ရွက် မဟုတ်ဘူး၊ အခုယူမယ်၊ တော်ကြာ မယူဘူးလို့ အမ
မျိုး လုပ်တာ ခင် လက်မခံနိုင်ဘူး"

"ဩော်....ခင်ကလဲကွာ၊ သမီးချင်း အတူတူ ဘယ်သူ
ဖြစ်ဖြစ်ပေါ့၊ ဘာဖြစ်ရမှာလဲ"

"မိဖြူဟာ ခင့် သမီးပါလို့ ဘယ်တုံးက အသိအမှတ်
လို့လဲ၊ ခင့် သမီး အရင်းကိုတော့ မကြိုက်ပါဘူးလေး ဘာ
နဲ့ ဟိုကလေကချေမကိုမှ သည်းသည်းလှုပ်နေတာ ပြော
မပြောချင်ဘူး"

"မပြောချင်လဲ မပြောနဲ့ကွာ"

"မပြောမပြီးလို့ ပြောနေရတာပေါ့"

"မင်း....ဦးကိုဦးတို့ကို ဘယ်လို ဆက်ဆံလိုက်သလဲ ခ

"ခင်ကတော့ ခပ်ရှင်းရှင်းပဲ၊ ဘယ်သူနဲ့မှ သဘောမတူ
တော့ဘူးလို့ ပြောလိုက်တယ်"

"ဒီတော့ သူတို့ ပြန်ရောလား"

"ဘယ်ပြန်ဦးမလဲ၊ ဇော်ဇော်ဦးက ဖြူ့ သဘောကို
သိပါရစေတဲ့၊ မိဖြူ ခေါင်းခါရင် သူ ကျေနပ်နိုင်ပါတ
လေ"

"ဟင်....ဟုတ်လား၊ မင်းက ဘာပြောလိုက်လဲ"

"မိဖြူသဘော ခေါ်မေးတာပေါ့၊ ခင်က စိတ်ကူးထ
မိဖြူသာ သဘောတူရင် တစ်ခါတည်း ခေါ်သွားလို့ ထည့်





လိုက်မယ်ပေါ့၊ ဒါပေမယ့် ကောင်မက ဘာစိတ်ကူးပေါက်
တယ် မသိဘူး၊ ခေါင်းခါတယ် မောင်ရဲ့"

"ဩော်....မေမေရယ်....ရက်စက်လိုက်တာ ရှင်"ဟု ဖြူ ဝမ်း
နည်းစွာ မြည်တမ်းမိသည်။

"မင်း အဲဒီလို မလုပ်သင့်ဘူးကွာ၊ တကယ်ဆို အဆင်ပြေ
အောင် ကြည့်ပြောရမှာပေါ့၊ ငါနဲ့ တိုင်ပင်ဦးမယ် ဘာညာ
ပေါ့၊ ခုတော့ မင်း လုပ်ပုံက အချင်းချင်း မိတ်ပျက်ရတာပေါ့
ခက်တယ်ကွာ"

"မိတ်ပျက်တော့ ဘာဖြစ်ရမှာလဲ၊ ဒိုလေ....ဒါတွေ အား
လုံး ဖြစ်လာအောင် ဖန်တီးတာ ဟိုကောင်မ မိဖြူပဲ၊ သူ့ကြောင့်
ဒီလိုဖြစ်ရတာ"

"တစ်ဖက်သတ် မပြောနဲ့ခင်"

"ဟုတ်တယ်၊ မေမေပြောတာ မှန်တယ်၊ တကယ့် ဂိုယ်မ
အစစ်က ဟိုကောင်မပဲ ဖေဖေ"

"ဟိတ်....တိတ်စမ်း၊ လူကြီး စကားထဲ ဝင်ပါတာ ဖေဖေ
မကြိုက်ဘူး၊ သွားစမ်း"

"ဖြူရေ....သမီးဖြူ၊ ဟော့....သမီး"

ဖေဖေက တကြော်ကြော် ခေါ်ရင်း ဖြူ့အနားသို့ ရောက်
လာသည်။ ဖြူ ရှိုက်ကြီးတငင် ငိုနေပြန်တော့ ဖေဖေ မရှုဆိတ်နိုင်။
နည်းနည်းလေးမှ မကြည့်ရက်။

ဤသမီးလေးကို ငယ်ငယ်ကလေးကတည်းက အချစ် ပိုခဲ့
၍။

မိမဲ့ ဖမဲ့လေးမို့လည်း အတိုင်းအဆမဲ့ ကရုဏာတို့ လွှမ်းခြုံ နေမိပြန်၏။

ဖခင် တစ်ယောက်၏ မေတ္တာကို လှိုက်လှိုက်လှဲလှဲ ပေးချင်မိ ၏။ ယခုထက်တိုင်လည်း ထိုသမီး၏ မျက်နှာလှလှလေးကို ချင လို့မဝခဲ့၊ တိုးလို့သာ ကြင်နာခဲ့၏။

မေတ္တာငတ်မလေး ဖြစ်သောကြောင့် ရှိသမျှ မေတ္တာတေ ဖြူ့အပေါ် ပုံပေးခဲ့သည်။

သမီးငယ်ကလည်း အရွယ်နှင့် မလိုက်အောင် လိမ္မာသိတတ် သည်။ ပါးနပ်ခြင်း၊ ရိုးသား ကြိုးစားခြင်း၊ အနေတည်ခြင်း တို့ကြောင့်လည်း စိတ်ချမ်းသာမှု ရရှိခဲ့လေသည်။

ယခု သည်ချစ်သမီးလေး မျက်ရည်ကျနေတာ မြင်ရေ ဘယ်ဖခင် စိတ်ချမ်းသာပါမည်နည်း။

"သမီးဖြူ၊ ဘာလို့ ငိုနေတာလဲကွယ်"

အကြင်နာလေလှိုင်းတို့က နူးညံ့ တိုးလျှစွာ နားစည်မှ တဆင့် ဖြူ့နှလုံးသားကို လာရိုက်ခတ်၏။

ဖြူ ဘာမျှ ပြန်မပြော၊ ဆက်၍သာ ငိုနေမိသည်။

"သမီးရယ်....ကိုယ့်ကို မိသား ဖသားပီပီ လာတောင်းရမ် တာပဲ၊ ဂုဏ်ယူဖို့ ကောင်းတယ် မဟုတ်လား ဖြူ၊ မငိုနဲ့တော့နေ သမီး"

"ကဲ....သမီး ဖေဖေ့ကို မညာနဲ့နော်၊ ဇော်ဇော်ဦးကို စိတ် ဝင်စားနေသလား၊ ပြော သမီးဖြူ"

"အို....မောင်ကလဲ မိန်းကလေးဘက်က ခါး ခါး သီး သ မဟုတ်လို့ ဒီအထိ အဘင့်ရဲတာပေါ့၊ အနေအထိုင်ကလဲ မတ





ငြိမ်ပါဘူး၊ ဇော်ဇော်ဦး အနံတီတောင် မြင်တာနဲ့ သမီး ရည်း စားလို့ ပြောနိုင်တာပဲ ဥစ္စာ"

ညိုဝေလွင်...၁ မိဘနှစ်ပါးကြားဝယ် ဝင်ရောက် ပြောဆို ခြင်းမပြု၊ တိတ်ဆိတ်စွာနေလေ၏။

ဖြူဝေလွင်ကတော့ မေမေ၏ မတရားသက်သက် စွပ်စွဲ ပြော ဆိုမှုများကို အတတ်နိုင်ဆုံး ခွင့်လွှတ်ဖို့ ကြိုးစားလိုက်သည်။

"ပြောလေ သမီး၊ ဆိတ်ဆိတ်နေတာ ဝန်ခံခြင်းတဲ့၊ ဟုတ် လား"

"မဟုတ်ဘူး ဖေဖေ မဟုတ်ဘူး၊ သမီး သူ့ကို စိတ်မဝင် စားပါဘူး၊ အင့်....အင့်....အင့်"

"ဒါဆို ပြီးတာပဲ ကလေးရယ်၊ ဖေဖေ့ သမီးကို ဖေဖေ ယုံပါတယ်"

"ကဲ....ကဲ....ဖြစ်ပြီးတဲ့ ကိစ္စကို မေ့ပျောက်လိုက်တော့ ဖြူ၊ ဘာမှ တွေးမနေနဲ့တော့ သမီး၊ ခင်ကလဲ သမီးကို မဆူပါနဲ့နော်၊ သမီးညိုကလဲ ဘာမှ မပြောနဲ့တော့"

ဖေဖေဦးဝေလွင်က ပြောပြောဆိုဆို ရေချိုးခန်းဘက်သို့ ထွက်ခွာသွား၏။

ညိုဝေလွင်လည်း ဝင်မပြောနဲ့တဲ့၊ ညိုနဲ့ မပတ်သက်တဲ့ ကိစ္စ လို့ ဆိုလိုတာပေါ့နော်။

ဖေဖေရယ်....

ဖေဖေဟာ ဖြူ့အပေါ် အလိုလိုက်သလောက် ညို့အပေါ် ဘင်းမာလွန်းတယ်။ တကယ်ဆို သမီး ကိုဇော်ဦးကို ချစ်နေ

တာ ဖေဖေ ထည့်တွက်သင့်ပါတယ်ရှင်၊ သမီး အသည်းကွဲနေ
တာကိုတော့ မစဉ်းစားဘူးလား။

သမီး ဘဝမှာ ဖေဖေ့ မေတ္တာကို အပြည့်အဝ မခံစားရတ
ဲ မိဖြူ့ကြောင့်ပဲ။

အခုတစ်ခါ ညီ သိပ်ချစ်တဲ့ ချစ်သူနဲ့ ကွဲကွာရခြင်းဟာလ
ည်း မိဖြူကြောင့်ပဲ။

အို....မိဖြူကို မုန်းတယ်။

သိပ်မုန်းတယ် သိလား။

ညည်းကို ကမ္ဘာပေါ်မှာ ငါ့ရဲ့ အမုန်းဆုံးလူအဖြစ် မှတ်
ထားလိုက်ပြီ။

တစ်သက်လုံးအတွက် မှတ်ထားလိုက်ပြီ မိဖြူ။



## အခန်း (၁၈)

"မိဖြူ"

"ရှင်...."

"ညီ နေမကောင်းဘူး"

"သိပ် မထူးဆန်းပါဘူး၊ လူဆိုတာ တစ်ခါတလေတော့
နေမကောင်း ဖြစ်မှာပေါ့"

"ဘာ ပြောတယ်၊ ညည်း ဘယ်လိုပြောလိုက်တာလဲ၊ ညီဟာ
ငါ့ရဲ့ တစ်ဦးတည်းသော သမီး၊ ညည်းလို မိမရှိ၊ ဖမရှိ မဟုတ်
ဘူး၊ သိရဲ့လား"

ဖြူ ဘာမှ ပြန်မပြောဘဲ အနားမှ ထွက်လာခဲ့သည်။

သည်လောကဆို လုံလောက်ပြီ။

မေမေ မခံချိ မခံသာ ဖြစ်နေပေတော့မည်။

ဖြူကတော့ ဘာရယ်မဟုတ်။ သူတို့ နည်းနည်းပါးပါး ခံစား
ဘတ်အောင် ကလိလိုက်ခြင်းသာ။

သို့ပေမယ့် ဖြူ့ ရင်မှာ သူတို့လောက် မေတ္တာ မခေါင်းပါးပါ။

တစ်ခါတစ်ရံတော့လည်း မျိုသိပ် သည်းခံ ခွင့်လွှတ်နေသည့်ကြားမှ မခံချင်စိတ်ကလေးက ပုထုဇဉ်ပီပီ လှစ်ခနဲ ပြူလာသည်။

ဟိုတစ်ခါ ပြဿနာ ဖြစ်ပြီးကတည်းက....

မေမေသည် ဖြူ့ကို စကားမပြောတော့။

ဒါ ပထမဆုံးအကြိမ် စကား ပြန်ပြောခြင်း ဖြစ်၏။

မမညိုသည်လည်း ထိုနည်းတူစွာပင်။

ယခု မမညို နေမကောင်းဘူး ဆိုပါလား။

ဖြူ အလယ် ပို့ရတော့မည်။

သို့သော်လည်း ဖြူက လူနာများကို ပြုစုပေးချင်သူ။

ပင်ကို စရိုက်ကိုက စေတနာ ဖြူစင်သန့်ရှင်းသူ ဖြစ်သည်ကိုး

ဖြူ ခပ်သွက်သွက်လေး မမညို အခန်းသို့ လှမ်းလာသည်။ အခန်းလေးက အသပ်ရပ်ဆုံး အခြေအနေတွင် ရှိမနေ။

အရှုပ်ပွဆုံး အခြေအနေသို့လည်း မရောက်။

တစ်သက်နှင့် တစ်ကိုယ် ဖြူ မမညိုအခန်းကို ပထမဆုံးအကြိမ်ရောက်ဖူးခြင်းပင် ဖြစ်၏။

မမညိုသည် ခုတင်ပေါ်တွင် ညင်သာစွာလဲလျောင်းနေသည်

မေမေသည် မမညို နေမကောင်းသည်ကို ဖြူ့အား မပြော

ဖြူ နေမကောင်းစဉ်က မမညိုကို ပြောပါသော်လည်း တင်ကလေးမှ လာမကြည့်၍ မေမေ မပြောဟန်တူသည်။

တရားမျှတတဲ့ မေမေပဲ။





ဖြူ မမညို နားသို့ တိုးကပ်သွားကာ နဖူးပြင်ကို အသာ စမ်းကြည့်လိုက်သည်။

အားပါးပါး.... ကိုယ် အတော် ပူနေပါလား။

ဖြူ့ ရင်ဝယ် ကရုဏာတို့ အတိုင်းအဆမရှိ ဖြစ်ထွန်းရ၏။

မမညိုမှာ မျက်ကွင်းမျှားချိုင့်ကာ နှုတ်ခမ်းပါးပါးကလည်း ခြောက်ကပ်လို့နေသည်။

နှုတ်မှလည်း တအင်းအင်း ညည်းနေတော့ ဖြူ သနား၏။

အိမ်မှာ ဆရာဝန် မေမေတစ်ယောက်လုံး ရှိပါလျက်နှင့် အဖျားမကျသည်မှာ မမညို ခေါင်းမာ၍သာ ဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ဆေးကြောက်သော မမညို။

သူ့ကို မကြင်နာနိုင်သော မမညို။

သည် မမညိုကို မေတ္တာငတ်မလေး ဖြူကတော့ အစ်မအရင်းတစ်ယောက်ကဲ့သို့ပင် တွယ်တာမိသည်လေ။

ဖြူသည် ပထမဆုံး လိုနေသော ခေတ်ဘူးထဲသို့ ရေနွေးဖြည့်လိုက်သည်။ ခန်းဆီး လိုက်ကာများကို ဖယ်၊ ပြတင်းပေါက်များကို ဖွင့်လိုက်သောအခါ နွေးထွေးသော အလင်းရောင်တစ်ခန်းလုံးသို့ ဖြာကျလာ၏။

အခုမှပင် လင်းလင်းရှင်းရှင်း ဖြစ်သွားသည်။

စားပွဲပေါ်တွင် ရှိသော ဖန်ခွက်များ၊ စတီးချိုင့်များ၊ ကြွေလုံများကို ရေနွေးနွေးဖြင့် ဆေးကြောလိုက်၏။

စားပွဲ တစ်ခုလုံးအား ရေစိုအဝတ်နှင့် ပြောင်သွားအောင်သုတ်လိုက်သည်။

ပြီးတော့....

စာကြည့်စားပွဲသို့ သွားကာ မညီမညာဖြစ်နေသော စာအုပ် စာရွက်စာတမ်းများကို စနစ်တကျ သေသပ်စွာ စီထားထပ်ထား လိုက်သည်။

ချထားသော ခြင်ထောင်ကို ဆွဲတင်လိုက်ကာ တစ်ဖက် တစ်ခုရှိ ချိတ်များနှင့် ဆွဲထားလိုက်သည်။

ခေါက်နေသော အိပ်ရာခင်းကို သာသာလေး ဖြန့်ကာ ပွနေ သော စောင်များကို ခေါက်လိုက်သည်။

ထဘီတန်းပေါ်တွင် ဖြစ်သလို လှန်းထားသော ထဘီများကို ခေါက်သင့်တာ ခေါက်၊ လှန်းသင့်တာ လှန်း၊ လျှော်သင့်တာ အဝတ်လျှော်ရမည့် ခြင်းထဲသို့ ထည့်ရင်းဖြင့် ငါးမိနစ်ခန့် အလုပ် ရှုပ်သွားရ၏။

ပြီးတော့ မပြီးသေး။

အင်္ကျီတန်းပေါ်ရှိ အင်္ကျီများကိုလည်း ရှင်းလင်းရပြန်သည်။

အခန်းဆီး လိုက်ကာများ၊ မျက်နှာသုတ်ပဝါ၊ လက်သုတ် ပဝါ၊ ကိုယ်သုတ်ပဝါ၊ ကုလားထိုင်စွပ်များ၊ စားပွဲခင်းများ အင်္ကျီ၊ လုံချည်များကို လျှော်ဖို့ ယူလာရပြန်၏။

တစ်ခန်းလုံးကို ဖြူ မျက်စိ ကစားလိုက်၏။

စားပွဲပေါ်ရှိ ပန်းအိုး စိမ်းစိမ်းလေးထဲမှ ပန်းလေးများ နွမ်းနေပြီ။

အနွမ်းပန်းလေးများကို အမှိုက်ပုံးထဲ ထည့်ကာ ခြံထဲသို့ ဆင်း၍ မမညို ကြိုက်တတ်သော ရေမွှေးနှင်းဆီ ပန်းနုလေး များကို ခူးယူ၍ ပန်းအိုးလေးထဲသို့ လှပ သေသပ်စွာ ထိုးစိုက် လိုက်သည်။





မမညိုသည် သူ့ အခန်းကို မည်သူမျှ ဝင်ရောက်ခြင်းကို မနှစ် သက်။ အထူးသဖြင့် ဖြူ....။

ဖြူ့ ကိုတော့ လုံးဝ မဝင်ရန် အမိန့် ချမှတ်ထားသည်။

သူ့ ပစ္စည်း ပစ္စယများကို လျှော်ဖွပ်ရန် ဖြစ်စေ၊ ဆေးကြော န် ဖြစ်စေ သူကိုယ်တိုင် လာပေးသည်။

ယခုတော့ မမညို နေမကောင်းသည်မှာ ဘယ်နှစ်ရက် ရှိနေပြီ သိ။ တစ်ခန်းလုံး ရှုပ်နေကာ အဝတ်လျှော်စရာတွေ ပုံနေပြီ။

ဖြူသည် လျှော်ရမည့် အဝတ်များကို ယူလာကာ လျှော်ဖွပ် ်ကိသည်။

နောက် ရေချိုး၊ အဝတ်အစားလဲကာ ပန်းခြံထဲသို့ ခေတ္တ င်းလိုက်၏။

ပန်းရနံ့များစွာနှင့် လေနုအေးတို့က ဖြူ့ စိတ်ကို လန်းဆန်း ည်လင်လာစေ၏။

ပြီးတော့ ဖြူ အိမ်ပေါ် ပြန်တက်ခဲ့သည်။

နေမင်းသည်ကား အနောက်ဘက်ဝယ် မှေးစက် အနားယူ၍ င်းနေလေပြီ။

ဖြူ မိမိအခန်းသို့ ပြန်လာကာ ပြတင်းပေါက် မှန်တံခါး းကို ဆွဲချလိုက်သည်။

တံခါးလေးကို အသာ စေ့ထားခဲ့ပြီး ထမင်းစားခန်းသို့ င်းလာကာ ကပျာကယာ ထမင်းစားလိုက်သည်။

စားပြီးသည်နှင့် မမညို အခန်းတွင်းသို့ ဝင်ခဲ့တော့၏။ မှော်ရောင် မီးသီးလေးကို ဖွင့်လိုက်ပြီး မမညိုကို ကြည့်လိုက် ၏။

မျက်စိလေးမှိတ်ကာ ငြိမ်သက်စွာ သဲလျှောင်းနေဆဲပင်၊

စောစောက လျှော်ပြီးလှန်းကာ ရုပ်လာခဲ့သော အဝတ်အထည် အားလုံးကို မီးပူတိုက်လိုက်သည်။

ကျွေးမွေးဖို့ကိစ္စက ဖြူ့တာဝန်မဟုတ်။

မီးပူတိုက်ပြီးသောအခါ ပြတင်းပေါက် လိုက်ကာများကို စနစ်တကျ တပ်လိုက်၏။ လက်သုတ်ပဝါများကိုလည်း စားပွဲပေါ်မှာ အစီအရီ ထပ်ထားလိုက်၏။

အားလုံးပြီးစီးသောအခါမှ ဒရင်းဘက်ပေါ်တွင် ခေတ္တအနားယူမိ၏။

ခြော်....မိဖြူဟာ ငါ့ကို ဂရုစိုက်ပါလား။

တကယ်ဆို သူနေမကောင်းတုန်းက ငါလှည့်တောင်ကြည့်တာ မဟုတ်ဘူး။

ဒါတောင် ငါ့အပေါ် စေတနာမပျက်ဘူးလား မိဖြူရယ်

ညိုဝေလွင်သည် ဖြူလုပ်သမျှကို ခိုးကြည့်နေရာမှ တိတ်တဆိတ် မှတ်ချက်လေးချမိ၏။

"သမီးလေး ညို"

ငြိမ့်ညောင်းညင်သာသော အသံကလေးနှင့်အတူ မေမေ ဝင်လာ၏။

"ရှင်....မေမေ"

ညို၏ ပြန်ထူးသံကြောင့် စောစောက အိပ်ပျော်နေခြင်း မဟုတ်ဟု ဖြူ သိလိုက်ရ၏။

"သမီး ဘာစားမလဲ ပြော"

"ဘာမှ မစားချင်ဘူး မေမေ"





"ဘာဖြစ်လို့လဲ သမီးရဲ့"

"စားချင်စိတ် မရှိလို့ပါ မေမေ"

"ဒါဆို တစ်ရေးလောက်အိပ်ဦးနော်၊ မေမေ သမီးဖေဖေကို ထမင်းသွားခူးပေးလိုက်ဦးမယ်၊ အိပ်ပျော်အောင်အိပ်လိုက်နော် သမီး"

"ဟုတ်ကဲ့ မေမေ"

ဒေါ်ခင်ခင်က ဖြူ့ကို ရှိတယ်လို့ပင် မထင်။

လှည့်တောင် ကြည့်ဖော်မရ။

စကားပြောဖို့ဆိုတာ ဝေလာဝေးပေါ့။

စိမ်းကားလှန်းသောအခြေအနေကြောင့် ဖြူစိတ်မကောင်းမိ။

ခဏအကြာတွင် ဦးဝေလွင် ရောက်လာသည်။

"ဟော....သမီး ဖြူ၊ ဘယ်လိုလဲ၊ အိပ်ချင်နေပြီလား"

"မအိပ်ချင်ပါဘူး ဖေဖေ"

ဖေဖေက မမညိုနဖူးကို အသာအယာစမ်းကြည့်ကာ မမညို၏ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ....

"သမီး၊ သက်သာရဲ့လား"

"နည်းနည်းသက်သာပါတယ် ဖေဖေ"

"အေး....အေး၊ ကောင်းသွားမှာပါ၊ အဖျားသိပ်မရှိတော့ပါဘူး"

"သမီး....ဖြူ"

"ရှင်....ဖေဖေ"

"အိပ်ချင်ရင် သွားအိပ်တော့လေ"

"ရပါတယ် ဖေဖေရဲ့"

"သွားပါ သမီးရဲ့၊ ဖေဖေ စောင့်လိုက်မယ်"

"ဖေဖေတို့၊ မေမေတို့ စိတ်ချလက်ချ အိပ်လိုက်ပါ၊ သမီး ဒီည ဒီမှာပဲအိပ်တော့မယ် ဖေဖေ"

"ရပါတယ်၊ ညိုက တကယ့်လူမမာကြီးမှ မဟုတ်တာ၊ ဘယ်သူမှ စောင့်ဖို့မလိုပါဘူးလေ"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ သမီးရဲ့၊ ကိုယ့်အခန်းထဲမှာ တစ်ယောက်ယောက်ရှိတော့ ကောင်းတာပေါ့ကွယ့်"

မညိုက ဘာမျှမပြောတော့။

ဖေဖေသည်လည်း တစ်နေ့လုံး ပင်ပန်းထားသဖြင့် အနားယူချင်ပြီထင့်။

အခန်းထဲမှ ပြန်ထွက်သွား၏။

"မညို"

"ယင်...."

"တစ်ခုခုသောက်ပါလား ဟင်"

"ဟင့်အင်း"

"ဒီလို ဘာမှ မစားမသောက်ရင် အားပြတ်သွားမှာပေါ့ မညိုရဲ့၊ ဖြူ ဟောလစ် ဖျော်ပေးမယ်နော်၊ သောက်လိုက်နော်"

ဖြူက တယုတယ ဖျော်၍ ဂရုတစိုက်တိုက်တော့ ညိုဝေလည်း မငြင်းသာ။

ဟောလစ်တစ်ခွက်ကို မနည်းကုန်အောင် သောက်လိုက်သည်။

ဖြူ့လက်ရာက သောက်လို့ အရသာတွေ့လှ၏။





ကောင်းမှ ကောင်းပေဆိုတာမျိုး။

ဟောလစ်တစ်ခွက်ကြောင့် ဝမ်းပြည့်လာသော ညိုဝေလွင် မျက်တောင်များ မေးစင်းလာသည်။

သည်လိုမှန်းသိရင် စောစောကတည်းက ဟောလစ်တစ်ခွက် သောက်လိုက်ချင်ပါရဲ့။

ခဏအကြာတွင်ပင် မညိုဝေလွင် အိပ်မောကျသွားသည်။

ဖြူသည် ဂွမ်းစောင်ထူထူကြီးကို ကိုယ်တစ်ဝက်ကျော်ကျော်ခန့် လွှမ်းခြုံပေးလိုက်သည်။

ခြင်ထောင်ကို အသာအယာချပေးလိုက်ပြီး ဒရင်းဘက်ပေါ်တွင် ပြန်ထိုင်နေလိုက်သည်။

မညိုသည် ဆေးကို အင်မတန်ကြောက်တတ်သူ။ ယခုလည်း ဆေးတစ်လုံးမှ သောက်ဖြစ်ဟန်မတူ။ ဒါကို ဖေဖေလည်း မသိ။

မေမေသည် မညိုကို ချစ်စိတ်ဖြင့် အလိုလိုက်ကာ မသောက်ချင်သော ဆေးခါးခါးများကို မတိုက်ရက်သဖြင့် ဆေးတွေသည်အတိုင်းပင် တွေ့ရ၏။

ဖေဖေ့ကိုလည်း ပြောလိမ့်မည်မထင်။

ဖေဖေသည် မိမိပေးသော ဆေးများအစွမ်းထက်ပါလျက် ညီးဖြစ်သူ အဖျားမကျခြင်းကို ဝေခွဲမရခဲ့။

ဖြူသည်လည်း သားအဖကြား ဝင်မပါလိုသဖြင့် ဘာမျှမပြော။ ငြိမ်နေလိုက်သည်။

မညို ယခုလို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်းမှာ ဖြူတိုက်လိုက်သော ဆေးတစ်ခွက်စာတွင် ပါဝင်သည့် အိပ်ဆေးအစွမ်းကြောင့်ပင်။

သည်လိုမှဟောလစ်ထဲထည့်မတိုက်လျှင် မမညို လုံးဝသော လိမ့်မည် မဟုတ်ဟု ဖြူ သိနေ၏။

ဖြူသည် မမညိုကိုစောင့်ရင်း ဝတ္ထုစာအုပ်တစ်အုပ်ကို ဖ နေလိုက်သည်။

ဝတ္ထုထဲတွင် စိတ်နှစ်နေသဖြင့် အချိန်ကုန်၍ ကုန်မှန်းပ မသိလိုက်။ တိုင်ကပ်နာရီမှ သုံးနာရီထိုးသံ ကြားရ၏။

"အင်း....ဟင်းဟင်း"

မမညိုသည် ညည်းတွားရင်းမှ လူးလွန့်လာသည်။ ဖြူ မမ အနားသို့ လှစ်ခနဲရောက်သွားမိသည်။

"မမညို"

"ဟင်"

"တစ်ရေးနိုးပြီလား"

"အင်း....ဖြူမအိပ်သေးဘူးလား"

"ရပါတယ်၊ ဖြူကအိပ်ရေးပျက်လဲ မနက်ကျရင် အလုပ်လ နိုင်ပါတယ် မမညိုရဲ့"

ဩော်....ဖြူရယ်လို့ ရင်ထဲကတတတမ်းတမ်း တတတခေါ်လို သော ညိုဝေလွင်၏ ကရုဏာသံကို ဖြူမကြားနိုင်ပါ။

တကယ်တော့ ဖြူက စိတ်ကောင်းရှိသူပင်။

မိမိအပေါ် ဤမျှလောက် ဂရုစိုက်တော့ ခွင့်လွှတ်ကြင် တတ်သော ဖြူ့ကို ဘယ်မှာလာပြီး မုန်းနိုင်တော့မည်နည်း။

ညိုမျက်လုံးဖွင့်ကြည့်လိုက်စဉ်....

ငိုက်နေသော ဖြူခေါင်းသည် ညို၏ ညည်းညူသံမျာ ကြားလိုက်သည်နှင့် တစ်ပြိုင်တည်း မော့်လာသည်။





အမှန်ကို ဝန်ခံရလျှင်....

ညို ဖြူလောက် ဇွဲမကောင်းပါ။

စိတ်မရှည်ပါ။

ဖြူရယ်....

သိပ်လိမ္မာတဲ့ ညီမလေးရယ်....။

တို့ မထားနိုင်ခဲ့တဲ့ မြင့်မြတ်တဲ့ စိတ်ထားတွေ ဖြူ့မှာ အများ ကြီးရှိတယ်နော်။

ပြီးတော့ တို့မှာမရှိတဲ့ အရည်အချင်းတွေအားလုံး ဖြူ့မှာ ရှိတယ်နော်....။

တွေးရင်းတွေးရင်းဖြင့် ဖြူ့အပေါ် အသနားပိုလာရသည်။ ည်အရွယ်ရောက်သည်အထိ ညိုပြောသမျှ ငြိမ်ခံကာ ညိုခိုင်း မျှ မငြူမစူ လုပ်ပေးခဲ့သည်။

အားလုံး မမညိုအကြိုက် ဖြစ်စေခဲ့သည်ချည်း။

သူ့မှာ ဆယ်တန်းစာမေးပွဲ ဖြေနေသည့်ရက်တွေပင် ညို့ကို င်းဘူးထည့်ပေးခြင်းမှ မပျက်ကွက်ခဲ့။

အရာရာတွင် ညိုဝေလွင်ကို အရှုံးပေးခဲ့သည်သာ။

ာကယ်တော့ ဖြူ့ဘဝသည် မိမဲ့ ဖမဲ့ တစ်ကောင်ကြွက် ရယ်ပါ။

မိမိတို့အပေါ် တကယ့် မိသားစုလို နေထိုင်ခဲ့ကာ သည်း ခံနိုင်လွန်းသော ညီမငယ်အတွက် ညို အကြင်နာတိုးမိ ။

ညို အခုလောက် ဖြူ့အပေါ် အနိုင်ယူခဲ့ခြင်းမှာလည်း မေ၏ တစ်ယူသန်အစွဲကြောင့်ပင် ဖြစ်ပါ၏။

ယခုတော့....

ညိုဝေလွင်၏ရင်မှာ မေတ္တာတွေအများ ဖြစ်ထွန်းလာပြီ၊

ညီမလေးဖြူ့အပေါ် ထားခဲ့သော အမုန်းတရားများ ဟင်းစင်ကာ အချစ်စစ်၊ အချစ်မှန်လေးများ ထွန်းလင်း တောက်လာပါတော့သည်။

ဖြူရယ်....

တကယ်တော့ ကိုဇော်ဟာ ငါနဲ့မတန်ပါဘူးလေ။

သူက တည်ငြိမ်ရင့်ကျက်တယ်။

သည်းခံဇွဲရှိပြီး ရိုးသား ကြိုးစားကြင်နာတတ်တဲ့ယောကျ်ားကောင်းတစ်ယောက်။

အဲသည်လိုလူနဲ့ ဖြူနဲ့ပဲ တန်ပါတယ်။

အိမ်ထောင်တစ်ခု တည်ထောင်မယ်ဆိုရင်လည်း ကိုယ့်ချသူချစ်မှ ပိုကောင်းတာအမှန်ပဲ။

ဖေဖေနဲ့ မေမေ့ကိုပဲကြည့်။

သူတို့ ချစ်လို့ ယူထားတာမို့ အခက်အခဲတွေလည်း ရင်ဆိုင်ဖြေရှင်းနိုင်တယ်။ တစ်ဦးကိုတစ်ဦး နားလည်မှုတွေနဲ့ အပြစ်တွေကို ခွင့်လွှတ်နိုင်ကြတယ်။

သည်ဇာတ်လမ်းမှာ တို့က အရှုပ်ကောင်သက်သက်ဖြစ်မှန်းမသိ ဖြစ်ခဲ့ရတယ်။

ဒါကလည်း ညို ကိုဇော့်ကို သိပ်ချစ်ခဲ့လို့ပါ ဖြူရယ်။

ဒါပေမယ့်လေ....

ကိုဇော့်ကို မေ့နိုင်ဖို့ ညို ကြိုးစားမယ်။





ကိုဇော်နဲ့ ဖြူတို့ ဘဝခရီးလမ်း ဖြောင့်ဖြူးသာယာဖို့ ညိုထာဝရ ဆုတောင်းနေပါမယ် ညီမလေးရယ်။

"မမညို"

"ဟင်"

"ဘာတွေ ဒီလောက် စဉ်းစားနေတာလဲဟင်၊ အိပ်လိုက်ပါဦး မမရယ်၊ ဒါမှ အားရှိသွားမှာ"

"ကောင်းပါပြီကွယ်"

ညိုသည် ဖြူ ကျေနပ်စေရန် မျက်လုံးအစုံကို မှိတ်ကာ အိပ်လိုက်ပါ၏။

ညို့ရင်ထဲမှာ တောက်ပကွန့်မြူးလာပြီဖြစ်သော အချစ်ရိပ်၊ အချစ်ရောင်လေးများကိုတော့ဖြင့် ဖြူဝေလွင် မတွေ့သေးပါ။

ဖြူ့ဘဝဝယ် အစ်မတစ်ဦး၏မေတ္တာ နွေးနွေးကို ရယူနိုင်တော့မည်ဟု သိပါလျှင် ဖြူ ဘယ်သို့ရှိမည်နည်း။

နယူတန်က ဆိုခဲ့သည်ပဲ။

သက်ရောက်မှုတိုင်းတွင် ယင်းနှင့်ညီမျှသော တန်ပြန်သက်ရောက်မှု တစ်ခုစီ ရှိပါသည်တဲ့။

နိယာမလေး မှန်နေတာ လက်တွေ့ပဲနော်။

❀

## အခန်း (၁၉)

ဖြူ့ လက်သွယ်သွယ်လေးများပေါ်သို့ တစ်စုံတစ်ခု အုပ်မိုး ျလာသည်ဟု ထင်သဖြင့် အုပ်မိုးလေးပေါ်ဝယ် လက်နှစ်ဖက် ာင်ရပ်လျက် ငိုင်နေမိသောဖြူ နောက်သို့ လှည့်ကြည့်မိ၏။

"ဟင်...."

ဖြူ ချက်ချင်း လက်ကို ဆွဲရုပ်လိုက်မိ၏။

သို့ပေမယ့်။

ဖြူ့လက် သွယ်သွယ်လေးက ပြုတ်တူနှင့် ညှပ်ထားသလို ာ်ဖက်လူ၏ လက်တွင်း၌ပင် ရှိနေသေးသည်။

"ဖြူ...."

ထိုလူက နှစ်ကိုယ်ကြားရုံလေး တယုတယ ခေါ်လိုက်၏။ နောက်ပြီး ဖြူ့မျက်နှာနုနုလေးအား တစိုက်မတ်မတ်ကြည့် ာင်၏။

ကြည့်နေသော သူ့မျက်လုံးထဲဝယ်....

တမ်းတခြင်း၊ လွမ်းရခြင်းများက အထင်အရှား ပေါ်ပေ
လွင်လွင်။

"ဖယ်ပါ"

ဖြူ ခပ်မှန်မှန်ပြောလိုက်၏။

"ဖယ်လို့ပြောနေတာ မကြားဘူးလား"

ဒုတိယအကြိမ် အမိန့်ဆန်ဆန် ပြောလိုက်၏။

"လက်ကိုလွှတ်ပါ၊ ဖြူတောင်းပန်ပါတယ်"

တတိယအကြိမ် ဖြူ ခယကြည့်လိုက်သည်။

မည်သို့မျှ ထူးခြားလာခြင်းမရှိ။

ဖြူ စိတ်အိုက်လာပြီ။

ဘယ်လိုလုပ်လျှင် ကောင်းမလဲ၊ စဉ်းစားလို့ မရ။

ဖြူသည် ပုံမှန်ပျော်ရွှင်သည်နှင့် စိတ်ပြေလက်ပျောက် ဖြင်
ရန် ဆုတို့ အိမ်သို့ လာလည်မိ၏။ ညနေဘက်မို့ ဆုက ရေ
နေတုန်း ဖြူက တစ်ယောက်တည်း လမ်းထိပ် ထွက်လာမ

တိတ်ဆိတ် ငြိမ်းချမ်းသော အုတ်ခုံလေးဝယ် စဉ်းစား
ဝင်နေတုန်း မမျှော်လင့်ဘဲ သူ ရောက်လာသည်။

သူ့ကို ဖြူ မတွေ့ချင်။

တွေ့လျှင် ဖြူ့ ရင်မှာ အမည်မသိသော ဝေဒနာတစ်
ခံစားရသည်။

သူ့ ဘက်ကလည်း ဤမျှလောက် မျှော်လင့်နေဖို့ မသ

တကယ်ဆို သူ့ ရှေ့မှာပင် သူ့ကို ဖြူ စိတ်မဝင်စားပါဘူ
ပြောပြီးပြီကော။





"အို...."

ဖြူ လန့်သွားသည်။

သူသည် ဖြူ့ လက်နုနုလေးအား ငုံ့၍ အားပါးတရ မွှေးကြူ
လိုက်သည်။

သူ့ကို ရှက်ရွံ့စွာ မော့ကြည့်လိုက်တော့ သူက ဖြူ့ကို တစ်
အားကြီး ကြည့်နေသည်။

"ရှင် ကျွန်မ လက်ကို လွှတ်ရင် ကောင်းမယ်"

"မလွှတ်ဘူး ဆိုရင်ကော...."

"ဘာ ရှင့်"

သည်တစ်ခါတော့ သူ့ဆီမှ အသံ ထွက်လာသည်။

"ဪ.... မလွှတ်ဘူးဆိုရင် မင်းက ဘာလုပ်မလဲလို့ မေး
တာပါ"

သူ၏ သည်လို စကားမျိုးများကို ဖြူ မကြိုက်ဆုံးပင်။

သူတစ်ပါး မခံချင်အောင် ပြောတတ်လွန်းသည်။

"ကိုယ်က မလွှတ်ဘူးဆိုရင် ဖြူက ကိုယ့်ကို သတ်မှာလား၊
ဖြူရယ်.... မင်း သတ်မယ်ဆိုရင် ကိုယ် သေရဲပါတယ်၊ အခုလို
နေနေရတာထက်စာရင် ခံသာပါသေးတယ်ကွာ"

"ရှင် ဘာတွေ လာပြောနေတာလဲ ကိုဇော်ဇော်ဦး၊ ကျွန်မ
ဘာမှ မသိဘူး၊ ကျွန်မ လက်ကို အခု လွှတ်ပါ၊ ဒါပဲ"

သူက ဘာမျှ ပြန်မပြော။

ဖြူ့ကို ငေးလို့သာ ကြည့်နေသည်။

"ရှင် တော်တော် အပြောရကျပ်ပါလား၊ မလွှတ်ဘူးလား
လွှတ်မလား"

"ကိုယ် မေးတာကို မှန်မှန်ကန်ကန် တိတိကျကျ၊ သေသေချာချာ ဖြေမယ်ဆိုရင် လွှတ်မယ်၊ မဖြေရင် လုံးဝ မလွှတ်နိုင်ဘူး၊ ကဲ.... ဘယ်လိုလဲ၊ ဖြေမလား၊ ပြော"

သူ့ မျက်နှာဝယ် တကယ် မလွှတ်တော့မည့်ဟန်က ပေါ်နေသဖြင့် ဖြူ တစ်ထစ် လျှော့လိုက်ရ၏။

"ရှင် ဘာ မေးမှာလဲ၊ မြန်မြန်မေး"

ဖြူ့ အသံက တုံးတိတိ၊ ပြတ်တတ်တတ်။

"ဖြူ ကိုယ့်ကို တကယ် မချစ်ဘူးလား"

"မချစ်ဘူး"

"ဒီလို လွယ်လွယ် မပြောနဲ့လေ"

"ကျွန်မ အရှိကို အရှိအတိုင်းပဲ ပြောတတ်တယ်"

"မင်း ညာတာ"

"မညာဘူး"

"ဒီမှာ ဖြူ"

"ဘာလဲ"

"ကိုယ့် ဘဝမှာ ဘယ် မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘူး၊ ဒါပေမယ့် ဖြူ့ကိုတော့ ကိုယ် မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ နောက်ပြီး သိပ် ချစ်တယ် ဖြူ"

ဖြူ ဘာမျှ ပြန်မပြော။

ဖြူ့ မျက်နှာတွင် ရှက်ရိပ်တွေ ထင်နေမှာ ဖြူ သိနေ၏။

ဖြူ မပြောတော့ သူက ဆက်လာသည်။





"ကိုယ့်ဘက်က ဒီလောက် ချစ်နေပါလျက် ဖြူ့ဘက်က အခုလောက် စိမ်းကားဖို့ မကောင်းပါဘူး၊ ကိုယ် သိပါတယ်လေ၊ ဖြူ ကိုယ့်ကို ချစ်နေတာ၊ မညာပါနဲ့ ဖြူရယ်"

"အိုး.... ဖြူမှ ရှင့်ကို မချစ်ဘဲ"

"ဖြူ ဟန်ဆောင်နေတာ မဟုတ်လား၊ ချစ်ရင် သတ္တိရှိရတယ် ဖြူ၊ ဖြစ်လာမယ့် အခက်အခဲတွေကို ကိုယ်တို့ ရင်ဆိုင်ကြရအောင်"

"ဒီမှာ ကိုဇော်ဇော်ဦး၊ ရှင့်ကို ဖြူ မချစ်ပါဘူးလို့ ပြောနေတာကို၊ ရှင် တော်တော် လွန်လာပြီနော်၊ ကျွန်မ လက်ကို အခု လွှတ်လိုက်ပါ"

"မင်း ညာနေသမျှတော့ ငါ လုံးဝ မလွှတ်နိုင်ဘူး ဖြူ"

ဖြူ မျက်လွှာချလိုက်သည်။

ပြီးတော့ အားတင်းကာ ခပ်တည်တည် ပြန်ကြည့်လိုက်မိ၏။

သူက ဖြူ့ကို ရွှန်းရွှန်းစားစား ကြည့်နေတော့ ဖြူ ရှက်သွားသည်။

"ဖြူ"

".... .... ...."

"ဖြူ"

".... .... ...."

"ဖြူရယ်...."

ဖြူ သူ့ကို လုံးဝမကြည့်။ သူနှင့်လည်း စကား မပြောချင်တော့။ ဖြူ သူ့ကို မုန်းပါသည်။

"ဖြူရယ်.... ကိုယ် နားလည်ပါပြီကွာ၊ ဖြူ ကိုယ့်ကို ကို ချစ်သလို ပြန်ချစ်လိမ့်မယ်လို့ ထင်ခဲ့တာ၊ ကိုယ် သိပ်မျှော်လင့်တာ၊ အခုတော့ ဖြူရယ်.... အင်းလေ၊ ရှိပါစေတော့၊ ဒါပေမ ကိုယ့် အချစ်ကို လျှော့မတွက်ပါနဲ့ ဖြူ၊ ဖြူ့ အချစ်ကို ကို အမြဲတမ်း စောင့်ကြိုနေမယ်၊ ဖြူ့ဆီက သံယောဇဉ်ကို ကို ထာဝရ တမ်းတနေမယ် သိလား ဖြူ။

"ဖြူ စကား မပြောချင်လောက်အောင် မုန်းနေပြီလား ကိုယ့်ကို ခွင့်လွှတ်ပါ ဖြူ၊ ကိုယ်လေ ဖြူ့ကို ဟိုး ဆေးကျောင်းမှာ စပြီး တွေ့စကတည်းက မြတ်နိုးခဲ့သူပါ၊ တစ်ခုတော့ ကို ဝမ်းနည်းမိတယ်၊ ကိုယ့် ဘဝမှာ ဘယ် မိန်းကလေးကိုမှ မ ခဲ့ဖူးဘူး၊ ကိုယ် တကယ်ချစ်တဲ့ ချစ်ဦးသူက ကိုယ့်ကို ပြန်မချစ် နေ"

သူသည် နှုတ်မှ လိုက်လိုက်လှဲလှဲ အားပါးတရ ပြော သကဲ့သို့ ဖြူ့အကြည့်တွင်လည်း တမ်းတခြင်း၊ မျှော်လင့်ခြင်းမ ပေါင်းပြွမ်းကာ ဖြူ့ လက်နုနုအား လွှတ်သွားမည့်အလ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

ကြာလာလျှင် ဖြူ စိတ်ခိုင်တော့မည် မဟုတ်။

ဖြူ့စိတ်များ အရည်ပျော်တော့မည် ထင်သည်။

ဖြူ့ကို မညှဉ်းဆဲပါနဲ့ ကိုရယ်။

ဖြူ ကို့ကို သနားတယ်။

ဒါပေမယ့် ပြန်တော့ မချစ်ရဲဘူး ကိုရယ်။

"ကိုဇော်ဇော်ဦး"





ဖြူက ခေါ်တော့ မျှော်လင့်ခြင်းများစွာဖြင့် ဖြူ့ မျက်ဝန်း ထဲသို့ သေသေချာချာ စိုက်ကြည့်လာသည်။

ဖြူ သူ့ကို စကားပြောဖို့ မနည်းကြိုး အားယူရသည်။

စကားလုံးများက လည်ချောင်းဝမှာ ပျောက်ကွယ်သွား မတတ် ရှိနေသည်မို့ ဖြူ အားတင်းကာ ပြောချလိုက်သည်။

"ကျွန်မ လက်ကို လွှတ်ပါတော့"

"ဪ.... ဖြူရယ်၊ ဖြူ မကြည်ဖြူရင် ကိုယ် မကိုင်ပါဘူး ဗျာ"

ဆွေးမြည့်မှာ ပြောရင်း ဖြူ့ လက်ကို ဖြည်းညင်းစွာ လွှတ် ပေးလိုက်သည်။

ဖြူ့ ကိုယ်ခန္ဓာ၊ ဖြူ့ဝိညာဉ်၊ ဖြူ့ အသည်းနှလုံး အားလုံး ဟင်းလင်းပြင်ကြီးထဲသို့ လွင့်စဉ် သွားသလို ခံစားလိုက်ရသည်။

ဖြူ ဇော်ဇော်ဦးကို တစ်ချက်မျှ ကြည့်ပြီးနောက် သူ့အနား မှ ပြေးထွက်ခဲ့သည်။

ဆုတို့ အိမ်ရောက်တော့...,

ဖြူမှာ မောပန်းနေရသည်။ နောက်ပြီး ဝမ်းနည်းလာသည်။

ဇော်ဇော်ဦးကို ဖြူ သိပ်ချစ်ပါသည်။

သူများတွေ ချစ်တယ်ဆိုတာတွေထက် အများကြီး ပိုချစ် ပါသည်။

သို့ပေမယ့်....

ဖြူ....ဖြူ ...မေမေနှင့် ရင်မဆိုင်လို။

ဖြူ့ဘဝ ဖြူ့ အခြေအနေနှင့် သူနှင့် ဘယ်လိုမှ မအပ်စပ်။

ဘန်ရာကို ဖြစ်နိုင်တာကိုသာ မှန်းပါတော့လား ကိုရယ်။

ဇော်ဇော်ဦးခမျာမှာလည်း လုံးဝ မလွှတ်နိုင်ပါဘူးဟု ဆိုထားပြီးပေမယ့် ဖြူ့ မျက်နှာနုနုတွင် ညှိုးနွမ်းမှုလေးများ ခိုဝင်လာတော့ တင်းထားသမျှ စိတ်တို့ လျော့ကျကုန်သည်။

မျှော်လင့်ခြင်း ကင်းစွာဖြင့် လာရာ လမ်းသို့သာပြန်၍ ခြေဦးလှည့်လိုက်ရသော ဇော်ဇော်ဦး၏ ရင်ထဲဝယ် ဘယ်သို့ရှိမည်ကို ဇော်ဇော်ဦး တစ်ယောက်သာ သိပါလိမ့်မည်။

"ဖြူ...."

"ဟင်...."

"ဘာတွေများ ဒီလောက်တောင် စဉ်းစားနေရတာလဲ"

"ဘာမှ မစဉ်းစားပါဘူးကွာ....ကိုယ် ပြန်တော့မယ်နော်"

"ဟင်....ဘယ်လိုဖြစ်တာလဲ၊ စတိတ်ရှိုး ကြည့်မယ်ဆို"

"ဟင့်အင်း....မကြည့်တော့ဘူး"

"ဟာ....လက်မှတ်တွေ အလကား ဆုံးကုန်မှာပေါ့"

"ဆုံးပါစေတော့၊ ဖြူမှ မကြည့်ချင်တော့တာ"

"ဘာဖြစ်လို့လဲ ဖြူရယ်"

"ဖြူ နေမကောင်းလို့ပါ ဆုရဲ့"

"ဟုတ်မှလဲ ပြောပါ ဖြူရာ၊ နေမကောင်းရင် ဖြူ လာမလား"

"လာတုန်းကတော့ ကောင်းပါတယ်၊ ခုမှ ဖြစ်လာတာ"

"အခုန ဘယ်သွားတာလဲ ဖြူ"

"ဘယ်မှ မသွားပါဘူး၊ ခြံထဲမှာပါ"

"အင်းလေ....ဖြူ နေမကောင်းရင်လဲ မကြည့်နဲ့ပေါ့၊ ဆု မြန်လိုက်ပို့ပေးမယ်နော်"





"ကျေးဇူးပဲကွာ....ဖြူ ကားမမောင်းချင်တော့ဘူး"

"ဖြစ်ရမယ် ဖြူရယ်၊ အန်ကယ်ကတော့ ဆုကို ပြောတော့မှာပဲ၊ ငါ့ သမီးလေး....နင့်ဆီ လာလို့ နေမကောင်း ဖြစ်တာလို့"

"မဆိုင်ပါဘူး ဆုရယ်"

"ဪ....ဘာလို့ မဆိုင်ရမှာလဲ၊ ဖြူပဲ အခုနပြောပြီး လာတုန်းက အကောင်း၊ ခုမှ ဖြစ်တာဆို"

"ဖြူ ဘာမှ မဖြစ်ပါဘူး ဆုရယ်၊ ရုတ်တရက်တွေးပြီး ဝမ်းနည်းသွားလို့ပါ"

"ဝမ်းနည်းသွားတယ် ဟုတ်လား"

"ဟုတ်တယ် ဆု၊ ကိုယ့်ဖေဖေက အခုတလော မကျန်းမာ ဘူး၊ အဲဒါကို တွေးပြီး စိတ်ထိခိုက်သွားမိတာပါကွာ"

"အမယ်လေး....ဖြူရယ်၊ ဖြူကတော့ဖြစ်မယ်"

"ဟင်း....ဟင်း....ဟင်း"

ကိုယ့်လိမ့်လုံးဝယ် မျောသွားရှာသော ဆုကိုကြည့်ကာ ဖြူ ပြုံးမိသည်။

အိမ်ပြန်ရောက်တော့ ဖြူ သူ့ကို လွမ်းရသည်။

မချင်ခင်က လွမ်းရတော့ မလိုပါလား။

ဘာပဲဖြစ်ဖြစ် ဖြူ့စိတ်ထဲကတော့....

သူ့ကို ဖြူ သိပ်ချစ်ပါတယ် သူရယ်လို့ အကြိမ်တစ်ရာထက် မြင်း ဆိုနေမည်သာ။

* * *

"သား"

"ဗျာ...."

"ညဉ့်နက်လှပြီလေ အိပ်ပါတော့လား"

"သား မအိပ်ချင်သေးဘူး မေမေ"

မေမေက ဇော်ဇော်ဦး နံဘေးနားတွင် ဝင်ထိုင်လိုက်ပြ ဇော်ဇော်ဦး ဆံစလေးများကို ပွတ်သပ်ရင်း နှစ်သိမ့်ပါ၏။

"သားရယ်....သား ဖြူ့ကို သိပ်ချစ်တာပဲလားကွယ်"

"ဗျာ....မေမေ ဘာပြောလိုက်တာလဲဟင်"

"ဩော်....သားရယ်၊ မေမေလဲ ငယ်ရာက ကြီးခဲ့သူပဲ၊ သာ ဘာဖြစ်နေတယ်ဆိုတာ သား ဖွင့်မပြောပေမယ့် မေမေ ရိပ်စ မိပါတယ်၊ သူ့ဘက်က သားကို မချစ်ပါဘူးလို့ ငြင်းလိုက်တာ သားရယ်၊ မေ့ပစ်လိုက်ပါလား"

"မေမေရယ်၊ မေမေ ပြောသလောက် မလွယ်ပါဘူးဗျာ" ဇော်ဇော်ဦး စိတ်ထဲမှ ညည်းလိုက်သည်။

"ကဲ....သား မေမေ သွားအိပ်တော့မယ်၊ သိပ်ညဉ့်နက်င အထိတော့ မနေနဲ့နော် ဟုတ်လား"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ ထသွားတော့ အတွေးစကို ပြန်ဆက်သည်။

ဘယ်လိုပဲဆိုဆို ဖြူ့အကြောင်းလေး တွေးနေရတာပင်လျှ စိတ်ချမ်းသာပါသည်။

ဘာကြောင့်များ သည်မိန်းကလေးကို သည်လောက် ချစ် တာပါလိမ့်။

ဥာဏ်ဝင်း၊၀၁၈၈



ကိုယ်က ဟောတစ်ယောက် ဖောတစ်ယောက် တွဲနေသည် မဟုတ်တော့ မေမေ ပြောသလို မေ့ပစ်ဖို့ဆိုတာ မလွယ်ပါဘူး လေ။

မိမိဘက်က သည်လောက် ချစ်တာတောင်....

သူ့ဘက်က လုံး၀ စိတ်မဝင်စားဘူး ဆိုတော့ ရင်နာမိ၏။

ဖြူကို့ ချစ်မိခြင်းသည်ကား မဟာအမှားလို့ မခံယူချင်။

ဖြူ့ကို အရမ်းချစ်ပါသည်။

ယခုလို ဖြူနှင့် တကယ်တမ်း ဝေးရမယ်ဆိုတော့ ဘယ်သူ့ ရင်ထဲ ကောင်းမလဲကွယ်။

ဖြူ၏ ဆန္ဒမပါဘဲနှင့် ဖြူ့အချစ်ကို ခေါးပြဲ့မတိုက်လိုပါ။

သူက မကြည်ဖြူ၊ ငြူစူလျှင်....

ခိုးပြေးဖို့ မဆိုထားဘိ၊ လက်ကလေးကိုပင် ရဲရဲ မကိုင်ဝံ့ပါ။

သိပ်ချစ်တော့ အလျှော့ပေးဖြစ်သည်။

ဖြူ့ဘက်က လက်မထပ်လျှင် နေပါစေ။

'ချစ်ပါတယ်'လို့ ပြောလျှင်ပင် ကျေနပ်မည့်သူရယ်ပါ။

ခုတော့ ဖြူရယ်....

ရင်ထဲက အလွမ်းတွေက ဖြေဖျောက်လို့ မရပါလားကွယ်။

ဖြူ့ကို ချစ်မိတဲ့အတွက် ကိုယ့်မှာ အပြစ်ရှိသလား။

ဥာဏ်ဝင်း၊၀၁၈၈

လူတိုင်း လူတိုင်း အချစ်ကို ရှာကြတာပဲ။

ကိုယ်ကတော့ အဲ့ဒီလူတွေထဲမှာ အချစ်တတ်ဆုံးသော လူလို့ ဆိုချင်တယ်။

ဖြူ့ကို လေးလေးနက်နက် ချစ်တယ်။

မြင့်မြင့်မားမား ရည်ရွယ်တယ်။

လေးလေးစားစား မြတ်နိုးတယ်။

ဖြူ့အတွက်ဆို ကိုယ်ဟာ အားကိုးစရာအကောင်းဆုံး တစ်ယောက်အဖြစ် ထာဝရရပ်တည်ပေးချင်တယ်။

ဝေရက်တောင်ကို ဖြူနိုင်တယ်။

ခူးကြယ်ကို ရွှေနိုင်တယ်လို့တော့ ကိုယ် မကြွားချင်ဘူး။

ဖြူ့ကို သိပ်ချစ်တော့....

ဖြူ့နားမှာ လိုတာလေးတွေ ဖြည့်ဆည်းပေးရင်း ဖေးဖေး လက်တွဲခေါ်ဆောင်ချင်တယ်။

ကိုယ့်ချစ်သူရဲ့ ပြုံးစုယုယမှုကို ကိုယ် ခံစားချင်တယ်။

ဖြူ့ရဲ့ အကြင်နာရိပ်အောက်မှာ ကိုယ် ကြည်နူးစွာ ခိုလှုံး တယ်။

ဖြူ့ကို ကလေးလေးတစ်ယောက်လို ချွဲချင်တယ်။

ဖြူ့ရဲ့မေတ္တာရိပ်အောက်မှာ အမြဲနေချင်တာ ကိုယ့်ရဲ့ဆန္ဒ





တကယ်တော့ ဖြူရယ်....

အချစ်ဆိုတာ လူတွေရဲ့ မီးရှူးတိုင်ကြီးပါကွယ်။

ဖြူ့ကို ကိုယ်သိပ်ချစ်တယ်ကွာ။ ဒါကြောင့် ကိုယ့်မှာ အားကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ခွန်အားစွမ်းအားတွေ ဖြစ်နေ တာပေါ့။

ဖြူတစ်ယောက် ကိုယ့်ကို ချစ်တော့မယ့်အချိန်ကို ကိုယ်စောင့် မယ် ဖြူရယ်။

* * *

ကိုဇော်ဇော်ဦးရယ်။

ဖြူ့ကို သိပ်ချစ်တာပဲလား။ ဖြူကလည်း ချစ်ပါတယ်လေ။

ဖြူ့ဘဝမှာ နံပါတ်တစ်က မေမေ။

နှစ်ကလည်း မေမေ။

သုံးကျပြန်တော့လည်း မေမေရယ်ပါ။

မေမေ သဘောမတူတဲ့ ကိစ္စမျိုးဆိုရင် ဖြူ့အသက် သေဆုံး တိုင် မလုပ်ဘူးလို့ ဆုံးဖြတ်မိပါတယ်။

အခုလည်း ဖြူ့နှလုံးသည်းပွတ်ကို မေမေ့စိတ်ချမ်းသာမှုနဲ့ ...က်ပါပြီလေ။

ဖြူ နွမ်းနယ်စွာထိုင်နေရာမှ ထလိုက်သည်။

အလုပ်တွေက ရှိသေးသည် မဟုတ်လား။

ဖြူ့ဘဝက လွမ်းရတာတောင် လွတ်လွတ်လပ်လပ် မလွမ်း ပါလားနော်။

ဖြူက ဘဝအကျိုးပေး နည်းခဲ့သူ။

အချစ်ရေးမှာလည်း အကြောင်းမလှသူပါ။

ဟိုသီချင်းလေးတစ်ပုဒ်ထဲကလို ကံကြမ္မာလေး မျက်နှာလို တယ်လို့သာ ဆိုလိုက်ချင်ပါတယ် ရှင်ရယ်။

ဖြူ မီးပူတိုက်ရန် ပြင်ဆင်လိုက်သည်။

တိုက်ရမည့်အဝတ်တွေက တစ်ပုံတစ်ပင်။

သည်ကြားထဲ ကို့အကြောင်းတွေးရင်း အိပ်ရေးပျက် သဖြင့် ခေါင်းက မကြည်လင် နောက်ကျိကျိဖြစ်နေသည်။

သံပရာရည်တစ်ခွက် သောက်လိုက်ရလျှင် ကောင်းမှာပဲ စိတ်ကူးမိ၏။

မီးပူတိုက်ရင်း တွေးရင်းတောရင်းဖြင့် အချိန်ကုန်လွန်လာ သလို အဝတ်များလည်း ထက်ဝက်နီးပါး တိုက်ပြီးခဲ့ပြီ။

"ဖြူ...."

"ဟင်....ဘာလဲ မမညို"





"မမညို တစ်လှည့်တိုက်ပေးမယ်လေ၊ အဝတ်တွေက အများ ကြီး မဟုတ်လား၊ ဖြူတစ်ယောက်တည်း ညောင်းနေမှာပေါ့၊ ဖယ်....မမညို တိုက်မယ်"

"ရပါတယ် မမရဲ့၊ ဖြူ တိုက်နေကျဥစ္စာ"

ဖြူ အံ့အားသင့်သွားရသည်။

မမညိုသည် သူ့အပေါ် တစ်ခါမှ ယခုလို ကြင်ကြင်နာနာ မဆက်ဆံခဲ့ဖူးပေ။

ဘယ်လိုပင်ပြောပြော၊ အခုလို အကြင်နာစကားသံလေးနှင့် ပင် ဖြူ ပင်ပန်းနေသမျှ ပျောက်သွားရလေသည်။

"ပေးပါ ညီမလေးရယ်"

"ရပါတယ်မမညိုရဲ့၊ မမက အခုမှ နေကောင်းစရှိသေးတာ"

"ဒါဆိုရင် ဒီလိုလုပ်၊ ညီမလေးဖို့ မမ သံပရာရည်ဖျော်ထား ခဲ့တယ်၊ အဲဒါ သွားသောက်လိုက်၊ ပြီးတော့ ပြန်တိုက်ပေါ့၊ ညီမလေးသွားနေတုန်း မမညို ခဏတိုက်ပေးထားမယ်၊ ဖယ်"

ဖြူ မမညိုကို မီးပူပေးခဲ့ပြီး နောက်ဖေးသို့ဝင်ကာ သံပရာရည် သောက်သည်။

မမညို ဖျော်ထားသည်မှာ အကောင်းဆုံးဟု မဆိုနိုင်သော် သည်း အညံ့ဆုံးဟုလည်း မပြောသာ။

ဘယ်သို့ဆိုစေ။

မညို၏ စေတနာနှင့် မေတ္တာတွေ ရောစပ် ဖျော်ထားသည့်မို့ သောက်လို့ကောင်းပါသည်။

ဖြူ သံပရာရည်သောက်ရင်း မျက်လုံးအိမ်ဝယ် မျက်ရည် ကြည်လဲ့လဲ့ ဖြစ်ထွန်းမိ၏။

အနှစ်နှစ်အလလက တောင့်တခဲ့ရသော မညို၏ မေတ္တာကို ဖြူ ရပြီဆိုသောအသိကြောင့် အတိုင်းမသိ ဝမ်းမြောက်မိပါ၏။

သံပရာရည်ကိုသောက်ပြီး ဖြူ အိမ်ရှေ့ပြန်ထွက်လာခဲ့သည်။

မညိုက ဖြူ့ကို ဘာမျှမပြော၊ မီးပူပေးခဲ့ပြီး သူ့အခန်းတွင်းသို့ ဝင်သွားသည်။

ခဏကြာတော့ ပြန်ထွက်လာသည်။

လက်ထဲတွင် လျှပ်စစ်မီးပူတစ်ခုကို ကိုင်လာ၏။

နှစ်ယောက် တိုက်လိုက်တော့လည်း အဝတ်များက ခဏချင်းပင် ကုန်သွား၏။

"ဖြူ"

"ရှင်"

မညိုက အဝတ်တွေထပ်ရင်း ခေါ်သလို ဖြူကလည်း ပလတ်ဖြုတ်ရင်း ပြန်ထူးသည်။





"မညိုကို ခွင့်လွှတ်ပါဖြူ၊ ညီမလေးအပေါ် ဘာဝန်အများကြီး မှဲ့ခဲ့ပါတယ်၊ အခုတော့ ရှေ့လျှောက် ညီမလေးအပေါ် ချစ်လာပါပြီ၊ ညီမလေးနဲ့ မညိုတို့ တစ်ယောက်ကိုတစ်ယောက် ညီအစ်မအရင်းလို ချစ်ချစ်ခင်ခင် နေရအောင်နော် ညီမလေး၊ အရင်ကဖြစ်ခဲ့တာတွေကို သင်ပုန်းချေပြီး ဒီကနေ ပြန်စတာပေါ့"

"ဖြူ့အနေနဲ့လဲ ဒီလိုပဲဖြစ်ချင်ခဲ့တာ ကြာပါပြီ၊ မညိုပြောသလို တစ်ကနေ ပြန်စရိုနော်"

"ညီမလေး တကယ် ခွင့်လွှတ်တယ်နော်"

"ခွင့်လွှတ်ပါတယ် မမရယ်၊ ဖြူ မညိုကို အစကတည်းက ခွင့်လွှတ်ပြီးသားပါ"

"ဝမ်းသာလိုက်တာ ညီမလေးရယ်"

မညိုက ဖြူ့ကိုယ်လုံး သွယ်သွယ်လျလျ အချိုးကျကျလေး ...သိုင်းဖက်လိုက်သကဲ့သို့ ဖြူကလည်း မမခန္ဓာ တစ်တစ်ရစ်ရစ် ...လေးကို တစ်အား ပြန်လှိုဖက်ထားမိ၏။

အတန်ကြာတော့ မညိုက စကားစလာသည်။

"ဖြူ"

"ရှင်"

"မမညိုတို့ မနက်ဖြန် လျှောက်လည်ကြရအောင်နော်"

"ကောင်းသားပဲ"

"နောက်ပြီး မမညို ကျောင်းကိုလဲ ဖြူ လိုက်ခဲ့နော်"

"စိတ်ချ"

"မမညိုနဲ့ ဖြူနဲ့ ဓာတ်ပုံလဲ အတူရိုက်မယ်"

"သိပ်ကောင်း"

"ဖြူကော ဘာလုပ်ချင်သေးလဲ၊ မမညိုပဲ ပြောနေရတော့ မောလာပြီ၊ ဖြူလဲ ပြောဦးလေ"

"သိပ်ကောင်း"

"ဘာ သိပ်ကောင်းတာလဲ၊ အဲလိုနောက်နေရင် ဆက်မပြောတော့ဘူး"

"ပျော်လို့စတာပါ မမညိုရဲ့"

"ကဲ....မမညို၊ ဖြူ ရေသွားချိုးလိုက်ဦးမယ်"





"ကောင်းပြီ ညီမလေး"

မြူးထူးစွာ ပြေးထွက်သွားသော ညီမလေးဖြူကို ငေးကြည့်ရင်း ညိုဝေလွင့်စိတ်ဝယ် တစ်ခါဖူးမျှ မခံစားခဲ့ရသော ခံစားမှု သိမ့်သိမ့်လေး တစ်မျိုးကို ခံစားလိုက်ရသည်။

ဩော်....အစကတည်းက သည်လိုသာဆိုရင် ဘယ်လောက် ကောင်းမလဲနော် ဖြူရယ်။

●

## အခန်း (၂၀)

အသစ်စက်စက် ညီအစ်မပေမို့ သည်းကြ၏။

ဖြူကလည်း မမညို မမညိုနှင့် တစ်ညိုတည်း ညိုနေသည်။

ညိုကလည်း ညီမလေးဖြူ၊ ညီမလေးဖြူနှင့် တစ်ဖြူတည်း ဖြူနေသည်။

အဖေကတော့ အတော်ကို ကျေနပ်ပုံရသည်။

ဖြူနှင့် မမညို အခုလို သည်းခနေတာမြင်တော့ ဖေဖေက အပြုံးကြီးပြုံးလို့ အပျော်ကြီးပျော်နေသည်။

ညီအစ်မနှစ်ယောက် ရန်ကုန်တစ်မြို့လုံး ခြေဖြန့်ကြသည်။

ညီအစ်မနှစ်ယောက် ဆုံသည်နှင့် ပြောစရာ စကားတွေက မကုန်တော့ မဆုံးနိုင်တော့။

အဝတ်အစား ဆင်တူချုပ်ကြသည်။

တစ်ယောက်ကိုတစ်ယောက် ဖက်လျက် ဓာတ်ပုံရိုက်ကြ၏။

ဘယ်သွားသွား ဘယ်လာလာ တတွဲတွဲ။

ဖြူက ကလေးဆန်သည်။

မမညိုက လူကြီးဆန်သည်မို့ မမညိုရှေ့တွင် ညီမလေး အဆင့်ထက် ကျော်လွန်ကာ သမီးလေးတဲ့သို့ပင် ဖြစ်နေချေတော့၏။

ဖြူ့ သူငယ်ချင်းများကပင် မမညိုကို မနာလိုကြ။

ဟိုတုန်းကဆို သူငယ်ချင်းကို ဖြူက အခင်ဆုံး။

ခုတော့ မမညိုနှင့်သာ အတွဲများနေသည်မို့ သူငယ်ချင်းများကပင် မကျေနပ်ချင်တော့ပေ။

မမညိုကျောင်းကို ဖြူ လိုက်သွားတော့ ဖြူ့ရဲ့ပညာနှင့် အဆင့်အပအတွက် မမညို မျက်နှာပွင့်ရသည်။

ထိုနေ့ကဆို မမညိုမှာ ဖြူ့အတွက် ပျော်မဆုံး၊ မော်မဆုံး ကြွားမဆုံး။

တစ်ချိန်က တစ်ယောက်တည်း လုပ်ကိုင်ခဲ့ရသော အိမ်မှုကိစ္စများကို အခုလို နှစ်ယောက်ပေါင်း လုပ်လိုက်တော့ ခဏလေး ပြီးသွားသည်။

ဖြူနှင့် မမညို ....ချစ်ကြီးချစ်နေသည်ကို လုံးဝ မလိုလားသူကတော့ မေမေရယ်ပေါ့။





မေမေ့ရှေ့တွင် ဖြူနှင့် မမညိုတို့က ပိုသည်းပြကြသည်။

ဟိုတစ်နေ့ကလည်း တစ်ယောက်ကိုတစ်ယောက် ထမင်းခွံ့ကျွေးနေသည်ကိုမြင်သည်မို့ ဆူ၍မဆုံးတော့။

နောက်နေ့တွေကျတော့လည်း စကားလုံးဝ မပြောတော့။

ဘယ်လိုပဲပြောပြော ဇော်ဇော်ဦးကိုတော့ ဖြူ မေ့မရ။

မမညိုနှင့် စားလိုက်၊ သွားလိုက်၊ လာလိုက်နှင့်မို့ ထိုအချိန်များတွင် မေ့နေပါသေးသည်။

အားလပ်သည်နှင့် သူ့ကို တမ်းတမိပါသည်။

ဘာလိုလိုနှင့် ဇော်ဇော်ဦး ဖြူ့ဆီမလာသည်မှာ နှစ်လနီးပါး ကြာခဲ့ပြီ။

ခုနေ သူ ဘာများ လုပ်နေပါလိမ့်လို့ တစ်ခါတစ်ခါ ဖြူ တွေးကြည့်ဖြစ်သည်။

သူ့အကြောင်းကို တွေးနေရတာပင် စိတ်ကြည်လင်ကာ နိုးကြားလာသလို၊ အားအင်ပြည့်လာသလို ရှိချေ၏။

တစ်ခါတစ်ခါတော့လည်း မလာမှန်းသိလျက်နှင့် မျှော်လင့်နေမိ၏။

ဩော်....သူ မလာနိုင်တော့ပါဘူးလေ ဟု သိရတော့လည်း ဝမ်းနည်းမိရပြန်တယ်ကွယ်။

အခုလည်း ဇော်ဇော်ဦး အကြောင်းတွေးရင်း ဖြူ့စိတ်
သွင့်မျှောနေသည်။

မမညို အနားသို့ရောက်လာသည်ကို ဖြူ လုံးဝမသိ။

မမညိုက ဖြူ့နံဘေးကို အသာလေးကပ်ကာ ပခုံးနှစ်ဖက်
ဆုပ်ကိုင်ပြီး တိုးတိုးလေးခေါ်လိုက်သည်။

"ဖြူ...."

"အမယ်လေး"

"ဟင်း....ဟင်း....ဟင်း.... သိပ်လန့်သွားသလား ဖြူ"

"ဟင့်....မမညိုက အသံမှမပေးဘဲ"

ဖြူဝေလွင်က နှုတ်ခမ်းလေးကိုစူ၊ မျက်နှာကိုဝန်းလေး
ကပ်လျက် တစ်ဖက်သို့လှည့်ပြီး စိတ်ဆိုးဟန်ဖြင့် မူလိုက်သ

"ဟင်း....ဟင်း....ဟင်း....မမညိုက သက်သက်စတာပါကွ

"သက်သက်ကို စတာဆို သက်သက်ကို သွားစပါလ
ဘာလို့ ဖြူ့ကို စရတာလဲ"

"မြန်မာစာဂုဏ်ထူးရှင် ဒေါ်ဖြူဝေလွင်ရှင့်၊ သက်သ
တာ တမင်သက်သက်ကို ပြောတာကွယ့် ကလေးမလေး"

ဖြူက ဘာမျှမပြောတော့။ ဖြူ စိတ်ကောက်သွားပြီကို မ
သိလိုက်၏။





"ကဲပါ ဖြူရယ်၊ မမညိုက ကိုယ့်ညီမလေးကို ချစ်လို့စတာကို"

မမညိုက ချော့သည်။

ဖြူ့စိတ်ထဲက လုံးဝစိတ်မဆိုးပါ။

ဒါပေမယ့် မမညို၏အချော့ကို ဖြူ ခံယူချင်မိသည်။

နှစ်ခါမချော့ခင်ကတည်းက ဖြူ့စိတ်က ပျော့နေပြီ။

ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။

"မမညိုက သိပ်အချော့မကောင်းဘူး၊ ဖြူ့ ကိုဇော်ဇော်ဦးကို
သွားခေါ်ပေးရမလား"

"ဟင်....မမညို"

ဖြူ ပထမတော့ အံ့အားသင့်သွားသည်။

နောက်တော့....

မမညိုမျက်နှာ ပြုံးစိစိ မချိုမချဉ်ကိုမြင်တော့ ဖြူ ရှက်သွားရ
သည်။

ဖြူ့အကြောင်းတွေကို မမညို သိသွားပြီလားလို့ ဖြူ စိတ်
မလုံတော့။

"ကလေးလေးတစ်ယောက် ချစ်သူကိုလွမ်းလို့ မှိုင်နေတာ
ငင်တယ်၊ ဟုတ်လား"

"အာ....မမညို နေဦး၊ ဖြူ့ကို အဲလိုမစနဲ့နေဦး၊ ဖြူ ငိုလိုက်မှာ သိလား"

"ဘာလဲ၊ သူ့ကိုသတိရလို့ ငိုမှာလား"

"အာ....ကြည့်၊ ကဲဟယ်....ကဲဟယ်၊ စဦး....စဦး"

ဖြူက မမညိုလက်မောင်းကို တစ်အားထုသည်။

"အား....နာတယ် ညီမလေးရ"

"ဘာ အခုမှ နာတာလဲ၊ နောက် စဦးမလား၊ မှတ်ပြီလား"

"မှတ်ပါပြီ ကလေးရယ်၊ အမယ်လေးနေဦး၊ ဖြူ့လို ညီမ တစ်ယောက်တည်းပဲ ရှိလို့၊ နှစ်ယောက်များရှိရင်တော့ ဟူး- မလွယ်ပါဘူး"

"မမညိုက ဖြူ့ကို စတာကိုး"

ဖြူက ကြွေကျလာသော ခရေပွင့်ကလေးများကို တစ်ပွင့်ချင်း လိုက်ကောက်ရင်း မမညိုကို လျှာထုတ်ပြသည်။

ခရေပွင့်လေးများနှင့် လုမ်းပေါက်သည်။

မမညိုက ခုံတန်းဖြူဖြူလေးပေါ်တွင်ထိုင်လျက် ဖြူ ပစ်လိုက်သော ခရေပွင့်ကလေးများကို ရယ်မောစွာဖမ်းလျက် ချစ်ညီငယ်၏ ချစ်စရာမျက်နှာကို တဝကြည့်နေမိ၏။

"ကြည့်စမ်း....ဖြူ၊ ဖြူ့နားရွက်တွေ ရဲနေတာပဲ"





"အာ....လုပ်ပြန်ပြီလား"

ဖြူ့နားရွက်လေးများ ပိုလို့ရဲတက်သွားသည်။

"ဩော်....ညီမလေးကလဲ မမညိုက အမှန်အတိုင်း ပြောတာပဲ"

"မမညိုကလဲ၊ နီနေလဲ မသိချင်ယောင် ဆောင်နေလိုက်ပေါ့"

"ခက်ပဲ ခက်ရချည်ရဲ့၊ မမညိုကမှ မဟုတ်တာ မပြောတတ်တာပဲ"

"ဟင့်အင်း၊ ဒါကတော့ မမညို သက်သက်ကတ်နေတာပဲ"

"သက်သက်ကတ်တာပဲ၊ မမညို ကတ်တာမှမဟုတ်ဘဲ"

"ဟင်း....ဟင်း....ဟင်း....ဟင်း"

သည်တစ်ခါတော့ ဖြူ ဆက်မအောင့်နိုင်တော့။

တဟင်းဟင်းနှင့် အော်ရယ်လိုက်သည်။ မမညိုလည်း ရယ်သည်။

"မမညိုက ကလဲ့စားချေတာပေါ့၊ ဟုတ်လား"

"မဟုတ်ရပါဘူး ဖြူရယ်၊ ဖြူ့ကို စတာပါ"

"ဟွန်း....ဖြူကတော့ ဒီအစ်မတစ်ယောက်တည်းဆိုပြီး ချစ်လိုက်ရတာ၊ မမညိုကတော့ ဖြူ့ကို စတာမို့ပဲ"

"စတယ် ဆိုကတည်းက ချစ်လို့ပေါ့ ဖြူရယ်၊ မချစ်ရင် ဘ
သူ စ,မလဲ"

"စ,တော့ ဖြူက ဒေါသထွက်တာပေါ့"

"ဒေါသထွက်တော့ ဖြူက ပိုလှတာကိုး"

"မမညိုက စကားကို သိပ်ကတ်ပြောတာပဲ"

"အကောင်းပြောတာပါ၊ ဖြူ စိတ်ဆိုးရင် မျက်လုံးေ
တောက်ပြီး နှုတ်ခမ်းလေး စူခနေတော့ အရမ်း ကြည့်ကော
တာပဲ"

"တော်ပြီ၊ မမညိုနဲ့ မခေါ်တော့ဘူး"

"ဖြူ...."

"ဟင်...."

"မနေ့က မမညိုတို့အိမ်ကို ငြိမ့်သည်တစ်ယောက်လာ
ဖြူ တွေ့လိုက်သေးလား"

"ဟင့်အင်း၊ သိတောင် မသိဘူး"

"ဟုတ်ရဲ့လား ဖြူ၊ သူက ဖြူ့ကို ကောင်းကောင်း
တာပဲ"

"ဘယ်သူမို့လဲ"

"ကိုမောင်မောင်တဲ့"





"ဪ....ဟုတ်ပြီ....ဟုတ်ပြီ၊ တစ်ခါက သန်လျင်ကိုသွား
တုန်း သိခဲ့တဲ့လူ ထင်တယ်"

"ဪ....ဒါကြောင့်ကိုး"

"ဘာဖြစ်လို့လဲဟင် မမ"

ဖြူက ခရေပွင့်လေးကိုငုံ့ကြည့်ရင်း မေးလိုက်သည်။

"အဲဒီလူက ဖြူ့ကို တော်တော်စိတ်ဝင်စားပုံပဲ"

"ဘယ်လို"

ဖြူ မမညိုကို ဖျတ်ခနဲမော့ကြည့်လိုက်သည်။

"ဟုတ်တယ် ဖြူရဲ့၊ ဖေဖေနဲ့ပြောတဲ့စကားတိုင်း ဖြူ ပါတာ
ချည်းပဲ"

"ဒါတော့ မမညိုရယ်၊ သူ့ဘက်က တစ်ဖက်သတ်ပါ"

"ဇော်ဇော်ဦးကကော"

"မမညိုနော်၊ နောက်ဆုံး ဒီဘူတာပဲ ဆိုက်ပြန်ပြီလား"

"မမညိုက သိချင်လို့ပေါ့"

"ဖြူက ကိုဇော်ဇော်ဦးကို အစ်ကိုတော်ချင်တာ"

"သူက ညီမမှ မတော်ချင်တဲ့ဥစ္စာ"

"အစ်ကိုဆို တော်မယ်၊ ကျန်တာဆို ဘာမှမတော်နိုင်ဘူး"

မမညိုက တိတ်ဆိတ်တွေဝေသွားသည်။

ဖြူကလည်း အလျင်အမြန် စကားလွှဲလိုက်သည်။

"မမညို၊ ဖြူ ဆာတယ်"

"လာလေ....တစ်ခုခုသွားစားကြတာပေါ့"

မမညိုက ဖြူ့လည်ပင်းကို သိုင်းဖက်လျက် တစ်လှမ်းချင်း လျှောက်လာကြသည်။

"မမညို"

"ဟင်"

"ဘာစားရင် ကောင်းမလဲ"

"မမညို ပဲမြစ် လတ်လတ်ဆတ်ဆတ်လေးတွေ ပြုတ်ထားတယ်၊ ခုလောက်ဆို ကျက်ပြီ၊ အဲဒါ စားမလား"

"ကောင်းသားပဲ"

"ကဲ....ထိုင်လေ ဖြူ"

"ရော့ ဒီမှာပဲမြစ်၊ ဒီမှာ ဆီနဲ့ဆား၊ ပဲမြစ်က ဆီနဲ့ဆားတို့စားမှ ကောင်းတာညီမရဲ့"

ဖြူက ပဲမြစ်ကို အငုံ့နှာ၊ ဆီနှင့်တို့ကာ အားပါးတရ စားသည်။

ဪ....ညီမလေးရယ်....။

ညီမလေးမျက်နှာမှိုင်လွန်းသည်။





မိမိနှင့် စကားပြောချိန်မှ လွဲ၍ ကျန်အချိန်များတွင် ငေးနေ တွေးနေတတ်သည်။

ဇော်ဇော်ဦးနှင့် ပတ်သက်၍ ညီမလေး ခံစားနေရပေမည်။

အရင်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့။

အခုအချိန်မှာတော့ ညီမလေး မျက်နှာ နွမ်းနေတာကို မကြည့်ရက်ပါ။

ညီမလေးကို မလွမ်းစေချင်။

အမြဲပျော်နေတာကိုပဲ မြင်ချင်တယ်ကွယ့်။

"မမညို"

"ဘာလဲကွယ်"

"ဖြူ ဆုတ္တိုအိမ် သွားမလို့"

"သွားလေဖြူ၊ လိုက်ပို့ပေးရမလား"

"ရတယ် မမညို၊ ဖြူ့ဘာသာပဲ သွားမယ်လေ"

"အေး....အေး"

"ဖြူ သွားတော့မယ်နော်"

"အဝတ်မလဲတော့ဘူးလား"

မမညိုပြောတော့ ဖြူ ကိုယ့်ကိုယ်ကို ငုံ့ကြည့်မိ၏။

ရှားစေးရောင် ပါတိတ်ပွင့်လေးနှင့် အင်္ကျီက ရှားစေးရောင် ပြောင် ဖျော့တော့တော့ အရောင်။

"မလဲတော့ပါဘူး"

"အင်း....မမညို ညီမက ဘယ်လိုနေနေ လှပြီးသားပဲ"

"မမရဲ့ ညီမပဲ"

"ကောင်မလေးနော်၊ တော်တော်စကားတတ်"

"ကဲ....သွားပြီ မမညိုရေ"

ဖြူက ကလေးလေးတစ်ယောက်လို ပြေးထွက်သွားတော့၏

ဩော်....ဖြူရယ်....။

သွေးမတော် သားမစပ်တဲ့ ညီမလေးရယ်။

ထာဝရ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ကွယ်။

* * *

"ဟေ့... ဆု....ဆုရေ"

"ဟာ....ဖြူ လာလေ"

"ကိုယ်လာမယ် လာမယ်နဲ့ မအားတာနဲ့"

"ဟုတ်ရဲ့လား ဖြူရဲ့"

ဆုက ရီသံ့သံ့ စကားဆိုသည်။





"ဟုတ်ပါတယ်ဆုရယ်၊ ကိုယ်တကယ်မအားတာပါ"

"ဒါနဲ့ မမညိုကော မပါဘူးလား"

"ဟင့်အင်း....မပါဘူး"

"လာလေဖြူ၊ ခြံထဲမှာ အေးအေးဆေးဆေး စကားပြောကြရအောင်"

"ကောင်းသားပဲ၊ လာလေ သွားမယ်"

"ဟင်...."

ဖြူ့နှုတ်မှ ရုတ်တရက် ထွက်သွားတော့ ဖြူထိန်းမရ။

အဝေးရှိ ပိတောက်ပင်ခြေရင်းဝယ် မိမိတို့ကို ကျောပေးလျက် ထိုင်နေသော ဇော်ဇော်ဦးကို ဖြူ လှမ်းတွေ့လိုက်ရသည်။

ဖြူ လာလမ်းကို ပြန်လှည့်လိုက်၏။

"ဖြူ"

"ဟင်...."

"လာလေ"

"ဟင့်အင်း....ကိုယ်ပြန်တော့မယ်"

"ဘာဖြစ်လို့လဲဟင်"

"ဆု သိပြီးသားဟာကို ဘာလို့ ထပ်ကြားချင်ရတာလဲ"

ဖြူ ဆုကို ပဟောက်ပစ်လိုက်သည်။

"ဖြူရယ်"

ဆုက ညည်းညူသလို တမ်းတမ်းတတ ခေါ်သည်။

"ဇော်ဇော်ဦးဟာ တကယ်တော့ သနားစရာပါကွာ၊ ဆီကို ဆု ဖုန်းခဏခဏဆက်တာ....

"အဲဒါ သူဆက်ခိုင်းလို့ကွ၊ ဆက်တိုင်းလဲ ဖြူက မအား လို့ အကြောင်းပြခဲ့တာချည်းပဲ၊ ဒီနေ့လဲ သူက ဖုန်းဆက်ပေ ပြောနေတယ်လေ။

"ဆုအနေနဲ့ ခဏခဏဆိုတော့ ဖြူ့ကိုအားနာလို့ မဆက် ဘူးလို့ ငြင်းလိုက်တယ်၊ ဒါကြောင့် သူစိတ်ပျက်ပြီး ထိုင်နေ လေ"

ဖြူ မဲ့ပြုံးပြုံးမိသည်။

"ဪ....ဒါကြောင့်ကိုး၊ ဖြူကတော့ ဆုဟာ ဖြူ့ကို ခင်တာပဲလို့ ထင်ခဲ့တာ၊ ခုတော့...."

"ဖြူ့ကို တကယ်ခင်ပါတယ်၊ ဒါပေမယ့် လူတစ်ဖက်သ အခုလောက် စိတ်ဆင်းရဲနေတာ မကြည့်ရက်လို့"

"ဟင်....ဖြူကတော့ လာခါနီး မမညို လိုက်ပို့မယ်ဆိုတာ တောင် ငြင်းခဲ့တယ်၊ ဆုနဲ့ စကားကြာကြာ မပြောရမှာစိုး ဆုအိမ်မှာ သူရောက်နေတာသိရင် မမညို ဖြူ့ကို အထင်လွဲ

"မမညို သိတာမှ မဟုတ်ဘဲ"

"ဖြူ မမညိုကို အသိမပေးဘဲ ဘာမှမလုပ်ချင်ဘူး ဆု"





"ဪ....ဖြူရယ်၊ ဖြူမတွေ့ချင်ရင် ကိုယ်အတင်း မတိုက် တွန်းပါဘူး၊ ဖြူ့သဘောပါကွာ"

"ဒါဆို ကိုယ်ပြန်မယ်နော် ဆု"

"ဟယ်....အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့၊ သူနဲ့မတွေ့ချင်နေ ပါ၊ အခု ချက်ချင်းကြီးတော့ မပြန်ပါနဲ့ဟာ"

ဆုက လက်ကို အတင်းဆွဲခေါ်တော့ အားနာရပြန်သည်။

သူနဲ့တော့ မတွေ့ချင်ဘူး။

ဝေဒနာတွေ တိုးလာမှာ စိုးတယ်လေ။

သူထိုင်နေရာသို့ ဖြူတို့ရောက်လာတော့ သူက လှည့်ကြည့် သည်။

သူ့အကြည့်ကို ရင်မဆိုင်ရဲသဖြင့် ဖြူမျက်နှာလွှဲထားမိသည်။

လှည့်ကြည့်ရုံလေး ကြည့်ပြီး တစ်ဖက်သို့ ပြန်လှည့်သွားတော့ ဖြူ သက်ပြင်းငွေ့ငွေ့ ချမိ၏။

"ဖြူ"

"ရှင်...."

"ဖြူ့ကို ကိုယ် စကား နည်းနည်းပြောချင်တယ်"

ဆုက အလိုက်တသိ ထသွားသည်။

"ထိုင်လေ ဖြူ"

"သြော်.... ဟုတ်သားပဲ၊ ထိုင်ရမှာတောင် မေ့နေတယ်၊ မထိုင်တော့ပါဘူးလေ၊ ရပါတယ်၊ ဘာ ပြောစရာ ရှိလို့လဲ"

ဖြူ မထိုင်တော့ သူက ဖြူ့ နံဘေးနား လာရပ်သည်။

"ကိုယ် ဖြူ့ကို အရမ်းလွမ်းတယ်၊ ကိုယ်တို့အဖြစ်က မချစ်ခင်က လွမ်းရတာပါလား ကွာ"

"ဒီမှာ ကိုဇော်ဇော်ဦး၊ ဖြူ့ကို ဘာလို့ နှောင့်ယှက်ချင်ရတာလဲ ရှင်"

"ဖြူ့ ဘက်က နှောင့်ယှက်တယ် ထင်တာတော့ ကိုယ် မတတ်နိုင်ဘူး"

"ဖြူ ပြန်တော့မယ်"

"ခဏလေးတောင် မနေနိုင်ဘူးလား ဖြူ"

"ခဏ မဟုတ်ဘူး၊ အကြာကြီးတောင် နေနိုင်တယ်၊ ကိုဇော်ဦး မရိုးသားတဲ့ စကားတွေ မပြောဘူး ဆိုရင်ပေါ့လေ"

"ချစ်မိတာ အပြစ်လား ဖြူ"

"ဖြူကတော့ အပြစ်လို့ပဲ မြင်တယ်"

"ဒါကတော့ တစ်ဖက်သတ် အမြင်ပဲ"

"ဖြူ့ အမြင်ကို ဖြူ လက်ခံဖို့က အဓိကပဲ"

"သြော်.... ဖြူရယ်"

သူက ဖြူ့ကို ကြည့်နေသည်။





မျက်ဝန်းထဲက အဓိပ္ပာယ်ကို ဖြူ နားလည်ပါတယ်လေ။

"ဖြူ"

"..... ..... ....."

"ဖြူက သိပ်လှတယ် နော်"

သူက စေ့စေ့ကြည့်ရင်း အဆက်အစပ်မရှိ ပြောချလိုက်တော့ ဖြူ တစ်အား ရှက်သွားသည်။

"ဒါကြောင့် ဖြူက အရမ်း မာနကြီးတာကိုး"

သူက ခနဲ့သလိုလိုဆိုတော့ ဖြူ ဒေါသ ထွက်ရပြန်၏။

"ဖြူက မာန မကြီးတတ်ပါဘူး၊ ရှိသင့် ရှိထိုက်တဲ့ မာနပဲ ရှိတယ်၊ ဒီမာနကလဲ အလှနဲ့ မပတ်သက်ဘူး"

"ထားပါတော့လေ၊ မာနကြီးလို့ပဲ လှလှ၊ လှလို့ပဲ မာနကြီးကြီး၊ အဓိက ကတော့ ဖြူ့ကို ကိုယ် သိပ်ချစ်တာ ဖြူသိဖို့ပဲ"

"ဖြူ ပြန်တော့မယ်"

ဖြူ သူ့နားမှ ချာခနဲ လှည့်ထွက်ခဲ့မိသည်။

သူ့ကိုလည်း နှုတ်ဆက်မနေတော့။

ကားနားသို့သာ လျှောက်လာပိ၏။

သူ့ကို မတွေ့လိုတော့ပါ။

ဘာပဲဖြစ်ဖြစ်....

နောက်တစ်ခါ သူနဲ့ မတွေ့ဖြစ်အောင် ရှောင်ရတော့မ

စိတ်ကူးထဲမှာပဲ ဆုံးစည်းကြစ္စိုနော် ကွယ်။



အခန်း( ၂၁)

"..... ..... ....."

"ရှင်...."

"..... ..... ....."

"ဟုတ်ကဲ့.... ဟုတ်ကဲ့"

"..... ..... ....."

"အခုချက်ချင်း လာခဲ့ပါမယ်"

"မမညိုရေ.... မမညို"

"ဘာလဲ ညီမလေးရဲ့၊ လန့်လိုက်တာ နော်"

"မမညို"

"ဟင်...."

"မေ.... မေမေလေ၊ မေမေ"

"မေမေ.... ဟုတ်လား၊ မေမေ ဘာဖြစ်လို့လဲ"

"မေမေ ကားမှောက်လို့တဲ့"

"ဘာ.... ဖြူ့ကို ဘယ်သူပြောလဲ"

"ဖုန်းလာတာ မမညိုရဲ့၊ ဖြူ ခုချက်ချင်း လာမယ်လို့ ပြော လိုက်တယ်"

"ဘယ်မှာတဲ့လဲ"

"ရန်ကုန် ဆေးရုံကြီးမှာ"

"အမယ်လေး.... ဘုရား ဘုရား၊ မေမေ ဘာမှ မဖြစ်ပ စေနဲ့"

"ကဲ.... မမညို၊ ဖြူတို့ သွားကြရအောင်"

"ဖေဖေ့ဆီကို ဖုန်းဆက်ဦးလေ"

"ဟုတ်ပါရဲ့၊ ဖြူ စိတ်ပူလွန်းလို့ မေ့သွားတယ်"

ဖြူက သွက်လက်စွာ တယ်လီဖုန်းခွက်ကို လှည့်လိုက်သည်

"ဖေဖေ"

"…. …. …."

"ဖေဖေရေ.... မေမေ ကားမှောက်လို့"

"…. …. …."





"ဟုတ်ကဲ့ ဖေဖေ၊ ဟုတ်ကဲ့၊ ဒါပဲနော်"

"မမညို"

ဖြူက တယ်လီဖုန်းခွက်ကို ချရင်း မမညိုကို လှမ်းခေါ်လိုက် သည်။

"ဟင်...."

"ဖေဖေ အခု လိုက်လာခဲ့မယ်တဲ့၊ ကဲ.... ဖြူတို့ သွားကြစို့"

ဖြူတို့ အပြေးအလွှား ဆေးရုံကို ရောက်ခဲ့သည်။

ဆေးရုံရောက်တော့ မေမေ့ အခြေအနေမှာ စိုးရိမ်ရကြောင်း သိရသဖြင့် ဖြူတို့ ညီအစ်မ နှစ်ယောက် တစ်ယောက်ကို တစ် ယောက် ဖက်လျက် ငိုကြသည်။

ခဏကြာတော့ ဆရာဝန်ကြီးနှင့် ဖေဖေ အရေးပေါ်အခန်းမှ ထွက်လာကြသည်။

"ဖေဖေ၊ မေမေ ဘယ်လိုနေသေးလဲ ဟင်"

ဖြူက မတ်တတ်ရပ်၍ အလောတကြီး မေးပါသော်လည်း ဖေဖေက ဖြည်းညင်းစွာ ခေါင်းခါရင်း ဆိုလာသည်။

"အခြေအနေက အရေးအကြီးဆုံးကို ရောက်နေတယ် သမီး"

"အဲဒါ ဘယ်လို လုပ်မလဲ ဟင်"

ဖြူက ကလေး တစ်ယောက်လို မျက်ရည်အဝဲသားနှင့် မေး လိုက်သည်။

"အရေးကြီးနေတာက သွေးပဲ သမီး"

"သွေး"

"ဟုတ်တယ် သမီး၊ သမီး မေမေရဲ့ သွေးမျိုး ဆေးရုံမှာ ကုန်နေတယ်၊ ဖေဖေလဲ နီးစပ်ရာမှာ ရှာပေမယ့် ရှာမရသေးဘူး၊ အချိန်ကလဲ သိပ် နီးကပ်နေတယ်၊ အဲဒီသွေး မရရင်တော့ မလွယ်ဘူး"

ဖေဖေ့ မျက်ဝန်းထဲဝယ် စိုးရိမ်စိတ်နှင့်အတူ ဆွေးရိပ်များ ဖြတ်သန်းကာ မှောင်ရီနေသည်။

"သွေးမှ မရရင် မေမေ အသက် မရှင်နိုင်တော့ဘူးလား ဖေဖေရဲ့"

မမညိုက ပြောရင်း ရှိုက်ကြီးတငင် ငိုလေပြီ။

"ဖေဖေ"

"ဘာလဲ သမီးငယ်"

"လိုနေတဲ့သွေးက ဘာအမျိုးအစားလဲဟင်"

"(အို) သွေးမို့လို့ပေါ့ သမီးရဲ့"

"(အို)သွေး၊ ဟုတ်လား ဖေဖေ"

"ဟုတ်တယ် သမီး"

"ဟာ....ဒါဆို သမီးသွေး ထုတ်ယူဖေဖေ၊ သမီးသွေးက အိုသွေးပဲ"

"ဟင်....သမီးလေးသွေးက အိုသွေး၊ ဟုတ်လား"

ဖေဖေက တအံ့တသြ ဆိုသည်။

"ဟာ....ဒါဆို ဟန်ကျတာပဲ၊ သမီးမေမေ စိုးရိမ်စရာ မရှိတော့ဘူး"

ဆရာဝန်ကြီးက ဝမ်းပန်းတသာ ဆိုသည်။

"လာ....လာ၊ သမီး"





ချက်ချင်းပင် ဖြူ့သွေးကိုထုတ်ကာ ဒေါ်ခင်ခင့်ထံ သွေးသွင်းရန် ပြင်ဆင်ကြတော့သည်။

ဖြူသည် မမေ့လက်မှတစ်ဆင့် စီးဝင်နေသော သွေးစက်ကလေးများကိုကြည့်ရင်း ဝမ်းသာလွန်းသဖြင့် မျက်ရည်များ ဘလိမ့်လိမ့်ကျဆင်းလာသည်။

ငိုနေသူက ဖြူတစ်ယောက်တည်းရယ်ပါ။

ဆရာဝန်၊ ဆရာမများ၊ ဖေဖေနှင့် မမညိုတို့ အားလုံး ပြုံးနိုင်ပြီ။

ဖြူလည်း ဝမ်းသာလွန်းလို့ ကျလာရတဲ့ မျက်ရည်ပါကွယ်။

"သမီးငယ်၊ ဒီနွားနို့နဲ့ ကြက်ဥ သောက်လိုက်ပါကွယ်"

"သမီးညို"

"ရှင်....ဖေဖေ"

"သမီးမေမေက ဘယ်ကိုသွားတာလဲ၊ ဒရိုင်ဘာ မပါဘူးလား"

"မေမေက ဈေးကို သွားတာပါ၊ ဒရိုင်ဘာ မလာဘူးလေ"

"ဩော်"

"ဖေဖေ"

"ဟေ"

"မေမေက ဘယ်နေရာကို ထိသွားတာလဲဟင်"

"ခေါင်းကိုလေ သမီးရဲ့၊ ဒါကြောင့် သွေးပိုလိုတာပေါ့ကွ"

"အခု မစိုးရိမ်ရတော့ဘူးပေါ့နော် ဖေဖေ"

"အင်းပေါ့၊ ကဲ....သမီးတို့ နှစ်ယောက်ထဲက တစ်ယောက် ပြန်၊ တစ်ယောက်က ညတက် သမီးတို့မေမေကို ခေါ်ခဲ့ပေါ့"

"သမီးနေခဲ့မယ် ဖေဖေ၊ မမညို ပြန်ပါစေနော်"

"ဖြူက သွေးလူထားရတာ ပင်ပန်းနေမှာပေါ့၊ ပြန်ပြီး အနားယူလိုက်ပါ၊ မမညို စောင့်ပါမယ်"

"ဟုတ်သားပဲ သမီးဖြူ၊ သမီး ညှိပ်ပင်ပန်းနေမှာပေါ့"

"ရပါတယ် ဖေဖေရယ်၊ သမီးစောင့်ချင်လို့ပါနော်၊ ဖေဖေ နော်"

"အင်းလေ....သမီး သဘောပဲ"

"ကဲ....ဖြူ၊ မမညို ပြန်ဦးမယ်၊ မနက်စောစော လာခဲ့မယ် နော်၊ သိလား ညီမလေး"

"မမညို"

"ဟင်"

"မေမေ့ ကားကိုစွလဲ မမမေ့နဲ့ဦးနော်"

"အင်းပါ"

"ကဲ....သွားမယ် ဖြူ"

"အင်း"

ညိုဝေလွင်က ဖြူ့အနားမှ ထွက်ခွာသွားသည်။

ဖေဖေရော မမညိုပါ မရှိတော့ပြီမို့ ခုတင်ဘေးတွင် ချထား သော ပက်လက် ကုလားထိုင်ဝယ် ဖြူထိုင်ရင်း မေမေ့ကို ကြည့် လိုက်မိသည်။

မေမေသည် ခေါင်းနှင့် ဘယ်လက်မောင်းတွင်သာ ပတ်တီး စည်းထားရသည်။





ဆရာဝန်က မစိုးရိမ်ရပါဘူး၊ မကြာခင် သတိရလာမှာပါဟု ဆိုခဲ့သော်လည်း ဖြူက စိုးရိမ်ပူပန်လျက်ပင်။

"ဆရာမ"

"ဘာများလဲကွယ်"

"သမီး ခဏလောက် ဓမ္မချင်တယ်"

"အိပ်ပါရှင်....အိပ်ပါ၊ စိတ်ချလက်ချသာ အိပ်ပါ၊ ဘာမှ ိုးရိမ်စရာ မရှိတော့ပါဘူးကွယ်"

"ဟုတ်ကဲ့"

ဖြူ နာရီကိုကြည့်လိုက်တော့ ည ၈ နာရီကို နည်းနည်းစွန်း နေပြီ။

ခဏကြာတော့ ဖြူ နှစ်ခြိုက်စွာ အိပ်ပျော် သွားလေတော့ သည်။

* * *

"ဖြူ....ဟေ့....ဖြူ"

"အင်"

"ဩော်....လူနာစောင့်နှယ် အအိပ်ကြီးလိုက်တာ"

"အာ....မမကလဲ၊ ဖြူ ခုနကမှ အိပ်သွားတာပါ၊ တစ်ညလုံး ...လိုက်နိုးလိုက်ပါ မမညိုရဲ့"

"မမညိုက စတာပါ၊ တကယ်ဆို ဖြူ တစ်ညလုံးတောင် အိပ် ...တာပဲ၊ စပါယ်ရှယ်နာ့စ် ရှိနေတဲ့ဥစ္စာ"

"ကဲ....မမညို၊ ၆ နာရီတောင် ကျော်နေပြီ၊ ဖြူ အိမ် တစ် ...ပြန်ဦးမယ်"

"ပြန်တော်မူပါမှင်၊ ပြန်တော်မူပါ၊ အိမ်မှာ ဖြူ့ သူငယ်ချင်းတွေ ရောက်နေတယ်၊ သူတို့ ချက်ဖို့ပြုတ်ဖို့ ပြင်ဆင်နေကြတယ်လေ"

"ဒါဆို ဖြူ သွားတော့မယ်၊ ညနေမှ လာမယ်နော် မမညို"

"အေးအေး"

"ဪ....ခဏနေဦး ဖြူ"

"ဘာလုပ်မလို့လဲ"

"ပြောစရာ ကျန်သေးလို့"

"ဘာလဲ"

"အိမ်မှာ ဧည့်သည်တွေ ဝင်လိုက်ထွက်လိုက်ပဲ၊ ဖုန်းခဏခဏလာတယ်"

"ဟုတ်လား"

"နောက်ပြီး...."

"နောက်ပြီး ဘာဖြစ်လဲ မမ"

မမညိုက ဖြူ့ကို ပြုံးစစနှင့် ကြည့်သည်။

"ဪ....ဇော်ဇော်ဦးလဲ ရောက်နေတယ်လေ"

"ဘာရယ်...ဇော်ဇော်ဦး ရောက်နေတယ် ဟုတ်လား၊ ဒါ ဖြူ မပြန်ချင်တော့ဘူး"

"မလုပ်ပါနဲ့ ဖြူရယ်၊ သူ့ခမျာ ညကတည်းက လာရှာ ဖြူရော ဖေဖေရော အိမ်မှာမရှိတော့ ဆုတ်တို့ရယ်၊ သူရယ် အိပ်ပေးကြတာလေ"

"အန်တီတို့ မလာဘူးလား"





"အကုန်လာပါတယ်"

ဖြူက ရယ်မြဲရယ်နေသည်။

"သွားတော့လေ ဖြူ"

"မသွားချင်တော့ပါဘူးဆို"

"ဪ....ဘယ်ဟုတ်မလဲ ဖြူရယ်၊ ကိုယ့်အိမ်ကို လာတဲ့ဧည့်သည် အိမ်ရှင်တစ်ယောက်မှ မရှိတော့ ဘယ်ကောင်းမလဲ၊ အားနာစရာကွယ်၊ သွားလိုက်နော်ကလေး"

"ဒါဆိုလဲ ပြီးတာပါပဲ"

"လိမ္မာသားနဲ့ကွယ်"

"ဟွန့်"

ဖြူက မပွင့်တပွင့်ပြုံးရင် မမညိုကိုစရန် စိတ်ကူးရလာသည် ပဲ....

"မမညိုက သိပ်ပျော်နေတယ်ပေါ့"

"ဘာလို့ ပျော်ရမှာလဲ"

"ဇော်ဇော်ဦး အိမ်ကိုလာလို့လေ၊ မဟုတ်ဘူးလား"

"ဖြူနော်၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ဟင်း....ဟင်း....ဟင်း... စတာပါ"

"သွား....မြန်မြန်သွားတော့၊ ရှုပ်တယ်"

"သွားမှာပါ"

ဖြူ ဆေးရုံပေါ်မှ ညင်သာစွာ ဆင်းလာခဲ့လေ၏။

* * *

"ဟော....ဖြူပြန်လာပြီ"

"ဖြူရေ လာဟေ့၊ ဒီမှာ နှင့်ကို ငါတို့စောင့်နေကြတာ"

"ဟ လူစုံတက်စုံပါပဲလား"

"ဖြူက သွေးတွေ ဘာတွေ လှူတယ်ဆိုတော့ လူစွမ်းကောင်းကြီးပေါ့"

"နောက်တာ ပြောင်တာ အသာထား"

"ဟုတ်"

"အခု ဖြူရေချိုးချင်တယ်၊ ပြီးရင်အိပ်မယ်၊ ထရင်ထမင်းစားမယ်၊ နောက်ပြီး မေမေ့ဆီ ပြန်သွားရမယ်"

"ဒီတော့...."

"ဒီတော့ နှင်တို့ဟာနှင်တို့ ချက်ပြုတ် စားသောက်ကြ လာတဲ့ဧည့်သည်တွေကိုရော ဖုန်းနဲ့ မေးတဲ့သူတွေကိုပါ အကျိုးအကြောင်း ပြောပြ၊ ကဲ....ဒါပဲ၊ မရှင်းတာရှိလား"

"မရှိပါဘူး"

"မရှိရင် ဆက်လုပ်"

ဖြူက ဗိုလ်ကြီးစတိုင်နှင့် ပြောတော့ သူငယ်ချင်းများလည်း အမိန့်ကို တစ်သဝေမတိမ်း လိုက်နာဟန်ပြသည်။

ပြီးတော့ ပြိုင်တူ ရယ်မိကြသည်။

မိန်းကလေးဝိုင်းမို့ ဇော်ဇော်ဦးက ဝင်မပါ။

တစ်ညလုံး အိပ်ရေးပျက်ထားသည့် ကရုဏာရှင်မလေး ဖြူကိုသာ ကြည့်ပစ်လိုက်သည်။





ဝေ့စ်ကုတ်နက်ပြာရောင် ပြောင်ကို အင်္ကျီဖြူဖြူပေါ်မှ ထပ်ဝတ်ထားသည်။ ထဘီကိုလည်း နက်ပြာရောင် ဝတ်ထားသဖြင့် နဂိုဖြူသော အသားမှာ ပိုလို့ဝင်းနေသည်။

နံနက်ခင်း အလှပေမို့ ဖြူ့မျက်နှာ နုနုမှာ ဖူးဉလို့နေ၏။

မလိမ်းမခြယ်ထားလည်း ဖြူ့မျက်နှာက လှမြဲ လှနေဆဲ။

ဖြူက ဇော်ဇော်ဦးကို ဖျတ်ခနဲလှမ်းကြည့်သည်။

ဇော်ဇော်ဦး ကြည့်နေသည်ကို မြင်တော့ ပြုံးပြလိုက်သည်။

မကောင်းဘူးလေ၊ ကိုယ့်အိမ်မှာ မဟုတ်လား။

"ဖြူ ပင်ပန်းနေလား"

"ဟင့်အင်း....သိပ်မပင်ပန်းပါဘူး ကိုဇော်ဇော်ဦး"

"ဖြူ အေးအေးသာ အနားယူပါ၊ အားလုံးအတွက် စိတ်ချပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

သူက ဘာမျှမပြောတော့။

အရင်ကနဲ့ မတူတော့ဘူး။

စကား အရမ်းနည်းသွားတယ်။

သူက ဆက်ပြောမလာတော့ ဖြူနှုတ်ဆက်လိုက်သည်။

"ခွင့်ပြုဦးနော်"

"အင်း"

သူက ခေါင်းညိတ်ရင်းဆိုသည်။

"ကဲ....သူငယ်ချင်းတို့ ကိုယ်နားလိုက်ဦးမယ်"

"အေး....အေး"

"သွားလေ"

"ကောင်းပြီ ဖြူ"

ဖြူ ပထမဆုံး ရေအရင်ချိုးသည်။

ပြီးတော့ အပေါ်ထပ်ကို တက်လာကာ လေသာဆောင်သို့ တန်းလျှောက်သွားပြီး ထောင့်တစ်ထောင့်ဝယ် ခုံတစ်လုံးဆွဲ၍ ထိုင်လိုက်သည်။

အိုက်နေသောစိတ်တို့ ယခုမှ ကြည်လင်လာရသည်။

မေမေ သက်သာပါစေဟု စိတ်ထဲမှ အခါခါ ဆုတောင်းမိသည်။

ခဏကြာတော့ မွန် အနားသို့ ရောက်လာသည်။

လက်ထဲမှာလည်း နို့ဖန်ခွက်နှင့်။

"ဖြူ"

"လာလေမွန်"

"နို့သောက်လိုက်ပါဦး"

"အေး....သောက်မှာပေါ့"

"ဖြူ့မေမေ အခြေအနေ ကောင်းတယ်နော်"

"ကောင်းပါတယ် မွန်"

"ဖြူ့ကို တစ်ခု မေးစရာရှိတယ်"

"ဘာများလဲဟယ်"

"ဟိုလေ....ကိုဇော်ဇော်ဦးကို ဖြူ မချစ်ဘူးလားလို့ပါ"

"ဟင့်အင်း၊ မချစ်ပါဘူး"

"ဟုတ်ရဲ့လား ဖြူရယ်၊ ကိုဇော်ဇော်ဦးက ရုပ်လဲချော ဉာဏ်လဲပါ၊ ပညာလဲတတ်၊ နောက်ပြီး ဖြူ့အပေါ် သိပ်အလိုက်





သိတတ်၊ ဦးစားပေးတတ်တယ်လေ၊ ဒီလိုလူကို ဖြူမချစ်ဘူးဆိုတာ ကိုယ်မယုံသလိုဘဲ"

"ယုံရုပ်ရေးပြမှ ယုံမှာလား"

"ဖြူက နောက်ပြီ၊ မွန် အတည်မေးနေတာ"

"ဖြူ ငယ်ပါသေးတယ်"

ဖြူက လေးလေးနက်နက် စဉ်းစားဟန်ဖြင့် ပြောသည်။

"အခု လောလောဆယ်ဆယ် လက်ထပ်ရမှာမှ မဟုတ်ဘဲ"

ဖြူက တိတ်ဆိတ်စွာ နေသည်။

"ဖြူ"

မွန်က ခေါ်သည်။

"ဘာလဲ မွန်"

ဖြူက ပြန်ထူးသည်။

"မွန်တော့ ဖြူ့ကို ကိုဇော်ဇော်ဦးနဲ့ သဘောတူတယ်"

ဖြူက ဘာမှ မပြော။ အဝေးသို့ ငေးနေသည်။

"ဖြူ.... မွန် သွားတော့မယ် နော်၊ ဒီနို့ကို သောက်လိုက်ဦး"

"အေး အေး၊ ကျေးဇူးပါပဲ ဟယ်"

မွန် ထွက်သွားတော့ ဖြူ တစ်ယောက် အတွေးကမ္ဘာထဲဝယ် ကျန်ခဲ့သည်။

ကိုဇော်ဇော်ဦးရယ်....ဖြူ ကိုဇော်ဇော်ဦးကိုချစ်ပါတယ်လေ။

ဖြူ တိုးတိုး ညည်းမိသည်။

နို့တစ်ခွက်ကို အပြတ်ရှင်းလိုက်ပြီး အိပ်ပျော်အောင် အိပ်ဖို့ကြိုးစားလိုက်ရသည်။

## အခန်း (၂၂)

"ဖြူ"

"ဟင်...."

"ထတော့လေ ကွာ၊ နှစ်နာရီတောင် ကျော်နေပြီ၊ မနက်စာ မင်းလဲ မစားရသေးဘူး မဟုတ်လား"

"အေးကွာ၊ ငါ အိပ်ကောင်းကောင်းနဲ့ အိပ်ပစ်လိုက်တာ မေ့ဆီ သွားဖို့တောင် အချိန် နီးနေပြီ"

"ဆု"

"ဟင်...."

"ဖြူ့ကို မေမေ သမီးအရင်းလေး တစ်ယောက်လို ဆက်ဆံရင် ပ်ကောင်းမှာပဲ ကွာ"

"ဩော်.... သူငယ်ချင်းရယ်"

ဆိုက ညည်းညူမိလေ၏။

"နောက်တော့ ဖြူ့ မေတ္တာကို နားလည်လာမှာပေါ့ ဖြူရယ်၊ တစ်နေ့တော့ ဖြူ့ စေတနာကို နားလည်လာမှာပါ"

"အဲဒီ နားလည်လာမယ့် တစ်နေ့ကို အမြန်ဆုံး ရောက်ချင်ပြီကွယ်"

"ရောက်ရမှာပေါ့ ဟယ်၊ ကဲ.... ဒါတွေ တွေးမနေနဲ့တော့ ထမင်းစားကြဖို့ စောင့်နေကြတယ်"

"ဟင်.... ဆိုတို့ မစားရသေးဘူးလား"

"ဟင့်အင်း၊ မစားသေးဘူး၊ ဖြူ့ကို စောင့်နေကြတာ"

"ဟယ်.... နင်တို့ကလဲ စားနှင့်ရောပေါ့"

"ငါတို့က အတူတူ စားချင်တာ"

"ဒါဆိုလဲ နိုးလိုက်ပါလား"

"နိုးချင်ပါတယ်၊ ဒါပေမယ့် ကိုဖိုးသည်းက ပင်ပန်းလာတယ်၊ အိပ်ပါစေ၊ ခဏစောင့်ပါလို့ ပြောလို့၊ မဟုတ်ရင် ထမင်းဟင်း ပြီးကတည်းက နိုးလိုက်မှာ"

"သြော်.... ဟုတ်လား၊ ကဲပါလေ.... လာပါတော့၊ ထမင်းစားကြရအောင်၊ သွားစို့"

ဖြူနှင့် ဆိုတို့ ဆင်းလာကြသည်။

ထမင်းစားပွဲဝယ် အားလုံး နေရာယူထားပြီး ဖြစ်သည်ကိုယ့်ကို စောင့်နေကြတာမို့ ဖြူက အားနာစကား ဆိုသည်။

"ဆောရီးကွာ၊ ကိုယ် တကယ် စိတ်မကောင်းပါဘူး"

အိပ်ရာနိုးစ သနပ်ခါး မပြယ့်တပြယ်နှင့် ဖြူ့ မျက်နှာ နုနီမှိုအစ်လို့နေသည်။





"ကဲ.... စားကြ"

ဖြူက ဟင်းပန်းကန်ကို ကိုင်၍ တစ်ယောက်ချင်း လိုက်ထည့်ပေးလိုက်သည်။

"စားနော်၊ အားမနာနဲ့"

ဖြူက နောက်တော့ သူတို့ ပြုံးကြသည်။

ဟုတ်သည်လေ။

သူတို့ ချက်ထားသော ထမင်း ဟင်းများ မဟုတ်လား။

"ဖြူကော မစားသေးဘူးလား"

"ဟင့်အင်း"

ဖြူက မျက်နှာဘောင် မသစ်ရသေး။

မျက်နှာသစ်သည်ကို ထမင်းစားပွဲမှ ထိုင်စောင့်ရမည်ဆိုတာတော့ ဖြူ မလိုလား။

ထို့ကြောင့် ထမင်း စားနှင့်ကြရန် ဟင်း ထည့်လိုက်ခြင်းပင်။

ဟင်းတွေကလည်း အစုံပါပဲလား။

"ဟင်းက တယ်နှင်မျိုးလဲ ဆို"

"သိပ်မများပါဘူး၊ ငါးမျိုးတည်းရယ်"

"ကဲ....စားကြလေ ကွာ"

"ဖြူက ဘာလို့ မစားသေးဘာလဲ"

"မျက်နှာသစ်မလို့ပါ"

ကိုဇော်ဇော်ဦးက အရေးတယူ မေးလာတော့ ဖြူက တလေးဘာစား ပြန်ဖြေလိုက်သည်။

ထို့နောက်မှာတော့ မျက်နှာသစ်ကာ ထမင်းစားပွဲဝယ်ထမင်း ဝင်စားမိသည်။

နောက်ရင်း ပြောင်ရင်းဖြင့် ထမင်းစားရတာ ပျော်စရာ။ မမေ့အတွက် စိုးရိမ်နေသော စိတ်တို့ ခဏ ပျောက်ကုန်၏။ ထမင်းကို လက်စသတ်ကာ နေရာမှ ထလိုက်သည်။ မေမေ့ဆီ သွားဖို့ ပြင်ဆင်ရဦးမည် မဟုတ်လား။

"ဖြူ"

"ရှင်...."

"ဆေးရုံကို ဘယ်သူနဲ့ သွားမှာလဲ"

"ဖြူ တစ်ယောက်တည်းပေါ့၊ သူငယ်ချင်းတွေက ဒီမှာ အလုပ်ရှုပ်နေကြတာ"

"ကိုယ် လိုက်ပို့ပေးမယ်လေ၊ ကိုယ်လဲ ဒေါ်ဒေါ့်ကို လိုက် ကြည့်ချင်တယ်၊ ဘယ်လိုလဲ၊ လိုက်ပို့မယ် နော်"

ဖြူ ခဏ စဉ်းစားသည်။

သူနှင့် နှစ်ယောက်တည်း သွားလျှင် ကောင်းပါ့မလား အို.... ဖြစ်ပါတယ်လေ။

"ဖြူ"

ဖြူ့ ခန္ဓာကိုယ်လေး တုန်ယင်သွားရသည်။

"ဩော်.... ဖြူရယ်၊ ကိုယ့်ကို ခေါ်ဖို့ ဒီလောက်တော စဉ်းစားနေရတယ်လား၊ ဖြူ့ အတွက် သိပ်ခက်ခဲမယ်ဆို ကိုယ် မလိုက်တော့ပါဘူး"

"မဟုတ်ပါဘူး ရှင်၊ ဖြူ တွေးနေတာက တခြား အကြော ပါ"

"ဖြူ"

"ဟင်...."





"မေမေတို့တောင် ဆေးရုံကို လာမယ်လို့ ပြောကြတယ်"

"ဟုတ်လား၊ ကောင်းတာပေါ့"

"ဖြူတို့ ဘယ်အချိန်လောက် သွားမလဲ"

မွန်က ဝင်မေးသည်။

"ခဏနေရင် သွားကြတာပေါ့"

ဖြူက ပြောတော့....

"ကောင်းပါတယ်"

ဇော်ဇော်ဦးက ထောက်ခံသည်။

"ကိုယ့်သူငယ်ချင်းတွေလဲ သိပ်ပင်ပန်းနေပြီ ထင်တယ်၊ ခဏ တစ်ဖြုတ် နားကြပါလား"

"ရပါတယ် ဖြူရယ်၊ ဖြူ့အတွက်ကူညီရတာမို့ မွန်တို့က ဝမ်း သာနေတာ"

"ကဲ....သက်သက်သာသာ လွတ်လွတ်လပ်လပ် နေကြ၊ ဖြူ ဆေးရုံသွားဖို့ ပြင်ဆင်လိုက်ဦးမယ်"

"ဖြူရေ၊ တစ်ခုတော့ပြောရဦးမယ်"

"ဘာလဲဟင်"

"ဖြူ့မေမေ သတိကောင်းကောင်းရနေပြီတဲ့၊ အခုန မညို ...န်းဆက်တယ်"

"ဟယ်....ဟုတ်လား၊ ဘယ်အချိန်က သတိရတာလဲ"

"ဖြူ ပြန်သွားပြီး မကြာခင်မှာပဲတဲ့"

ဖြူ အပေါ်သို့ တက်လာခဲ့သည်။

ဘာဝတ်ရင် ကောင်းမလဲ။

အထူးသဖြင့် ဇော်ဇော်ဦးနှင့် သွားရမည်ဆိုတော့ လှလှပပ ဝတ်ချင်နေမိသည်။

နောက်ဆုံးမတော့ အဖြူအောက်ခံပေါ်ဝယ် အောက်ဘက် အနားဆီမှ အထက်ဘက်သို့ နွယ်တက်နေသော ကော်ဖီမှုန့် ရောင် အခက်အပွင့်များပါသော ရှုံလုံချည်ကို ရွေးသည်။

အင်္ကျီကိုတော့ ကော်ဖီမှုန့်ရောင် ဖြောင့်ရှုံစ လက်ဖောင်း လေးကို ရွေးလိုက်၏။

ကုပ်ပေါ်ဝဲကျနေသော ဆံပင်များကို ခေါင်းစည်းပဝ အဖြူနှင့် ခပ်မြင့်မြင့် စုစည်းလိုက်သည်။ ဆံစလေးများ ဟိုတစ်ဧ သည်တစ်စ ကျနေသည်မှာ အင်မတန် ကြည့်ကောင်း၏။

ခေါင်းစည်းပဝါဖြူမှာ ရှည်လွန်းသဖြင့် ဆံပင်ထက်ပင် ကျော်၍ရှည်နေလေသည်။

မျက်နှာဖူးဖူး၏နောက်ဝယ် ပဝါဖြူဖြူလေးများ လေအဝေ့ ဝယ် လွင့်ရှားသွားသည်မှာ ဂီတသံစဉ်ကဲ့သို့ ငြိမ့်ညောင်းနေ သည်ဟု ထင်မိသည်။





မျက်နှာကိုတော့ ဘာမှမလိမ်းတော့။

မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့ ဆိုတော့ စိတ်အိုက်သည် မဟုတ်လား။

နဂိုကတည်းကလည်း လှပသူမို့ အဝတ်အစားလဲလိုက်ရုံနှင့် လှပြီးသားဖြစ်သည်။

ဖိနပ်ကိုတော့ ဒေါက်မြင့်အဖြူကိုပင် ရွေးလိုက်သည်။

အားလုံးပြီးတော့ လက်ကိုင်ပဝါ ရှာရပြန်သည်။

လက်ကိုင်ပဝါ တစ်ထပ်ကြီးထဲမှ အောက်ခံ ကော်ဖီမှုန့် ပေါ်တွင် အဖြူနှင်းဆီပွင့်ကြီးတစ်ပွင့်နှင့် အစိမ်းသစ်ရွက်ကလေး နှစ်ရွက်ပါသော လက်ကိုင်ပဝါကို ရွေးလိုက်သည်။

ငါ ဇော်ဇော်ဦးနဲ့လာတာကို မေမေ ကြိုက်ပါ့မလား။

နေမကောင်းတဲ့လူကို စိတ်ဒုက္ခ ထပ်ပေးသလိုများ ဖြစ်နေ မလား။ နောက်ပြီး ပတ်ဝန်းကျင် အမြင်ကော သင့်တော်ပါ့မလား။

မတတ်နိုင်ပါဘူးလေ။

ခွင့်လွှတ်ပါ မေမေရယ်၊

ဖြူ လှေကားထိပ်ဝယ် လက်ကိုင်ပဝါလေးကိုင်ရင်း ငိုင်နေ မိတော့သည်။

"ဟယ်....လှလိုက်တာ ဖြူရယ်"

မော်က လှမ်းအော်လိုက်တော့ ထိုင်နေသူအားလုံး လှည့်ကြည့်လာသည်။

"အေးဟယ်....ကြည့်စမ်း၊ တို့သူငယ်ချင်းက တကယ်ချောတယ်"

တစ်ယောက်က ထပ်ကွန့်ပြန်၏။

"တကယ်လှတယ်ဟေ့၊ တို့တောင် ကြိုက်ချင်လာပြီ"

"ငါသာယောကျ်ားလေးဆိုရင် ဖြူ့ကိုပဲ ရအောင်ယူမယ်"

သည်စကားကိုဆိုလာသော ဆုကိုတော့ ဇော်ဇော်ဦး ခပ်တည်တည် လှမ်းကြည့်ပစ်လိုက်သည်။

ဤမျှလှပသောမိန်းကလေးနှင့် တွဲသွားရမည်ဆိုတော့ မိမိကိုယ်ကို မိမိ ဇော်ဇော်ဦး ပြန်ဆန်းစစ်မိသည်။

မဆိုးပါဘူး။

တီရှပ် နို့နှစ်ရောင်၊ ရခိုင်လုံချည် အစိမ်းနှင့်ပဲ။

ဇော်ဇော်ဦး ကားသော့ယူကာ ထိုင်ရာမှ ထလိုက်သည်။

"သွားမယ်"

ဇော်ဇော်ဦးက အားလုံးကိုနှုတ်ဆက်ပြီး ခပ်တည်တည်ဆင်းသွားသည်။

ဖြူ စိတ်တိုသွားသည်။





ဘာပဲဖြစ်ဖြစ်၊ ဖြူ့ကို စကားတစ်ခွန်းလောက် ဆိုဖို့သင့်သည်ပေါ့။

အခုတော့ သူက တည်တည်ကြီး။

ဖြူ မူလနေရာဝယ် မတုန်မလှုပ် ဆက်ရပ်နေသည်။

ဇော်ဇော်ဦးက ကားဆီသို့လျှောက်သွားကာ ကားမောင်းသည့်နေရာတွင်ဝင်ထိုင်လိုက်ပြီး ရှေ့ဘက်ကားတံခါးကို ဖွင့်ပေးထားသည်။ ပြီးတော့ ခပ်တည်တည်နှင့် ကားမောင်းရန် ပြင်လိုက်သည်။

ခဏအချိန်အထိ ဖြူ ရောက်မလာတော့ သူက လှည့်ကြည့်သည်။ ဒေါသွန်းဝယ် ရပ်နေသော ဖြူ့ကိုမြင်တော့ စိတ်မရှည်သံဖြင့်...

"လာလေကွာ"

ဟွန့်....

သူကပဲ ဒေါကန်တယ်ရှိရသေးတယ်။

သည့်ပြင်နေရာဆို မသွားတော့ဘူး။

အခုတော့ မေမေ့ဆီမို့လို့ပေါ့။

"သွားမယ်နော် သူငယ်ချင်းတို့"

ဖြူကနှုတ်ဆက်တော့ သူတို့မျက်နှာတွေက ပြုံးစိစိနှင့်။ သည်လိုဖြစ်အောင် သူ သက်သက်အနိုင်ယူတာ။

ဖြူ့စိတ်ဝယ် အလိုလိုနေရင်း ဒေါသဖြစ်မိသည်။

လှေကားထစ်မှ ဆင်းလာတော့ မပွင့်တပွင့် ရယ်သံများက ကပ်ငြိပါလာသေးသည်။

ဖြူက ဖွင့်ပေးထားသော နေရာတွင် ဝင်ထိုင်လိုက်သည်။ ကားက ငြိမ့်ခနဲ မောင်းထွက်သွားသည်။

ကားရှေ့မှန်ကို ဖြူ အဓိပ္ပာယ်မဲ့ ငေးနေမိသည်။

"ဆိပ်ပျော်နေသလား"

"ဟင်...."

"အင်းလေ၊ ကြည့်နေတော့ ပျော်မပေါ့"

"ကိုဇော်ဇော်ဦး ဘာကိုဆိုလိုတာလဲ"

"ညက ဆေးရုံမှာ ပျော်သလားလို့ မေးနေတာ"

"ဆေးရုံကို ဘယ်သူတွေက အပျော်သွားတတ်ကြ ဒေါက်တာလောင်းရဲ့"

"မသိနိုင်ဘူးလေ၊ ဆေးရုံမှာ သွားကြည့်တဲ့စုံတွဲတွေ ရှိ မဟုတ်လား"

"ဒါတော့ ဖြူ မစုံစမ်းမိဘူး၊ ဖြူက ကြည့်ဖို့သွားတ မဟုတ်ဘူး၊ ကြည့်ရအောင် ဆေးရုံမှာ လူနာတွေပဲရှိတာ"

"လူနာတွေထဲမှာ ကိုမောင်မောင်လဲ ပါမှာပေါ့၊ လား"





"ဘယ်က ကိုမောင်မောင်လဲ"

"ဖြူ့သူငယ်ချင်း ဆုကပြောတာ၊ ဆေးရုံမှာ တစ်ညလုံး မောင်မောင်ဆိုတဲ့အကောင်နဲ့ ပျော်နေတာတဲ့"

"ဘာရယ်"

ဖြူ ပထမ အံ့ဩသွားသည်။

နောက်တော့ တဖြည်းဖြည်း ရယ်ချင်လာသည်။

ဆုက သူ့ကို နောက်လိုက်သည်ထင့်။

ဩော်....ဒါကြောင့် သူ စိတ်တိုနေတာကိုး။

ဖြူ့ကို ဒေါသထွက်အောင် လုပ်တဲ့သူကို ပြန်ချေရမည်။

"ဩော်....ကိုမောင့်ကို ပြောတာကိုး"

"ဟုတ်တယ်၊ မင်း ကိုမောင့်ကို ပြောနေတာ"

"ဖြူ ကိုမောင့်အပေါ် လိုက်လျောတာ ဘယ်သူနဲ့မှ မဆိုင် ပါဘူး"

"ဘာကွ"

"ကိုမောင့်ကို ဖြူ ချစ်လဲ ဘာဖြစ်လဲ၊ ဖြူ့မှာ ချစ်သူမှမရှိဘဲ"

ဇော်ဇော်ဦးက ဖြူ့ကိုလှမ်းကြည့်လိုက်သည်။

အင်းလေ....ဟုတ်သားပဲ။

မိမိနှင့်ဖြူက ဘာမှမဆိုင်။

ဖြူက မိမိကို ရှိသည်တောင် မထင်။

မိမိဘက်ကသာ တစ်ဖက်သတ် ချစ်ခဲ့ရသည်။

ချစ်ဦးသူကို မမြင်ရလျှင် မနေနိုင်အောင် တမ်းတလွမ်းရသည်။

မြင်ပြန်တော့လည်း သူ့ အပြုအမူကြောင့် ဒေါသထွက်သည်။

ရင်နာရသည်။

အခုလည်း သိပ်ပျော်နေပုံရသည်ကို မြင်တော့ ဘဝင်မကြည်လင်တော့။

"ကိုမောင်က သိပ်သဘောကောင်းတာ၊ တကယ် ချစ်ဖို့ကောင်းတယ်"

ဖြူ သူ မခံနိုင်မှန်းသိ၍ ပိုစသည်။

"တော်ကွာ"

သူ တစ်အားအော်လိုက်တော့ ဖြူ လန့်သွားသည်။

နံဘေးရှိ ကားပေါ်မှလူများပင် လှည့်ကြည့်လာသည်။

"မင်း ဘာမှဆက်မပြောနဲ့တော့၊ ကြာရင် မလွယ်ဘူး၊ ... ကုန်လိမ့်မယ်"





"အို....ဖြူက စ,ပြောတာမှ မဟုတ်ဘဲ၊ ကိုဇော်ဇော်ဦးက စ,လို့ ဖြူက ပြန်ဖြေတာပဲ ရှိတယ်"

"အေး....ငါလဲမမေးဘူး၊ မင်းလဲမဖြေနဲ့တော့"

"မြီးတာပဲ၊ ပိုတောင်ကောင်းသေး၊ ကိုမောင့်အကြောင်းတွေးနေတာတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊တကယ်ပဲ"

ဇော်ဇော်ဦးကို မထိတထိ ကလိလိုက်ရသဖြင့် ဖြူ ကျေနပ်သွားသည်။

သူက ဘာမှမပြောတော့။ တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်မှုကို သူကစ,လို့ ဖြိုခွင်းလာသည်။

"ဖြူ...."

"ဟင်...."

"ဖြူ့မေမေက ကိုယ်တို့ ခုလိုလာတာ ကြိုက်ပါ့မလား၊ ဖြူ့ကို ဆူများနေမလား"

"အခုလောလောဆယ်တော့ မဆူပါဘူး၊ ဆူရင်လဲ မတတ်နိုင်ဘူးလေ၊ ဆူပလေ့စေပေါ့"

ဖြူက မကြောက်ဘဲ မိမိက ကြောက်နေသည်ဆိုတော့ သတ္တိကြောင်ရ ရောက်သည်။

ဖြူ့ကိုဆူမှာ သူ စိုးရိမ်လို့ပါ။

"ဖြူ့ကိုဆူမှာ ကိုယ်က စိုးရိမ်လို့ပါ"

"ကိုဇော်ဇော်ဦး"

"ဟင်"

"အဲဒါဆို ဆေးရုံအောက်က စောင့်နေပါလား"

"ကောင်းတယ်၊ ခဏနေမှ လိုက်ခဲ့မယ်"

"အင်း"

* * *

သည်လိုနှင့် ဆေးရုံရှိရာသို့ ရောက်လာသည်။

မေမေ့အနားသို့ ရောက်သောအခါ မမညိုနှင့် ဖေဖေက ပြုံးလို့။

မေမေ့အခြေအနေ အေးချမ်းနေပြီထင်ပါရဲ့။

"လာ....သမီး၊ ခုနတင်ပဲ ဧည့်သည်တွေပြန်သွားတာ"

ဖြူဝေလွင် မေမေ့ဘေးမှာဝင်ထိုင်ကာ မေမေ့ကို ငုံ့ကြည့်လိုက်သည်။

မေမေက ဖြည်းညင်းစွာ မျက်လုံးဖွင့်ကြည့်လာသည်။

ဖြူ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

စိုးရိမ်စိတ်က ငယ်ထိပ်သို့ အရှိန်အဟုန်ပြင်းစွာ တက်လာ၍

ထို့ကြောင့် ထိုင်ရာမှ ထလိုက်သည်။





"သမီးလေး"

ဖြူဝေလွင်ကြားသော်လည်း မိမိကို ခေါ်သည်မထင်မိ။

"သမီးလေးရယ်၊ မေမေ့ဆီလာပါဦး"

မေမေက လက်တစ်ဖက်ကို ကမ်းပေးရင်း ပြောသည်။

"သွားလေ သမီး၊ သမီးမေမေ သမီးကို ခေါ်နေတာကွယ့်"

ဖေဖေက ဝင်ပြောသည်။

"ဟုတ်ပါတယ် သမီးလေးရယ်၊ မေမေ သမီးလေးကို ခေါ်တာပါကွယ်"

ဖြူ့ရင်ထဲဝယ် ဒိန်းခနဲ အရှိန်ပြင်းစွာဆောင့်မိသည်။

တံတွေးကို နှာနှာမျိုချရသည်။

ပျော်ရွှင်ခြင်း၊ မယုံနိုင်ခြင်းက တစ်ကိုယ်လုံးကို ကြီးစိုးသွားသည်။

ဖြူ့ကို မေမေက သမီးလေးတဲ့။

သမီးလေး....

သမီးလေး....

အချိန်ချိန်က ဖြူ စောင့်စားခဲ့ရသော မေမေ့ခေါ်သံ။

ဖြူ ဘယ်လိုဝမ်းသာမှန်းမသိဘူး မေမေရယ်။

ဖြူ မေမေ့လက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။

ဖြူ့လက်များက မသိမသာ တုန်ယင်နေ၏။

"မေမေ"

"မေမေ"

"မေမေရယ်"

တကြော်ကြော်ခေါ်ရင်း လွတ်ထွက်သွားမည့်အလား မေ့ကို တင်းကျပ်စွာ ဖက်ထားမိသည်။

မေမေက လက်တစ်ဖက်ဖြင့် ဖြူ့ကို ဖက်ထားရင်း လက်တစ်ဖက်က ဖြူ့ခေါင်းကို ပွတ်သပ်ပေးနေသည်။

သိပ်ကြင်နာတဲ့ အပြုအမူမျိုးပေါ့။

ကြည်နူးလွန်းလိုက်တာ မေမေရယ်။

"သမီးလေးရယ်....မေမေ့ကို ခွင့်လွှတ်ပါ၊ သမီးအဖေ မေမေဟာ အတ္တအမှောင် ဖုံးလွှမ်းခဲ့ပါတယ်၊ ခုတော့ ပြ မေမေ့ရဲ့ သမီးလေးပါကွယ်၊ သမီးတောင်မှ သွေးအမျိုး တူတဲ့ သွေးတူသမီး၊ သမီး မေမေ့အပေါ် ခွင့်လွှတ်နိုင် နော်၊ ပြောပါဦး သမီးလေးရယ်၊ မေမေ့ကို ခွင့်လွှတ်ရဲ့လ

ဖြူ့ မျက်လုံးအိမ်ဝယ် မျက်ရည်များ ပြည့်လျှံလာသည်

"မေမေရယ်....သမီး မေမေ့ကို အမြဲတမ်း ခွင့်လွှတ်ပြီး ပါ၊ ခုလို မေမေ့ မေတ္တာကို ရရှိတာ ဖြူ ဘယ်လို ဝမ်းသ မသိဘူး မေမေ"





"သြော်....သမီးလေးရယ်"

ဖြူ့ စကားကြောင့် ဒေါ်ခင်ခင့် ရင်ထဲ နင့်ခနဲ ခံစားလိုက် ရသည်။

မေမေက ချမ်းမြေ့သော မျက်လုံးအစုံဖြင့် ကြည့်လာသည်။

မေမေ့ အကြည့်က ဖြူ့ တစ်ကိုယ်လုံးကို နွေးထွေးစေပါ သည်။

အားအင် ပြည့်ဖြိုးလာစေခဲ့ပြီ မဟုတ်လား။

ဖြူ ဝမ်းသာလွန်းသဖြင့် မျက်ဝန်းအိမ်မှ ပုလဲစီးကြောင်း စ်သွယ် လိမ့်ဆင်းလာရသည်။

"သမီးငယ်"

"ရှင်...."

မေမေ့ကို မော့်ကြည့်မိသည်။

"သမီးလေး ဆေးတက္ကသိုလ်ကို တက်ရမယ်၊ ဝါ့သမီးလေး ဘာဝန်မကြီး ဖြစ်အောင် ကြိုးစားရမယ်၊ ကြားလား မီး"

"ဟုတ်ကဲ့ပါ မေမေ၊ မေမေ နောက်က အားပေးနေရင် ီး ဘာမဆို ဖြစ်မှာပါ မေမေရယ်"

ထိုစဉ် ဇော်ဇော်ဦးက အခန်းထဲသို့ ဝင်လာသည်။

ဖြူ့ကို မေမေ ဖက်ထားသည်ကိုမြင်တော့ ဝမ်းသာစွာ ပြုံ
ကြည့်သည်။

"နောက်ပြီး သမီးနဲ့ မောင်ဇော်ကိုစွကိုလဲ မေမေ ကြည့်
ပါပြီကွယ်"

"အို....မေမေကလဲ"

ရှက်ရွံ့စွာ ဇော်ဇော်ဦးကို လှမ်းကြည့်လိုက်တော့ ပြုံးရွှင်
ဖြူ့ကို·ကြည့်နေသည်။

"ဩြော်....သမီးရယ်၊ ဒါရှက်စရာမှ မဟုတ်ဘဲ"

"အာ....မေမေကလဲ ဘာတွေ ပြောနေတာလဲ"

"ဟင်း....ဟင်း....ဟင်း"

မေမေက ပွင့်လင်းစွာ ရယ်သည်။

ပြီးတော့မှ....

"ဒါပေမယ့် အခု လောလောဆယ် မေမေ သမီးနဲ့ မ
ဘူး၊ သမီး ဆရာဝန်ဖြစ်ပြီး လေးနှစ်လောက်ကြာမှ လာ
ရမယ်"

ဖေဖေက မေမေ့ကို မျက်လုံးပြူး ကြည့်သည်။

ခုမှ သည်းနေလိုက်တာ ဆိုသည့်သဘော။

မေမေကတော့ ဖေဖေ့ကို ဂရုမပြုနိုင်အား။





ဖြူ့ကိုသာ ချစ်မဝစွာ ကြည့်နေသည်။

"ကဲ....သမီးငယ် အိမ်ပြန်တော့နော်၊ သမီး ညို မေမေ့
အနားမှာ ရှိနေပြီပဲ၊ အိမ်မှာက ညှော်သည်တွေနဲ့ မဟုတ်လား၊
ဒါပေမယ့် မနက်ဖြန် မနက်စောစော လာခဲ့နော်၊ မေမေ မျှော်
နေမယ်"

"ကောင်းပါပြီ မေမေ၊ သမီး ပြန်တော့မယ်နော်"

"အေးကွယ်....အေး....အေး"

"ပြန်ပါဦးမယ် ဖေဖေ"

"ကောင်းပြီကွယ်"

"ဦး....ကျွန်တော် ပြန်တော့မယ်"

"အေးကွာ"

"မမညို"

"ဟင်...."

"ဖြူ ပြန်တော့မယ်နော်"

"အင်း...."

ဖြူက အားလုံးကို နှုတ်ဆက်ပြီး လှည့်ထွက်ခဲ့သည်။

"ညို"

"ရှင်...."

"ကို ပြန်ဦးမယ်နော်"

"ဟုတ်ကဲ့....ထာဝရ ချမ်းမြေ့ပါစေလို့ ညို ဆုတောင်းပေးပါတယ်"

ညိုဝေလွင် ဇော်ဇော်ဦးကို ပြုံးပြလိုက်သည်။

ဇော်ဇော်ဦး ညိုဝေလွင့်ကို တစ်ချက်မျှ ကြည့်ပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။

ညိုဝေလွင့်ကို သနားလွန်းရသည်က အမှန်။

သို့ပေမယ့် ရှေ့တွင် လျှောက်သွားသော အချစ်ဦး ဖြူ့ကို မြင်တော့ နုံးသွားသော စိတ်တို့ ပျောက်ကုန်၏။

* * *

"ဖြူ"

"ဟင်...."

ဇော်ဇော်ဦးက ကားကို ကျွမ်းကျင်စွာ မောင်းရင်း ခေါ်လိုက်သည်။

"ကား ဒီမှာ ခဏရပ်ရအောင်နော်"

ဖြူ အပြင်ဘက်သို့ လှမ်းကြည့်လိုက်တော့....

ဗန္ဓုလပန်းခြံနားမှာ။





"သဘောပဲလေ"

ဇော်ဇော်ဦးက ကားကိုရပ်၊ ကားပေါ်က ဆင်းပြီး....

"ဆင်းဦးလေ"

"ဟင့်အင်း....မဆင်းတော့ဘူး"

ဇော်ဇော်ဦးက ကားတံခါးကို ပိတ်ပြီး မှီလိုက်သည်။

"ဖြူ"

"ဘာ့လဲ...."

"ဖြူ ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

"ဘွဲ့ရပြီးမှ"

"ဟာကွာ...."

သူက စိတ်ပျက်သလို ညည်း၏။

"ဖြူ ကိုယ့်ကို သက်သက်မဲ့ ညှဉ်းဆဲနေတာလား"

"ဖြူက ညှဉ်းဆဲရအောင် ကိုဇော်ဇော်ဦးဟဲ့ ရိုက်နေလို့လား၊ ဆူနေလို့လား"

"ရိုက်နေ ဆူနေတာကမှ ကောင်းဦးမယ်၊ ဖြူက ကိုယ့်ကို ပညာရှိ နှိပ်စက်နည်းနဲ့ နှိပ်စက်နေတာပဲ"

ဖြူ မကြားချင်ယောင် ဆောင်နေလိုက်၏။

"ဖြူ"

သူက ဖြူ့ဘက်သို့လှည့်၍ ခေါ်လိုက်သည်။

"ဖြူ ကိုယ့်ကို ချစ် မချစ် ဖြူ့နှုတ်ခမ်းလှလှလေးနဲ့ ပြောတာ ကြားချင်တယ်"

"ဘွဲ့ရပြီးမှပါ ဆိုနေ"

"ဒါဆိုလဲ ပြီးတာပဲ၊ ဖြူ့ကို ကိုယ်ပြန်မပို့တော့ဘူး"

"အင်...."

"ဟုတ်တယ်၊ ဖြူ့ကို ကားတင်ပြေးတော့မယ်"

"ဒီလောက်တောင် ဖြူ့ကို အထင်သေးတယ်လား"

ဖြူက မျက်နှာ ညှိုးစွာနှင့်ဆိုလာတော့ ဇော်ဇော်ဦး ငို ပျက်သွားသည်။

"အထင်သေးနေတာ မဟုတ်ဘူး၊ သိပ်ချစ်နေတာ"

"ချစ်ရင် ဘယ်အထင်သေးမလဲ"

"ဘယ်ဟုတ်မလဲ၊ ဖြူက ကိုယ့်ကို ဒီလောက် ညှဥ်းနေ ကိုယ်စိတ်မရှည်ချင်တော့ဘူး၊ ဒါကြောင့် ပြောတာ"

"ဒါဆို ဒီလိုလုပ်၊ အိမ်ကျတော့ အဖြေပေးမယ်"

"ဟာကွာ၊ အခုပေးတော့ ဘာဖြစ်လို့လဲ"

"ဟင့်အင်း...ချစ်ရင် ဒီလောက်တော့ စောင့်ရမှာပေါ့"

"ဖြူ ကတိကယ်ပြောတာနော်၊ အိမ်ကျလို့ မပေးရင်တော့ ဟင်း"

ဇော်ဇော်ဦးက ဖြူ့ကို ကြုံးဝါးသည်။

ကားပေါ် အမြန်ဆုံးတက်ပြီး အမြန်ဆုံးနှုန်းဖြင့် တရကြမ်း မောင်းလာခဲ့သည်။

* * *





"မွန်"

"ဘာလဲ ကိုဇော်ဦးကြီးရဲ့"

"ဖြူ မဆင်းလာသေးဘူးလား"

"လာမှာပေါ့ ဟင်း....ဟင်း....ဟင်း"

မွန်က ရယ်သဖြင့် ဇော်ဇော်ဦး နည်းနည်း ရှက်သွားသည်။ ဖြူ့ကိုလည်း စိတ်ထဲမှ အပြစ်တင်မိသည်။

မိမိကို 'ခဏနေဦး'ဟု ဆိုကာ အပေါ်ထပ်သို့ တက်သွားသည်။

နာရီဝက်ခန့်ပင် ရှိတော့မည်။

ပြန်ဆင်းမလာသေး။

မိမိကို ပညာပြနေသည်။

နေနှင့်ဦးပေါ့လေ။

ခဏကြာတော့ အိမ်ပေါ်ထပ်မှ ဆု ဆင်းလာသည်။

ခြေသံကြားသဖြင့် ဖြူထင်၍ လှမ်းကြည့်လိုက်သော ဇော်ဇော်ဦး ခေါင်းငိုက်စိုက်ကျသွားသည်။

"ကိုဇော်ကြီး"

"ဘာလဲ"

"သိပ် စိတ်ပျက်နေလား"

"နင်တို့ သူငယ်ချင်းက ကောင်းကို မကောင်းဘူး"

"ကောင်းပါတယ်၊ ရော့"

ဆုက လက်တစ်ညှိုးမျှရှိသော ပန်းနုရောင် စာရွက်အလိပ်လေးကို ပေးလာသည်။

ဖြန့်ကြည့်လိုက်တော့....

တိုတို....

ချစ်တယ်ဆိုတာတွေထက် ပိုချစ်တယ်။

မင်ပြာပြာလေးနှင့် ရေးထားသော စာလုံး ဝိုင်းဝိုင်းလေးများ။

ဇော်ဇော်ဦး တစ်အား ပျော်သွားရသည်။

လှေကားထိပ်ကိုကြည့်လိုက်တော့ ဖြူက ရပ်နေသည်။

လျှပ်တစ်ပြက် ဖြူက ပြုံးပြပြီး အခန်းတွင်းသို့ ဝင်သွားသည်။

ဇော်ဇော်ဦးမှာ မချင့်မရဲကြီး ဖြစ်သွားရတော့လည်း။

နေနှင့်ဦးပေါ့၊ တွေ့မှသိမယ်ဆိုသည့် သဘောနှင့် ကြည့်ရုံက လွဲလို့ ဘာမှမတတ်နိုင်ပြီ။

"ဟင်း....ဟင်း....ဟင်း"

"ခစ်....ခစ်....ခစ်"

ဇော်ဇော်ဦးနှင့် ဖြူ့ကိုကြည့်ပြီး အားလုံးက ဝိုင်းဟားသည်။

ခုတော့လည်း ဖြူဝေလွင့်ဘဝက ပြည့်စုံ ငြိမ်းချမ်းနိုင်ပြီ တကား။

* * *





"ဖြူ"

"အာ....လန့်လိုက်တာ"

ဇော်ဇော်ဦးက ဖြူ့ပခုံးနှစ်ဖက်ကို ဖွဖွလေး ဆုပ်ကိုင်ရင်း ခေါ်လိုက်သည်။

"မကောင်းဘူးကွာ တကယ်လန့်သွားတာ"

"နည်းသေးတယ်၊ လူတစ်ဖက်သားကို ညှဉ်းဆဲတတ်တဲ့ ချာတိတ်မ"

"အခုထိ စိတ်မချမ်းသာသေးဘူးလား"

"ဘယ်စိတ်ချမ်းသာပါ့မလဲ၊ ဖြူ့အသံလေးနဲ့ ပြောတာကို ကြားချင်တာဗျ"

ဇော်ဇော်ဦးက တစ်ယောက်ထိုင်ခုံဝယ် ဖြူ့ဘေး၌ကပ်ကပ် ကျပ်ကျပ် ဝင်ထိုင်လိုက်ကာ ဖြူ့ပခုံးကို သိုင်းဖက်လိုက်သည်။

"အို....ဘယ်လိုတုံး"

ဇော်ဇော်ဦးက မကြားသလိုပင်။

"လွှတ်ကွာ၊ ဖြူ မနေတတ်တော့ဘူး"

"ဖြူ ကိုယ့်ကို ချစ်တယ်လို့ မပြောမချင်း မလွှတ်ဘူး"

ဖြူ ငြိမ်ကျသွားသည်။

"ပြောလေ ဖြူ"

"ကိုကို"

"ဗျာ"

ဖြူ မဝံ့မရဲခေါ်သည်ကို ဇော်ဇော်ဦးက ရွှတ်နောက်နောက် လုပ်လေတော့ ဖြူ စိတ်ဆိုးသွားသည်။

"မပြောတတ်ဘူး"

"ဟာ....ကြားချင်လှပြီ ဖြူရာ"

ဖြူ ဇော်ဇော်ဦးကို မော့ကြည့်လိုက်သည်။

"ကိုကို့ ဖြူ့ကို တစ်သက်လုံးအတွက် ရည်မှန်းတာလား ဟင်"

ဇော်ဇော်ဦးက ကြင်နာစွာ ငုံ့ကြည့်ရင်း....

"ဪ....ဖြူရယ်၊ ဖြူ့ကို ရာသက်ပန်အတွက် ရည်စူးပြီး မြတ်မြတ်နိုးနိုး ချစ်ခဲ့ရသူပါကွာ"

ဇော်ဇော်ဦးစကားကြောင့် ဖြူ ပြုံးသွားသည်။

"ဖြူ"

"ဟင်"

"ဖြူကရော ကိုယ့်ကို တကယ်ချစ်ရဲ့လားဟင်"

"ကိုကိုရယ်၊ လောကကြီးမှာ အမေက သားသမီးကိုပြောတဲ့၊ ခင်ပွန်းက ဇနီးကိုပြောတဲ့၊ ဇနီးက ခင်ပွန်းကိုပြောတဲ့ အိုလေ အားလုံး အားလုံး ချစ်တယ်လို့ ပြောတဲ့စကား အားလုံးထက် ပိုပြီး ချစ်ရပါတယ်ကွယ်၊ ချစ်တယ်ဆိုတဲ့ စကားနဲ့ မလုံလောက်ပါဘူး"

"ကိုယ် အရမ်းဝမ်းသာတာပဲကွာ၊ ဒါနဲ့များ ဖြူက အချိန်အကြာကြီး ညှဉ်းထားရက်တယ်နော်"

"မခြေအနေအရပါကွယ်"

"ဖြူ"

"ရှင်"

"သိပ်ချစ်တယ် ဖြူရယ်"

"အမြဲတမ်း ပြောနိုင်ပါစေလို့ ဆုတောင်းပါတယ် ကိုကို"





"ကိုကို တစ်သက်လုံး ပြောမှာပါကွယ်"

"ဝမ်းသာပါတယ် ကိုကို"

ဇော်ဇော်ဦးက ဖြူဝေလွင့်ကို သေသေချာချာ စိုက်ကြည့်သည်။ ဖြူက ပြုံးပြလိုက်သည်။

သိပ်ချစ်ရတယ် ဖြူရယ်။

* * *

ဪ....ကိုဇော်ရယ်....

သိပ်ချမ်းမြေ့နေမှာပေါ့နော်။

အချစ်ဦးနဲ့ ဆုံစည်းရတာ ကိုဇော် ကံကောင်းပါတယ်လေ။

တကယ်ဆို ကိုဇော့်ကို ညီက တစ်ဖက်သတ် ချစ်ခဲ့ရတာပဲ။

ဖြူရယ်...

ညီမလေးလည်း ကံကောင်းတာပါပဲလေ။

ကံဆိုးလှကာ ညီတစ်ယောက်တည်းရယ်ပါ။

ဒါပေမယ့် ကိုဇော့်နဲ့ ညီမလေးဖြူတို့ ပြုံးပျော်နေတာတွေတော့ ညီဝမ်းသာပါတယ်။

ကြည်လည်း ကြည်ဖြူပါတယ်ကွယ်။

ဘဝတိုင်း ဘဝတိုင်းမှာ ချစ်ဦးသူနဲ့ ဆုံစည်းပါစေလို့ ညီ တောင်းဆုပြုပါတယ်။

ကိုဇော်နဲ့ ဖြူ....

သေတစ်ပန်သက်တစ်ဆုံး ခရီးအဖော်မွန်အဖြစ် ထာဝရ
လက်တွဲနိုင်စေဖို့။

ကြုံလာမယ့် အခက်အခဲတွေကို နှစ်ယောက် လက်တွဲ
ဖြေရှင်းနိုင်ပါစေရယ်လို့ ညို အမြဲဆုတောင်းပေးနေမယ်နော်

ကိုဇော်ရယ်....

ညိုလေ ကိုဇော့်ကို မေ့နိုင်အောင် ကြိုးစားတော့
ကိုဇော်ရယ်။

တိုက်ဖြူဖြူကြီး၏ အပေါ်ဆုံးထပ်ရှိ ပြတင်းပေါက် လိုက်
ပြာပြာလေး နောက်က လွမ်းမျက်နှာလေးကိုတော့ ဖြ
ဇော်ဇော်ဦးနှင့် ဖြူဝေလွင်တို့ ချစ်သူနှစ်ဦး မသိရှာပါက

ဝန်း